
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

မိုဟာမက်-ဟာမာနီသည် သေဆုံးချိန်၌ စိတ်ကြည်လင် ပျော်ရွှင် ချမ်းမြေ့စွာဖြင့် သေဆုံးသွားလေသည်။

အီတလီနိုင်ငံ ရောမမြို့၏ ရာသီဥတုမှာ ဧပြီလတွင် အလွန် ကြည်လင် သာယာလျက် ရှိလေသည်။

မိုဟာမက်-ဟာမာနီ သည် ရောမမြို့သို့ ရောက်နေသည်မှာ ခြောက်လ ရှိပြီ ဖြစ်၍ အီတလီ အစားအသောက်များကို စားသောက်ရာ၌ အလေ့အကျင့် ရနေပြီ ဖြစ်သည်။

သူသည် အီတလီ အစားအသောက်များကို သဘောကျလာသဖြင့် ယခုလို ရောမမြို့ရှိ အီတလီ စားသောက်ဆိုင် တဆိုင်တွင် ဝင်စားနေခြင်း ဖြစ်သည်။

www.burmeseclassic.com



အစားအစာများကအရသာရှိသလောက် ဝိုင်အရက်ကလည်း ကောင်းလှသဖြင့် မိုဟာမက် ဟာမာနီသည် အလွန် စိတ်ကြည်နူး ကျေနပ်နေလေသည်။

စားသောက်ပြီးသောအခါ သူသည် ကော်ဖီ မှာလိုက်၍ စီးကရက်တလိပ် မီးညှိဖွာယင်း အီတလီနိုင်ငံသူ လှပျိုဖြူ မိန်းကလေးများ ဖြတ်လျှောက် သွားသည်ကို ငေးကြည့်ကာ သဘောကျနေလေသည်။

သူ ထိုင် စား သောက် နေ သော နေရာမှာ ဆိုင်အတွင်း၌ မဟုတ်ပါ၊ နွေရာသီဖြစ်၍ ဆိုင်ပြင်ဘက်တွင် ချခင်းထားသည့် စားပွဲတလုံးတွင်ဖြစ်ရာ လမ်းသွား လမ်းလာများကို ကောင်းစွာ မြင်နေရလေသည်။

ထို့ကြောင့် ဟာမာနီသည် တကိုယ်လုံး ကိုယ်ဟန် ပြည့်ပြီး လှပပြီး တပ်မက်ချင်စရာ ကောင်းလှသော အီတလီသူ လှပျိုဖြူ များ ဖြတ်သန်း လျှောက် သွား နေ သည် ကို ငေး ကြည့် ယင်း သဘောကျနေခြင်း ဖြစ်လေသည်။

အလွန် လှပကြော့ရှင်းသော မိန်းကလေးတို့သည် ဟာမာနီ ထိုင် နေ သော စားပွဲရှိရာဘက်ဆီသို့ ဖြတ် လျှောက် လာ နေ လေသည်။

ဟာမာနီကတော့ သူမအား ရွှန်းရွှန်းစားစား ငေးကြည့် နေသည်။

မိန်းကလေးသည် ဟာမာနီကို လုံးဝဂရုမစိုက်ပဲ လမ်းတဘက် သို့ ကြည့်ယင်း လျှောက်လာရာ တစုံတခုကို လှမ်းမြင်မိသဖြင့်



အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားဟန်ဖြင့် ငယ်သံပါအောင် ဟစ်အော်ကာ တဘက်သို့ တအားပြေးထွက်သွားလေသည်။

ထိုအချိန်မှာပင် စက်သေနတ်ပစ်သံ ဆူညံစွာ ထွက်ပေါ် လာပြီး ကျည်ဆန်များက ဟာမာနီ၏ ရင်ဘတ် တည့်တည့်ကို ထိမှန်ကာ နောက်ပြန်လန်လဲကျပြီး ချက်ချင်း အသက်ပျောက် သွားတော့သည်။

ထို့ကြောင့် ဟာမာနီသည် သေဆုံးချိန်၌ လောကကြီးကို ပျော်ရွှင်ကျေနပ်ကာ စိတ်ကြည်နူးစွာဖြင့် သေဆုံးသွားသည်ဟု ဆိုရခြင်း ဖြစ်ပေသည်။

ရောမမြို့ ရဲထောက်လှမ်းရေးဌာနမှ ဆာဂျင် (ရဲကြပ်ကြီး) ဘာဒီနီ ဆိုသူသည် ထိုအချိန်၌ မလှမ်းမကမ်းရှိ စားသောက်ဆိုင် တဆိုင်တွင် ထိုင်နေလေသည်။

သူသည် အသက် (၂၈) နှစ်ရှိ လူငယ်တဦးဖြစ်ပြီး အလုပ် တာဝန်အရ မိုဟာမက်ဟာမာနီအား ခြေရာခံလိုက်ကာ အကဲခတ် ကြည့်နေခြင်း ဖြစ်သည်။

ဤသည်မှာလည်း အကြောင်းရှိလေသည်၊ ရောမမြို့ ရဲတပ်ဖွဲ့ ထောက်လှမ်းရေးက မိုဟာမက် ဟာမာနီကို ပီအယ်လ်အို ခေါ် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့မှ အကြမ်းဖက် ဂိုဏ်းသား တဦးဖြစ်သည်ဟု သိထားသဖြင့် မျက်ခြည်မပြတ် ခြေရာခံ လိုက်ကြည့်နေခြင်းပင် ဖြစ်သည်။

ရဲထောက်လှမ်းရေးကစုံစမ်းသိရှိထားသည်မှာ ဟာမာနီသည် ပြင်သစ်ပြည်မှတဆင့် အီတလီနိုင်ငံသို့ ဝင်ရောက်လာသည်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



သူ တယောက်တည်း မဟုတ်ပဲ အခြား အကြမ်းဖက် ဂိုဏ်းသား များလည်း ရှိရမည်ဟု ခန့်မှန်း ယူဆမိသည်။

သူတို့ အကြမ်းဖက် ဂိုဏ်းသားများ အီတလီနိုင်ငံတွင်း၌ တခုခုလုပ်မည်ကိုစိုးရိမ်ရသဖြင့် ရဲတပ်ဖွဲ့က ဂိုဏ်းသားအားလုံးကို အမိဖမ်းချင်လေသည်။

သို့သော် ရဲက ကျန်လူများကိုမသိပဲ ဟာမာနီ တဦးတည်းကို သာ သိသဖြင့် သူ၏သွားလာလှုပ်ရှားမှုများကို ခြေရာခံ လိုက် ကြည့်နေခြင်း ဖြစ်လေသည်။

ကြည့်ပုံကလည်း အလွန် ပိရိသေသပ်သဖြင့် ဟာမာနီက လုံးဝ ရိပ်မိပုံ မရချေ။

ဤနည်းအားဖြင့် ဟာမာနီက သူ၏ အပေါင်းအဖော် (အခြား အကြမ်းဖက်ဂိုဏ်းသားများ) နှင့် ဆက် သွယ် လျှင် ရဲထောက်လှမ်းရေးက ကျန်လူများကိုပါ ဖမ်းမိနိုင်လိမ့်မည်ဟု မျှော်လင့်ထားလေသည်။

ထို့ကြောင့် ဆာဂျင် ဘာဒီနီအား ဟာမာနီကို စောင့်ကြည့် ရန် တာဝန်ချထားခဲ့ခြင်း ဖြစ်လေသည်။

ဘာဒီနီသည် တာဝန်ဝတ္တရားအရ ဟာမာနီအား စောင့် ကြည့်နေရသော်လည်း ပျင်းရိငြီးငွေ့နေသဖြင့် သူသည်လည်း လမ်းသွား လမ်းလာ မိန်းကလေးများကို ငေးကြည့်နေခိုက် စက်သေနတ် ပစ်သတ်မှု ဖြစ်ပွားလေသည်။

ရှေးဦးစွာ သူသည် လင်စာ အမျိုးအစား မော်တော်ကား တစီး လျင်မြန်စွာ မောင်းလာသည်ကို မြင်မိသည်။



ကားပေါ်တွင် အသားညိုညို၊ နှာခေါင်းကြီးကြီးနှင့် လူ နှစ်ယောက် လိုက်ပါလာသည်။

တယောက်က မော်တော်ကားကို မောင်းပြီး ကျန်တဦးက စက်သေနတ်တလက် ကိုင်ထားသည်။

သူတို့၏လှုပ်ရှားမှုကလည်း အလွန်လျင်မြန်လှသည်။

မော်တော်ကားသည် ဟာမာနီ ထိုင်နေသော ဗားသောက် ဆိုင်ရှေ့သို့ အရောက်တွင် စက်သေနတ်နှင့် လူက လျင်မြန် ဖျတ်လတ်စွာ ပစ်ခတ်လိုက်ခြင်းပင် ဖြစ်သည်။

လျင်မြန်လှန်းလှသဖြင့် စက္ကန့်၏ အစိတ်အပိုင်းအတွင်းမှာပင် ဟာမာနီသည် ပွဲချင်းပြီး သေဆုံးသွားကာ လင်စာ မော်တော် ကားသည်လည်း အဝေးသို့ မောင်းထွက်သွားပြီ ဖြစ်လေသည်။

စောစောက ထိတ်လန့်တကြားဟစ်အော်လိုက်သူမိန်းကလေး သည် ဆက်လက်ဟစ်အော်နေဆဲပင် ရှိနေသေးသည်။

ဆာဂျင် ဘာဒီနီသည် ခဏတာမျှ အံ့သြတုန်လှုပ်မိသော်လည်း အတွေ့အကြုံရှိသော ရဲစုံထောက်ပီပီ ချက်ချင်း လျင်မြန်စွာ လှုပ်ရှားလေသည်။

မလှမ်းမကမ်းတွင် အသင့်ရှိနေသော သူ၏ ဖီးယက် ၂၃၀၀ မော်တော်ကားဆီသို့ အပြေးသွားပြီး ကားပေါ်တက်၍ လင်စာ ကားနောက်သို့ စက်ကုန်ဖွင့်ကာ မောင်းလိုက်သွား လေသည်။

ဘာဒီနီသည် မော်တော်ကားကို လက်တဘက်ဖြင့် မောင်း ယင်း လက်တဘက်ဖြင့် ကားတွင်းရှိ ရေဒီယိုတယ်လီဖုန်းခလုတ် ကို ဖွင့်ကာ ရဲထောက်လှမ်းရေး ဌာနချုပ်သို့ အခြေအနေကို အမြန် သတင်းပို့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူသည် ဖီးယက်ကားဖြင့် လူသတ်သမားတို့၏ လင်စ ကားနောက်သို့ လိုက်နေကြောင်းကိုလည်း အဆက်မပြတ် ရေဒီယိုဖြင့် ဆက်သွယ်ပြောနေလေသည်။

လင်စ ကားနှင့် ဖီးယက် ၂၃၀၀ မော်တော်ကားတို့မှာ အင်ဂျင်စက်အားကောင်း အတူတူလောက်ပင် အားကောင်းကြသည်။

ကား နှစ်စီးသုံးက အမြန်ဆုံး တနာရီလျှင် မိုင် ၁၀၀ နှုန်းအထိ မောင်းနိုင်ပေသည်။

လူသတ်သမားတို့၏ ကားက ဘာဒီနီ၏ကားထက် ကိုက်တရာခန့် ကြိုး၍ ရှေ့က မောင်းထွက်သွားသည်ဖြစ်ရာ အကယ်၍သာ လမ်းရှင်းနေပါက နောက်မှလိုက်လျှင် မမီနိုင် လွတ်သွားဖွယ်ရာ ရှိပေသည်။

သို့သော် ရောမမြို့ထဲလမ်းများ၌ ယာဉ်အသွားအလာရှုပ်ထွေးနေသောကြောင့် လင်စ ကားသည် ထင်သလောက်ခရီးမပေါက်နိုင်ပဲ ဖြစ်နေလေသည်။

စောစောက ဟာမာနီအား စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ နှာခေါင်းကြီးကြီးနှင့် လူသည် စက်သေနတ်ကို မကိုင်တော့ပဲ နောက်သို့ လှည့်ကြည့်လိုက်မှု ဖြစ်သည်။

သူတို့အနေဖြင့် အနှောင့်အယှက်တစုံတရာ ကြုံမည်မဟုတ်ဟု ယူဆလျက် သေနတ်ကို ချထားလိုက်ခြင်း ဖြစ်သည်။

ထိုလူသည် အမှတ်တမဲ့ နောက်သို့လှည့်ကြည့်လိုက်ရာ ဖီးယက်ကားတစီး နောက်မှ ထပ်ကြပ်လိုက်လာသည်ကိုမြင်ရပြီး မိမိတို့



ကားနှင့် ကိုက်ရှစ်ဆယ်ခန့်သာ ကွာဝေးတော့ကြောင်း သတိပြုမိလေသည်။

ထို့ပြင် ဖီးယက် ကားမောင်းသူသည် လက် တဘက်ဖြင့် ရေဒီယို တယ်လီဖုန်းကိုင်၍ ပြောနေသူကို မြင်နေရ လေရာ အဓိပ္ပာယ်က ရှင်းနေပေသည်။

ဤတွင် ထိုလူသည် ကားမောင်းနေသော သူ၏ အဖော်အား လှမ်း၍ သတိပေး ပြောဆိုလိုက်သည်။ ကားမောင်းသူလည်း နောက်သို့ တချက် လှည့်ကြည့်လိုက်ပြီးနောက် ကား၏ လီဗာ ခလုတ်ကို ခြေထောက်ဖြင့် ဖိနင်းကာ စက်ကုန်ဖွင့်၍ မောင်းလေတော့သည်။

ထိုအခိုက် လမ်းကြားတခုမှ ကုန်တင် လော်ရီကားကြီးတစီးသည် လမ်းမပေါ်သို့ မောင်းထွက်လာရာ လင်စကား မောင်းသူက မတိုက်မိစေရန် ခဲခဲယဉ်းယဉ်း ကြိုးစားတိမ်းရှောင်၍ မောင်းထွက်သွားရလေသည်။

လော်လီကား မောင်းသူလည်း အံ့အားသင့် တုန်လှုပ်ပြီး ကြောင်သွားကာ သူ၏ ကားကို လမ်းလယ်ကောင်တွင် ရပ်ထားလိုက်သည်။

နောက်မှ တောက်လျှောက် လိုက်လာသူ ဆာဂျင် ဘာဒီနီ လည်း အနီးကပ်မှ လော်လီကားကို မြင်၍ ကမန်းကတန်း ကွေ့ရှောင် မောင်းရလေရာ သူ၏ ကားသည် လမ်းဘေးပလက်ဖောင်းပေါ်သို့ ဘီးနှစ်ဘီး တက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတွင်မီးပွိုင့်တခုရှိရာ လူသတ်သမားတို့၏ လင်စာကားသည် မီးနီခါနီးမှ ကပ်၍ ဖြတ်မောင်း ထွက်သွားသဖြင့် ဘာဒီနီက ဆက်လိုက်မည်ပြုစဉ် မီးနီနှင့် တိုး၍ နေလေသည်။

ဘာဒီနီသည် ရှေ့မှ လင်စာကား လွတ်သွားမည် စိုးသဖြင့် ကားဟွန်းကို ကျယ်လောင်စွာတီးကာ မီးနီကိုပင် ဖြတ်၍ တရကြမ်း မောင်းလိုက်သွားလေသည်။

လင်စာကားမှ စက်သေနတ်သမားသည် နောက်ပြန် လှည့်ကြည့်သောအခါ သူတို့နောက်မှ ဖီးယက်ကားက ဆက်လိုက်လာဆဲပင် ဖြစ်ကြောင်း မြင်ရလေသည်။

ဤတွင် [illegible]ဘုန်းလုပ်သွားဟန်ဖြင့် ခေါခေါက ဘေးတွင်ချထားသော စက်သေနတ်ကို ပြန်ကောက်ကိုင်လိုက်သည်။

ကျည်ဆန်ကပ် အသစ်တခု ထပ်တည့်လိုက်ပြီးနောက် ဖီးယက်ကားအား ပစ်ခတ်ရန် စက်သေနတ်ကို ကိုင်မြှောက်လိုက်လေသည်။

ယင်း အမူအရာများကို နောက်ကားမှ ဘာဒီနီ ကလည်း လှမ်းမြင်နေရသဖြင့် မိမိအတွက် အန္တရာယ်ရှိနေပြီ ဖြစ်ကြောင်း ချက်ချင်း ရိပ်မိလေသည်။

လင်စာကားမှ စက်သေနတ်ဖြင့် မိမိအား ပစ်ခတ်တော့မည်ဟု သိနေပြီ ဖြစ်သည်။

ကပ်လိုက်နေလျှင် စက်သေနတ် ထိတော့မည်ဟု တွက်လျက် ဘာဒီနီသည် သူ၏ကားကို ရုတ်တရက် ဘရိတ်အုပ် ရပ်လိုက်ပြီးနောက် လမ်းကြားတခုထဲသို့ လျင်မြန်စွာ ချိုးကွေ့ မောင်းဝင်လိုက်သည်။



ထိုအချိန်မှာပင် ရှေ့ကားမှ လူက စက်သေနတ်ဖြင့် ပစ်ခတ်လေရာ ကျည်ဆန်တွေ တရဟော ထွက်လာပြီး ဘာဒီနီသည် သီသီကလေး လွတ်သွားလေသည်။

သူသည် ဘေးလမ်းကြားအတိုင်း ဆက်မောင်းပြီး လက်ယာဘက်သို့ နှစ်ကြိမ် ဆက်ချိုး ကွေ့မောင်းပြီးနောက် လမ်းမကြီးပေါ်သို့ ပြန်တက်လိုက်လေသည်။

ယင်းသို့ ကွေ့ကောက် မောင်းခဲ့ရခြင်းကြောင့် သူ့အဖို့ ကိုက်တစ်ရာခန့် နောက်ကျသွားလင့်ကစား ကံအားလျော်စွာ လမ်းမကြီးပေါ်သို့ ပြန်ရောက်သောအခါ ရှေ့မှ လင်စာကားကို လှမ်းမြင်နေရလေသည်။

ဆာဂျင် ဘာဒီနီသည် ရှေ့ကားကို မီရန် တအားမောင်းလိုက်ပြန်လေသည်။

စိတ်ထဲမှလည်း လင်စာကားပေါ်မှ လူတွင် စက်သေနတ် ကျည်ဆန်ကုန်သွားပါစေဟု ကြိတ်၍ဆုတောင်းမိလေသည်။

လင်စာကားနှင့် ဖီးယက်ကားနှစ်စီးတို့ တရကြမ်း မောင်းနေကြသည်ကို မြင်ရသော လမ်းသွား လမ်းလာ ပရိသတ်သည် ကြောက်အားလန့်အားနှင့် ဘေးကင်းရာ လမ်းဘေးသို့ အလျင်အမြန် ပြေးရှောင်နေကြလေသည်။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ ရဲပိုင်ယာလက်ကားတစီး၏ ဥသြဆွဲသံကို ကြားရလေသည်။

ဆာဂျင် ဘာဒီနီက ရေဒီယို တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းပို့ချက်အရ ကင်းလှည့်နေသော ဝိုင်ယာလက်ကားတစီးက လာရောက်ကူညီခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်စာကားပေါ်မှ လူနှစ်ယောက်သည်လည်း ဝိုင်ယာလက်ကားမှ ဥသြဆွဲသံကို ကြားရလေသည်။

မရွေးမနှောင်းမှာပင် မျက်နှာချင်းဆိုင်ဘက်မှ လာနေရာ ရဲဝိုင်ယာလက်ကားကို သူတို့ လှမ်းမြင်ရလေသည်။

ရဲဝိုင်ယာလက်ကားသည် လင်စာကားကို လမ်းပိတ်ဆို့ရန် အတွက် လမ်းမကြီးအလယ်တွင် ကန့်လန့်ဖြတ် ရပ်လိုက်လေသည်။

လင်စာကား မောင်းသူသည် လမ်းမကြီးအတိုင်း ဆက်မောင်း၍ မရတော့သဖြင့် ရုတ်တရက် ဘရိတ်အုပ်ဖမ်းရပ်လိုက်ပြီး ဘေးလမ်းတစ်ခုသို့ ချိုးကွေ့ဝင်လိုက်သည်။

ထိုအချိန်၌ ဝိုင်ယာလက်ကားပေါ်မှ ရဲနှစ်ဦး ခုန်ဆင်းပြီး ခြောက်လုံးပြူး သေနတ်ကိုယ်စီ ထုတ်ကိုင်၍ လင်စာကားအား လှမ်းပစ်ကြလေသည်။

လင်စာကားပေါ်မှ နှာခေါင်းကြီးကြီးနှင့်လူကလည်း ရဲများ ဆက်မလိုက်နိုင်စေရန် စက်သေနတ်ကျည်ဆန် တကပ်လုံး ကုန်အောင် ပစ်လိုက်လေသည်။

သို့သော် ရဲများကို မထိမှန်ချေ။

လင်စာကားသည် လမ်းကြားအတိုင်း အရှိန် မြင့်မြင့်ဖြင့် ဆက်မောင်းထွက်သွားလေသည်။ ထိုအတောအတွင်း ဘာဒီနီ၏ မီးယက်ကားက မီလာပြီဖြစ်၍ လင်စာကား နောက်သို့ ဆက်မောင်းလိုက်သွားလေသည်။

ရဲဝိုင်ယာလက်ကား သည်လည်း ဥသြဆွဲလျက် နောက်မှ ဆက်လိုက်လေသည်။



နောက် ဆယ်မိနစ်အတွင်း လင်စာကားက ရှေ့က ပြေးပြီး ဆာဂျင် ဘာဒီနီ၏ မီးယက်ကားက နောက်မှ တအား လိုက်နေချိန်တွင် အခြား ရဲဝိုင်ယာလက်ကားများကလည်း ရောက်လာကာ စုပေါင်း ဝိုင်းလိုက်နေကြလေသည်။

လင်စာကား မောင်းသူသည် တန်ကျပ် ချောက်ချားဖွယ်ဖြင့် စက်ကုန်ဖွင့် မောင်းပြေးယင်း ရှောမြို့၏ အလယ်ဗဟိုရပ်ကွက်သို့ ရောက်လာလေသည်။

ထိုနေရာကား လမ်းသွား လမ်းလာနှင့် မော်တော်ယာဉ် အသွားအလာ အလွန်များပြား ရှုပ်ထွေးသောနေရာ ဖြစ်လေရာ လင်စာကားနှင့် ရဲကားများ တရကြမ်း မောင်းလာခြင်းကြောင့် အချို့မော်တော်ယာဉ်များသည် ဒရောသောပါး တိမ်းရှောင်ယင်း အချင်းချင်း တိုက်မိသည့် ယာဉ်တိုက်မှုများလည်း ဖြစ်ကုန်လေသည်။

အင်ပီးရီးယဲ လမ်းမကျယ်ကြီးသို့ ရောက်ချိန်တွင် လင်စာကားက ရှေ့ဆုံးကပင် ရှိနေပြီး ဘာဒီနီ၏ မီးယက်ကားနှင့် ရဲဝိုင်ယာလက်ကားနှစ်စီးတို့ကလည်း နောက်မှ ထပ်ကြပ် လိုက်လျက်ပင် ရှိနေလေသည်။

လင်စာကားသည် တနာရီ မိုင်ခုနစ်ဆယ်နှုန်းခန့်ဖြင့် မောင်းသွားရာ ရှောမြို့ ရှေးဟောင်း အဆောက်အအုံကြီးများရှိရာ ရပ်ကွက်ဆီသို့ ရောက်သွားလေသည်။

သူတို့ ဦးတည်သွားသည့် လမ်းကို ကြိုတင် တွက်မိသဖြင့် ရဲဝိုင်ယာလက်ကားသုံးစီးက ကြားဖြတ်ဝင်၍ ရှေ့မှလမ်းပိတ်ဆို့ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်စာကား မောင်းသူသည် ရှေ့ဆက်မောင်း၍ မဖြစ်တော့သဖြင့် သူ၏ကားကို ရပ်ပြီး လက်ယာဘက်သို့ ကွေ့မောင်းရန် ကြိုးစားလေသည်။

သို့ရာတွင် ထိုနေရာတွင်လည်း နောက်ထပ် ဝိုင်ယာလက်ကား တစီးက ရှိနေပြန်သဖြင့် လင်စာကား မောင်းသူသည် အနီးကပ်မှ သတိပြုမိသောကြောင့် သူ၏ကားကို မထိန်းနိုင်တော့ပဲ ရဲကားနှင့် ဝင်တိုက်မိလေသည်။

ဘာဒီနီလည်း သူ၏ ပီးယက်ကားကို ထိုးရပ်လိုက်ပြီးနောက် ခုန်ဆင်းလိုက်သည်၊

လင်စာကား မောင်းသူသည် ကားပေါ်မှဆင်းပြီး တဘက်သို့ ပြေးမည်ပြုစဉ် ဘာဒီနီက လှမ်းမြင်သောအခါ ကုတ်အင်္ကျီအိတ်ထဲမှ ပစ္စတိုသေနတ်တလက် ဆွဲထုတ်၍ လှမ်းပစ်ရန် ချိန်ရွယ်လိုက်သည်။

ဘာဒီနီလည်း လျင်မြန်စွာ မြေကြီးပေါ်သို့ ဝပ်ချလိုက်ပြီး သူ၏သေနတ်ကို ဆွဲထုတ်လိုက်သည်။

ထိုအချိန်၌ လင်စာကားပေါ်မှ လူနှစ်ယောက်စလုံးသည် အောက်သို့ ဆင်း၍ ပြေးနေကြပြီ ဖြစ်သည်။

စက်သေနတ်ကိုင်သော လူက ရှေ့က ပြေးပြီး ကားမောင်းသူက နောက်ချန်ကာ ပစ္စတိုသေနတ်ဖြင့် ရဲများအား ပစ်ခတ်ရန် ချိန်ရွယ်နေသည်။



ဆာဂျင် ဘာဒီနီသည် သူ၏မော်တော်ကားကို အကာအကွယ်ယူကာ ခေါင်းပြူကြည့်လိုက်သည်။ လင်စာကား မောင်းသူကလည်း ဘာဒီနီအား သဲသဲမဲမဲ သတ်ဖြတ်ချင်ဟန်ဖြင့် ပစ္စတိုသေနတ်နှင့် တချက်လှမ်းပစ်လိုက်ပြန်သည်။

ဘာဒီနီက ခေါင်းငုံ့၍ ရှောင်လိုက်ချိန်တွင် ကျည်ဆန်သည် ပီးယက်ကား၏ စက်ဖုံးကို လာထိမှန်လေသည်။

ဘာဒီနီလည်း ထိုလူအား ကိစ္စတုံးသတ်သင်မှ ဖြစ်လေမည်ဟု ဆုံးဖြတ်ကာ သူ၏သေနတ်ဖြင့် သေချာစွာချိန်ပြီးမှ ပစ်လိုက်ရာ လင်စာ ကားမောင်းသူသည် ထိမှန်ကာ လဲကျသွားလေသည်။

ရဲဝိုင်ယာလက်ကားများက အဘက်ဘက်မှ ဝိုင်းပိတ်ထားပြီ ဖြစ်၍ လင်စာကားပေါ်မှ လူသတ်သမားသည် ပြေးပေါက်မရှိသလို ဖြစ်နေလေရာ ရှေးဟောင်း အုတ်တိုင်ကြီး တခု ကြားမှ တဘက်သို့ ပြေးဝင်သွားလေသည်။

ဘာဒီနီ လည်း ထို သူ့ နောက် သို့ ပြေး လိုက် မည် ပြုစဉ် နောက်ထပ် အနက်ရောင် ပီးယက်ကားတစီး ထိုးဆိုက်လာပြီး ခန္ဓာကိုယ် တုတ်ခိုင်ခိုင်လူတယောက် ဆင်းလာကာ ဘာဒီနီ၏ ပခုံးကို အသာ ဖမ်းကိုင်လိုက်သည်။

ထိုလူကား အင်စပက်တော် (ရဲမှူးကြီး) 'ဂီယာနီ' ဆိုသူပင် ဖြစ်လေသည်။

'ဟေ့....ဆာဂျင် ဘာဒီနီ၊ သိပ်လဲ ရှေ့လောမကြီးနဲ့ကွ။ ဖြစ်နိုင်ယင် ဒုတိယလူကို အရှင် ဖမ်းမိချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကြီးက ဘာဒီနီအား သတိပေး ပြောကြားလိုက်လေ
သည်။

* * *

ရဲမှူးကြီး ဂီယာနီသည် ရဲထောက်လှမ်းရေးဌာနမှ အရာရှိကြီး
တဦးဖြစ်သည့်ပြင် 'အကြမ်းဖက်မှု နှိမ်နင်းရေး အထူးတပ်ဖွဲ့ရှိ
ရောမမြို့ဆိုင်ရာ ဌာနအကြီးအကဲလည်း ဖြစ်ပေသည်။

ယင်းအဖွဲ့အစည်းသည် ဥရောပနိုင်ငံ အသီးသီးတွင် အကြမ်း
ဖက်မှုများ၊နိုင်ငံရေးလုပ်ကြံမှုများကို ကာကွယ်တားဆီး ချေမှုန်း
ရန် အတွက် နိုင်ငံပေါင်းစုံ ညှိနှိုင်း၍ ဖွဲ့စည်းထားသော အထူး
တပ်ဖွဲ့ပင် ဖြစ်သည်။

အင်တာပိုလ်ခေါ် နိုင်ငံတကာရဲတပ်ဖွဲ့က သာမန် မှုခင်းများ
သာကိုင်တွယ်သဖြင့် အကြမ်းဖက်မှုများကို အထက်ပါအထူးတပ်
ဖွဲ့က တာဝန်ယူ၍ နှိမ်နင်းရလေသည်။

အထူးသဖြင့် နိုင်ငံရေးတယူသန်ဝါဒသမားများက အကြမ်း
ဖက်မှုကို နိုင်ငံရေးလက်နက်သဖွယ် အသုံးပြုကာ ရက်စက်စွာ
လုပ်ကြံ သတ်ဖြတ်မှုတော့ တနေ့တခြား များပြား လာသဖြင့်
ဥရောပနိုင်ငံများက နိုင်ငံတကာ အတိုင်းအတာဖြင့် 'အကြမ်း
ဖက်မှု နှိမ်နင်းရေးအထူးတပ်ဖွဲ့'ကို ဖွဲ့စည်းတည်ထောင်ကာ နိုင်



အသီးသီးတွင် ဌာနခွဲရုံးများဖွင့်ကာအကြမ်းဖက်မှုများကို စုံစမ်း
ထောက်လှမ်းပြီး နှိမ်နင်း နေလေသည်။

ထို့ကြောင့် ရောမမြို့ဆိုင်ရာ ဌာနခွဲ တာဝန်ခံ ရဲမှူးကြီး
ဂီယာနီသည် ပါလက်စတိုင်း ပြောက်ကျားအဖွဲ့ဝင် ဟာမာနီ
လုပ်ကြံခံရမှုကို စိတ်ဝင်စားကာ လူသတ်သမားအား အရှင်ဖမ်း
ဆီးလိုခြင်း ဖြစ်လေသည်။

ဂီယာနီသည် အသင့် ပါလာသော ရေဒီယို စက်ငယ်ဖြင့်
ရဲဝိုင်ယာလက်ကားများနှင့် လက်နက်ကိုင် ရဲအားလုံးကို ဆက်
သွယ်ကာ လူသတ်သမားအား အသေပစ်မသတ်ရန် အမိန့်ပေး
လိုက်သည်။

ရဲအရာရှိတဦးသည် ပြေးလွှားလှုပ်ရှားယင်း သူ၏ လက်ကိုင်
ရေဒီယိုစက်ကို အုတ်ထရံတခုနှင့် ဝယ်တိုက်မိရာမှ စက်ပျက်သွား
လေရာ ရဲမှူးကြီး ဂီယာနီ၏ အမိန့်ပေးလိုက်ခြင်းကို မကြား
လိုက်ချေ။

စက်သေနတ်ကိုင်လူသတ်သမားအဖို့ လွတ်မြောက် ထွက်ပြေး
ရန် လမ်းအားလုံး ပိတ်မိနေပြီ ဖြစ်သည်။ ပတ်ပတ်လည်တွင်
ရဲဝိုင်ယာလက် ကားများက ဝိုင်း၍ ပိတ်ဆို့ထားပြီဖြစ်သည်။

ထိုလူသည် လှည့်ပတ်ကြည့်ရာ သေနတ်လေးတန် လက်နက်
ကိုင်ရဲများ ဝိုင်းထားပြီဖြစ်ကြောင်း တွေ့ရသဖြင့် အကြံရခက်
နေလေသည်။

ထွက်ပြေး၍လွတ်မြောက်ရန် မျှော်လင့်ချက်မရှိကြောင်း သိရ
သောအခါ ထိုလူသည် လက်နက်ချ အရှုံးမပေးပဲ ပစ်ခတ်တိုက်
ခိုက် သင်း အသေခံမည်ဟု ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့တွင် လက်ကျန်ရှိသော နောက်ဆုံးကျည်ဆန်ကတ်ကို စက်သေနတ်တွင် တပ်ဆင်လိုက်သည်။

တိုက်ပွဲကတော့ မကြာရှည်ပါချေ။

စက်သေနတ်နှင့်လူက စတင်၍ ရဲအရာရှိများအား ပတ်ခတ်ရာ ရဲများကလည်း ပြန်လည်ပစ်ခတ်လေသည်။

သို့သော် ရဲများသည် အသေမပစ်လိုသဖြင့် ထိုလူ၏အောက်ပိုင်း ခြေထောက်ဆီသို့သာ ချိန်၍ ပစ်ကြလေသည်။

စက်သေနတ်နှင့်လူသည် ရဲတို့၏ကျည်ဆန်များကို တိမ်းရှောင်ယင်း ရှေးဟောင်းအဆောက်အအုံ၏ တိုင်လုံးကြီးများ အကွယ်သို့ ပြေး၍ ကွယ်နေလိုက်ပြန်သည်။

မလှမ်းမကမ်းတွင် ရဲအရာရှိတဦးကလည်း တိုင်ကြီးတလုံး၏ အကွယ်၌ ဝပ်နေသည်ကို လှမ်းမြင်သဖြင့် စက်သေနတ်နှင့် ပစ်ခတ်လိုက်သည်။

သို့သော် ထိုလူကိုမထိမှန်ပဲလွဲချော်သွားလေသည်။ ထိုလူကား ရဲမှူးကြီး ဂိယာနီပင် ဖြစ်လေသည်။

ဂိယာနီသည် တိုင်ကွယ်မှနေ၍ သူ၏ခြောက်လုံးပြူးသေနတ်ဖြင့် သေချာစွာ ချိန်လျက် စက်သေနတ်သမား၏ဒူးဆစ်ကို ပစ်လိုက်လေသည်။

ထိုအခိုက်မှာပင် ရေဒီယိုစက် ပျက်သွားသူ ရဲအရာရှိသည် မျက်နှာချင်းဆိုင်ဘက်သို့ ရောက်လာလေသည်။

ထိုလူအနေဖြင့် ရဲမှူးကြီးဂိယာနီက အသေမပစ်ရဟု အမိန့်ပေးလိုက်ခြင်းကို လုံးဝ မသိလိုက်ပေ။



ထိုအရာရှိသည်လှမ်းကြည့်လိုက်သောအခါ လူသတ်သမားက စက်သေနတ်ဖြင့် ရဲများဘက်သို့ လှမ်းပစ်နေသည်ကို မြင်ရလေရာ သူ၏သေနတ်ဖြင့် ချိန်၍ပစ်လိုက်သည်။

ဤတွင် စက်သေနတ်သမားအားချက်ကောင်းကို ထိမှန်ကာ လဲကျသွားလေသည်။

ရဲမှူးကြီး ဂိယာနီသည် အသေမပစ်ရဟု အမိန့်ပေးထားပါလျက် တစုံတယောက်က သူ၏အမိန့်ကို ဖောက်ဖျက်လိုက်ကြောင်း သိပြီး ဒေါသထွက်မိလေသည်။

သူသည် ကျန်ရဲအားလုံးကို လုံးဝ မပစ်ကြရန် ဟစ်အော်အမိန့်ပေးလိုက်ပြီးနောက် ဆာဂျင် ဘာဒီနီနှင့်အတူ လဲကျနေသော စက်သေနတ်သမားရှိရာသို့ ပြေးသွားလေသည်။

* * *

ဟာမာနီအား ပစ်သတ်ခဲ့သူ စက်သေနတ်သမားသည် အသက်မပျောက်သေးသော်လည်း ဒဏ်ရာက ပြင်းထန်သဖြင့် သေလုဆဲဆဲ ဖြစ်နေလေသည်။ သတိရနေပြီး မျက်လုံးလည်းဖွင့်လျက်ရှိလေသည်။

'ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျားနာမည်က ဘာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကြီး ဂီယာနီက ထိုလူအား မေးလိုက်ရာ ထိုလူက မည်သို့မျှပြန်မဖြေပဲ ငေးကြည့်နေလေသည်။

သေလုဆဲဆဲဖြစ်နေ၍ စကား မပြောနိုင်တော့သည့် အခြေအနေမျိုးဖြစ်ကြောင်း သိသာနေသဖြင့် ဂီယာနီသည် ထိုလူထံမှ သိလိုသောအချက်အလက်များ ရနိုင်သလောက်မေးရန် ဆုံးဖြတ်လိုက်လေသည်။

'ဒီမယ်....ခင်ဗျားလုပ်ကြံသတ်ဖြတ်ခဲ့တဲ့ ဟာမာနီဆိုတဲ့လူဟာ ပါလက်စတိုင်းပြောက်ကျားအဖွဲ့ဝင်တဦးဖြစ်တယ်၊ ဒါကိုသိလို့လဲ သူ့ကိုသတ်ခဲ့တာ မဟုတ်လား၊ ခင်ဗျားကိုကြည့်ရတာလဲ အရှေ့အလယ်ပိုင်းဒေသက လူတယောက်ဖြစ်ပုံရတယ်။ ပါလက်စတိုင်းပြောက်ကျား (အာရပ်အကြမ်းဖက်သမား) တွေကို ခင်ဗျားက ရန်သူအဖြစ် တိုက်ခိုက်ပုံအရ ခင်ဗျားဟာ ဂျူးလူမျိုးတဦး ဖြစ်ရမယ်၊ ခင်ဗျားနာမည်က ဘာဆိုဘာ အရေးမကြီးပါဘူး၊ ခင်ဗျားဟာ အစ္စရေးထောက်လှမ်းရေး(ရှင်ဘက်) အဖွဲ့က ထောက်လှမ်းရေး သူလျှို (အေးဂျင့်) တဦး ဖြစ်ရမယ်လို့ ကျုပ်တို့ ယူဆတယ်'

[မှတ်ချက်။ ။ရှင်ဘက်ဆိုသည်မှာ နောက်ပိုင်း မော့ဆက်ဟု ကျော်ကြားသော အစ္စရေးလ်နိုင်ငံ၏ ထောက်လှမ်းရေး အဖွဲ့ပင် ဖြစ်သည်။]

ရဲမှူးကြီး ဂီယာနီက ဤသို့ပြောလိုက်သော်လည်း စက်သေနတ် သမားက မည်သို့မျှပြန်မပြောချေ။



ဂီယာနီ၏ စိတ်ထဲတွင်မူ သူ ထင်သည့်အတိုင်း မှန်ရမည်ဟု ယုံကြည်မိသဖြင့် ဆက်ပြောပြန်သည်။

'ကျုပ်တို့က ခင်ဗျားရဲ့ အဖွဲ့သားများကို သစ္စာဖောက်ပြီး ဖော်ထုတ်ဖို့ပြောနေတာ မဟုတ်ဘူး၊ ခင်ဗျား တို့ရဲ့ ရန်သူ အကြောင်းကိုသာ ပြောစေချင်တယ်၊ ဟာမာနီတို့အဖွဲ့အကြောင်း ခင်ဗျား သိတယ်မဟုတ်လား'

ဤတွင် သေနတ်သမားသည် ပြုံးယောင်ယောင်ဖြစ်လာရာ ဂီယာနီ၏စကား ဟုတ်မှန်ကြောင်း ဝန်ခံသလိုဖြစ်သည်ဟု ယူဆရပေသည်။

ဂီယာနီလည်း အားတက်လာကာ ဆက်ပြောလေသည်။

'ခင်ဗျားဟာ အခုမိနစ်ပိုင်းအတွင်း သေရတော့မယ်၊ ခင်ဗျား အနေနဲ့ ရှင်ဘက် အဖွဲ့ကလူတွေဆီလဲ ပြန်သတင်းပို့လို့မရတော့ဘူး၊ ခင်ဗျား သေသွားတယ်ဆိုယင် ခင်ဗျားသိထားတဲ့ အချက်အလက်တွေဟာ အလဟဿ ဖြစ် သွား လိမ့် မယ်၊ ဒီတော့.... ခင်ဗျားရဲ့ရန်သူတွေကို နောက်ထပ်အရေးယူတိုက်ခိုက်စေချင်ယင် ခင်ဗျားက ကျုပ်ကိုပြောပြမှဖြစ်မယ်'

'ဘာကြောင့် ပြောရမှာလဲ၊ ကျုပ်ကို သေနတ်နဲ့ပစ်သတ်တဲ့ ခင်ဗျားတို့ကို ကျုပ်က ဘာကြောင့် ကူညီရမှာလဲ'

ထိုလူက ပြင်းစွာ ဝေဒနာခံစားနေရသည့်ကြားမှ ကြိုးစား၍ ပြောလိုက်သည်။

'ဘာကြောင့်လဲဆိုတော့....ခင်ဗျားတို့ရဲ့ရန်သူဟာ ကျုပ်တို့ရဲ့ ရန်သူဖြစ်လို့ပဲ၊ ခင်ဗျား အခုလိုသေနတ်ထိမှန်သွားတာကို ကျုပ် ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ရဲ့ပိုင်နက် နယ်

www.burmeseclassic.com

www.burmeseclassic.com



မြေထဲလာပြီး ရန်သူကို တိုက်တာဟာ အန္တရာယ် ရှိကြောင်း ခင်ဗျား ကြိုတင်သိမှာပါပဲ၊ ဒါကိုအသာထားလိုက်ပါ၊ ခင်ဗျား တို့က ရန်သူကိုတိုက်တာကို ကျုပ်တို့က ဆက်တိုက်ပေးနိုင်တယ်၊ တိုက်နိုင်အောင်လဲ ခင်ဗျားက စကားပြောမှဖြစ်မယ်'

ရဲမှူးကြီး ဂီယာနီက ဤသို့ ပြောသည်တွင် စက်သေနတ် သမားသည် သူ့ အနားသို့ ဝိုင်းနေသော ရဲအရာရှိများ၏မျက်နှာ ကို လှည့်ပတ်ကြည့်လိုက်သည်။

သူသည် မချ သေရတော့မည်ဟု သိသဖြင့် ငြိမ်းချမ်းစွာ သေချင်ဟန်တူလေသည်။

စကားပြောရန်ကြိုးစားလျှင် ချက်ချင်း အသက်ပျောက်သွား မည်ဟုလည်း သူ့ကိုယ်သူ သိနေပုံရသည်။

ထိုအခါ ဆာဂျင် ဘာဒီနီသည် ထိုလူ၏အနီးသို့ကပ်ပြီးစကား ကို တလုံးချင်း ပြောလေသည်။

'ဒီမယ်...ကျုပ်တို့ကလဲ ပါလက်တော်င်း အကြမ်းဖက်ဂိုဏ်းကို လိုက်စုံစမ်းနေတယ်၊ ကျုပ်တို့မှာ ခြေရာခံဖို့ သဲလွန်စဆိုလို့ ဟာမာနီတယောက်ပဲရှိတယ်၊အခု ဒီလူ့ကို ခင်ဗျားသတ်လိုက်တဲ့ အတွက် ကျုပ်တို့မှာ လမ်းစပျောက်သွားပြီ၊ဟာမာနီရဲ့အပေါင်း အသင်း သုံးဦး ပြင်သစ်ပြည် ပဲရစ်မြို့မှာ ရှိတာကိုလဲ ကျုပ်တို့ သိတယ်၊ အဲဒီလူ သုံးယောက်ဟာ နောက်ထပ် အကြမ်းဖက် တိုက်ခိုက်မှုတွေ ကျူးလွန်ဖို့ ရောမမြို့ကို ရောက်နေတယ်လို့ ယုံကြည် တယ်၊ ခင်ဗျားသိယင် ကျုပ်တို့ကို ပြောပြစေချင်တယ်'

ရဲမှူးကြီး ဂီယာနီကလည်း ဝင်၍....



'ခင်ဗျားအနေနဲ့ ကျုပ်တို့ကို ရန်သူ တယောက်ယောက်ရဲ့ နာမည် ပြောပြယင် တော်ပါပြီ'

ဟု ပြောလိုက်သည်။

ထိုအခါ ရှင်ဘက် အစွန်းရေးလ် ထောက်လှမ်းရေးသမားသည် မျက်လုံးပိတ်ထားရာမှ ဖွင့်ကြည့်လိုက်သည်။

'သူတို့ အကြမ်းဖက်ဂိုဏ်းရဲ့ခေါင်းဆောင်က ဟာဆန် ဆိုတဲ့ လူဖြစ်တယ်၊ သူက ဗင်ကျူရီ တိုက်ခန်းအမှတ် (၂၅)မှာ နေတယ်'

ဤသို့ ကြိုးစား၍ ပြောလိုက်ပြီးနောက် ထိုလူသည် အသက် ချုပ်ကာ ငြိမ်သက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

ရောမမြို့ တနေရာရှိ ဗင်ကျူရို တိုက်ခန်းဆိုသည်မှာ လူနေရန် တိုက်ခန်းတွေ အများအပြားရှိသော အဆောက်အအုံကြီး တခု ဖြစ်လေသည်။

ယင်းအဆောက်အအုံ၏ အခန်းနံပါတ် ( ၂၅ ) အတွင်း၌ ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့၏ အကြမ်းဖက် ဂိုဏ်းခေါင်းဆောင် ဟာဆန်ဆိုသူသည် ဆိုနီယာ အမည်ရှိ အီတလီ မိန်းကလေး တဦးနှင့် တူနှစ်ကိုယ်ယှဉ်တွဲကာ နှစ်ပါးသွားလျက် ရှိလေသည်။



ဟာဆန်၏ နာမည် အပြည့်အစုံမှာ ဟာဆန်ဘာကာရတ် ဖြစ်သည်၊ သို့သော် ရင်းနှီးသူများက သူ့ကို ဟာဆန်ဟုသာ ခေါ်လေ့ရှိကြသည်။

ယခု သူ၏ အခန်းတွင်း၌ လာလည်နေသော ဆိုနီယာမှာ အီတလီ မိန်းကလေး တဦးဖြစ်ပြီး၊ ဟာဆန်နှင့် ချစ်ကြည်ရည်ငံ နေသူဖြစ်သည်။

သို့သော် သူမအနေဖြင့် ဟာဆန်အကြောင်း အသေးစိတ် မသိချေ။

ခွန်အားဗလနှင့် ပြည့်စုံပြီး တောင့်တင်းသန်မာသော အာရပ်လူမျိုး ယောကျာ်းတယောက်အဖြစ်သာ သိလေသည်။

ရောမမြို့တွင် လူချင်းတွေ့ဆုံ သိကျွမ်းရာမှ ရည်ငံသွားကြရာ ဆိုနီယာက မကြာခဏ ဟာဆန်၏ တိုက်ခန်းသို့ လာရောက်၍ တွေ့ဆုံ ချစ်တင်းနှီးနှောလေ့ ရှိကြသည်။

ဟာဆန်က သူသည် အယ်လ်ဂျီးရီးယား နိုင်ငံသားတဦး ဖြစ်ပြီး ယခု ရောမမြို့သို့ အလုပ်အကိုင် ရှာဖွေရန် လာနေပါသည် ဟု ဆိုလေသည်။

သို့သော် ဟာဆန်ကို ကြည့်ရသည်မှာ၊ အလုပ်အကိုင် ရှာဖွေပုံလည်းမရ၊ အယ်လ်ဂျီးရီးယား နိုင်ငံ အကြောင်းလည်း နောက်ထပ်မပြောတော့သဖြင့် သူ လိမ်လည်ပြောကြောင်း ဆိုနီယာက ရိပ်မိလေသည်။

ဟာဆန်သည် ဆိုနီယာ၏ ပြည့်ဖြိုး လှပသော ခန္ဓာကိုယ်ကို သိမ်းကျုံး ပွေ့ဖက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါလက်စတိုင်း အာရပ် လူမျိုး တဦး အနေဖြင့် ဆိုနီယာလို မျက်နှာပြူ မိန်းကလေး တဦးအား ပိုင်နေခြင်းကို စိတ်ထဲမှ ကျေနပ် သဘောကျနေမိလေသည်။

ထိုအခိုက် အခန်းပြင်ဘက်မှ တစုံတယောက်က ကျယ်လောင်စွာ တံခါးခေါက်သံ ကြားရလေရာ ဟာဆန်သည် လာနှောင့်ယှက်ကောင်းလားဟု စိတ်တိုဟန်ဖြင့် ခုတင်ပေါ်မှထပြီး

'ဟေ့ ... ဘယ်သူလဲကွ'

ဟု ဟစ်အော်မေးလိုက်သည်။

'ကျုပ်....ဖာရှင်ဂျီပါ၊ ခဏတွေ့ချင်လို့'

အပြင်ဘက်မှလူက အရေးတကြီး ဖြစ်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

'ငါ အခုမအားဘူးကွ၊ နောက်မှလာပါ'

'မတွေ့လို့ မဖြစ်ဘူးကွ၊ ကိစ္စက သိပ် အရေးကြီးတယ်'

အပြင်ဘက်မှလူက ထပ်ပြောပြန်ရာ ဟာဆန်သည် ပို၍ပင် စိတ်တိုလာလေသည်။

သို့သော် ချက်ချင်း စိတ်ကို ပြန်ထိန်းချုပ်လိုက်သည်။

သူ၏ အဖွဲ့သား တဦး ဖြစ်သော ဖာရှင်ဂျီဆိုသူသည် ကိစ္စအရေးမကြီးပဲ ယခုလို နှောင့်ယှက်တောင် လာတွေ့မည် မဟုတ်ချေ။

သာမန်အားဖြင့် ဆိုလျှင် သူသည် ညဘက် လာတွေ့လေ့ရှိသည်။



ဤသို့ စဉ်းစားပြီးနောက် ဟာဆန်သည် အခန်း တံခါးကို ဖွင့်ပေးလိုက်ရာ ဖာရှင်ဂျီဆိုသူသည် လျင်မြန်စွာ ဝင်လာလေသည်။

ဟာဆန်သည် လျင်မြန်စွာ တံခါးကို ပြန်ပိတ်လိုက်ပြီးနောက်

'မင်း ဒီမှာ ခဏနေဦး'

ဟု ပြော၍ အတွင်းဘက် အိပ်ခန်းတွင်းသို့ ပြန်ဝင်သွားလေသည်။

ဆိုနီယာအမည်ရှိ မိန်းကလေးသည် ခုတင်ပေါ်တွင်အိပ်လျက်ပင် ရှိနေရာ....ဟာဆန်က....

'ဟေ့....မင်းရဲ့ အဝတ်အစားတွေ ပြန်ဝတ်လိုက်တော့'

ဟု ပြောပြီး ပြင်ဘက် ဧည့်ခန်းသို့ ပြန်ထွက်လာလေသည်။

ဖာရှင်ဂျီဆိုသူကား အရပ်ပုပု၊ ဝင်တိုတို လူတယောက် ဖြစ်လေသည်။

သူ၏ မျက်နှာ အမူအရာက တုန်လှုပ် ချောက်ချားသည့် ဟန်မျိုး ဖြစ်နေသည်။

'ကဲ....ဆိုစမ်း၊ ဘာဖြစ်လာလို့လဲ'

ဟာဆန်က စတင်၍ မေးလိုက်သည်။

'ဟာမာနီတယောက် သေပြီ'

ဖာရှင်ဂျီကပြောလိုက်ရာ ဟာဆန်သည် အလွန် အံ့အားသင့်သွားပုံ ရလေသည်။

'ဟင်.... ဟာမာနီ သေပြီလား၊ ဘယ်တုန်းကလဲ၊ ဘယ်လို လုပ်ပြီး သေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သိပ်မကြာသေးဘူး၊ ခပ်စောစောကပဲ၊ သူ စားသောက်နေတဲ့ စားသောက်ဆိုင်က စားပွဲထိုး တဦးက တယ်လီဖုန်းဆက် ပြောပါတယ်၊ မော်တော်ကားတစီး မြှတ်မောင်းလာပြီး ကားပေါ်က လူနှစ်ယောက်က သေနတ်နဲ့ ပစ်သတ်သွားလို့ ဟာမာနီဟာ ပွဲချင်းပြီး သေသွားတယ်တဲ့'

'ကားပေါ်မှ လူနှစ်ယောက် ပါတယ်ဆိုတော့... အခွင်း ယောက်လုမ်းရေးအဖွဲ့ ရှင်ဘက်က လူတွေများလား'

'ရှင်ဘက် အဖွဲ့ရဲ့ လက်ချက်ဖြစ်တာ သေချာပါတယ်၊ ကျွန်တော်တို့ ပါလက်စတိုင်း အဖွဲ့သားတွေကို လိုက် သတ်ဖြတ်တဲ့ အဖွဲ့ဆိုလို့ ရှင်ဘက် အဖွဲ့ပဲ ရှိတယ်မဟုတ်လား'

ဖာရုပ်ဂျိုက ပြောလိုက်ရာ ဟာဆန်သည် အလွန်ဒေါသဖြစ်လာဟန်ဖြင့် အံကြိတ်လိုက်သည်။ သူတို့၏ အဖွဲ့ဝင် ဟာမာနီ လုပ်ကြံ သတ်ဖြတ်ခံရခြင်းအတွက် မိမိတို့အနေဖြင့် လျင်မြန်စွာ လှုပ်ရှားရန် အရေးကြီးကြောင်းကိုလည်း တွေးမိလေသည်။

'ဟာမာနီ သေပြီဆိုယင် ငါတို့လဲ ဒီရောမမြို့က ထွက်သွားမှ ဖြစ်မယ်'

'အယင်ဆုံး ကျွန်တော်တို့က ပြန်ပြီး ကလဲ့စားချေမှ ဖြစ်မယ်၊ ဟာမာနီ သေရတဲ့အတွက် ရန်သူကို ပြန်သတ်သင့်တယ်'

ဖာရုပ်ဂျိုက မကျေမချမ်း ဖြစ်ဟန်ဖြင့် ပြောသော်လည်း ဟာဆန်က လက်မခံချေ။

'ဒီလိုလုပ်လို့ မဖြစ်သေးဘူး၊ ကျုပ်တို့မှာ အန္တရာယ်ရှိတယ်၊ ကျုပ်တို့လူ ဟာမာနီကို ရောမမြို့ ရဲတပ်ဖွဲ့က စောင့်ကြည့်နေတာကို ကျုပ် သိတယ်၊ အခု သူ သေသွားပြီဆိုတော့ ရဲက သူနေတဲ့



အခန်းကို ဝင်ရှာဖို့မှာ သေချာတယ်၊ ရှာတယ်ဆိုယင်ပဲ သူတို့က သဲလွန်စ တခုခု ရသွားပြီ၊ ဒီနေရာကို ခြေရာခံ လိုက်လာယင် ခက်မယ်'

'ရှာလို့လဲ ဘာမှတွေ့မှာမဟုတ်ပါဘူး၊ ဟာမာနီက အလွန်အကင်းပါးတဲ့သူ ဖြစ်တယ်၊ သူဟာ ဘာ့ရှိုင်ရဲ့ သားတဦးလဲ ဖြစ်တယ်၊ ဒါကြောင့် သူ အသတ်ခံရတာကို ပြန်ပြီး ကလဲ့စားချေဖို့ တာဝန်ရှိတယ်'

ဖာရုပ်ဂျိုက မကျေမချမ်း ဖြစ်ဟန်ဖြင့် ပြောပြန်သည်။

'ဒီမယ် ကလဲ့စားချေတာကို အသာထားလိုက်ဦး၊ ကျုပ်တို့အနေနဲ့ စစ်ဆင်ရေးတခုလုပ်ဖို့ ရှိနေတယ်၊ ဒီအတွက် အားလုံးလဲ ပြင်ဆင်ပြီးနေပြီ၊ ခြောက်လလုံးလုံး ကြိုတင် ပြင်ဆင် ခဲ့တာကြောင့် လွှဲချော်စရာလဲ မရှိဘူး၊ စစ်ဆင်ရေးကလဲ သိပ်အရေးကြီးတယ်၊ မူလ အစီအစဉ်က ကျုပ်တို့ဟာ ရောမ မြို့က နောက်နှစ်ရက်ကြာမှ ထွက်ဖို့ရှိတယ်၊ အခုတော့ အခြေအနေ တမျိုးဖြစ်လာတဲ့အတွက် ဒီနေ့ပဲ အမြန်ဆုံး ထွက်ကြရမယ်၊ ဒါကြောင့် မင်းက ရှီဖစ်ဆီ တယ်လီဖုန်းဆက်ပြီး လေဆိပ်ကို လာခဲ့ဖို့ ပြောလိုက်ပါ'

ဟာဆန်က သူ၏ ဆုံးဖြတ်ချက်ကို ပြောလိုက်သည်။

ဖာရုပ်ဂျိုဆိုသူကမူ ရောမမြို့မှ ချက်ချင်း ထွက်ခွာသွားချင်ပုံ မရချေ။

'အခု ကျွန်တော်ကိုယ်တိုင် ဟာမာနီရဲ့အခန်းကို သွားယင် ရဲအဖွဲ့ဝင်တွေ မရောက်ခင် ရောက်သွားနိုင်တယ်၊ တကယ်လို့ ဟိုမှာ သဲလွန်စ၊ အထောက်အထားရှိနေယင်လဲ ဖျောက်ဖျက်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခဲ့မယ်၊ ဒီလိုဆိုတော့ ရောမမြို့မှာ နောက်ထပ်နှစ်ရက် နေနိုင်မယ်၊ နှစ်ရက်အတွင်းမှာ ကျွန်တော်တို့က ဂျူးလူမျိုးတွေ လိုက်သတ်နိုင်တယ်၊ ဂျူးလူမျိုးဆိုယင် ပြီးတာပဲ၊ တွေ့တဲ့လူကို သတ်ပစ်မယ်'

ဖာရုပ်ဂျ်က ဤသို့ထပ်ပြောသော်လည်း ဟာဆန်က သဘောမတူဟန်ဖြင့် ခေါင်းခါလိုက်သည်။

'မဖြစ်ဘူး၊ မင်းသွားယင် အန္တရာယ် ရှိတယ်၊ ပြီးတော့ တို့ရဲ့အဓိကတာဝန်ဖြစ်တဲ့ စစ်ဆင်ရေး အောင်မြင်မှုပါ ထိခိုက်သွားနိုင်တယ်၊ ဒီမယ်....ဖာရုပ်ဂျ် ကျုပ် ကတိပေးပါတယ်၊ စစ်ဆင်ရေးပြီးသွားယင် ဟာမာနီ အသတ်ခံရမှုအတွက် ကောင်းကောင်းကြီး ကလဲ့စား ချေပါမယ်၊ အခု အတောအတွင်းမှာတော့ တို့အနေနဲ့ စစ်ဆင်ရေး အောင်မြင်ရေးကိုသာ အဓိက ဦးစားပေးရသိမ့်မယ်'

ဟာဆန်က ဤသို့ ပြောလိုက်မှ ဖာရုပ်ဂျ်သည် ခေတ္တစဉ်းစားနေပြီးနောက် သဘောတူ လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ခင်ဗျားပြောတာ မှန်တယ်၊ ဟာမာနီ ကိုယ်တိုင် ကလဲ စစ်ဆင်ရေး အောင်မြင်တာကို လိုလားမှာပါပဲ၊ ကျွန်တော်အခုပဲ ကျွန်တော့်လူ ရှီဖစ်ဆီကို တယ်လီဖုန်း ဆက်လိုက်ပါမယ်'

ပြောပြောဆိုဆို ဖာရုပ်ဂျ်သည် လျှင်မြန်စွာ ပြန်ထွက်သွားလေသည်။



ဟာဆန်သည် အိမ်ခန်းထဲသို့ ပြန်ဝင်သွားရာ ဆိုနီယာက အဝတ်အစားများ ဝတ်ထားပြီး ခုတင်ပေါ်တွင် ထိုင်နေလေသည်။

'ဘာတွေ ဖြစ်နေတာလဲ ရှင်'

ဆိုနီယာက မေးလိုက်သည်။

'အရေးပေါ် ပြဿနာတခု ဖြစ်လာတယ်၊ ကြီးကြီး ကျယ်ကျယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ငါက ဒီရောမမြို့က တပတ်နှစ်ပတ်လောက် ထွက်သွားရမယ်၊ မင်းလဲ အခုချက်ချင်း ပြန်သွားပေတော့၊ မင်းအိမ်မှာပဲ နေပါ၊ ဒီတိုက်ခန်းကို လုံးဝမလာပါနဲ့၊ ရောမမြို့ကို ငါ ပြန်ရောက်လာတဲ့ အခါကျမှ ငါက မင်းကို ဆက်သွယ်မယ်'

ဟာဆန်က ဤသို့ပြောလိုက်ရာ ဆိုနီယာသည် အံ့အားသင့်ပြီး မေးခွန်းတွေ ထပ်မေးပြန်လေသည်။

သို့သော် ဟာဆန်က မဖြေပဲ သူမကို ပွေ့ဖက် နမ်းရှုပ်ပြီးနောက် အခန်းပြင်ဘက်သို့ ဆွဲခေါ်သွားလေသည်။

'ကဲ....မင်း အိမ်ပြန်ပေတော့၊ ဒီတိုက်ခန်းကို ပြန်မလာဖို့ မမေ့ပါနဲ့၊ အခြေအနေကောင်းတဲ့အခါ ငါက မင်းဆီကို လာခဲ့မယ်'

ဆိုနီယာသည် ဟာဆန်၏ စကားကို ယုံသင့် မယုံသင့် ဝေခွဲ၍ မရနိုင်အောင် ဖြစ်နေမိလေသည်။

မိမိက သိလို၍ မေးသည့် မေးခွန်းများကိုလည်း ဟာဆန်က မဖြေသဖြင့် ပို၍ စဉ်းစားရခက် နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် စိတ်ထဲမှာဘင်မကျဖြစ်ကာ အံ့ဩတွေဝေလျက်နှင့်ပင် လူမသည် တိုက်ခန်းမှ ထွက်သွားရလေသည်။

* * *

နောက်တနာရီခန့် ကြာသွားတော့မှ ရဲမှူးကြီး ဂီယာနီနှင့် ဆာဂျင်ဘာဒီနီတို့သည် ဖီးယက်ကားဖြင့် 'ဗင်ကျူရီ' တိုက်ခန်းသို့ ရောက်လာကြလေသည်။

သူတို့နှစ်ယောက်စလုံးသည် အရပ်ဝတ် အချပ်စားဝတ်ထားကြပြီး တိုက်ခန်းအောက်ထပ်ရှိ စာရေးထံသို့ ဝင်၍ ရဲအရာရှိများဖြစ်ကြောင်း ပြောဆိုစုံစမ်းရာ အာရပ်လူမျိုး တဦး နေသောအခန်းက တတိယထပ်တွင် ရှိကြောင်း သိရလေသည်။

ဤတွင် သူတို့နှစ်ဦးသည် တတိယထပ်သို့ တက်သွားပြီး ဟာဆန်၏ အခန်းပြင်ဘက်ရောက်လျှင် ပစ္စတိုသေနတ်များ ထုတ်ယူလိုက်ကြသည်။

ဂီယာနီက အခန်းတံခါးကို ခေါက်လိုက်သည်။

အတွင်းမှ လှုပ်ရှားသံ မကြားရသဖြင့် နောက်ထပ်တကြိမ် တံခါးခေါက်ကြည့်ပြန်သည်။

သို့သော် ဘာသံမှမကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေသောသည်။



ဂီယာနီသည် အခန်းတွင်း၌ လူရှိ မရှိ မသေချာသော်လည်း တံခါးခေါက်သည်ကို လာမဖွင့်သဖြင့် သက်ာမကင်း ဖြစ်လာပါသည်။

အောက်ထပ်ရှိ တိုက်ခန်းစာရေးနှင့် ဝင်တွေ့စဉ်က ရဲအရာရှိများ အဖြစ် ထိုအခန်း၏ သော့တူကိုပါ တောင်းဆိုခဲ့သည်ဖြစ်ရာ ဂီယာနီသည် သော့တူဖြင့် အခန်းတံခါးကို ဖွင့်လိုက်သည်။

ထို့နောက်သူနှင့် ဘာဒီနီတို့ နှစ်ဦးစလုံးက သေနတ်အသင့်ထုတ်ကိုင်လျက် အခန်းတွင်းသို့ လျင်မြန်စွာ ဝင်လိုက်ကြသည်။

သို့သော် အခန်းတွင်း၌ မည်သူမှ မရှိချေ။

တဖန် အိမ်ခန်းတွင်းသို့ ဝင်ကြည့်ကြရာ အိပ်ရာမှာ မကြာသေးမီက အိပ်ထားသလို ရှုပ်ပွနေသည်ကိုသာ တွေ့ရလေသည်။ လူသူ အရိပ်အရောင်ဆို၍ လုံးဝ မရှိချေ။

'ဟာဆန်ဆိုတဲ့လူဟာ ကမန်းကတန်း ထွက်သွားတာ ဖြစ်ရမယ်'

ဆာဂျင်ဘာဒီနီကပြောယင်း ကြမ်းပြင်ပေါ်တွင်ကျနေသော ကျော့ လက်သုတ်ပဝါငယ် တခုကို ကောက်ယူလိုက်သည်။

ထိုလက်သုတ်ပဝါတွင် နှုတ်ခမ်းနီဆိုးဆေးများပေကျံနေလေသည်။

ဘာဒီနီသည် လက်သုတ်ပဝါကို သေချာစွာကြည့်ပြီး....

'ဒီအခန်းထဲမှာ မိန်းမတယောက်လဲ လာအိပ်သွားတာ ဖြစ်ရမယ်'

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကြီး ဂိယာနီသည် သူ၏ ရေဒီယိုစက်ဖြင့် အောက်ထ တွင် စောင့်နေကြသော သူ၏ လူများအား ခေါ်ယူလိုက်လေ သည်။ ထို့နောက် အခန်းကို သေချာစေ့စပ်စွာ ရှာဖွေကြည့်ကြ လေသည်။

ဟာဆန်သည် ကပျာကယာ ထွက်သွားသော်လည်း အခန်း တွင်း၌ သူ၏ လှုပ်ရှားမှုအကြောင်း သဲလွန်စ ရနိုင်စရာ တစ် မရှိအောင် ဂရုစိုက်၍ ခြေရာဖျောက်သွားသဖြင့် ရဲအရာရှိများ သေချာ စေ့စပ်စွာရှာဖွေကြရာတွင် သဲလွန်စအထောက်အထား ဆို၍ ဘာမျှ မတွေ့ရချေ။

မိနစ်နှစ်ဆယ်ခန့် ရှာဖွေကြည့်ကြပြီးနောက် လက်လျှော့လိုက် ပြီး ရဲမှူးကြီး ဂိယာနီသည် ထိုအဆောက်အအုံ၏ အခြားအခန်း များတွင် ထိုင်နေသူများအား တွေ့ဆုံ မေးမြန်းမည်ပြုစဉ် သူ၏ ရေဒီယိုစက်သို့ ရဲအဖွဲ့ဝင်တဦးက လှမ်း သတင်းပို့လေသည်။

သတင်းပို့သူမှာ ဆာဂျင်ရဲကြပ်ကြီး ရာမွန်ဒို ဆိုသူ ဖြစ်ပြီး ရေဒီယိုဖြင့် အောက်ပါအတိုင်း သတင်းပို့လေသည်။

'ရဲမှူးကြီးခင်ဗျား၊ ကျွန်တော်တို့က ရဲမှူးကြီးအမိန့်အတိုင်း အသတ်ခံရတဲ့ ဟာမာနီဆိုသူရဲ့ အိမ်ခန်းကို ဝင် ရှာဖွေကြည့်ကြ ပါတယ်၊ အခန်းထဲမှာ ဟာမာနီ နာမည်နဲ့ နိုင်ငံကူးလက်မှတ် (ပတ်စပို့)တခု တွေ့ပါတယ်၊ ပတ်စပို့ထဲမှာ စပိန်နိုင်ငံကို သွား ပြည်ဝင်ဗီဇာ ရိုက်နှိပ်ထားတယ်၊ နောက်ပြီး စပိန်ပြည် မက်ဒရစ် ကိုသွားဖို့ လေယာဉ်လက်မှတ်တစောင်နဲ့ စပိန်နိုင်ငံသုံး ငွေစက္ကူ နှစ်ထောင်ကျော်ဖိုးကိုလဲ တွေ့ရပါတယ်'



ဤတွင် ရဲမှူးကြီး ဂိယာနီသည် ချက်ချင်း စိတ်ဝင်စားလာ ကာ....

'ဒါဖြင့် မင်းက အခုချက်ချင်း လေဆိပ်လုံခြုံရေးကို တယ်လီဖုန်း လှမ်းဆက်ထားလိုက်ပါ၊ ရောမလေဆိပ်က မဒရစ်မြို့ကို ထွက်ခွာမယ့် လေယာဉ်ခရီးစဉ်အားလုံးကို အရေးပေါ် ရှာဖွေစစ်ဆေးကြည့်ရမယ်'

ဟု ပြောလိုက်သည်။

*
ဂဏ်းနွံ * စာပေ
၀၇၅ - ဗိုလ်တထောင်လမ်းကြီး
ဗိုလ်တထောင် - ရန်ကုန်။

ရောမမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရဲကြပ်ကြီး ရာမွန်ဒိုက တယ်လီဖုန်းဆက်သောအခါ အချိန် လေးမိနစ်ခန့် နောက်ကျ သွားလေသည်။

အကြောင်းမှုကား တယ်လီဖုန်းမဆက်မီ လေးမိနစ်အလိုတွင် ထွက်ခွာပျံသန်းသွားသော အိုင်ဘီးရီးယား (စပိန်)လေကြောင်း ကုမ္ပဏီ၏ လေယာဉ်ခရီးစဉ်အမှတ်(၁၇၉)တွင် ဟာဆန်နှင့်တကွ သူ၏အဖော်(ပါလက်စတိုင်းပြောက်ကျားအဖွဲ့ဝင်)နှစ်ဦးတို့သည် လိုက်ပါသွားကြပြီ ဖြစ်သောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦးစလုံးမှာ နိုင်ငံကူးလက်မှတ် (ပတ်စပို့)များနှင့် လေယာဉ်လက်မှတ်များ ကြိုတင် စီစဉ်ထားပြီးဖြစ်ရာ မူလ အစီအစဉ်က နောက်နှစ်ရက်ကြာမှ ရောမမြို့မှ ထွက်ခွာကြရန် ဖြစ်သော်လည်း ဟာဆန်က သူတို့၏အလုပ်ကိစ္စအရေးကြီးသဖြင့် ယခုနေ့ပင် စပိန်ပြည်သို့ သွားလိုကြောင်း ပြောသောအခါ ကံအားလျော်စွာ လေယာဉ်ခရီးစဉ် (၃၇၉) တွင် ခရီးသည် နည်းပြီး ထိုင်ခုံလွတ်များ ရှိနေသဖြင့် အလွယ်တကူပင် စီးနင်း လိုက်ပါခွင့် ရသွားလေသည်။

ထို့ကြောင့် ရဲမှူးကြီး ဂီယာနီသည် သိသိကလေးလျှော့သွား လေခြင်းဟု ဒေါသလည်း ထွက် စိတ်လည်း ပျက်မိလေသည်။

သူသည် ဟာဆန် အမှူးပြုသော အကြမ်းဖက် ဂိုဏ်းသားများအား ဖမ်းဆီးရမိရန်အထူးကြိုးစားခဲ့သော်လည်း ယခုတော့ လက်လွှတ်သွားပြီဖြစ်၍ စိတ်ပျက်မိခြင်း ဖြစ်လေသည်။

အထူးသဖြင့် ယခု ဟာဆန်တို့ ထွက်ခွာသွားသည့် နေရာက စပိန်ပြည် မဒရစ်မြို့ဖြစ်၍ ပို၍ ခက်ခဲနေပေသည်။

သူတို့၏ အကြမ်းဖက်မှု နှိမ်နင်းရေး အထူး တပ်ဖွဲ့ များကို လန်ဒန်(အင်္ဂလန်)၊ ပဲရစ်(ပြင်သစ်ပြည်)နှင့် မြူးနစ် (အနောက်ဂျာမနီ)မြို့များတွင် ဖွဲ့စည်းထားရှိပြီ ဖြစ်သော်လည်း စပိန်ပြည် မဒရစ်မြို့တွင်မူ ဖွဲ့စည်းထားခြင်း မရှိသေးပေ။



ယင်းသည်ပင်လျှင် ရဲမှူးကြီး ဂီယာနီအဖို့ ကြီးစွာသော အခက်အခဲတခု ဖြစ်နေတော့သည်။

* * *

စပိန်ပြည် မဒရစ်မြို့ တနေရာရှိ ကာမင်ဟိုတယ်တွင် ဟာဆန်နှင့် သူ၏အဖော်တို့သည် တည်းခို နေထိုင်လျက် ရှိကြလေသည်။

စောစောကကြိုတင်စီစဉ်ထားသဖြင့် သူတို့အနေဖြင့် ဟိုတယ် အခန်းများ လွယ်လင့်တကူပင် ငှားရမ်းရရှိကြလေသည်။

သူတို့သည် စပိန်ပြည်သို့ မူရင်းအစီအစဉ်ထက် နှစ်ရက် ပိုစော၍ ရောက်နေကြလေရာ ထိုနှစ်ရက်အတွင်း အနားယူယင်း စိတ်ငြိမ်မှု ရရှိအောင် ကြိုးစားနေကြလေသည်။

သူတို့၏အဖွဲ့ဝင်တဦးဖြစ်သူ ဟာမာနီအသတ်ခံရသည့်အတွက် စိတ် တုန်လှုပ်ချောက်ချားမိခြင်းကြောင့် ပြန်၍ စိတ်တည်ငြိမ်မှု ရရှိအောင် ကြိုးစားနေကြခြင်းပင် ဖြစ်သည်။

အကယ်၍သာ ရောမမြို့ လေဆိပ်မှ သူတို့ ထွက်ခွာချိန်သည် လေးမိနစ်ခန့် နောက်ကျသွားပါက ရဲမှူးကြီးဂီယာနီတို့လူသိုက်က ဧကန်မုချဖမ်းဆီး နိုင်မည်ဖြစ်ကြောင်းကိုကား ဟာဆန်တို့က မသိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟာဆန်၏ အဖော်တို့နှစ်ဦးမှာ ဖာရပ်ဂျ်နှင့် ရှီဖစ်ဆိုသူတို့ပင် ဖြစ်သည်။

သူတို့သည် တနေကုန်အရက်သောက်ယင်း ဟာမာနီ အသတ်ခံရမှုအတွက် တုံ့ပြန်ကလဲ့စားချေရန် နည်းလမ်းများကို စဉ်းစားအကြံထုတ်နေကြလေသည်။

ရှီဖစ်သည် ပိန်ပိန်ပါးပါး မျက်နှာသွယ်သွယ်နှင့် လူငယ်တဦးဖြစ်သည်။ ဘာမှ မလုပ်ရပဲ ထိုင်စောင့်နေရသည်ကို စိတ်မရှည်ပဲ လှုပ်ရှားမှုတခုခု အမြန်လုပ်ချင်နေသူလည်း ဖြစ်သည်။

ထို့ကြောင့် ယခု ဟိုတယ်ခန်းထဲ နေရချိန်တွင် ဆက်တိုက်အရက် သောက်၍ ဖာရပ်ဂျ်နှင့် အတူ ဟာမာနီ အသတ်ခံရမှုအတွက် တုံ့ပြန် ကလဲ့စားချေရန်သာ ကြံစည် စိတ်ကူးနေလေသည်။

သူတို့နှစ်ဦး၏ အပြုအမူကို ခေါင်းဆောင်ဖြစ်သော ဟာဆန်က သဘောမကျချေ။

သူတို့ ဆက်လက်ဆောင်ရွက်ရမည့် စစ်ဆင်ရေးသည်သာလျှင် အဓိကအရေးကြီးသဖြင့် ဟာမာနီ အသတ်ခံရမှုကြောင့် တုန့်ပြန်ချောက်ချား စိတ်ခါတ်ကျနေလျှင် စစ်ဆင်ရေး အောင်မြင်မှုအတွက် အနှောင့်အယှက်ဖြစ်နိုင်ကြောင်းကို ဟာဆန်က ပြောပြလေသည်။

ပထမတွင် ရှီဖစ်နှင့် ဖာရပ်ဂျ်တို့က ဟာဆန်၏ သဘောကို လက်မခံပဲ ပြန်၍ ငြင်းကြလေသည်။

သူတို့ချင်း စကားများပြီး ထိုးကြိတ် သတ်ပုတ်တော့မည့် အခြေအနေမျိုးသို့ပင် ရောက်အောင် တင်းမာလာကြသည်။



သို့သော် ဟာဆန်က ခေါင်းဆောင်အဖြစ် ထပ်မံ ရှင်းပြခဲ့လေမှ ရှီဖစ်နှင့် ဖာရပ်ဂျ်တို့သည် အလျှော့ပေးကာ ဟာဆန်၏ပြောပြချက် မှန်ကန်ကြောင်း ဝန်ခံလိုက်ကြသည်။

သို့နှင့်ပင် သူတို့ သုံးဦးသည် မဒရစ်မြို့ ကာမင် ဟိုတယ်၌ နေကာ နှစ်ရက်ခန့် စောင့်နေကြလေသည်။

ထိုအတောအတွင်း ဟာဆန်က ကျန် လူနှစ်ယောက်အား သူတို့၏ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့၏ရည်မှန်းချက်များ အကြောင်း ထပ်တလဲလဲ ရှင်းလင်းပြောပြလေသည်။

* * *

စတုတ္ထမြောက်နေ့တွင် ကြိုတင်ချိန်းဆိုထားသည့်အတိုင်း သူတို့၏ဟိုတယ်ခန်းသို့ တယ်လီဖုန်းလာလေသည်။

ဟာဆန် ကိုယ်တိုင် တယ်လီဖုန်း စကားပြောပြီး တဘက်မှ ဆက်သူနှင့် တွေ့ဆုံကြမည့် နေရာ၊ နေ့ရက်၊ အချိန် စသည်တို့ကို အသေးစိတ် ဆွေးနွေးပြီး အတည်ပြုလိုက်သည်။

သူတို့သုံးဦးနှင့် ဆက်သွယ် ပူးပေါင်းရန် ကြိုတင် စီစဉ်ထားသော အကြမ်းဖက်အဖွဲ့တို့ တနေရာတွင် ဆုံကြရန် ညှိနှိုင်း စီစဉ်လိုက်ခြင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာဆန်သည် ရောမမြို့တွင် အသတ်ခံရသူ ဟာမာနီ၏ အိမ်ခန်းသို့ အီတာလီရဲက ဝင်ရောက်ရှာဖွေလိမ့်မည်ဟု တထစ်ချ တွက်မိလေသည်။

ထိုအိမ်ခန်း၌ မိမိကိုအဖွဲ့နောက်သည့် ခြေရာခံလိုက်ရန် သဲလွန်စ အထောက်အထား တစုံတရာ ကျန်သွားနိုင်ကြောင်း ကိုလည်း စဉ်းစားမိသည်။

ထို့ကြောင့် ယခု ဟိုတယ်မှ ထွက်ခွာရာတွင် အထူး သတိထားပြီး ထွက်ခွာရန် အရေးကြီးကြောင်းကိုလည်း တွေးမိလေသည်။

ဟိုတယ်မှ ထွက်ကြသောအခါ ဖာရပ်ဂျိုတယောက်တည်းက တဘက်သို့ လျှောက်ထွက် သွားပြီး ဟာဆန်နှင့် ရှီဖစ်တို့က ဆန့်ကျင်ဘက်လမ်းအတိုင်း လျှောက်သွားကြသည်။

ကိုက် တစ်ရာခန့် လျှောက်သွားပြီးတော့မှ ရှီဖစ်တယောက်တည်း ဆက်သွားခိုင်းပြီး ဟာဆန်က ဟိုတယ်သို့ ပြန်လာခဲ့လေသည်။

ခဏမျှကြာသော် ဟိုတယ်၏ နောက်ဖေးဘက်တံခါးပေါက်မှ ပြင်ဘက်သို့ ထွက်ခဲ့လေသည်။

အကယ်၍ ရဲထောက်လှမ်းရေးက သူတို့အား စောင့်ကြည့်နေပါက မမြင်နိုင်အောင် နောက်ဖေးပေါက်မှ ထွက်ခဲ့ခြင်း ဖြစ်လေသည်။

ရှီဖမ်နှင့် ဖာရပ်ဂျိုတို့အား လွှဲ၍ လွှတ်လိုက်ခြင်းမှာလည်း သူတို့အား ရဲစုံထောက်များက တစေ့တစောင်း ကြည့်နေလျှင်



မည်သူ့နောက်သို့ လိုက်ရမှန်းမသိပဲ မျက်စိလည်အောင် အကွက်ဆင်လိုက်ခြင်း ဖြစ်လေသည်။

ဟာဆန်သည် ဟိုတယ်မှ ထွက်ခဲ့ပြီးနောက် သူ သွားရမည့် နေရာသို့ တိုက်ရိုက် မသွားပဲ မဒရစ် မြို့တွင်း၌ တက်စီကား သုံး လေးစီး ပြောင်းစီးကာ ခြေရာဖျောက်နေလိုက်သည်။

ညနေစောင်းတော့မှ သူသည် မြို့ဆင်ခြေဖုံးရှိ ကမ္ဘာလှည့် ခရီးသည်များ လာရောက်လေ့ရှိသော ဥယျာဉ်ကြီးသို့ သွားလေသည်။

ဥယျာဉ်ကြီး၏တနေရာတွင် ရေအိုင်ငယ်တခု ရှိလေသည်။

ထိုနေရာသို့ ဟာဆန် သွားလိုက်သောအခါ ဂျပန်အမျိုးသား လူငယ်တဦးသည် ဥယျာဉ်၏ရှုခင်းကို ကင်မရာတလုံးဖြင့် ဓာတ်ပုံရိုက်ယူနေသည်ကို တွေ့ရလေသည်။

ဟာဆန်လည်း ထိုဂျပန်လူငယ် အနီးသို့ လျှောက်သွားပြီး ရေအိုင်၏ ရှုခင်းကို ကြည့်သလိုနှင့်....

'ပါလက်စတိုင်းအတွက် တရားမျှတမှု မရှိ'

ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ဂျပန်လူငယ်သည် ရုတ်တရက် လှည့်မကြည့်ပဲ

'ကမ္ဘာကြီးအတွက်လဲ ငြိမ်းချမ်းမှု မရှိ'

ဟု ပြောလိုက်သည်။

ဤကား သူတို့ချင်း ကြိုတင်စီစဉ်ထားသည့် စကားဝှက်ကို အတိုင်းအဖောက် ပြောလိုက်ခြင်းပင် ဖြစ်သည်။

စကားဝှက်မှန်အောင်ပြောနိုင်မှ မိမိတို့လူဖြစ်ကြောင်း သိရှိနိုင်မည်ဟု ကြိုတင်သတ်မှတ်ထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်လူငယ်သည် စကားဝှက်၏ ဒုတိယအပိုဒ်ကို ပြောလိုက်ပြီးမှ ဟာဆန်အား လှည့်ကြည့်ကာ ပြုံးလိုက်သည်။

ထို့နောက် နှစ်ယောက်သား ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ကြလေသည်။

စင်စစ်အားဖြင့် ဟာဆန်နှင့် ယင်းဂျပန်လူငယ်တို့သည် ပြင်သစ်ပြည် ပဲရစ်မြို့၌ တွေ့ဆုံ သိကျွမ်းခဲ့ပြီးဖြစ်သည်။ အကြမ်းဖက်မှုများကိုလည်း နှစ်ယောက်သား တိုင်ပင်၍ ပြုလုပ်ခဲ့ဖူးသည်။

သို့သော် လူချင်းခွဲခွာသွားပြီး ပြန်လည် တွေ့ဆုံသည့်အခါ စကားဝှက် အတိုင်အဖောက် ပြောကြစတမ်းဟု ကြိုတင်စီစဉ် သတ်မှတ်ထားခဲ့ခြင်း ဖြစ်လေသည်။

ဂျပန်လူငယ်၏ အမည်မှာ တာကာဂီ ဖြစ်သည်။ သူသည် မျက်မှန်တပ်ဆင်ထားပြီး တက္ကသိုလ်ကျောင်းထွက် တဦးလည်း ဖြစ်သည်။

သို့သော် နိုင်ငံရေးအယူအဆအားဖြင့်အယူသည်းဝါဒသမား တဦးဖြစ်ပြီး အကြမ်းဖက်မှုကို လိုလားသော ဂျပန် လျှို့ဝှက် မြေအောက် ကြယ်နီစစ်တပ် အဖွဲ့ဝင်တဦးလည်းဖြစ်သည်။

ဂျပန် ကြယ်နီစစ်တပ် အဖွဲ့ဝင်များသည် အနောက်ဥရောပ အုပ်စုအားလုံးအပေါ် မျက်မုန်းကျိုးပြီး အကြမ်းဖက်မှုများဖြင့် မကြာခဏ တိုက်ခိုက်လေ့ရှိကြပေသည်။



ယင်းသို့ အကြမ်းဖက်မှုကို လိုလား၍လည်း သူတို့သည် ပီအယ်လ်အို ခေါ် ပါလက်စတိုင်း အကြမ်းဖက် ဂိုဏ်းများနှင့် ဆက်သွယ်မိကာ မဟာမိတ် ပြုလုပ်ထားကြခြင်း ဖြစ်ပေသည်။

နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်ကြပြီးနောက် ဂျပန်လူငယ် တာကာဂီက အစီအစဉ်ကို ပြောပြလေသည်။

'ကျုပ်တို့ အဖွဲ့သားတွေတော့ အားလုံး ပေါ်န်ပြည်ကိုရောက်နေကြပြီ။ ယိုတာရို ဆိုတဲ့ လူက လွန်ခဲ့တဲ့သုံးလကတည်းက ဘာစီလိုနာ မြို့ကို ရောက်နေတယ်၊ သူ့ဆီမှာ လိုအပ်တဲ့လက်နက်တွေနဲ့ တခြား ပစ္စည်းကိရိယာတွေ အပြည့်အစုံရှိနေတယ်'

'ဟုတ်လား၊ ဒါဖြင့် အိုကေတာပေါ့၊ ဒါထက် ကျုပ်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပစ်မှတ်ကကော အခု ဘယ်မှာလဲ'

ဟာဆန်က ပြန်မေးလိုက်ရာ တာကာဂီ ပြုံးလိုက်သည်။

'ကျုပ်တို့ရဲ့ ပစ်မှတ်ဟာ သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း ခတ်ကျွန်းက ထွက်ခွာလာပြီ ဖြစ်တယ်၊ နောက်ပြီး ရိုင်းလင်း သင်္ဘောကလဲ ဒီနေ့မနက်ပဲ ဂျာမနီပြည် ဟင်းဘတ်မြို့ ဆိပ်ကမ်းက ထွက်ခွာလာပြီ ဖြစ်တယ်။ ကျုပ်ကိုယ်တိုင် အဲဒီ သင်္ဘောနဲ့ ပါလာတဲ့ သင်္ဘောသားစာရင်းကို လေ့လာကြည့်ပြီးပြီ၊ အားလုံး ကျုပ်တို့ ကြံစည်ထားတဲ့အတိုင်း ဖြစ်နေတယ်၊ နောက်တခုက

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့သုံးဖို့လိုအပ်တဲ့ငါးဖမ်းစက်လှေ တစင်းကိုလဲ ဟာယာရှိန့်အိုဒွဆ တို့က ရှာတွေ့ထားပြီ၊ သူတို့က လုပ်ရှားမှု စတင်ဖို့အကြောင်းကြားလိုက်ယင် ခင်ဗျားတို့အဖွဲ့ကလဲ အဆင်သင့်ရှိမှဖြစ်မယ်'

'ကျုပ်တို့အဖွဲ့ ငါးလုံး လှုပ်ရှားပြီ အဆင်သင့်ဖြစ်နေပါပြီ'

ဟာဆန်က ပြန်ပြောပေ၍၊ ဝီဇင်ဒေါ့တ်ဒိုင်မာကြောင်းပြသည့်အနေဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

အခန်း ၄

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ အကြမ်းဖက်မှု နှိမ်နင်းရေးအထူးတပ်ဖွဲ့ရုံးခန်းမှာ နာမည်ကျော် စကော့တလန်ယတ်ဒ် စုံထောက်ဌာနကြီး၏ အဆောက်အအုံတနေရာတွင် တည်ရှိလေသည်။

ထိုရုံးခန်းအတွင်း၌ အစီရင်ခံစာတခုကို ဂရုတစိုက် လေ့လာကြည့်နေကြလေသည်။

လူနှစ်ယောက်အနက် အသက်သုံးဆယ်ကျော်ရှိ အရပ်မြင့်မြင့်နှင့်လူမှာ ဗြိတိသျှ စုံထောက်ဌာနမှ သွန်ကြား ရေး မှူး ချုပ်အဆင့်ရှိသော နီကိုလ်ဆန် ဆိုသူဖြစ်သည်။ သူသည် အကြမ်းဖက်မှုနှိမ်နင်းရေး အထူးတပ်ဖွဲ့၏ လန်ဒန်မြို့ဆိုင်ရာ တပ်ဖွဲ့အကြီးအကဲလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူရှိနေသူ ဆံပင်ဖြူဖြူ နှုတ်ခမ်းမွေးနှင့် လူကား ဒုတိယကမ္ဘာစစ်အတွင်းက သူရဲကောင်းဘွဲ့တံဆိပ်ရ ဆာအယ်လိတ်ဇန္ဒား ဆိုသူဖြစ်လေသည်။

ဆာအယ်လိတ်ဇန္ဒား၏တာဝန်ကား ဗြိတိသျှ ထောက်လှမ်းရေး အဖွဲ့အစည်းအသီးသီး အချင်းချင်းဆက်သွယ်မှု ပြေလည်ချောမောစေရန် တာဝန်ယူဆောင်ရွက်ရသည့် ညှိနှိုင်းစီစဉ်ရေးမှူး တာဝန်ပင်ဖြစ်သည်။

နိုင်ငံအသီးသီးရှိ အကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့ကို တာဝန်ပေးခြင်းခံရသူများမှာ ရဲစုံထောက်ဌာနမှ ကျွမ်းကျင်သူ စုံထောက်အရာရှိများ ဖြစ်ကြလေသည်။

သူတို့သည် နိုင်ငံတကာ၌ အကြမ်းဖက် ဂိုဏ်းသားများဖြစ် သင်္ကာမကင်း ဖြစ်သူများ၏ လှုပ်ရှားမှု သတင်းကို မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်းပြီး အကြမ်းဖက်မှုများ လက်တွေ့မဖြစ်မြောက်မီ ကြိုတင်ကာကွယ်တားဆီးရန်လည်း တာဝန်ရှိကြလေသည်။

ယခု သူတို့နှစ်ဦး လေ့လာဖတ်ကြည့်နေသော အစီရင်ခံစာမှာ အီတလီပြည် ရောမမြို့မှ အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့ အကြီးအကဲ ရဲမှူးကြီး ဂီယာနီက ပေးပို့လိုက်သော အစီရင်ခံစာပင် ဖြစ်သည်။

ယင်းအစီရင်ခံစာ၏ မိတ္တူများကို ပြင်သစ်ပြည် ပဲရစ်မြို့ ဂျာမနီပြည် မြူးနစ်မြို့များရှိ တပ်ဖွဲ့တာဝန်ခံများ ထံသို့လည်း ပေးပို့ထားပြီးဖြစ်ပေသည်။



အစီရင်ခံစာကို သေချာစွာလေ့လာကြည့်ပြီးနောက် နီကိုလ်ဆန်သည် ဆာအယ်လိတ်ဇန္ဒားအား လှမ်း၍....

'ဒီဇက်စ္စနှင့်ပတ်သက်လို့ ခင်ဗျားရဲ့မိတ်ဆွေ ရေမွန်ဒက်စ် ဆီက ဘာသတင်းများ ရသလဲ'

ဟုမေးလိုက်၏။

[မှတ်ချက်။ ။ရေမွန်ဒက်စ် ဆိုသူမှာ စပိန်ပြည် မဒရစ်မြို့ရှိ ရဲစုံထောက် ဌာနမှ ရဲမှူးဖြစ်သည်။

'အတိအကျသတင်းတော့မရသေးပါဘူး၊ လက်ရှိအခြေအနေအရ ကျုပ်တို့ရဲ့ အထူးတပ်ဖွဲ့ စပိန်ပြည်မှာဖွဲ့ မထားရသေးတာ အတော်ခက်နေတယ်၊ ကျုပ်မိတ်ဆွေ ရေမွန်ဒက်စ်က အလွန်တော်တဲ့ စုံထောက် အရာရှိ တဦး ဖြစ်တယ်၊ စပိန်ပြည်မှာသာ အထူးတပ်ဖွဲ့ ဌာနခွဲ ဖွင့်ထားနိုင်ယင် ဒီလူကဌာနခွဲကို ကြီးကြပ်ကွပ်ကဲဖို့အကောင်းဆုံးလူ ဖြစ်လာနိုင်တယ်၊အခုတော့ကျုပ်တို့က သူ့ဆီ တရားဝင်အကူအညီတောင်းဖို့ မဖြစ်ဘူး၊ မိတ်ဆွေအချင်းချင်း ပုဂ္ဂိုလ်ရေးသဘောပဲ အကူအညီတောင်းရလိမ့်မယ်၊ အခု အစီရင်ခံစာအရ အာရပ် အကြမ်းဖက်သမား သုံးဦးဟာ ရောမမြို့ကနေပြီး စပိန်ပြည် မဒရစ်မြို့ကို လေယာဉ်နဲ့ သွားကြတာ သေချာနေပြီ၊ တကယ်လို့သာ မဒရစ်မြို့မှာ ကျုပ်တို့ အထူးတပ်ဖွဲ့ ဌာနခွဲဖွင့်ပြီးသားရှိယင် ကျုပ်မိတ်ဆွေ ရေမွန်ဒက်စ်က တရားဝင်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနိုင်တယ်၊ အာရပ် အကြမ်းဖက်သမား သုံးဦးကို အမြန်ဆုံး ရှာဖမ်းနိုင်မှာ သေချာတယ်'

ဆာအယ်လိတ်ဇန္နားက ပြန်ပြောလိုက်သည်။

'စပိန်ပြည်မှာ ဌာနခွဲဖွင့်ဖို့ ဆက်သွယ်ညှိနှိုင်းလို့မရတာ ခုထ ဘာပဲ'

နီကိုလ်ဆန်က ညည်းညူသလိုပြောလိုက်ရာ ဆာအယ်လိတ်ဇန္နားက....

'ဒါလဲ မျှော်လင့်ချက် ရှိပါသေးတယ်၊ကျုပ်က ပြည်ထဲရေး ဝန်ကြီးဌာနကတဆင့် ဆက်ကြိုးစားဖို့ အစီအစဉ်ရှိတယ်၊ အခု လောလောဆယ် မဖြစ်မြောက်သေးတာက စပိန်ပြည်မှာအကြမ်းဖက်မှုတွေ မရှိသေးလို့ပါပဲ၊ သို့သော်လဲ ရှေ့လျှောက် အခြေအနေက တမျိုး ဖြစ်လာနိုင်ပါတယ်'

'အကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့ ဌာနခွဲဖွဲ့စည်းသားဖို့ စပိန်ပြည်က စိတ်ဝင်စားပါ့မလား'

'စိတ်ဝင်စားဖို့အကြောင်း ရှိပါတယ်'

'ဒါပေမယ့် လောလောဆယ်တော့ စပိန်ပြည်ဟာ ကျုပ်တို့ အဖွဲ့နဲ့ တိုက်ရိုက် အဆက်အသွယ် မရှိတဲ့အတွက် ဟာဆန်တို့လို အကြမ်းဖက်ဂိုဏ်းသားတွေ ခိုလှုံဖို့ အလွန်ကောင်းတဲ့နေရာဖြစ် နေတယ်ဗျ'

'ဒါတော့ ဟုတ်ပါတယ်၊ ကျုပ်ကတော့ ဌာနခွဲ ဖွဲ့စည်းနိုင် အောင် ဆက်ကြိုးစားမှာပါပဲ၊ဒီအတောအတွင်းမှာတော့ မဒရစ် မြို့က ကျုပ်မိတ်ဆွေ ရဲမှူးရေမွန်ဒက်စ်နဲ့ ဆက်သွယ်ပြီး အကူ အညီ တောင်းရမှာပဲ'



ဆာအယ်လိတ်ဇန္နားက ပြောလိုက်စဉ် အပြင်ဘက်မှ တံခါး ခေါက်သံ ကြားရပြီးနောက် ရဲစုံထောက်(ရဲကြပ်ကြီး) ဆာဂျင် စတုံး ဆိုသူသည် ဝင်လာလေသည်။

'ရဲမှူးကြီး ဟယ်လ်ဒါ အခုပဲ ရောက်လာပါတယ်'

ဆာဂျင် စတုံးက သတင်းပို့လိုက်ရာ ဆာအယ်လိတ်ဇန္နားက နီကိုလ်ဆန် ဘက်သို့ လှည့်၍....

'အခုရေးထဲ အမ်စတာဒမ်မြို့ (နယ်သာလင် နိုင်ငံ) မှာလဲ ပြဿနာတွေ ပေါ်လာပြန်တယ်'ဟု ပြောလိုက်သည်။

ထိုအခိုက် မှာပင် လူ ခပ်ထွားထွား ခပ် ဝဝ တယောက် ဝင်လာပြီး

'ပြဿနာ ပေါ်ပေမယ့် အခြေအနေ ကိုတော့ ထိန်းနိုင်ပါ တယ်'

ဟု ပြောလိုက်သည်။

ထိုလူဝဝသည်ကား နယ်သာလင်နိုင်ငံ အမ်စတာဒမ် မြို့မှ ရဲမှူးကြီး ဟယ်လ်ဒါ ဆိုသူပင် ဖြစ်သည်။

ဆာအယ်လိတ်ဇန္နားသည် ထိုလူအားနီကိုလ်ဆန်နှင့်မိတ်ဆက် ပေးပြီးနောက် သုံးယောက်သား ထိုင်၍ ဆွေးနွေး နေကြလေ သည်။

နိုင်ငံတကာ၌ အကြမ်းဖက်မှု အခြေအနေ အကြောင်းကို သုံးသပ် ဆွေးနွေးကြယင်း ဆာအယ်လိတ်ဇန္နာက....

'ခင်ဗျားတို့အမ်စတာဒမ်မြို့ အခြေအနေကကောဘယ်လိုလဲ' ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေကမဆိုးပါဘူး၊ ကျုပ်တို့ဌာနခွဲရုံးကလုပ်ငန်းတွေ ချောချောမောမော လည်ပတ်နေပါတယ်၊ တခြား နိုင်ငံတွေမှာ ရှိတဲ့ အကြမ်းဖက် နှိမ်နင်းရေး အထူးတပ်ဖွဲ့ ဌာနခွဲတွေကလဲ မှန်မှန် သတင်းပို့ပေးနေကြတယ်၊ ကျုပ်အနေနဲ့ နယ်သာလင် အစိုးရဝန်ကြီးဌာနတွေရဲ့ ပူးပေါင်းကူညီမှုကိုလဲ ရရှိနေပါတယ် တခုပဲရှိတာက မကြာခင် ကျုပ်တို့ အမ်စတာဒမ်မြို့မှာ ကျင်းပ မယ့် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကြီးတခုအတွက် ကျုပ် က လုံခြုံရေးတာဝန် ယူထားရတော့ နည်းနည်းပိုပြီး အလုပ် ရှုပ်နေတယ်'

ရဲမှူးကြီး ဟယ်လ်ဒါက ပြောလိုက်လျှင် နိုကိုလ်ဆန် နှင့် ဆာအယ်လိတ်ဇန္ဒားတို့နှင့်ဦးစလုံးက နားလည် သဘောပေါက် သွားကြသည်။

နိုင်ငံတကာ အစည်းအဝေး ဆိုသည်မှာ 'နေတိုး' ခေါ် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဝင် အနောက်အုပ်စု နိုင်ငံများ နှင့် ဝါဆောစာချုပ်အဖွဲ့ဝင် (ဆိုဗီယက်အုပ်စု) နိုင်ငံများ ခေါင်းဆောင်များ လက်နက် လျှော့ပေါ့ရေးနှင့် ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးပွဲပင် ဖြစ်ပြီး အမ်စတာဒမ် မြို့တွင် တွေ့ဆုံ ဆွေးနွေးကြရန် စီစဉ်ထားခြင်း ဖြစ်ပေသည်။

'ကျုပ်တို့ကလဲ အတတ်နိုင်ဆုံး ကူညီပါမယ်၊ အကြမ်းဖက် ဂိုဏ်းသားတွေ ခင်ဗျားတို့ နယ်သာလင် နိုင်ငံဘက်ကို ဦးတည် လှုပ်ရှားလာယင် ကျုပ်တို့က ကြိုတင် သတိပေးလိုက်ပါမယ်



ဆာအယ်လိတ်ဇန္ဒားက ပြောလိုက်ရာ ရဲမှူးကြီး ဟယ်လ်ဒါ က

'အကြမ်းဖက်သမားတွေ လှုပ်ရှားလာလိမ့်မယ်လို့ ထင်လို့ လား'

ဟု မေးလိုက်သည်။

'လောလောဆယ်တော့ သတင်းအတိအကျ မရသေးပါဘူး၊ ဒါပေမယ့် စပိန်ပြည် မဒရစ်မြို့က ထွက်ခွာတဲ့ လေယာဉ်ခရီးစဉ် အားလုံးမှာ ဟာဆန်ဆိုတဲ့လူတယောက်ကို သတိထား ကြည့်စေချင်ပါတယ်'

'ဒါတော့ စိတ်ချပါ၊ ကျုပ်တို့က လေယာဉ်ခရီးစဉ်အားလုံး မှာ အာရပ် နာမည်နဲ့လူ မှန်သမျှကို သတိထား ကြည့်နေ မှာပါ'

ရဲမှူးကြီး ဟယ်လ်ဒါက ပြောလိုက်ပြီးနောက် သူတို့သည် အမ်စတာဒမ်မြို့တွင်ကျင်းပမည့် ကွန်ဖရင့်အစည်းအဝေးအတွက် လုံခြုံရေးကိစ္စများကို ဆက်လက် ဆွေးနွေးကြလေသည်။

လောလောဆယ် စပိန်ပြည်တွင် ဌာနခွဲမရှိသေးခင် ဟာဆန် တို့ လူစုအား ခြေရာခံလိုက်ကြည့်ရန်ကိုကား မည်သို့မျှ မတတ် နိုင်ချေ။

www.burmeseclassic.com



သို့လော် စပိန်ပြည်သည် အတော် အလှမ်းဝေးသော နိုင်ငံဖြစ်နေ၍ တော်သေးသည်ဟုသာ သဘောထားလိုက် ကြရလေသည်။

* * *

ဟာဆန်နှင့် ဂျပန်လူငယ် တာကာကီတို့ ပန်းဥယျာဉ်၌ တွေ့ဆုံကြပြီးနောက် တနေ့တွင် ဟာဆန်နှင့်အဖော်နှစ်ဦးတို့သည် မဒရစ်မြို့ ဟိုဘယ်မှ ထွက်ခွာ၍ မီးရထား ဘူတာရုံသို့ သွားကြလေသည်။

သူတို့သည် ဇာရာဂိုဇာ အမည်ရှိ မြို့သို့ လက်မှတ်များဝယ်၍ ရထားဖြင့်လိုက်ရာ အချိန်ငါးနာရီကျော်ကျော် စီးရပြီး မွန်းလွဲပိုင်းတွင် ရောက်သွားကြလေသည်။

ဘူတာမှ ထွက်လာပြီးနောက် ဖာရုပ်ဂျိနှင့် ရှိဖစ်တို့က ဘားအရက်ဆိုင်တဆိုင်သို့ ဝင်သောက်ယင်း စောင့်နေကြစဉ် ဟာဆန်က မြို့တွင်းရှိ မော်တော်ကား စင်းလုံးငှားသော ဆိုင်တဆိုင်သို့ သွားပြီး ပူဂျို အမျိုးအစား ဆီဒင် မော်တော်ကား တစီးကို ငှားလိုက်သည်။

သူက မော်တော်ကားကို ရက်သတ္တနှစ်ပတ်ခန့် အသုံးပြုမည် ဖြစ်ကြောင်း၊ ထိုမြို့မှတဆင့် ဘာစီလိုနာမြို့သို့ သွားမည်ဖြစ်



ကြောင်းပြောကာ မော်တော်ကားအတွက် စပေါ်ငွေလုံလောက်စွာ ပေး၍ ငှားလိုက်ခြင်း ဖြစ်သည်။

အမှန်က ဟာဆန်သည် ဘာစီလိုနာမြို့တော်သို့ သွားမည် မဟုတ်ပါ၊ မျက်နှာချင်းဆိုင်ဘက်သို့ သွားရန် အစီအစဉ်ရှိလေသည်။

ထို့နောက် သူတို့သုံးဦးသည် ပူဂျို မော် တော် ကား ဖြင့် ဇာရာဂိုဇာမြို့မှ ထွက်ခွာကြလေသည်။

စင်စင်အားဖြင့် သူတို့သည် ထိုမြို့သို့ လာခဲ့ခြင်းမှာ အကယ်၍ ရဲစုံထောက် သို့မဟုတ် စစ်ထောက်လှမ်းရေးက နောက်မှ ခြေရာခံလိုက်ကြည့်နေခဲ့ပါက မျက်စိလည်သွားအောင် တမင်သက်သက် လာခဲ့ခြင်း ဖြစ်သည်။

ဟာဆန်သည် အဖွဲ့ခေါင်းဆောင်ဖြစ်သည့်အလျောက် သူတို့၏ လှုပ်ရှားသွားလာမှုကို ခြေရာခံ လိုက်စုံစမ်း၍ မရအောင် အသုံးသတိရှိစွာဖြင့် ဤသို့ လှည့်ကွက်ဆင်ပြီး သွားလာလှုပ်ရှားခြင်း ဖြစ်လေသည်။

သူတို့သည် တယောက်ဘလှည့်စီ ကားကိုမောင်း၍ တညလုံးတောက်လျှောက်မောင်းခဲ့ရာ လမ်းခရီး၌ ဘားဂေါ့စ်၊ လီယွန်၊ အိုရင်ဘီ စသော မြို့များကို ဖြတ်သန်းပြီး အနောက်စူးစူး အတ္တလန္တိတ် သမုဒ္ဒရာ ကမ်းခြေဘက်သို့ ဦးတည် မောင်းခဲ့ကြလေသည်။

အိုရင်ဆီမြို့ကို ကျော်လွန်လာသောအခါ ဟာဆန်ကိုယ်တိုင်ကားကိုမောင်း၍ အနောက်မြောက်ဘက် ဖိနီစတာအငူရှိရာဘက်သို့ ဦးတည် မောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖာရပ်ဂျ်ဆိုသူက အသင့်ပါလာသော မြေပုံကို ဖြန့်ကြည့်၍ သွားရမည့်လမ်းကို ညွှန်ပြ ပြောဆိုလေသည်။

ဆက်မောင်းသွားယင်း ပင်လယ်ကမ်းခြေအနီး ဘောင်ကုန်းတခုပေါ်သို့ ရောက်လျှင် ဟာဆန်သည် မော်တော်ကားကို ရပ်လိုက်သည်။

ထိုနေရာတွင် အစိမ်းရင့်ရောင် မာစီးဒီးကားတစီး ရပ်ထားလေသည်။

ယင်းမာစီးဒီးကားပေါ်မှ တာကာကီနှင့် အခြား ဂျပန်လူငယ်တဦးတို့ ဆင်းလာပြီး ဟာဆန်တို့ လူစုထံသို့ လျှောက်လာလေသည်။

တာကာကီသည် ကျေနပ်အားရဟန်ဖြင့် ပြုံးနေသည်။

'ကျုပ်တို့ရောက်လာတာ အချိန်က အတော်ပဲဗျ။ ညမှောင်တော့မှ ထွက်ကြရမှာမို့ အချိန်တွေ အများကြီး ရှိသေးတယ်'

တာကာကီက ဤသို့ပြောပြီးနောက် သူနှင့်အတူ ပါလာသူ ဂျပန်လူငယ်နှင့် မိတ်ဆက်ပေးလေသည်။

ထိုလူ၏အမည်က ယိုတာရိုဖြစ်ပြီး သူသည်လည်း မျက်မှန်တပ်ထားလေသည်။

အရပ်အမောင်းက တာကာကီထက်ပုပြီး အသက်အနည်းငယ်ပိုကြီးပုံရသည်။ သူ၏ဦးခေါင်းမှ ဆံပင်များဖြူနေပြီ ဖြစ်သည်။

'ယိုတာရိုဟာ ကျုပ်တို့အဖွဲ့မှာ အီလက်ထရွန်းနစ် လျှပ်စစ်သိပ္ပံနဲ့ ရေဒီယိုဆက်သွယ်မှုပညာ ပါရဂူဖြစ်တယ်'

ဤသို့လည်း တာကာကီကပြောယင်း မာစီးဒီးကားပေါ်တွင် ပါလာသည့် သေတ္တာကြီးကြီးနှစ်လုံးကို ညွှန်ပြလိုက်သည်။



'အဲဒါ ကျုပ်တို့ အသုံးပြုရမယ့် လက်နက်တွေပါပဲ'

ထို့နောက် ယင်းသေတ္တာကြီးနှစ်လုံးကို မာစီးဒီးကားပေါ်မှ ချ၍ ဟာဆန်တို့၏ ပူဂျိုကားပေါ်သို့ ပြောင်းရွှေ့ တင်လိုက်ကြသည်။

* * *

နေဝင်မိုးချုပ်ချိန်တွင် သူတို့ စတင်လှုပ်ရှားကြလေသည်။

မာစီးဒီးကားကို ဘောင်ကုန်းတနေရာလမ်းနှင့်ခပ်လှမ်းလှမ်းသို့ မောင်းသွားပြီး ရပ်ထားပစ်ခဲ့သည်။

ဂျပန်လူငယ် နှစ်ဦးက ပူဂျိုကားပေါ်သို့ တက်ပြီး အာရပ်ပြောက်ကျား သုံးဦးတို့နှင့် အတူ လိုက်စီးကာ ဟာဆန် ကပင်ကားကို မောင်း၍ ထွက်လေသည်။

ဘောင်ပေါ်လမ်းအတိုင်း ဆက်မောင်းသွားကြပြီး တနေရာသို့ရောက်လျှင် ကားကို ရပ်ဆိုက်သည်။ ထိုနေရာ၌ လမ်းဘေးသို့ ဆင်းနိုင်သည့်လမ်းတခု တွေ့ရလေသည်။

'ဟော....ဟိုမယ်....ကြည့်လိုက်စမ်းပါ'

ဂျပန်လူငယ် တာကာကီက ပြောယင်း ညွှန်ပြသဖြင့် အားလုံး လှမ်း ကြည့် လိုက် ရာ ပင်လယ် ကမ်းစပ်အနီး မီးရောင်များ

www.burmeseclassic.com

www.burmeseclassic.com



မှိုတ်တုတ်မှိုတ်တုတ်နှင့် တံငါရွာကလေးတရွာကို မြင်ရလေသည်။ ရွာက ပင်လယ်အော်၏ကမ်းစပ်တွင် တည်ရှိလေသည်။

ဟာဆန်သည် မော်တော်ကားကို လမ်းခွဲအတိုင်း ပင်လယ်ကမ်းစပ်ဆီသို့ မောင်းချသွားလေသည်။

'ကျုပ်တို့ ရှာတဲ့ ငါးဖမ်းစက်လှေရဲ့ နာမည်က ဘီယက်ထရစ် လို့ ခေါ်တယ်၊ အဲဒီ စက်လှေဟာ ရွာရဲ့ အစွန်နားက ကမ်းနားမှာ အသင့်ဆိုက်ထားတယ်၊ ကျုပ်တို့အဖွဲ့က အိုဒူဆူနဲ့ ဟာယာရှီ တို့ဟာ စက်လှေပေါ် ရောက်နေကြပြီ၊ အိုဒူဆူက စပိန်ဘာသာစကား တတ်တဲ့အတွက် စက်လှေပိုင်ရှင်သားအဖကို ဆွေးနွေးပြီး ပင်လယ်ထဲ ငါးဖမ်းထွက်ချင်လို့ လိုက်ပို့ပေးဖို့ အခကြေးငွေနဲ့ ငှားလိုက်တယ်။

'ပြီးတော့ သူတို့နှစ်ယောက်ဟာ စာရေးဆရာ၊ သတင်းစာဆရာတွေ ဖြစ်ပြီး ဥရောပတိုက်ကို အပန်းဖြေ အလည်အပတ်ထွက်ခဲ့ကြတာပါလို့ ခပ်တည်တည် ပြောထားတယ်၊ စက်လှေငှားခငွေကိုလဲ အိုဒူဆူက ခပ်များများ ကြိုတင်ပေးလိုက်တော့ ပိုင်ရှင်က ဘာမှ ထူးထူးထွေထွေ မေးခွန်းတွေ မမေးတော့ပဲ လက်ခံလိုက်တယ်၊ အခုဆိုယင် ငါးဖမ်းစက်လှေဟာ ဆီအပြည့် ထည့်ထားပြီး ပင်လယ်ပြင်ကို ထွက်ဖို့ အသင့်ဖြစ်နေပြီ'

တာကာကီက ဤသို့ပြောနေစဉ် ယိုတာရို ဆိုသူက သေတ္တာတလုံးကို ဖွင့်ပြီး အတွင်းမှ မရှင်းပစ္စတို ခေါ် မောင်းပြန်သေနတ်သုံးလက် ထုတ်ယူ၍ အာရပ်လူမျိုးသုံးဦးအား တလက်စီ ပေးလိုက်သည်။



သေနတ်အမျိုးအစားမှာ ရှမိဆာဟု ခေါ်ပြီး စက်သေနတ်ကဲ့သို့ ကျည်ဆန်တွေ အဆက်မပြတ် ထွက်အောင် ပစ်နိုင်လေသည်။

ဒုတိယကမ္ဘာစစ် အတွင်းက ဂျာမနီနိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး အသွန် ယက်မြက် ထိရောက်သော လက်နက်အမျိုးအစားဖြစ်လေသည်။

အသုံးပြုရသည့် ကျည်ဆန် အမျိုးအစားမှာ ၉ မီလီမီတာ ကျည်ဆန် ဖြစ်သည်။

ယိုတာရိုသည် သေနတ်နှင့်အတူ ကျည်ဆန်အပြည့်ပါသော မဂ္ဂဇင်းခေါ် ကျည်ဆန်ကတ်များလည်း ထုတ်ပေးလေသည်။

သူတို့၏ မော်တော်ကားသည် တံငါရွာကလေးကို ဖြတ်မောင်းသွားရာ ထိုအချိန်၌ မိုး သည်းထန်စွာ ရွာနေပြီး ရွာ၏ လမ်းပေါ်တွင် လူသူအသွားအလာလုံးဝမရှိပဲ ရှင်းနေလေသည်။

ရာသီဥတု အခြေအနေ ဤသို့ ဖြစ်နေခြင်းကပင်လျှင် မိမိတို့၏ အကြံအစည်အတွက် အထောက်အကူဖြစ်သည်ဟု ဟာဆန်က ကျေနပ် သဘောကျမိလေသည်။

ရွာ၏အပြင်ဘက် စက်လှေဆိုက်ထားသော နေရာသို့ ရောက်လျှင် ဟာဆန်က မော်တော်ကားကို ရပ်လိုက်သည်။

စက်လှေမှာ အလျား သုံးဆယ့်ငါးပေခန့်သာ ရှိရာ သူတို့အဖို့ ငယ်လွန်းသည်ဟု ဟာဆန်က ထင်မိသော်လည်း ယခုအခြေကျမှ နောက်ထပ် စက်လှေတစင်း ပြောင်းငှားရန်လည်း အချိန်မရှိတော့သဖြင့် ထိုစက်လှေနှင့်ပင် သွားရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးရောလေပါ ထန်နေသည့် ကြားမှပင် တာကာကီနှင့် ဟာဆန်တို့သည် ပစ္စတိုသေနတ် ကိုယ်စီကိုင်လျက် စက်လှေပေါ်သို့ တက်သွားကြလေသည်။

စက်လှေပိုင်ရှင်မှာ အသက် လေးဆယ်ကျော် အရွယ်ခန့်ရှိ ဂိုဗာနီဆိုသူ ဖြစ်ပြီး သူနှင့်အတူ အသက် ဆယ့်ရှစ်နှစ်ရွယ်ခန့်ရှိ သူ၏ သား လူးဝစ္စလည်း ရှိနေလေသည်။

သူတို့ သားအဖသည် ဂျပန်လူငယ် နှစ်ဦးအား မကျေမနပ် ဖြစ်ဟန်နှင့် ငြင်းခုံ စကားများနေကြလေသည်။

ဂျပန်နှစ်ဦးက အပျော် ငါးဖမ်းထွက်ချင်ပါသည်ဟု ဆို၍ စက်လှေကို ငှားပြီးနောက် ချက်ချင်းမထွက်ပဲ အချိန်ဆွဲနေခြင်းကို ဂိုဗာနီတို့ သားအဖက မကျေမနပ် ဖြစ်နေလေသည်။

အမှန်က အိုဒ့ဆုနှင့် ဟာယာရှိတို့သည် စက်လှေကို ချက်ချင်း မထွက်စေပဲ အချိန်ဆွဲနေခြင်းမှာ တာကာကီနှင့် ဟာဆန်တို့အဖွဲ့ ရောက်လာသည်အထိ စောင့်နေခြင်းပင် ဖြစ်သည်။

စက်လှေပိုင်ရှင် ဂိုဗာနီသည် ဂျပန်နှစ်ယောက်အား စိတ်ပျက် လာမိလေသည်။ လှေငှားခပေးသော ငွေကများလှသော်လည်း ယခုတော့ ငွေကို ပြန်ပေးပြီး ဂျပန်နှစ်ယောက်အား စက်လှေပေါ်မှ မောင်းနှင်ချလိုက်ချင်လာပြီ ဖြစ်သည်။

အရေးထဲ ရာသီဥတု အခြေအနေ ဆိုးရွားလာသဖြင့် ဂိုဗာနီက နောက်တနေ့ ရာသီဥတုကောင်းမှ ထွက်ရန် ပြောသောအခါ အိုဒ့ဆုနှင့် ဟာမာရှိတို့က ရက်ရွှေ့၍ မဖြစ်၊ ယခုညပင် ထွက်မှ ဖြစ်မည်ဟု ပြောနေကြရာ ဂိုဗာနီသည် ပို၍ မကျေမနပ် ဖြစ်နေလေသည်။



သူသည် စိတ်တိုတိုဖြင့် ဂျပန်လူငယ်နှစ်ဦးအား ဟစ်အော်ငြင်းခုံနေသဖြင့် စက်လှေပေါ်သို့ နောက်ထပ် တက်လာသူများ၏ ခြေသံကို မကြားလိုက်ချေ။

သူ၏ လည်ပင်းနောက်နားဆီသို့ ပစ္စတို သေနတ်တလက်၏ ပြောင်းဝ လာထောက်ထားလိုက်တော့မှ ထိတ်လန့်တကြား လှည့်ကြည့်လိုက်ရာ သေနတ်ကိုယ်စီကိုင်ထားသူ တာကာကီနှင့် ဟာဆန်တို့ကို မြင်ရလေတော့သည်။

ထိုအချိန်မှစ၍ စက်လှေပိုင်ရှင် ဂိုဗာနီသည် ဘာမျှ ပြန်မပြောနိုင်တော့ပဲ အကြမ်းဖက် ဂိုဏ်းသားများ၏ စေခိုင်းရာကိုသာ လိုက်နာရသည့်ဘဝသို့ ရောက်သွားလေသည်။

ပူဂျိကားပေါ်မှ သေတ္တာကြီးနှစ်လုံးကို စက်လှေပေါ်သို့ သယ်တင်ပြီးနောက် ဖာရုပ်ဂျိက ထိုကားကို တောင်ပေါ်လမ်း အတိုင်း ပြန်မောင်းယူသွားပြီး မလှမ်းမကမ်းရှိ သစ်ပင်ချုံနွယ် ထူထပ်သော တနေရာတွင် ဝှက်ထားပစ်ခဲ့လေသည်။

ထို့နောက်မိုးရည်ထဲတွင် သူသည် စက်လှေဆီသို့ပြန်လျှောက် လာခဲ့လေသည်။

ဖာရုပ်ဂျီ ပြန်ရောက်ပြီး စက်လှေပေါ် တက်မိသည်နှင့် ပိုင်ရှင် ဂိုဗာနီနှင့် သူ၏ သားငယ်တို့အား စက်လှေကို မောင်းထွက်ခိုင်း လေသည်။

သားအဖ နှစ်ယောက်မှာ မောင်းပြန်ပစ္စတို သေနတ်များဖြင့် ခြိမ်းခြောက်ခံရ နေရသဖြင့် အထူး တုန်လှုပ် ချောက်ချားနေကာ စကားတခွန်းမှပြန်မပြောဝံ့ပဲ ခိုင်းသည့်အတိုင်း စက်လှေကို စတင် မောင်းထွက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖာရုပ်ဂျိုက ပူဂျိုမော်တော်ကားကိုမောင်း၍ သွားဝှက်နေစဉ် စက်လှေပေါ်ရှိ ဂျပန်လူငယ်နှစ်ဦး အိုဒူအာနှင့် ဟာယာရှိတို့သည်လည်း မရှင်းပစ္စတို သေနတ်တလက်စီ ထုတ်ကိုင်ထားပြီး ဖြစ်နေလေသည်။

ထို့ပြင် ဂျပန်လူငယ် လေးဦးသည် ရိုးရာ ဂျပန်ဓားရှည် ဖြစ်သော ဆာမူရိုင်း ဓားရှည်တလက်စီကို ပခုံးတွင် သိုင်းလွယ်ထားကြလေသည်။

သို့နှင့်ပင် ဘီယက်ထရော် အမည်ရှိ ငါးဖမ်း စက်လှေငယ်သည် ပင်လယ်အော်ကမ်းစပ်မှ တရွေ့ရွေ့ထွက်ခွာသွားပြီး မိုးထဲလေထဲမှာပင် အတ္တလန္တိတ်သမုဒ္ဒရာ ပင်လယ်ပြင်ဆီသို့ ဦးတည်သွားလျက် ရှိလေသည်။

စက်လှေကို မောင်းနှင်နိုင်သည့်နှုန်းက တနာရီလျှင် ရေမိုင် ခြောက်မိုင်နှုန်းခန့်ရှိရာ နောက်သုံးနာရီခန့်ကြာလျှင် ပင်လယ်ကူး သင်္ဘောကြီးများ သွားလာရာ ပင်လယ်ရေကြောင်း ရှိရာသို့ ရောက်သွားတော့မည် ဖြစ်ပေသည်။

ပါလက်စတိုင်း ပြောက်ကျား အကြမ်းဖက် ဂိုဏ်း ခေါင်းဆောင် ဟာဆန်ပြောသည့် အရေးကြီးသော စစ်ဆင်ရေးသည် ယခု စတင်ပြီ ဖြစ်လေသည်။

## အခန်း ၄

ရှိုင်းလင်း အမည်ရှိ ဂျာမန်ကုန်တင်သင်္ဘောကြီးသည် ဟင်းဘတ်မြို့ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီး ခုနစ်ဆယ့် နှစ်နာရီ အကြာတွင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စပိန်ပြည်၏ ကမ်းခြေနှင့် မဝေးလှသော ပင်လယ်ပြင်သို့ ရောက်ရှိနေပြီဖြစ်လေသည်။

ထိုအချိန်၌ ရာသီဥတု အခြေအနေ ဆိုးရွားလာပြီး မိုးသက်မုန်တိုင်းများ ကျရောက်သဖြင့် ရှိုင်းလင်း သင်္ဘော ကြီး သည် လှိုင်းလုံးကြီးများအကြား လူးလိမ့်လျက် ရှိလေသည်။

ဝီဘာ အမည်ရှိ လူငယ်တဦးသည် သင်္ဘော၏ ကုန်းပတ် ဦးပိုင်းတွင် ရပ်၍ လှိုင်းလေ ထန်ခနေသော ပင်လယ်ပြင်ကြီးကို ငေးကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရာသီဥတုအခြေအနေကြောင့် ရှေ့သို့ လှမ်းကြည့်၍ ဘာမှ မမြင်ရချေ။

ဝိဘာဝတ်ထားသော ဝတ်စုံနှင့် ပခုံးမှ ရာထူး တံဆိပ် အရ သူသည် ကုန်သင်္ဘော၏ တတိယ အရာရှိ ဖြစ်ကြောင်း သိသာထင်ရှားလေသည်။

သို့ရာတွင် စင်စစ်အားဖြင့် သူသည် သင်္ဘောသားလည်း မဟုတ်၊ ပင်လယ် ရေကြောင်း သွားလာမှု အတွေ့အကြုံလည်း မရှိပဲ သင်္ဘော၏ တတိယအရာရှိအဖြစ် ဟန်ဆောင်ကာ လိုက်ပါလာခြင်း ဖြစ်လေသည်။

သူသည် အထူးလျှို့ဝှက်တာဝန်ဖြင့် ဤသင်္ဘောတွင် လိုက်ပါလာခြင်းဖြစ်ရာ ထိုအကြောင်းကို မည်သူမှမသိပဲ သင်္ဘော၏ မာလိန်းမှူး ကပ္ပိတန် ရှရီဘာနှင့် ပထမ အရာရှိ မူလာတို့ နှစ်ယောက်တည်းသာ သိလေသည်။

ဝိဘာသည် ရေကြောင်းပညာ ကျွမ်းကျင်မှုမရှိပဲ သင်္ဘော အရာရှိအဖြစ် လိုက်ပါလာရခြင်းကို ငြီးငွေ့နေမိလေသည်။

အထူးသဖြင့် သင်္ဘော၏ ကုန်းပတ်ပေါ်တွင် အလှည့်ကျ တာဝန်ကျခြင်းကို သူသည် အလွန်စိတ်ပျက်မိသည်။

ယခုလည်း သူသည် ပထမ အရာရှိ မူလာနှင့်အတူ တာဝန်ကျနေပေသည်။

ည ဆယ့်နှစ်နာရီထိုးသော် သူတို့၏ တာဝန်ကျချိန် ဂျူတီ ပြီးဆုံးသဖြင့် တတိယ အရာရှိ ကယ်ဆီလာတို့အဖွဲ့က လာရောက်၍ တာဝန်လွှဲယူလေသည်။



ထုံးစံအတိုင်း ပထမအရာရှိမူလာက အခြေအနေ အရပ်ရပ်ကို သတင်းပို့ ပြောဆိုရန် ဒုတိယအရာရှိကယ်ဆီလာအား တာဝန်လွှဲအပ်ပြီးနောက် မူလာနှင့် ဝိဘာတို့သည် အောက်ထပ်ရှိ မိမိတို့ အခန်း အသီးသီးသို့ ဆင်းသွားကြလေသည်။

* * *

ဝိဘာသည် သူ၏အခန်းသို့ရောက်လျှင် ရေမိုးချိုး အဝတ်အစားလဲလိုက်လေသည်။

သူသည် အသက် နှစ်ဆယ့် ခြောက်နှစ် မျှသာ ရှိသေးပြီး ခန္ဓာကိုယ် အထူး တောင့်တင်း သန်မာသူ ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစား လှုပ်ရှားမှုများ အထူး လေ့ကျင့်ထား၍ ကျန်းမာ သန်စွမ်းနေခြင်း ဖြစ်ပေသည်။

ဝိဘာသည် သင်္ဘောပေါ်သို့ လိုက်ပါလာရသည့် ဘဝကို ငြီးငွေ့မိသည်နှင့်အမျှ အနောက် ဂျာမနီ နိုင်ငံတွင် ကျန်ခဲ့သော သူ၏ ချစ်သူ ဟာမ်လ်လာအမည်ရှိ မိန်းကလေးကိုလည်း အထူး သတိရနေမိလေသည်။ ချစ်သူဟာမ်လ်လာနှင့် တွေ့ဆုံရန်ကိုလည်း တောင့်တနေမိသည်။

ဤသို့လျှင် ဝိဘာသည် ချစ်သူအကြောင်းစဉ်းစားယင်းနှင့်ပင် အိပ်ရာဝင်လိုက်ရာ အိပ်ပျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နာရီဝက်ခန့်အကြာတွင် သူ၏ အခန်းအပြင်ဘက်မှ တစုံတယောက်က တံခါးခေါက်သံဖြင့် ဝိဘာသည် ရုတ်တရက် လန့်နိုးလာပြန်လေသည်။

ဝိဘာလည်း ထ၍ တံခါးကို ဖွင့်ကြည့်လိုက်ရာ ထိုအချိန်၌ တာဝန်ကျနေသူ သင်္ဘောသားတဦး ဖြစ်နေလေသည်။

'မာလိန်မှူးကြီး ကပ္ပိတန် ရှရိဘာက လွှတ်လိုက်ပါတယ်၊ ဆရာ့ကို အမြန်တွေ့ချင်တို့ ကုန်းပတ်ပေါ် တက်ခဲ့ဖို့ ပြောလိုက်ပါတယ်'

သင်္ဘောသားက ဤသို့ ပြောလိုက်လျှင် ဝိဘာသည် ခေတ္တ စဉ်းစားနေမိလေသည်။ သူသည် ပင်လယ်ရေကြောင်း အတတ် ပညာ တတ်ကျွမ်းသူမဟုတ်ကြောင်း မာလိန်မှူးကြီးက သိရှိပါ လျက် ယခု မိမိအား ခေါ်ခိုင်းလိုက်ခြင်းမှာ ထူးဆန်းနေမိ သည်။

ထို့ပြင် ယခုအချိန်သည် တတိယ အရာရှိ ကယ်ဆီလာ၏ တာဝန်ချိန်ဖြစ်ရာ မာလိန်မှူးကြီး ကပ္ပိတန်ကိုယ်တိုင် ကုန်းပတ် ပေါ်သို့ ရောက်နေခြင်းမှာ အရေးပေါ်ကိစ္စ တစုံတခု ရှိ၍သာ ကယ်ဆီလာက မာလိန်မှူးကြီးအား နှိုး၍ ခေါ်ယူလိုက်ခြင်း ဖြစ်ရပေမည်။

ထို့ကြောင့် ဝိဘာသည် ဘာမှမပြောတော့ပဲ လျင်မြန်စွာ အဝတ်အစားလဲဝတ်၍ သင်္ဘောသားနှင့် အတူ ကုန်းပတ်ပေါ်သို့ တက်လိုက်ခဲ့လေသည်။

သူရောက်သွားသောအခါ ပထမ အရာရှိ မူလာကိုလည်း ပြန်ခေါ်ထားကြောင်း တွေ့ရလေသည်။



ကပ္ပိတန် မာလိန်မှူးကြီးနှင့် အရာရှိများသည် ရေဒါစက်အနီးတွင် စုရုံးနေကြရာ ဝိဘာလည်း ထိုနေရာသို့ ချဉ်းကပ်သွားလေသည်။

ကပ္ပိတန် ရှရိဘာသည် ဝိဘာကိုမြင်လျှင်

'ခင်ဗျား စပိန်ဘာသာစကား တတ်သလား'

ဟု လှမ်းမေးလိုက်သည်။

'မတတ်ပါဘူး ခင်ဗျာ'

ဝိဘာက ပြန်ပြောလိုက်ရာ ကပ္ပိတန်ကြီးသည် မျက်မှောင် ကြုတ်လိုက်သည်။

'သင်္ဘောတစင်းက ရေဒီယိုနဲ့ ဆက်သွယ်ပြီး အကူ အညီ တောင်းနေတယ်၊ သူတို့ ရေဒီယိုစက်ကလဲ အားကောင်းပုံမရဘူး၊ အသံက ကောင်းကောင်းမကြည်လင်ဘူး၊ ပြောတာကလဲ စပိန် ဘာသာစကားနဲ့ ဖြစ်နေတယ်၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ် ရေး သင်္ကေတဖြစ်တဲ့ 'မေဒေး' ဆိုတဲ့ စကားလုံး ပါရှိလို့သာ သူတို့ အခက်အခဲကြုံနေရကြောင်း သိရတယ်၊ ကျန်တဲ့စကားတွေ ကိုတော့ လုံးဝ နားမလည်ဘူး'

ကပ္ပိတန်ကြီးက ဤသို့ပြောချိန်တွင် ဝိဘာသည် ရေဒါစက် ကို လှမ်းကြည့်လိုက်မိသည်။ ရေဒါစက်၏ ပိတ်ကားပေါ်တွင် ရေယာဉ်တစင်း၏သင်္ကေတ ပေါ်နေလေသည်။

'ဒီ အနီးအနားမှာ ရေယာဉ်ဆိုလို့ တစင်းပဲရှိတယ်၊ ကျုပ်တို့ သင်္ဘောရဲ့ လက်ဝဲဘက် သုံးပိုင်ကွာလောက်မှာ ရှိနေတယ်'

ပထမအရာရှိ မူလာက ပြောလိုက်ရာ ကပ္ပိတန် ရှရိဘာလ သည်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘သင်္ဘောကလေး ငယ်ငယ်ကလေးပဲ၊ ငါးဖမ်း စက်လှေနဲ့ တူတယ်’

ဤသို့ ပြောပြီးနောက် တတိယအရာရှိ ကယ်ဆီလာအား လှမ်း၍....

‘ကျုပ်တို့သင်္ဘောကို လက်ဝဲဘက် နှစ်ဒီဂရီလောက် လမ်းကြောင်း ပြောင်းလိုက်ပါ၊ အခြေအနေကို ကျုပ်တို့ လေ့လာ အကဲခတ်ကြည့်ကြမယ်’

ဟု အမိန့်ပေးလိုက်သည်။

ကယ်ဆီလာလည်း မာလိန်မှူးကြီး အမိန့်ပေးသည့်အတိုင်း သင်္ဘောလမ်းကြောင်းပြောင်းရန် ပဲ့ထိန်းစက်ဘီးကိုင် မောင်းနေသူ သင်္ဘောသားအား တပ်ဆင့်အမိန့်ပေးလိုက်သည်။

မာလိန်မှူးကြီး ကပ္ပတိန် ရှရိဘာသည် ရေဒီယိုဆက်သွယ်ရေး စက်ခန်းသို့ဝင်သွားရာ ဝီဘာလည်း သူ၏နောက်မှ လိုက်သွားလေသည်။

တာဝန်ကျ ရေဒီယို အရာရှိသည် သူတို့ကိုမြင်လျှင် လှည့်ကြည့်ယင်း တပ်ဆင်ထားသော နားကျပ် ကိရိယာကိုချွတ်လိုက်သည်။

‘ကပ္ပတိန်ကြီး ခင်ဗျား၊ တဘက်က ရေဒီယို ဆက်သွယ်မှု လုံးဝ ကြည်လင်ပြတ်သားမှုမရှိဘူး ခင်ဗျ၊ သူတို့ရဲ့စက်က အား မကောင်းတဲ့အပြင် သတင်း ပို့နေသူကလဲ ကောင်းကောင်း ကျွမ်းကျင်ဟန် မတူဘူး၊ အရေးပေါ် အကူအညီ တောင်းတဲ့ မေဒေး စကားလုံး တခုပဲ ထပ်တလဲလဲ ကြားနေရပါတယ် ကျွန်တော်က ပြန်ဆက်သွယ်တာကိုလဲ သူက ကြားပုံမရဘူး



ရေဒီယိုအရာရှိက ဤသို့ပြောလျှင် ကပ္ပတိန် ရှရိဘာက....

‘ဆက်ပြီးသာ နားထောင်နေလိုက်ပါ။ ရေဒါစက်မှာ ပြနေတာကို ဒီအနီးအနားမှာ ရေယာဉ်ငယ်တစင်းပဲရှိတယ်၊ အဲဒါကို ကျုပ်တို့ လေ့လာစုံစမ်းနေကြတယ်’

ဟု ပြောလိုက်သည်။

ရေဒီယိုအရာရှိလည်း နားကျပ်ကိရိယာကို ပြန်တပ်၍ ဆက်လက် နားထောင်နေလေသည်။

ကပ္ပတိန် ရှရိဘာသည် ရေဒီယိုစက်ခန်းမှထွက်၍ ရေဒါစက်ရှိရာသို့ပြန်သွားလေသည်။ သူသည် တာဝန်ကျနေသူ တတိယ အရာရှိ ကယ်ဆီလာအား အသေးစိတ် ညွှန်ကြားချက်ပေးပြီးနောက် ဝီဘာအား လူရှင်းသည့် ခပ်လှမ်းလှမ်းတနေရာသို့ ခေါ် သွားလေသည်။

‘အခုကိစ္စဟာ ခင်ဗျား ကျုပ်တို့သင်္ဘောနဲ့လိုက်ပါလာတာနဲ့ ဆက်စပ်ပတ်သက်တယ်လို့ ထင်သလား’

မာလိန်မှူးကြီးက ဤသို့မေးသည်ကို ဝီဘာသည် သေချာစွာ စဉ်းစားပြီးမှ ခေါင်းခါလိုက်သည်။

‘ကျွန်တော်တော့ ဆက်စပ်မှုရှိမယ်လို့ မထင်မိပါဘူး၊ အခုလို တခြား သင်္ဘောတစင်းက ရေဒီယို ဆက်သွယ်ပြီး အကူအညီ တောင်းတာဟာ သာမန် ဖြစ်ရိုးဖြစ်စဉ် အတွေ့အကြုံ မဟုတ်လို့လား ခင်ဗျ’

‘အခုရှိတဲ့ ရေဒီယို ဆက်သွယ်ပုံက တမျိုးဖြစ်နေတယ်၊ ကျုပ်က ခင်ဗျား ဒီသင်္ဘောပေါ်မှာ လိုက်ပါလာတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



တခုခု ထူးထူးခြားခြား ကြုံတွေ့ရလိမ့်မယ်လို့ ကြိုတင်ထင်ခဲ့မိလို့ပါ'

ထိုမျှနှင့်ပင် စကားဖြတ်ပြီး ကပ္ပတိန် ရှရိဘာသည် မိုးကာအင်္ကျီကို ဝတ်လိုက်သည်။

ဝိဘာလည်း အလားတူပင် မိုးကာအင်္ကျီတထည် ယူဝတ်၍ အဝေးကြည့် မှန်ပြောင်းကိုယ်စီကိုင်ကာ ကပ္ပတိန်ကြီးနှင့်အတူ ကုန်းပတ်၏ လက်ဝဲဘက်ခြမ်းသို့ လျှောက် သွား လေသည်။

ထိုအချိန်၌ မိုးသည်းထန်စွာရွာနေပြီး ပင်လယ်ပြင်တွင်လည်း လှိုင်းလုံးကြီးများ ဖြစ်ပေါ်လျက်ရှိရာ သူတို့၏ကုန်တင်သင်္ဘောကြီးသည်လျှင် လှိုင်းလုံးကြီးများအကြား လူးနေလေသည်။

ပထမအရာရှိ မူလာသည်လည်း သူတို့အနီးတွင် ရှိနေကာ အဝေးကြည့်မှန်ပြောင်းဖြင့် သင်္ဘော၏လက်ဝဲဘက်ရှိ ပင်လယ်ရေပြင်ဆီသို့ လှမ်းကြည့်နေလေသည်။

ဆယ်မိနစ်ခန့်ကြာသော် မူလာက လက်တဘက်ဖြင့် ညွှန်ပြယင်း....

'ဟော...ဟိုမှာခင်ဗျ...မြင်နေရပြီ'

ဟု ပြောလိုက်သည်။

ကပ္ပတိန် ရှရိဘာလည်း ပထမ အရာရှိ ညွှန်ပြရာဘက်သို့ လှမ်းကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

ချက်ချင်းပင် သူသည် တာဝန်ကျ အရာရှိ ဒုတိယ အရာရှိ ကာယ်ဆီသာအား သင်္ဘောအင်ဂျင်စက်ကို ထက်ဝက်လျှော့၍ လက်ဝဲဘက်သို့ ကွေ့ရန် ညွှန်ကြားလိုက်သည်။



ဝိဘာလည်း မာလိန်မှူးကြီး ညွှန်ကြားသည့်အတိုင်း သူ၏ တပည့် သင်္ဘောသားများအား ဆက်လက် အမိန့်ပေးလိုက်သည်။

ဝိဘာသည် အဝေးကြည့်မှန်ပြောင်းဖြင့် သေချာစွာ ဂရုစိုက်ကြည့်တော့မှ ခပ်လှမ်းလှမ်း ပင်လယ်ပြင်တွင် ငါးဖမ်းစက်လှေကို မြင်ရလေသည်။

'အင်ဂျင်စက်တွေ လုံးဝရပ်လိုက်တော့၊ ပြီးတော့ သင်္ဘောကို လေဆန်ဘက် လှည့်ရပ်ထားလိုက်'

မာလိန်မှူးကြီး ကပ္ပတိန်ရှရိဘာက ထပ်မံ၍ အမိန့်ပေးလိုက်ပြန်သည်။

ငါးဖမ်းစက်လှေသည် ရိုင်းလင်းသင်္ဘောကြီး၏ လက်ဝဲဘက် ကိုက်သုံးရာခန့် အကွာတွင် ရှိနေလေသည်။

ဝိဘာသည် မှန်ပြောင်းဖြင့် သေချာစွာ ဂရုစိုက်ကြည့်ရာ စက်လှေ ကုန်းပတ်ပေါ်၌ လက်မြှောက် ဝှေ့ယမ်းပြနေသော လူနှစ်ယောက်၏ သဏ္ဌာန်ကို မြင်ရလေသည်။

လူနှစ်ယောက်အနက် တယောက်က လူကြီးဖြစ်ပြီး ကျန်တဦးက လူငယ်တယောက်နှင့် တူလေသည်။

သူတို့နှစ်ဦးစလုံး စက်လှေ၏ အင်ဂျင်ရှိရာဘက်သို့ လက်ညှိုးထိုးပြနေကြလေသည်။

'ခုကန္တ သူတို့စက်လှေက အင်ဂျင်စက် ချွတ်ယွင်းသွားပုံနဲ့တူတယ်'

ပထမအရာရှိ မူလာကပြောလိုက်ရာ မာလိန်မှူးကြီးကလည်း သဘောတူဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



'အင်ဂျင်စက်ပျက်တာလားဒါမှမဟုတ် ဆီကုန်သွားတာလား တခုခုဖြစ်မယ်၊အခု သူတို့စက်လှေက ပင်လယ် လှိုင်းတွေကြားမှ လှိမ့်ပြီး မျောနေတယ်။ ကြာယင် လှိုင်းပုတ်လို့ ကမ်းနားဘက် ရောက်သွားပြီး စက်လှေပျက်သွားနိုင်တယ်၊ ဒါကြောင့် ကျုပ်တို့က အသက်ကယ်လှေတစင်းနဲ့သွားပြီး သူတို့ဆီက လူတွေကို ဒီ သင်္ဘောပေါ်ကို ခေါ်လိုက်မယ်။ ကဲ....မစ္စတာမူလာကိုယ်တိုင်ပဲ အသက်ကယ်လှေကို ဦးစီးပြီး သွားဖို့ ပြင်ဆင်ပေတော့'

ဟု အဆုံးအဖြတ်ပေးလိုက်လေသည်။

* * *

ငါးဖမ်းစက်လှေ ဘီယက်ထရစ်၏ အတွင်း၌ ပုန်းနေသူ ဟာဆန်သည် ရှိုင်းလင်းသင်္ဘောကြီးဆီသို့ လှမ်းကြည့်ရာ အသက်ကယ် လှေ ချနေသည်ကို မြင်ရလေသည်။

သူတို့၏ အကြံအစည်အတိုင်း ဖြစ်ပြောက်အောင်မြင်တော့ မည်ဟု ကျေနပ် သဘောကျမိလေသည်။

ဟာဆန်က ညာဘက်လက်ဖြင့် ရှမ်ဆာ ပစ္စတို သေနတ်ကို အသင့်ကိုင်ထားပြီး သူ၏နောက်နားတွင် ဂျပန် လူငယ် နှစ်ဦး တာကာကီနှင့် ဟာမာရှိတို့ကလည်း အသာဝပ်နေကြသည်။



ယင်းသို့ သူတို့ကို မမြင်အောင် ပုန်းကွယ်နေကြခြင်းမှာ ရှိုင်းလင်းကုန်သင်္ဘောကြီးပေါ်မှ အဝေးကြည့် မှန်ပြောင်းဖြင့် လှမ်းကြည့်ပါက သူတို့အား မြင်သွားမည် စိုးသောကြောင့် ဖြစ်လေသည်။

ရာသီဥတု အခြေအနေ ဆိုးရွားနေခြင်းကိုကား ဟာဆန်က စိတ်ပျက်မိလေသည်။

ငါးဖမ်းစက်လှေ၏အင်ဂျင်စက်ကို တမင်တကာရပ်ထားလိုက်သဖြင့် လှိုင်းလုံးကြီးများကြားဝယ် စက်လှေသည် လူးနေ လေသည်။

ဂျပန်လူငယ်တဦးဖြစ်သူ ယိုတာရိုသည် ပင်လယ်လှိုင်းမူးပြီး အော့အန်နေပြီဖြစ်ရာ အခြားလူများလည်း အလားတူ လှိုင်းမူးမည်ကို စိုးရိမ်နေရလေသည်။

ဟာဆန်အဖို့ အားတက်စရာကောင်းသည့်အချက်မှာမိမိတို့က ရေဒီယိုဖြင့် အကူ အညီ တောင်း သည် ကို ရှိုင်းလင်း ကုန်တင်သင်္ဘောကြီးက တုံ့ပြန် အသိအမှတ်ပြုပြီး ယခု အသက်ကယ်လှေတစင်းဖြင့် ကူညီရန် လာရောက်နေခြင်းပင် ဖြစ်လေသည်။

ဘီယက်ထရစ် ငါးဖမ်းစက်လှေ၏ ကုန်းပတ်ပေါ်တွင်ကား ပိုင်ရှင်ဂိုဗာနီတို့သားအဖမှာ မိုးရည်ရွှဲရွှဲစိုလျက် အလွန်စိတ်ဆင်းရဲ နေကြလေသည်။ အကြမ်းဖက် သမား များက ခြိမ်းခြောက်ခိုင်း၍ လက်မြှောက်ဝှေ့ယမ်းယင်း ပါးစပ်ကလည်း ဟစ်အော်၍ အကူအညီ တောင်းနေကြရ လေသည်။

ရှိုင်းလင်းသင်္ဘောမှ အသက်ကယ်လှေသည် သူတို့ စက်လှေ ရှိရာသို့ ဦးတည်လာနေသည်ကို မြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်လှေပိုင်ရှင် ဂိုဗာနီအနေဖြင့် အကြမ်းဖက်သမားများ၏ အကြံအစည်ကို လုံးဝမသိပဲ သေနတ်ဖြင့် ခြိမ်းခြောက်၍သာ ခိုင်းသမျှ လိုက်လုပ်နေရခြင်း ဖြစ်ပေသည်။

သို့အချိန်၌ ဂိုဘာနီသည် စက်လှေနှင့်တကွ သူ့ အသက် အတွက် စိုးရိမ်ပူပန်ခြင်း မရှိတော့ပဲ သားကလေး အသက် ချမ်းသာရေးအတွက်သာ ... တောင့်တနေမိလေသည်။

သင်္ဘောကြီးမှ အသက်ကယ်လှေ ရောက်လာလျှင် မိမိ၏ သားအဖ လှေပေါ်ပြောင်းရန် အလား အလာ ကောင်းလာလိမ့်မည် ဟုလည်း ထင်မိလေသည်။

မကြာမီ အသက်ကယ်လှေသည် ငါးဖမ်း စက်လှေ အနီးသို့ ရောက်လာလေသည်။ ဂျပန်သင်္ဘောသားတဦးကကြိုးတချောင်း လှမ်းပစ်ပေးရာ ဂိုဘာနီကဖမ်းယူ၍ စက်လှေတွင် ခိုင်မြဲစွာ ချီတုပ် ထားလိုက်လေသည်။

စက်လှေကို ဦးစီး ကွပ်ကဲလာသူ ပထမ အရာရှိ မူလာသည် အသက်ကယ်လှေပေါ်တွင် မတ်တတ်ရပ်၍ ငါးဖမ်း စက်လှေ ပေါ်သို့ လှမ်းတက်ရန် ပြင်ဆင်နေလေသည်။ ပယ်လယ် ရေပြင် တွင် လှိုင်းကြီးနေသဖြင့် စက်လှေက မငြိမ်ပဲ ဖြစ်နေ၍ စောင့် ဆိုင်းနေရလေသည်။

ထိုအခိုက် တာကာဂါနှင့်ဟာယာရှိအမည်ရှိဂျပန်အကြမ်းဖက် သမား နှစ်ဦးသည် ငါးဖမ်းစက်လှေအတွင်းမှ ရုတ်တရက် ပြေးထွက်လာကြသည်။သူတို့၏လက်တွင်လည်း ဂျပန် ဆာမူရိုင်း ဓားရှည် ကိုယ်စီကိုင်ထားကြလေသည်။



သူတို့၏ လှုပ်ရှားမှုက အံ့ဩဖွယ် ကောင်းလောက်အောင် လျင်မြန်လှပေသည်။ ဂျပန်လူငယ်နှစ်ဦးသည် ပြေးလွှက်လာပြီး စက်လှေပိုင်ရှင် သားအဖနှစ်ယောက်ဝလုံး အား ဆာမူရိုင်း ဓားရှည်ကြီးများဖြင့် တအား နှက်ပိုင်း သတ်ပစ်လိုက်ကြသည်။

ပထမအရာရှိမူလာသည် အံ့အားသင့် ငေးကြည့်ရာမှ ... ကယ် လှေပေါ်ရှိ ပုဆိန်ကို ဆွဲယူလိုက်သည်။ ဂျပန်နှစ်ဦးအား တိုက်ခိုက်ရန်ဖြစ်သော်လည်း ဟာသန်ကကြိုကာလာပြီး မူလာအား ပစ္စတိုသေနတ်ဖြင့် ပစ်သတ်လိုက်လေသည်။

* * *

ဝိဘာသည် ရှိုင်းလင်း သင်္ဘောကြီးပေါ်တွင် မာလိန်မှူး ကပ္ပတိန်း ရှရိဘာအနီးတွင်ရပ်လျက် အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်နေရာ ငါးဖမ်းစက်လှေပေါ်မှ အဖြစ်အပျက်ကို မြင်နေရ လေသည်။

မာလိန်မှူးကြီးလည်း မြင်ရသဖြင့် အံ့ဩတုန်လှုပ်လျက်..

‘ဘုရား... ဘုရား’

ဟု ပါးစပ်မှ ရေရွတ်လိုက်လေသည်။

ဝိဘာကမူ တစုံတခု ဆုံးဖြတ်လိုက်ဟန်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်အခန်းမှာ သေနတ်တလက် ရှိတယ်၊ ကျွန်တော် သွားယူလိုက်မယ်'

ဟု ပြောပြီး ကုန်းပတ်ပေါ်မှ သင်္ဘောအောက်ထပ် သူ၏ အခန်းရှိရာသို့ ပြေးဆင်းသွားလေသည်။

ဝိဘာ၏သေနတ်မှာ ဝေါ်လ်တာ အမျိုးအစား မောင်းပြန် ပစ္စတိုသေနတ်ဖြစ်ပြီး သူ၏အခန်းတွင်း ဗီရိုတခုထဲတွင် သော့ခတ်၍ ထားလေသည်။

လက်ရှိအခြေအနေတွင် ထိုသေနတ်ကို မည်သို့ အသုံးချရမှန်း မသိသော်လည်း ဝိဘာက သေနတ်ကို လက်ထဲတွင် ကိုင်ထားလိုသဖြင့် ယူထားရန် ထွက်လာခြင်း ဖြစ်လေသည်။

ဝိဘာသည် လျှပ်မြန်စွာပြေးလာရာ သူ၏အခန်းသို့မရောက်မီ စင်္ကြံသာ့နေရာ၏ မှောင်ရိပ်ထဲမှ တစုံတယောက် ရုတ်တရက် ခြေထောက်ဖြင့် ထိုးခံလိုက်သဖြင့် ဝိဘာလည်း အရှိန်လွန်ကာ မှောက်လျက် လဲကျသွားလေသည်။

သူသည် အံ့အားသင့်သွားလျက် ပြန်ထမည် ပြုလိုက်စဉ် လူလေးယောက်က သူ့ကို ဝိုင်းထားလိုက်ကြသည်။

ထိုလူလေးဦးကား ရိုင်းလင်း သင်္ဘောနှင့် လိုက်ပါလာသော အာရပ်လူမျိုး သင်္ဘောသား လေးဦး ဖြစ်ကြောင်း ဝိဘာက ချက်ချင်းမှတ်မိလေသည်။

ထိုလူလေးဦးစလုံးသည် ရှမ်ဆာ အမျိုးအစား မရှင်း ပစ္စတိုခေါ် မောင်းပြန်သေနတ် ကိုယ်စီ ကိုင်ထားကြလေသည်။

'ဟော့ ဒီလူ့ကို ကုန်းပတ်ဦးပိုင်းကို ခေါ်လာခဲ့၊ ဂျာဘာရီက ရှေ့ဆောင်ပြီး သွား'



လေးဦးအနက် တယောက်က အမိန့်ပေးလိုက်သည်။

ထိုလူသည် ဇာကားရီးယားအမည်ရှိ အာရပ် သင်္ဘောသား ဖြစ်ကြောင်း ဝိဘာက မှတ်မိလေသည်။

အာရပ် သင်္ဘောသား လေးဦးအနက် ဇာကားရီးယားက ခေါင်းဆောင် ဖြစ်ဟန် တူသည်။

ဂျာဘာရီဆိုသူက ဝိဘာအား ခပ်ကြမ်းကြမ်း ဆွဲထူနေစဉ် ဇာကားရီးယားနှင့် ကျန်လူနှစ်ယောက်တို့သည် သင်္ဘော ကုန်းပတ် ဦးပိုင်းပေါ်သို့ ပြေးတက်သွားကြလေသည်။

မာလိန်မှူးကြီး ကပ္ပိတန် ရှရီဘာနှင့်ဒုတိယအရာရှိ ကယ်ဆီလာသည် မောင်းပြန်ပစ္စတိုသေနတ်ကိုယ်စီဖြင့် လူသုံးယောက်ကို မြင်လျှင် အလွန် အံ့အားသင့်သွားကာ ငေးကြည့်နေမိလေကသည်။

သို့သော် မာလိန်မှူးကြီးက ထိုလူသုံးဦးသည် မိမိ၏သင်္ဘောသားများဖြစ်ကြောင်း မှတ်မိသဖြင့် ဒေါသထွက်လာလေသည်။

ဇာကားရီးယား ဆိုသူသည် ကပ္ပိတန်ကြီးအား ပစ္စတိုသေနတ်ဖြင့် ချိန်လျက်

'အခုအချိန်ကစပြီး ဒီ ရိုင်းလင်း သင်္ဘောကြီးဟာ ကျုပ်တို့ ပါလက်စတိုင်းလွတ်မြောက်ရေး အင်အားစုရဲ့ ကွပ်ကဲချုပ်ကိုင်မှုလက်အောက်ကိုရောက်နေပြီဖြစ်တယ်....ဒါကြောင့် အသက်ကယ်လှေနဲ့ ကျုပ်တို့ရဲ့ အဖွဲ့သားတွေ ရောက်လာချိန်အထိ ခင်ဗျားက ကျုပ်ရဲ့ အမိန့်ကို နာခံရမယ်'

ဟု ခပ်တည်တည် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မာလိန်မှူး ကပ္ပတိန် ရှရီဘာသည် ထိုစကားကို လက်မခံ ချေ။

"ဘာဖြစ်ရဲ့ ဒီခရီးမှာလဲ၊ ဒီသင်္ဘောမှာ ကျုပ်က မာလိန်မှူး (ကပ္ပတိန်) ဖြစ်တယ်၊ ကျုပ်အား တာဝန်ပေးပိုင်ခွင့် ရှိတယ်၊ ဒါကြောင့် မင်းလက်ထဲက သေနတ်ကို ငါ့လက်ကို အပ်လိုက်ပါ"

ကပ္ပတိန် ရှရီဘာသည် ခပ်ပြတ်ပြတ်နှင့် ပြန်ပြောလိုက်ခြင်းမှာ သေနတ်ကိုင် အကြမ်းဖက်သမား သိုးကြီးအား သူ၏သင်္ဘောသား များအဖြစ် ပြန်လည်အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။

ကပ္ပတိန်က မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်ခြင်း ကြောင့် စကားရိုးယား ဆိုသူ ရုတ်တရက် အံ့အား သင့်ကာ ကြောင်နေစဉ် ဒုတိယအရာရှိ ကယ်ဆီလာကလည်း မာလိန်မှူး ကြီးဘက်မှ ဝင်ကူရန် ရှေ့သို့ တိုးလာလေသည်။

ကပ္ပတိန် ရှရီဘာသည် လုံးဝ ကြောက်ရွံ့ တုန်လှုပ်ပုံ မရဘဲ စကားရိုးယား၏လက်မှသေနတ်ကို ဆွဲယူရန် လက်ကို လှမ်း လိုက်သည်။

ထိုတော့မှ စကားရိုးယားလည်း သတိရလာကာ ပစ္စတို သေနတ်မောင်းကို ဆွဲ၍ပစ်လိုက်သည်။

ကပ္ပတိန်ရှရီဘာသည် မျက်နှာမှာ အံ့အားသင့်သွားဟန်မျိုး ဖြစ်သွားပြီးနောက် ကျည်ဆန်က ချက်ကောင်းကို ထိမှန်သွား သဖြင့် လဲကျကာ ချက်ချင်း အသက်ပျောက်သွားတော့သည်။



ကယ်ဆီလာလည်းရှေ့သို့မတိုးဝံ့တော့ဘဲ မလှုပ်မယှက် ရပ်နေ လိုက်ပြီးနောက် သူ၏လက်နှစ်ဘက်ကို မြှောက်ထားလိုက်သည်။

ထိုအခိုက် ဂျာဘာရီဆိုသူက ဝီဘာအား သေနတ်ဖြင့်ချိန် လျက် ရောက်လာလေသည်။ ဝီဘာသည်လည်း မည်သို့မျှမတတ် သာဘဲ လက်နှစ်ဘက်ကို မြှောက်ထားလိုက်ရသည်။

အကြမ်းဖက်သမား ခေါင်းဆောင်သည် ကျေနပ်အားရ ဟန်ဖြင့် ပြုံးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

ရှိုင်းလင်း သင်္ဘောကြီး၏ ကုန်းပတ်ဦးပိုင်းတွင် အခိုက်အတန့် အားဖြင့် တိတ်ဆိတ် ငြိမ်သက်နေလေသည်။

ပဲ့ကိုင်စက်ပိုင်းတွင် တာဝန်ကျနေသူ သင်္ဘောသား သုံးဦး မှာလည်း အံ့အားသင့် တုန်လှုပ်ပြီး ပါးစပ်အဟောင်းသားနှင့် ငေးကြည့် နေကြသည်။

မာလိန်မှူးကြီး ကပ္ပိတန် ဗျရီဘာ၏ အလောင်းသည်လည်း မူလ လဲကျသည့်နေရာတွင်ပင် ရှိနေလေသည်။

ဇာကားရီးယားနှင့်သူ၏ အဖော်သုံးဦးတို့က သင်္ဘောကြီးကို ပိုင်နိုင်စွာ အပိုင်စီးထားနိုင်ပြီ ဖြစ်ကြောင်းကား ထင်ရှားနေပြီ



ဖြစ်သည်။ သူတို့သည် ငါးဖမ်းစက်လှေမှ ကူးလာမည့် အဖော် များကို စောင့်နေကြလေသည်။

ဝိဘာသည် သေဆုံးနေသူ ကပ္ပိတန်ကြီး၏ အလောင်းကို ကြည့်ပြီးနောက် သေနတ်ကိုင် အကြမ်းဖက်သမား များ၏ မျက်နှာကို လှမ်းကြည့် လိုက်သည်။

သူ၏ စိတ်ထဲတွင်ကား အကြီးအကျယ် ဒေါသထွက်နေလေ သည်။

ဤအဖြစ်မျိုးကို သူက တားဆီးကာကွယ်ခြင်း မပြုနိုင်သည့် အတွက်လည်း သူ့ကိုယ်သူ မကျေမချမ်း ဖြစ်မိလေသည်။

ဝိဘာသည် ရှိုင်းလင်းသင်္ဘောကြီးတွင် တတိယအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန် လွန်ခဲ့သောလေးလခန့်က စတင်လိုက်ပါခဲ့ခြင်းမှာ ယခုဆိုအကြမ်းဖက်ဂိုဏ်းသားများ၏ ရန်ကို ကာကွယ်ရန်ပင်ဖြစ် ရာ ယခု တကယ်တမ်း အရေးကြုံသောအခါ မိမိ အညံ့ခံနေရ သည်မှာ အလွန် မခံချင်စရာ ကောင်းနေပေသည်။

အမှန်အားဖြင့် ဝိဘာသည် သင်္ဘောသားများ အဖြစ် လိုက်ပါလာသူ အာရပ်လူမျိုးလေးဦးအားအကဲခတ်စောင့်ကြည့် ရန် တာဝန် ရှိပေသည်။

ယခုတော့ ထိုလူ လေးဦးက မရှင်းပစ္စတို သေနတ်များကို သင်္ဘောပေါ် ပါလာအောင် ကြံဖန် ဝှက်၍ ယူဆောင် လာနိုင်ခဲ့ ခြင်းသည်ပင်လျှင် မိမိအနေဖြင့် ညံ့ဖျင်းရာကျနေသည်။

မိမိကိုယ်တိုင်က ပေါ့လျော့ခဲ့ခြင်းကြောင့် ဖြစ်သည်ဟုလည်း ဝိဘာက သူ့ကိုယ်သူ ပြန်ဝေဖန် အပြစ်တင်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



...ဖြင့် ငါးဖမ်းဝက်လှေမှ ရေဒီယိုဖြင့် အကူအညီတောင်း... သည့် မသင်္ကာမဖြစ်မိခြင်းလည်း မိမိ၏ချွတ်ယွင်းချက်တရပ် အ... ဖြစ်သည်။

မာလိန်မှူးကြီးကပ္ပတိန်ရှရီဘာပင်လျှင် ရေဒီယိုဆက်သွယ်... သတင်းရခဲ့က မိမိသင်္ဘောပေါ် လိုက်ပါလာခြင်းနှင့် ဆက်... နေပါသလောဟု မေးခဲ့သေးသည်။

မိမိ(ဝိဘာ)ကသာ မည်သို့မျှမပတ်သက်နိုင်ဟု ပြောခဲ့သည် မဟုတ်ပါလား။

ခြုံ၍ သုံးသပ်ကြည့်လိုက်လျှင် မိမိ၏ ပေါ့လျော့မှုကြော... ယခု လက်နက်မဲ့မာလိန်မှူးကြီးအသက်ဆုံးရှုံးရပြီး ပထမအ... မူလာသည်လည်း အသက်ကယ်လှေပေါ်တွင် အသတ်ခံခဲ့ရသည်... ဟု ဝိဘာက သုံးသပ် မိလေသည်။

ပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ် ငြိမ်သက် နေသော်လည်း မိုးသံလေသံကိုတော့ ကြားနေရပေသည်။

လေကထန်သဖြင့် လှိုင်းလုံးကြီးများဖြစ်ပေါ်နေခြင်းကြော... ရိုင်းလင်းသင်္ဘောသည် လူးနေသည့်ပြင် လက်ဝဲဘက်သို့ တ... ဖြည်း ကွေ့နေလေသည်။

ဒုတိယအရာရှိ ကယ်ဆီလာသည် သင်္ဘော၏ အခြေအနေ... သဘောပေါက်မိသဖြင့် ပဲ့ကိုင်စက်ဘီးတွင် တာဝန်ကျနေသူ သ... သားအား...

'ဟေ့...စက်ဘီးကို ငြိမ်ငြိမ် ထိန်းကိုင်ထားစမ်း...နေ... လက်ယာဘက်ကို သုံးဒီဂရီ ပြန်ကွေ့လိုက်ပြီး သင်္ဘောဦး... လေဆန်ဘက် တည့်နေအောင် ထိန်းထားလိုက်'



ဟု လှမ်း၍ အမိန့်ပေးလိုက်သည်။

ဝိဘာသည် အခြေအနေကိုဝေဖန်သုံးသပ်ပြီးနောက် အတိတ်က ဖြစ်ခဲ့ပြီးသည်ကို နောင်တရနေ၍ မထူးတော့။

ရှေ့လျှောက်မည်သို့လုပ်ရမည်ကို စဉ်းစားအကြံထုတ်ရန်က ပို၍အရေးကြီးသည်ဟု တွေးမိလေသည်။

ထို့ကြောင့် သူသည် အကြမ်းဖက်သမား ခေါင်းဆောင် ဇာကားရီးယားဆိုသူ၏မျက်နှာကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ ထိုလူ၏စိတ်ဓာတ်ကို ခန့်မှန်း အကဲခတ် ကြည့်သည့် သဘောပင် ဖြစ်သည်။

ဇာကားရီးယားကလည်း ဝိဘာအား ပြန်ကြည့်လိုက်သည်။ မိမိတို့အားပြန်၍ ခုခံမည့်သူလောဟုလည်း စဉ်းစားကြည့်ဟန်တူသည်။

သို့သော် မိမိတို့လေးယောက်က သေနတ်ကိုယ်စီ ရှိကြသဖြင့် ကြောက်စရာ မလိုဟု ဆုံးဖြတ်လိုက်သည်။

ဇာကားရီးယားသည် သေဆုံးနေသော ကပ္ပတိန် ကြီး၏ အလောင်းဆီသို့ လျှောက်သွားပြီး လည်ပင်းတွင် ချိတ်ဆွဲထားသော အဝေးကြည့် မှန်ပြောင်းကို ဆွဲဖြုတ်ယူလိုက်သည်။

ထို့နောက် မှန်ပြောင်းတွင် စွန်းပေနေသော သွေးစက်များကို လက်ကိုင်ပဝါတထည်ဖြင့် ပွတ်တိုက်လိုက်သည်။

ဒုတိယအရာရှိ ကယ်ဆီလာသည် ထိုအပြုအမူကို ကြည့်ပြီး ဒေါသထွက်လျက် ဇာကားရီးယားအား အတင်း ဝင်သတ်ချင်စိတ် ဖြစ်ပေါ်နေပုံ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အကြမ်းဖက်သုံးဦး၏ သေနတ်သုံးလက်က သူ့အား ချိန်ထားသဖြင့် လှုပ်ရှားရန် ဟန်ပြင်သည်နှင့် ပစ်ခတ်ကြမည်မှာ သေချာနေပေသည်။

ထို့ကြောင့် ဝီဘာက သတိပေးသည့်အနေဖြင့် ကယ်ဆီယာအား မသိမသာ ခေါင်းခါပြလိုက်သည်။

ထိုအတောအတွင်း ဇာကားရီးယားသည် ပင်လယ်ပြင်သို့ မှန်ပြောင်းဖြင့် ကြည့်ပြီးနောက် ကယ်ဆီလာဘက်သို့ ပြန်လှည့်လာလေသည်။

'အသက်ကယ်လှေက ဒီဘက်ကို ပြန်လှည့်လာနေပြီ....ခင်ဗျားက အခုဆိုယင် ဒီသင်္ဘောမှာ ရာထူးအဆင့်အမြင့်ဆုံး အရာရှိ ဖြစ်နေပြီ၊ ဒါကြောင့် အသက်ကယ်လှေကပ်လာယင် အပေါ်ကို ပြန်ဆွဲတင်ဖို့ အမိန့်ပေးလိုက်ပါ'

ဇာကားရီးယားက ပြောလိုက်လျှင် ဒုတိယအရာရှိ ကယ်ဆီလာသည် ခေတ္တ စဉ်းစားနေလိုက်သည်။

မိမိတို့ သင်္ဘောသားများ စု၍ ပြန်လည် တိုက်ခိုက်ရလျှင် ကောင်းမည်လောဟု စဉ်းစားနေဟန်တူသည်။

သို့ရာတွင် ရန်သူဘက်က ပက်နက်ကိုယ်စီ ရှိနေသဖြင့် ပြန်ခုခံရန် မဖြစ်နိုင်ကြောင်း တွေးမိပြန်ကာ စိတ်ပျက် အားလျော့သွားမိလေသည်။

ထို့ကြောင့် သူသည် ဝီဘာဘက်သို့ လှည့်၍....

'ကိုင်း ...ခင်ဗျားက အရာရှိတယောက်အနေနဲ့ အသက်ကယ်လှေ ရောက်လာယင် အပေါ်ကို ပြန်ဆွဲတင်ဖို့ အစီအစဉ်ကို ကြီးကြပ်ကွပ်ကဲလိုက်ပါ'



ဟု ပြောလိုက်သည်။

ဝီဘာလည်း ခေါင်းညိတ်၍ လှည့်ထွက်သွားရာ လက်နက်ကိုင် အာရပ်နှစ်ဦးက သူ၏နောက်မှ ကပ်လိုက်လာလေသည်။

စောစောပိုင်းက အသက်ကယ်လှေကို ချပေးခဲ့သူ သင်္ဘောသား တစုသည် မူလနေရာမှာပင် စောင့်နေကြဆဲပင် ရှိလေသည်။

သူတို့သည် သင်္ဘောကုန်းပတ် ဦးပိုင်းမှ သေနတ်ပစ်သံကို ကြားလိုက်ကြပြီး အံ့သြနေကြရာမှ ယခု ဝီဘာအား အာရပ်လူမျိုးနှစ်ဦးက သေနတ်ဖြင့်ချိန်ကာ ရောက်လာသည်ကိုမြင်လျှင် အလွန်အံ့အားသင့် တုန်လှုပ်သွားကြလေသည်။

သင်္ဘောသားအချို့က အကျိုးအကြောင်း သိလို၍ မေးကြသောအခါ ဂျာဘရီ အမည်ရှိ သေနတ်သမားက တိတ်တိတ်နေရန် ပြောလိုက်လေသည်။

ဝီဘာကလည်း မာလိန်မှူးကြီး သေဆုံး သွားကြောင်း ပြောပြလိုက်သဖြင့် သင်္ဘောသားများလည်း ငြိမ်သွားကြတော့သည်။

မကြာမီ အသက်ကယ်လှေသည် သင်္ဘောကြီး၏ ဘေးသို့ ရောက်ရှိလာရာ ဝီဘာ၏ ညွှန်ကြားချက်ဖြင့် သင်္ဘောသားများသည် စက်သီးကိုမောင်း၍ အသက်ကယ်လှေကို ကုန်းပတ်ပေါ်သို့ ဆွဲတင်လိုက်ကြလေသည်။

အသက်ကယ် လှေပေါ်မှ သင်္ဘောကြီးပေါ်သို့ ရှေ့ဆုံးမှ ဆင်းလာသူကား ဟာဆန်ပင်ဖြစ်သည်။ သူသည် မရှင်းပစ်တိုင် မောင်းပြန်သေနတ်ကို အသင့်ကိုင်ထားလေသည်။ သင်္ဘောကြီး

www.burmeseclassic.com



ပေါ်မှ ဂျာဘာရီက ဟာဆန်အား ဝမ်းသာအားရ ခရီးဦးကြိုပြု လေသည်။

ဟာဆန်၏ နောက်မှ တာကာကီနှင့် ဂျပန်လူငယ်များလည်း လိုက်ပါလာကြရာ ယိုဘာရီ ဆိုသူမှာ လှိုင်းမူးနေသဖြင့် သူ၏ အဖော်များက တွဲခေါ်ရလေသည်။

သူတို့၏ အဖွဲ့၏ အရေးကြီးဆုံး ပစ္စည်းဖြစ်သော သေတ္တာကြီးကိုကား ဖာချယ်ဂျီဆိုသူက တာဝန်ယူ၍ ဆွဲလာလေသည်။

အကြမ်းဖက် သမား အဖွဲ့နှစ်ဖွဲ့ဆုံမိကြပြီးနောက် ဟာဆန်က ခေါင်းဆောင်အဖြစ် တာဝန်ယူလိုက်ပုံ ရလေသည်။

ထို့နောက် ဟာဆန်ကပင် ဝိဘာအား သင်္ဘော ကုန်းပတ် ဦးပိုင်းသို့ ပြန်သွားခိုင်းပြီး သူတို့ပါ လိုက်ပါလာကြ လေသည်။

ပဲ့ကိုင်စက်ခန်းရှိရာ ဦးပိုင်းသို့ ရောက်သောအခါ ဟာဆန်က....

'ပါလက်စတိုင်းအတွက် တရားမျှတမှုမရှိ'

ဟု သူတို့၏ ကြွေးကြော်သံ သင်္ကေတကို အော်ပြောလိုက်ရာ ဇာကာရီးယားကလည်း

'ကမ္ဘာကြီး အတွက်လဲ ငြိမ်းချမ်းမှုမရှိ'

ဟု ပြန်၍ ကြွေးကြော်လိုက်သည်။

ဇာကာရီးယားသည် ငါးဖမ်းစက်လှေမှ ကူးလာသူ ဟာဆန်တို့ အဖွဲ့ကို တစ်ဦးချင်း လှည့်ပတ်ကြည့်ပြီးနောက်

'ခင်ဗျားတို့နဲ့ ကျုပ်တို့ဟာ ပြင်သစ်ပြည် ပဲရစ်မြို့မှာ ဆုံပြီး လူချင်းကွဲသွားကြတာ အတော်ကြာသွားပြီမို့ ....အခုပြန်တွေ့ဆုံ ရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် မိတ်ဆွေတယောက်ကိုတော့



မမြင်ပါကလား၊ ဟာမာနီ တယောက် ဘယ်မှာလဲ၊ သူအခု မပါ လာပါ ကလား'

ဟု ပြောလိုက်သည်။

'ဟာမာနီက သေသွားရှာပြီ၊ ရောမမြို့မှာ ရှိနေတုန်း၊ အစ္စရေး ထောက်လှမ်းရေး ရှင်ဘက် အဖွဲ့က သူ့ကို ခြေရာခံလိုက်ပြီး သတ်ပစ်လိုက်တယ်၊ ဒါကြောင့် ကျန်တဲ့ ကျုပ်တို့တွေက စပိန်ပြည်ကို ခပ်စောစော ထွက်လာခဲ့ရတယ်၊ ဒါပေမယ့် ဟာမာနီသေသွား သော်လဲ ကျုပ်တို့လုပ်ရမယ့် စစ်ဆင်ရေး အစီအစဉ်မှာ အဟန့် အတား မဖြစ်နိုင်ပါဘူး'

ဟာဆန်က ပြောလိုက်ရာ ဇာကာရီးယားသည် အစ္စရေးလ် ထောက်လှမ်းရေးအပေါ် ဒေါသထွက်မိလေသည်။

'ဟာမာနီ သေရတာ အလွန် နာကျည်းဖို့ ကောင်းတယ်၊ ဒါကြောင့် ဂျူးလူမျိုးတွေအားလုံး သေပါစေလို့ ဆုတောင်း ပါတယ်'

ဇာကာရီးယားက စိတ်ထိခိုက် လှုပ်ရှားဟန်ဖြင့် ပြောနေစဉ် ဂျပန် တာကာကီက ရှေ့သို့ တိုးလာလေသည်။ သူသည် ပစ္စတို သေနတ်ကို လက်တဘက်က ကိုင်ထားပြီး ဂျပန် ဆာမူရိုင်း ဓားရှည်ကိုလည်း ပခုံးတွင် သိုင်း၍ လွယ်ထားသည်။

'ခင်ဗျားတို့ စကားပြောနေတာ တော်လောက်ပြီ၊ ဒီသင်္ဘော ကို ဆက်မောင်းသွားဖို့ အရေးကြီးတယ်.... အချိန် သိပ်မရှိတော့ ဘူး၊ နောက် သုံးနာရီ ကြာယင် ကျုပ်တို့က ဒီသင်္ဘောကြီးနဲ့ ဆုံဖို့ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



တာကာဘာကီက ပြောလိုက်လျှင် ဟာဆန်လည်း သဘောတူ လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီးနောက် ကုန်းပတ်ကြမ်းပြင်ပေါ်မှ ကပ္ပတိန် ရှရိဘာ၏ အလောင်းကို ငုံ့ကြည့်လိုက်သည်။

သေသူ၏ပခုံးမှ ရာထူးအဆင့်ကို ဖော်ပြသော ရွှေပြားလေးခုပါသည့် တံဆိပ်ကိုသည်း သတိပြုမိပြီး ဇာကားရီးယားအား ပြန်ကြည့်လိုက်၏။

'ခင်ဗျားက မာလိန်မှူးကြီးကို သတ်လိုက်တာကိုး၊ ကျုပ်ကလဲ အခြေအနေအရ ပထမ အရာရှိကို သတ်လိုက်ရတော့ ဒီသင်္ဘောကို ဦးစီးကပ်ကဲဖို့ မလွယ်ဘူး'

'ဒါပေမယ့် ဒုတိယ အရာရှိက အသက်ရှင်လျက် ရှိနေပါတယ်'

ဇာကားရီးယားက ပြန်ပြောလိုက်သည်တွင် ဟာဆန်သည် ခေါင်းညိတ်၍ ပြုံးပြီး ဒုတိယအရာရှိ ကယ်ဆီလာကို လှမ်းကြည့်လိုက်သည်။

'ကိုင်း ခင်ဗျားကပဲ ဒီသင်္ဘောကို ဆက်ပြီး ခုတ်မောင်းဖို့ တာဝန်ယူပေတော့၊ သွားရမယ့်လမ်းကြောင်းကိုတော့ ကျုပ်တို့ နောက်တော့ ပြောပါမယ်'

ကယ်ဆီလာသည် စိတ်ထဲမှ အောင့်သက်သက် ဖြစ်လျက် အကြမ်းဖက်ပိုက်ဆံ၏ အမိန့် ၂ ချက်ကို ငြင်းဆန်ချင်စိတ် ဖြစ်ပေါ်မိလေသည်။

သို့သော် ငြင်းလိုက်ပါက သူမြတ်နိုးသော ရိုင်းလင်းသင်္ဘောကြီးသည် အထိန်းအကွပ်မရှိပဲ ပင်လယ်ထဲ မျောပါရာမှ ကျောက်ဆောင်များနှင့် တိုက်မိကာ ပျက်စီး နစ်မြုပ်သွားရန် သေချာကြောင်းကိုလည်း တွေးမိပြန်သည်။



ထို့ကြောင့် သူသည် သက်ပြင်းတချက်ချပြီး သင်္ဘောကို ပြန်လည် ခုတ်မောင်းရန် အင်ဂျင်စက်ခန်းသို့ အမိန့်ပေးလိုက်လေသည်။

ခဏမျှကြာသော် ရိုင်းလင်းသင်္ဘောကြီး၏ အင်ဂျင်စက်များသည် လည်ပတ်ကာ မိုးသက်မုန်တိုင်းကျနေသည့် ကြားမှပင် သင်္ဘောကြီးသည် စတင် ရွေ့လျားကာ ထွက်ခွာ သွားလေတော့သည်။

ဝိဘာသည် ရပ်ကြည့်နေရာမှ မေးခွန်းတခု အရဲစွန့်၍မေးရန် ဆုံးဖြတ်လိုက်သည်။

'ခင်ဗျားတို့က ဒီသင်္ဘောကို အပိုင်စီးဖို့ အတော်ခဲခဲယဉ်းယဉ်းကိုတင် စီစဉ်ပြီး ကြိုးစားထားပုံရတယ်၊ ခင်ဗျားတို့က အခုဆိုယင် လူလေးယောက်ကိုလဲ သတ်ပစ်လိုက်ပြီ၊ အဲဒါ ဘာကြောင့်လဲ'

ဝိဘာက မေးလိုက်ရာ ဂျပန် တာကာဘာကီက မျက်မှောင်ကြုတ်၍ ပြန်ကြည့်လိုက်သည်။ သို့သော် ဟာဆန်က ပြုံး၍ ပြန်ဖြေလေသည်။

'အင်္ဂလိပ်လူမျိုးတွေမှာ ငါးဖမ်းတာနဲ့ ပတ်သက်လို့ ဆိုရိုးစကားတခုရှိတယ်၊ ငါးခပ်ကြီးကြီးကို ဖမ်းချင်ယင် ငါးငယ်ငယ်တကောင်ကို ငါးစာအဖြစ် အသုံးပြုမှ ဖမ်းလို့ရတယ်၊ စောစောက ငါးဖမ်းစက်လှေဟာ ငါးစာသဘောပဲ၊ အဲဒီစက်လှေကို အသုံးပြုပြီး ခင်ဗျားတို့ သင်္ဘောကို ကျုပ်တို့ အပိုင်စီးရတာယ်၊

www.burmeseclassic.com



အခုဘာခါ ဒီရှိင်းလင်းသဘော်ကို အသုံးချပြီး ဒါထက်ပိုကြီးတဲ့ ဝေလငါးလို သဘောအကြီးကြီးတစင်းကို ကျုပ်တို့ အပိုင်စီးဖို့ပဲ ဗျ.. ပဲ.. ဟဲ့

* * *

ထိုနေ့ညနေ ခြောက်နာရီခန့်က အီတလီပြည် ရောမမြို့ရှိ အိမ်ခန်း တခန်းသို့ ရဲမှူး ဂီယာနီနှင့် သူ၏လက်ထောက် ဆာဂျင် ဘာဒီနိုတို့သည် တံခါးခေါက်လိုက်ကြသည်။

ခဏမျှကြာလျှင် ရုပ်ရည်သနားကမားနှင့်မိန်းကလေးတဦးက တံခါးလာဖွင့်ပေးရာ ဂီယာနီက သူသည် ရဲအရာရှိဖြစ်ကြောင်း စီစစ်ရေးကတ်ပြားကို ထုတ်ပြယင်း....

'မင်းနာမည် ... ဆိုနီယာ မဟုတ်လား၊ ကျုပ်တို့က စကား နည်းနည်းပြောချင်လို့ပါ'

ဟု ပြောလိုက်သည်။

ထို့နောက် သူတို့သည် အိမ်ခန်းအတွင်းသို့ ဝင်လိုက်ကြပြီး ဆာဂျင် ဘာဒီနိုက တံခါးကို ပြန်ပိတ်လိုက်သည်။

ဆိုနီယာသည် ထိတ်လန့်တုန်လှုပ်သွားပုံရလေသည်။

'ရှင်တို့ ဘာကိစ္စလာတာလဲ၊ ကျွန်မ ဘာများ လုပ်ခဲ့လို့လဲ'



'ထိုင်စမ်းပါဦးကွ၊ ကျုပ်တို့ ပြောပြပါမယ်'

ရဲမှူး ဂီယာနီက ပြုံး၍ ပြောလိုက်လျှင် ဆိုနီယာလည်း ရဲ တရဲနှင့် ကုလားထိုင်တလုံးတွင် ဝင်ထိုင်လိုက်သည်။

ဂီယာနီက ကုလားထိုင်တလုံးကို ဆွဲ၍ သူမနှင့်မျက်နှာချင်း ဆိုင် နေရာတွင် ထိုင်လိုက်သည်။ ဆာဂျင် ဘာဒီနိုကမူ အခန်းကို လှည့်ပတ်ကြည့်သလိုနှင့် ပြတင်းပေါက်နားသို့ လျှောက်သွားလိုက်သည်။

ရဲမှူး ဂီယာနီက စတင်စကားပြောလေသည်။

'တခြားမဟုတ်ပါဘူး၊ မင်းရဲ့မိတ်ဆွေ ဟာဆန်ဆိုတဲ့ အာရပ် လူမျိုးတယောက်နဲ့ ပတ်သက်တယ်၊ အခု သူဟာ သူ နေတဲ့ တိုက်ခန်းမှာ မရှိပဲ ပျောက်နေတယ်၊ ကျုပ်တို့က သူ့ကို အရေး တကြီး လိုက်ရှာနေတယ်၊ ဒါကြောင့် သူ့ကို တွေ့အောင်ရှာဖို့ မင်းက ကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'

ထိုစကားကို ကြားလျှင် ဆိုနီယာသည် တုန်လှုပ်သွားကာ လည်ချောင်းထဲ အာခေါင်ခြောက်သလို ဖြစ်လာလေသည်။

သူမသည် လွန်ခဲ့သော ရက်သတ္တပတ်ခန့်ကစ၍ ဟာဆန်နှင့် ပတ်သက်၍ စိုးရိမ်နေမိခဲ့သည်။ ဟာဆန်တွင် ပြဿနာတခုခု ရှိရမည်ဟု ရိပ်စားမိခဲ့ရာ ယခု ရဲအရာရှိများလာမေးခြင်းက သူမ စိုးရိမ်မိသည့်အတိုင်း ဟုတ်မှန်ကြောင်း ထင်ရှားနေပြီ ဖြစ်သည်။

ဆိုနီယာအနေဖြင့် ဟာဆန်သည် ရာဇဝတ်ပြစ်မှုကျူးလွန်ခဲ့ သူ တယောက်ဟု အတိအကျ မသိသော်လည်း မသင်္ကာတော့ ဖြစ်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တချက်က ဟာဆန်သည်ရဲအရာရှိများအား မလိုလား ပဲ မှန်းတီးကြောင်းကိုလည်း သိသွားပေသည်။

လူရှင်းခဲ့ကာနီးတွင် ဟာဆန်က သူပြန်လာသည်အထိ ဘာမှ မပြောဖို့ မှာကြားသွားပုံကိုလည်း သတိရကာ ဆိုနီယာသည် ရဲအရာရှိများအား အမှန်အတိုင်းမပြောရန် ဆုံးဖြတ်လိုက်သည်။

'ရဲမှူးကြီးရှင့် ..ရှင်တို့ မှားနေပြီ ထင်ပါတယ်၊ ကျွန်မက ဟာဆန် ဆိုတဲ့လူကို လုံးဝ မသိပါဘူး'

'ဒီလိုရှိတယ်လေ၊ သူက မင်းကို နာမည်အမှန် ပြောချင်မှ ပြောမယ်၊မင်းက သူ့ကို တခြားနာမည်တခုနဲ့ သိကောင်း သိနေ မယ် ဘာပဲဖြစ်ဖြစ် မင်းက သူနေတဲ့တိုက်ခန်းဖြစ်တဲ့ အမှတ်(၂၅) ဗင်ကျူရီတိုက်ခန်းကို မကြာခဏသွားပြီး တွေ့ဆုံတာကို ကျုပ်တို့ သေသေချာချာ သိထားတယ်'

ရဲမှူး ဂီယာနီကဤသို့ပြောလိုက်ရာ ဆိုနီယာသည် ခေါင်းငုံ့၍ နေလိုက်သည်။

'ကျွန်မ ရှင့်ကို ပြောခဲ့ပြီးပြီ မဟုတ်လား၊ ရှင် ပြောတာ ကျွန်မ နားမလည်ဘူး၊ ရှင်တို့ မှားနေပြီ ထင်တယ်'

'ဒီမယ် ဟာဆန်ဟာ လွန်ခဲ့တဲ့ခြောက်လကစပြီး မင်းရဲ့ချစ်သူ ဖြစ်ခဲ့တယ်၊ ဗင်ကျူရီ တိုက်ခန်းရဲ့ အမျိုးသမီး မန်နေဂျာက မင်းဟာ တပတ်ကို နှစ်ကြိမ်သုံးကြိမ် ဟာဆန်ကို လာတွေ့ဆုံ တယ်လို့ ပြောတယ်၊ မင်း နာမည် ကို မသိပေမယ့် မင်း ကို ကောင်းကောင်း မှတ်မိနေတယ်၊ နောက်ပြီး မင်း ဝတ်လေ့ရှိတဲ့ အစိမ်းနုရောင် ဝတ်စုံကိုလဲ သူက မှတ်မိလို့ ပြောပြလိုက် တယ်'



ဆိုနီယာက ဘာမှ မပြောပဲ ခေါင်းငုံ့မြဲငုံ့နေရာ ရဲမှူးဂီယာနီ ကပင် ဆက်ပြောလေသည်။

'အဲဒီ အစိမ်းနုရောင်ဝတ်စုံဟာ ပီယာဇာလွန်ဟာ ပန်းရောင် ...ဝတ်စုံဖြစ်ကြောင်း ..ဆိုင်တဆိုင်က မိန်းကလေး တွေဝတ်တဲ့ ဝတ်စုံဖြစ်ကြောင်း ...သိရတဲ့အတွက် ဆာဂျင် ဘာဒီနီက ...အားစုံစမ်းတဲ့အခါ ဆိုင်ရှင် က မင်းရဲ့နာမည်နဲ့ လိပ်စာကို ...ပေးလိုက်တယ်၊ ဒီမယ် ဆိုနီယာ၊ မင်းက ကျုပ်တို့ကို ကူညီစေချင်တယ်'

'ကျွန်မအနေနဲ့ ဘာမှ ...သိဘူး ...ရှင်တို့ လူမှားနေပြီ ထင်တယ်'

ဆိုနီယာက ဇွတ်ပင်ငြင်း ...ရာ ရဲမှူး ဂီယာနီက တမျိုး ...ပြောပြန်သည်။

'ဟာဆန်ရဲ့အခန်းကို ...ကြာခဏ လာတွေ့တဲ့ မိန်းကလေးရဲ့ လက်ဗွေပုံစံတွေဟာ အခန်း...မှာ အများကြီး ထင်ကျန်ရစ်တော့ ကျုပ်တို့ရဲ့ ရဲစုံထောက်ဌာန ...က လက်ဗွေပုံစံတွေကို ကူးယူထားပြီ ...ဖြစ်တယ်၊ မင်းက ဟာဆ...န်ရဲ့ချစ်သူ မဟုတ်ပါဘူးလို့ ဇွတ်ငြင်း နေမယ်ဆိုယင် မင်းရဲ့ လ...က်ဗွေပုံစံကိုယူပြီး တိုက်ကြည့်လိုက်ရုံပဲ၊ ...တယ်နှယ့်လဲ၊ မင်းရဲ့လက်...ဗွေပုံစံယူပြီး တိုက်ကြည့်ရမလား'

...ဤတွင် ဆိုနီယာသည် ...မည်သို့မှ ငြင်း၍ မရနိုင်တော့ကြောင်း ...သဘောပေါက်သွားသ...ဖြင့် ခေါင်းခါလိုက်သည်။

ရဲမှူး ဂီယာနီက ...မေးခွန်း ဆက်ထုတ်လေသည်။

'ဒါဖြင့် မင်းက ...ဟာဆန် ဆိုတဲ့ လူ အကြောင်း ပြော... ...မ...ပေတော့'

www.burmeseclassic.com



'ပြောပြစရာ ဘာမှ မရှိပါဘူး၊ သူဟာ ကျွန်မရဲ့ မိတ်ဆွေ ကောင်းရင်းချာ တစ်ယောက်ပဲ ပြောနိုင်တယ်။' သူ ဆိုပါတော့၊ ဒါလေးတော့ ပြောနိုင်တယ် ရှင့်။
'ဒါဖြင့် စောစောက မင်းက ဘာကြောင့် သူ့ကို မသိပါဘူး လို့ ငြင်းတာလဲ၊ မိန်းကလေးတယောက်အနေနဲ့ ချစ်သူရှိတာဟာ သဘာဝပဲ၊ ဘာအပြစ်မှ မရှိဘူး၊ ဒါပေမယ့် မင်းက လုံးဝ မသိဘူးလို့ ငြင်းခဲ့တယ်၊ ဟာဆန်နဲ့ ပတ်သက်ပြီး ရဲတပ်ဖွဲ့က မသိစေချင်တဲ့ လျှို့ဝှက်ချက်များ ရှိနေလို့လား'
'မရှိပါဘူး၊ ဘာကြောင့် ရှိရမှာလဲ'
'မရှိယင် ဘာကြောင့် မင်းက သူ့ကို မသိပါဘူး လို့ ငြင်းခဲ့တာလဲ'

ထိုမေးခွန်းကို ဆိုနီယာက ပြန်မဖြေပဲ ဆိတ်ဆိတ်နေလိုက်သည်။

'အခု ဟာဆန် ဘယ်မှာရှိတယ်ဆိုတာ မင်း သိသလား'
'သူဟာ ရေမြို့က ထွက်ခွာသွားပြီးတယ် ဆိုတာပဲ သိပါတယ်'

'သူဟာ စပိန်ပြည် မဒရစ်မြို့ကို လေယာဉ်နဲ့ထွက်သွားပြီ... ဒါကြောင့် သူက မင်းကို စွန့်ပစ်သွားပြီလို့ ထင်နေတာတယ်'

ဂယာနိုက ဤသို့ပြောလိုက်သည်ကို ဆိုနီယာသည် မခံချိ ဟန်ဖြင့်...

'မဖြစ်နိုင်ဘူး ရှင့်....မဟုတ်နိုင်ဘူး'

ဟု ပြောလိုက်သည်။

'သူ စပိန်ပြည် မဒရစ်မြို့ကိုထွက်သွားတာကို မင်း သိရဲ့လား'
'ဒါတော့ မသိဘူး'



'ဒါဖြင့် သူက မင်းကို စွန့်ပစ်သွားတာ မဟုတ်ဘူးလို့ မင်းက ဘာကြောင့် ပြောနိုင်တာလဲ'

'ကျွန်မကို စွန့်သွားတာ မဟုတ်ဘူး ဆိုတာတော့ ကျွန်မ သိတယ်၊ သူဟာ ဒီကိုပြန်လာမှာပါ'

'သူက ဒီ ရေမြို့ကို ပြန်လာလောက်အောင် မင်းကို တကယ် ချစ်မြတ်နိုးတယ်ဆိုယင် သူဟာ မင်းကို သူ့ရဲ့ လျှို့ဝှက် အကြံအစည်တွေကိုလဲ ပြောမှာပဲ၊ ကိုင်း... ဟာဆန်မှာ ဘာ အကြံအစည်များရှိသလဲ'

'မသိဘူးရှင့်၊ သူက ကျွန်မကို မပြောမပြဘူး'

'ဒါပေမယ့် ဟာဆန်ဟာ လွန်ခဲ့တဲ့ ခြောက်လကစပြီး မင်းရဲ့ ချစ်သူဖြစ်ခဲ့တယ်၊ သူဟာ မင်းနဲ့အတူ အိပ်လောက်အောင် ရင်းနှီးတဲ့အတွက် မင်းကို စကားတွေ အစုံပြောမှာသေချာတယ်၊ သူကိုယ်တိုင်က ဖွင့်မပြောတာတောင်မှ သူပြောတဲ့ စကားတွေ ထဲက သူ့ အကြံအစည်တွေအကြောင်း မင်းက ရိပ်မိနိုင်တယ်၊ နောက်ပြီး သူ့ အပေါင်းအသင်း မိတ်ဆွေတွေကိုလဲ မင်းက တွေ့ဖူးမှာပဲ၊ သူတို့အချင်းချင်းပြောတဲ့ စကားတွေကိုလဲ ကြားမိနိုင်တယ်'

'မဟုတ်ဘူးရှင့်၊ ကျွန်မသူ့ အခန်းမှာရှိနေတုန်းဘယ်မိတ်ဆွေမှ လာမတွေ့ဘူး၊ ပြီးတော့ သူကိုယ်တိုင်ကလဲ ဘာ အကြံအစည် ရှိတယ်ဆိုတာ တခါမှပြောမပြဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆိုနီယာသည် ဤသို့ ပြောလိုက်ခြင်းမှာ ချစ်သူ ဟာဆန် အပေါ် သစ္စာဖောက်ရာ ကျမည်စိုး၍ ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် ရဲမှူး ဂီယာနီက ထိုစကားကို လက်မခံချေ။

'မင်းက ဒီလူနဲ့ခြောက်လတိုင်တိုင် ရင်းနှီးရည်ငံနေခဲ့ပြီးကာမှ သူ့အကြောင်း ဘာမှမသိဘူးဆိုတာ မဖြစ်နိုင်ဘူး'

'ကျွန်မသိရတာက သူ့နာမည်က ဟာဆန်ဖြစ်တယ်၊ သူဟာ အယ်လ်ဂျီးရီးယားနိုင်ငံ ဇာတိဖြစ်ပြီး ဒီရောမမြို့ကို အလုပ် အကိုင်ရှာဖို့ လာနေတယ်၊ ကျွန်မ သိတာက ဒါလောက်ပဲ ရှင့်...'

ဆိုနီယာက ဤသို့ပြောလိုက်လျှင် ရဲမှူး ဂီယာနီသည် ဘာမှ ပြန်မပြောသေးပဲ ခေတ္တစဉ်းစားနေလိုက်သည်။

အာရပ် အကြမ်းဖက်သမား ဟာဆန် အနေဖြင့် ဆိုနီယာ အား အရေးကြီးသည့် လျှို့ဝှက်ချက်များကိုတော့ ပြောပြမည် မဟုတ်ဟုလည်း စဉ်းစားမိသည်။

သို့သော် သူတို့အနေဖြင့် အကြမ်းဖက်ဂိုဏ်းအား ခြေရာခံ လိုက် ထောက်လှမ်းရန် သဲလွန်စဆို၍ ဆိုနီယာ တယောက်သာ လျှင် ရှိသဖြင့် သူမကိုပင် အချက်အလက်အနည်းငယ် ရလိုရငြား ဆက်မေးရပေတော့မည်။

ဤသို့စဉ်းစားယင်း အစ္စရေးလ် ထောက်လှမ်းရေး ရှင်ဘက် အဖွဲ့သားများ၏ လက်ချက်ဖြင့် အသတ်ခံရသူ ဟာဆန်တို့ အဖွဲ့သား ဟာမာနီ၏ခေါင်းပုံကိုထုတ်ပြ၍ မေးကြည့်ရန် စိတ်ကူး ရမိလေသည်။



ဆိုနီယာသည် ရဲမှူးဂီယာနီအား အကဲခတ် ကြည့်နေရာ လက်ဝဲဘက်လက်က ကုတ်အင်္ကျီ အတွင်းသို့ နှိုက်နေသည်ကို မြင်လိုက်မိလေသည်။

ဂီယာနီက ဘာလုပ်မည်ကိုမသိသော်လည်း သူမသည် အလျင် အမြန် ထွက်ပြေးချင်စိတ် ဖြစ်ပေါ်မိလေသည်။

သူမသည် ဟာဆန်အား တကယ်ပင် ချစ်နေသူဖြစ်သည်။

ဟာဆန်က 'သူ့မအား ဖွင့်မပြောသော်လည်း ရာဇဝတ်မှု မကင်းသောအကြံအစည်တခုခု လျှို့ဝှက်စွာ ကြံစည်နေကြောင်း ကိုလည်း သူမ သိသားသည်။

သို့သော် ယင်း ရာဇဝတ်မှုသည် ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ပဲ နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် ကြံစည်နေခြင်းဖြစ်ကြောင်း ကိုလည်း ရိပ်မိခဲ့သည်။

မည်သို့ပင်ဖြစ်စေ မိမိ၏ချစ်သူ ဟာဆန် အပေါ် မည်သို့မှ သစ္စာမဖောက်ရန် ဆိုနီယာက ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့ရာတွင် သူ့ကိုယ်သူ ကောင်းစွာစိတ်မချချေ။

ယခု သာရောက်စစ်ဆေးနေသူ ရဲမှူးကြီးက အမျိုးမျိုး လှည့် ပတ် မေးမြန်းပါက မိမိက စိတ်ခေါက်ပျော့ညံ့သူအဖြစ် အမှန် ဖွင့်ပြောလိုက်မိမည်ကို အလွန် စိုးရိမ်မိလေသည်။

ဤသို့စဉ်းစားနေယင်းက ဆိုနီယာသည် ရုတ်တရက် ထိုင်ခုံမှ ထလိုက်ပြီး အတင်း ထွက်ပြေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တံခါးပေါက်မှပြင်ဘက်သို့ပြေးထွက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

ရဲမှူး ဂီယာနီသည် စက္ကန့်ပိုင်းမျှ အံ့အားသင့်သွားမိသော်လည်း ချက်ချင်းပင် ထ၍ လိုက်လေသည်။ ဆာဂျင် ဘာဒီနီကလည်း တံခါးပေါက်ဆီသို့ လျင်မြန်စွာ ပြေးထွက်လေသည်။

ဆိုနီယာသည် ပြင်ဘက်ကြိုသို့ရောက်လျှင် လှေကားမှဆင်းပြေးရန် စိတ်ကူးသော်လည်း လှေကားတဝက်တွင် ယူနီဖောင်းဝတ် ရဲတဦး စောင့်နေသည်ကို တွေ့ရလေသည်။

ဤတွင် သူမသည် ကြံရာမရ ဖြစ်သွားပြီးနောက် မီးလောင်လျှင် ဆင်းပြေးရန်ပြုလုပ်ထားသည့် အရေးပေါ်လှေကားဘက်ဆီသို့ ပြေးသွားလေသည်။

ထိုအချိန်၌ ရဲသုံးဦးလုံးက နောက်မှပြေးလိုက်လာပြီဖြစ်ရာ ဆိုနီယာသည် မည်သို့မှ လွတ်နိုင်မည်မဟုတ်ကြောင်း တွေးမိကာ အကြီးအကျယ် တုန်လှုပ်ချောက်ချားမိလေသည်။

ယင်းသို့ တုန်လှုပ် ချောက်ချားလျက် ဆက်ပြေးသွားခြင်းကြောင့် သူမ၏ခြေထောက်တဘက်သည် ခင်းထားသော ကော်ဇောနှင့် ခလုတ်တိုက်မိကာ ရှေ့သို့ အားလွန် လဲကျသွားလေသည်။

ထိုနေရာ၌ အရေးပေါ် လှေကားဆီသို့ ထွက်သည့် တံခါးပေါက် ရှိလေရာ ဆိုနီယာသည် လဲကျသောအရှိန်ကို ပြန်မထိန်းနိုင်ပဲ အရေးပေါ်လှေကားကို ကျော်၍ အပြင်ဘက်သို့ အားလွန်ကျသွားလေသည်။



ငါးထပ်တိုက် အမြင့်ပေါ်မှ ကျသွားခြင်းဖြစ်၍ သူမ၏ ငယ်သံပါအောင် အော်လိုက်သံကိုသာ ရဲမှူး ဂီယာနီတို့က ကြားလိုက်ရလေသည်။

အော်သံရပ်သွားချိန်တွင်ကား ဆိုနီယာသည် မြေကြီးပေါ်၌ မရှုမလှ သေဆုံးနေပြီဖြစ်ကြောင်း သိလိုက်ကြပြီ ဖြစ်သည်။

ဤသို့လျှင် ရဲမှူး ဂီယာနီအဖို့ အကြမ်းဖက်သမား ဟာဆန်နောက်သို့ လိုက်ရန် တခုတည်းသော သဲလွန်စ ကွင်းဆက်သည် ပြတ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၆

စပိန်နိုင်ငံ၏ အနောက်ဘက် နှစ်ဆယ့် ငါး မိုင် ခန့် အကွာ အတ္တလန္တိတ် သမုဒ္ဒရာ ပင်လယ်ပြင်တွင် မိုနိုလစ် အမည်ရှိ ရေ တွင် သင်္ဘော တင်ကာကြီးသည် မှန်မှန်ခုတ်မောင်းလျက် ရှိသေ သည်။

ထို တင်ကာ သင်္ဘောသည် တန်ချိန်အားဖြင့် ၂၅၀,၀၀၀ ရှိပြီး ယနေ့ ကမ္ဘာတွင် အကြီးဆုံး ရေနံတင် သင်္ဘောတစ်စင်း ဖြစ်သည်။

ရောမသင်္ဘောကြီးဖြစ်၍ သယ်ဆောင်လာသည့် ရေနံပမာဏ ကလည်း အလွန်ပင် များပြားလှသည်။



လွန်ခဲ့သည့် တလခန့်က မိုနိုလစ် သင်္ဘောကြီးသည် ပါးရှင်း ပင်လယ်ကွေ့ရှိ ခတ် အမည်ရှိ ကျွန်းမှ ရေနံစိမ်းများတင်ဆောင် ပြီးနောက် အိန္ဒိယသမုဒ္ဒရာတလျှောက် တောင်ဘက်သို့ စုန်ဆင်း ကာ အာဖရိကတိုက်၏ အစွန်ဖြစ်သော ဂွတ်ဟုတ် အငူကို ကွေ့ပတ်လျက် အတ္တလန္တိတ် သမုဒ္ဒရာ မြောက်ဘက်သို့ ဆန်တက် လာခဲ့ခြင်း ဖြစ်သည်။

ဤ သင်္ဘောကြီး သွားရောက်မည့် ဆိပ်ကမ်းမြို့ကား ဥရောပ တိုက်တွင် အကြီးဆုံးဆိပ်ကမ်းမြို့ တမြို့ဖြစ်သော ရော်တာဒမ် မြို့ပင် ဖြစ်သည်။

မိုနိုလစ် သင်္ဘောကြီး၏ ဆလွန်းခေါ် ညစာစားခန်းကြီးထဲတွင် တပျော်တပါး ပါတီညစာစားပွဲတခု လုပ်နေကြလေသည်။

သင်္ဘောကြီးမှ အရာရှိများ အနေဖြင့် အိမ်ထောင် သည် မိသားစုများကိုပါ ခေါ်ဆောင်လာနိုင်ခွင့် ရှိကြသဖြင့် ခေါ်လာ ကြခြင်း ဖြစ်ရာ ယခုတခေါက်တွင် သင်္ဘောအရာရှိများ၏ ဇနီး အမျိုးသမီးငါးဦးနှင့် ကလေးခြောက်ယောက်တို့ ပါလာကြလေ သည်။

ပင်လယ်ခရီး သွားရသည်မှာ ပျင်းရိဖွယ် ကောင်းသော ကြောင့် ယခုကဲ့သို့ အမျိုးသမီးနှင့် ကလေးများ လိုက်ပါလာ သည်တွင် သင်္ဘောအရာရှိများအနေဖြင့် မကြာခဏ ညစာစားပွဲပါတီ များ ပြုလုပ်လေ့ ရှိကြလေသည်။

ကလေး တယောက်ယောက်၏ မွေးနေ့နှင့်ကြုံလျှင် မွေးနေ့ ပါတီကို အကြီးအကျယ် ပြုလုပ်တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကျင်းပနေကြသည့် ညနေခံပွဲပါတီမှာ ဂျူလီနှင့် ဂီလီယန်အမည်ရှိ လေးနှစ်သမီးအရွယ် ကလေးနှစ်ယောက်၏ မွေးနေ့ပါတီပင် ဖြစ်သည်။

တကယ့် ပါတီတခုနှင့် တူအောင်လည်း ဆလွန်း ခန်းမဆောင်ကြီးတွင် ပန်းစက္ကူများ၊ ရောင်စုံ ပူဖောင်းများဖြင့် လှပစွာ တန်ဆာဆင်ထားလေသည်။

သဘော်၏ စားဖိုဆောင်မှူးကလည်း အကောင်းဆုံး စားသောက်ဖွယ်များနှင့် ကိတ်မုန့်မျိုးစုံကို အကောင်းဆုံးဖြစ်အောင် ကြိုးစား ဖန်တီးပေးထားသည်။

ဟူရိယာ ဂီတသံနှင့် ကလေးများ၏ ပျော်ရွှင်စွာ ရယ်မောသံများအကြား အမျိုးသမီးများသည် အလွန် ဝမ်းမြောက်ပျော်ရွှင်နေကြလေသည်။

မိုနီလစ်သင်္ဘောကြီး၏ ပထမအရာရှိ ဖရေဇာသည် တံခါးဝမှ ရပ်၍ ဆလွန်းခန်းတွင်း၌ ပျော်ရွှင်နေကြသူများကို ကြည့်ပြီး ပြုံးနေလေသည်။

သူသည် အသက် လေးဆယ့်သုံးနှစ်အရွယ် ခန့်ညားသော အင်္ဂါရုပ်ရှိသူ ဖြစ်လေသည်။

အခန်းတွင်း၌ကား အမျိုးသမီးသုံးဦးနှင့်ကလေးငါးယောက်တို့သည် မြူဖစ်ကဲ့ခဲ့ ခေါ် ကုလားထိုင်ကို လုထိုင်ရသည့် ကစားနည်းတခုကို ပျော်ရွှင်စွာ ကစားလျက် ရှိကြသည်။

ထို ကစားပွဲတွင် သင်္ဘော၏ ဒုတိယအင်ဂျင်နီယာ ကင်းဘဲလ်ဆိုသူက စန္ဒရားတီး၍ တူရိယာ ဂီတသံကို ဖန်တီးပေးလျက်ရှိလေသည်။



ကစားပွဲကို ကြီးကြပ်ကွပ်ကဲပေးနေသူကား တတိယ အရာရှိ ဒီးလစ်ဆိုသူ ဖြစ်လေသည်။

ကစားနေသည့် ကလေးများအနက် အလွန် ဆူညံစွာ ဟစ်အော် ကစားနေသူ ယောကျ်ားလေးနှစ်ဦးမှာ ဒုတိယ အင်ဂျင်နီယာ ကင်းဘဲလ်၏သားများ ဖြစ်ကြလေသည်။

အင်ဂျင်နီယာချုပ်၏ဇနီး အယ်လစ်ဇဘက်သည် ပထမအရာရှိ ဖရေဇာအနီးသို့ ရောက်လာလေသည်။

သူမသည် အသက် ငါးဆယ့်ကိုးနှစ်အရွယ်ရှိပြီ ဖြစ်သော်လည်း ပျော်ရွှင်တတ်သူ အမျိုးသမီးတဦး ဖြစ်လေသည်။

သင်္ဘော၏ မာလိန်မှူးကြီး ကပ္ပတိန်က အိမ်ထောင်မရှိသူ လူပျိုကြီးဖြစ်ပြီး ပထမအရာရှိ ဖရေဇာ၏ ဇနီးကလည်း လွန်ခဲ့သော သုံးနှစ်က မော်တော်ကားမှောက်၍ သေဆုံးသွားရာ ယခုအခါ သင်္ဘောပေါ်တွင် ခင်ပွန်း၏ ရာထူး အဆင့် အလိုက် ဝါရင့်သူဆို၍ အယ်လစ်ဇဘက်ကသာလျှင် အဆင့်မြင့်ဆုံး ဖြစ်နေပေသည်။

'မစ္စတာ ဖရေဇာရှင့် မာလိန်မှူးကြီးက ဘာဖြစ်လို့ ကလေးတွေရဲ့ ပါတီကို မလာတာလဲ'

အယ်လစ်ဇဘက်က စတင်၍မေးလိုက်ရာ ဖရေဇာကပြုံးလိုက်သည်။

'သင်္ဘောကြီးကို ထိန်းမောင်းဖို့ တယောက်ယောက် အောင့်ရသူမှ ဖြစ်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ကျွန်မလဲသိတာပေါ့ရှင်၊ ကျွန်မအထင်တော့ ရှင်တို့က ကပ္ပိတန်ကြီးဟာ အမျိုးသမီးတွေနဲ့ ရောနှောဆက်ဆံရမှာကို အလကား ကြောက်နေတယ်လို့ ထင်တယ်'

'ဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ ဒါထက် ကလေးတွေရဲ့ ညည့်ခံပွဲ ပါတီ အခြေအနေက ဘယ်လိုလဲ'

'အခြေအနေအလွန်ကောင်းနေပါတယ်၊ ထုံးစံအတိုင်း ဇော်ဗင်နဲ့ အင်းဂတ်စ်ဆိုတဲ့ ကလေးနှစ်ယောက်က နှစ်ကြိမ်လောက် ရန်ဖြစ်ပြီးကြပြီ၊ ဟို ကလေးပေါက်စကတော့ တကြိမ်ပဲ ငိုသေးတယ်ရှင့်၊ ပါတီက ပျော်စရာကောင်းနေပါတယ်'

ဤတွင် ဖရေဇာက ရယ်မောလိုက်ပြီး အယ်လစ်ဇဘက်အား ဘား ကောင်တာရှိရာသို့ ခေါ်သွားလေသည်။

အစီအစဉ်ကား ကလေးများ ပျော်ရွှင်စွာကစား၍မောပန်း လာချိန်တွင် အိပ်ပျော်ပြီးနောက် လူကြီးများက ဆက်လက်၍ ပါတီတွင် ပျော်ရွှင်စွာဆက်နေကြရန် ဖြစ်လေသည်။

ပထမအရာရှိ ဖရေဇာသည် ဝီစကီအရက် မှာလိုက်လေသည်။

ထိုအခိုက် ကလေးများနှင့်အတူ ကစားနေသူ ဂျက်ကီနှင့် ဂျိန်း အမျိုးသမီးနှစ်ဦးက အနီးသို့ ရောက်လာကြသည်။

ဂျက်ကီသည် ငါးနှစ်သား အရွယ် ဇော်ဗင်နှင့် အမွှာ မိန်းကလေးနှစ်ယောက်၏ မိခင်ဖြစ်ပြီး ဂျိန်းက ဒုတိယ အင်ဂျင်နီယာ ကင်းဘဲလ်၏ဇနီး ဖြစ်သည်။

သူတို့တွင် လေးနှစ်သား အရွယ် ယောကျ်ား ကလေး အင်းဂတ်စ်နှင့် သုံးနှစ်သား အိုင်ယန် သားနှစ်ယောက် ရှိကြသည်။



'ခင်ဗျားတို့ အမျိုးသမီးနှစ်ယောက်တည်းနဲ့ တခန်းလုံးဆူညံနေတာပဲ'

ဖရေဇာက ရယ်စရာလုပ်၍ပြောလိုက်ရာ ဂျက်ကီ ကလည်း

'ကလေးတွေဆူတာက တော်ရုံပါရှင့်၊ သင်္ဘော အရာရှိတွေ ကိုယ်တိုင်က ဆူညံနေတာပါ'

ဟု ပြန်ပြောလိုက်သည်။

ထို့နောက် ဘား ကောင်တာတွင် ယမကာတခွက်စီသောက်ကြလေသည်။

ဖရေဇာသည် အမျိုးသမီး ငါးဦးအနက် အသက်အငယ်ဆုံး ဖြစ်သူ မေရီရှိရာသို့ လျှောက်သွားလေသည်။

မေရီသည် အသက် နှစ်ဆယ်ခန့်သာ ရှိသေးပြီး သင်္ဘော တတိယအင်ဂျင်နီယာ၏ ဇနီးဖြစ်သည်။

သူမသည် ဆယ့်တစ်လသားအရွယ် ကလေးငယ်ကိုရင်ခွင်တွင် ပွေ့ချီထားသည်။

'မေရီရဲ့ကလေးက တနေ့တခြားကို သိသိသာသာထွားလာတာပဲ'

ဖရေဇာက စကားစပြီး နှုတ်ဆက်လိုက်သည်။

'ဟုတ်တယ်ရှင့်၊ ဒါပေမယ့် ကလေးက မဟုတ်တဲ့ အချိန်ကျယင် ဟစ်အော် ငိုတတ်တယ်၊ အခုည အားလုံး အိပ်ချိန်ကျမှ ကျွန်မကလေးက နားမခံသာအောင် အော်ငိုပါလိမ့်မယ်'

မေရီက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့အမေနဲ့အတူ အင်ဂျင် စက်ခန်းထဲ ခေါ်သွားစေပ လား၊ ဟိုမှာတော့ ဘယ်သူကိုမှ အနှောင့်အယှက်ဖြစ်မှာ မဟုတ်ဘူး'

'စက်ခန်းမှာက ပူအိုက်ပြီး ညစ်ပတ်တယ်ရှင့်'

ဤသို့ အလွှာသလွှာ ပဗာဘာ ခနဲ ပြောပြီးနောက် မေရီသည် ကလေးနှင့်အတူ သူ၏အခန်းသို့ ပြန်သွားလေသည်။

ဖရေဇာလည်း အခြား အမျိုးသမီးများရှိရာသို့ လှမ်းကြည့်လိုက်ရာ ဒုတိယအရာရှိ ဒီဗာရမ်၏ဇနီးကို သတိပြုမိသည်။

သူမ၏နာမည်က ရှုမြင်ပြီး သင်္ဘောပေါ်ရှိ အမျိုးသမီးများအနက် လှပကြော့ရှင်းဆုံး ဖြစ်လေသည်။

ရုပ်ရည် ချောမောသလောက် ကိုယ်သုံး ကိုယ်ဟန်ကလည်း အချိုးကျကျလှပသူ ဖြစ်လေသည်။

သူမတွင် သားသမီးမရှိသဖြင့် လွတ်လပ်နေလေရာ သင်္ဘောပေါ်မှ လူပျို အရာရှိများနှင့် ရောနှောနေတတ်သော သူမ၏ ဝါသနာကြောင့် တနေ့ ပြဿနာပေါ်နိုင်သည်ဟု ဖရေဇာက စိတ်ထဲမှ မှတ်ချက် ချမိလေသည်။

သူမ၏ခင်ပွန်းဖြစ်သူ ဒုတိယအရာရှိဒီဗာရယ်သည် သင်္ဘော၏ ကုန်းပတ်ဦးပိုင်းတွင် မာလိန်မှူးကြီးနှင့် အတူ တာဝန်ကျနေလေသည်။



ထိုအချိန်၌ ဆူသည် တတိယရေဒီယိုအရာရှိဖြစ်သူ ဟောလ်ဘရွတ် ဆိုသူ လူငယ်နှင့် ရင်းနှီးစွာ စကားပြောနေလေသည်။ တတိယအရာရှိ ပီးလစ် ကတော့ မလှမ်းမကမ်းမှသူတို့နှစ်ဦးအား အကဲခတ် ကြည့်နေလေသည်။

ဖရေဇာသည် သူတပါး၏ ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်ဝင်စားနေခြင်းငှာ မသင့်ဟု ဆုံးဖြတ်ကာ အဝေးတွင်ထိုင်၍ ဂစ်တာ တီးနေသော ဒုတိယ ရေဒီယိုအရာရှိ အန်တိုနီ ဆိုသူဘက်သို့ လှည့်ကြည့် လိုက်ပြန်သည်။

အန်တိုနီက ဂစ်တာတီးယင်း သီချင်းတပုဒ် သီဆိုနေလေသည်။

ဆယ့်နှစ်နာရီ ထိုးရန် ငါးမိနစ်အလိုတွင် ဖရေဇာသည် သူ၏ အလှည့်ကျ တာဝန်ယူရန်အတွက် သင်္ဘောကုန်းပတ် ဦးပိုင်းသို့ တက်သွားသည်။

သူသည် ညသန်းခေါင်အချိန်မှစ၍ တာဝန်ယူရမည်ဖြစ်သည်။

သူနှင့်အတူ တတိယအရာရှိ ပီးလစ်နှင့် အန်တိုနီ တို့လည်း လိုက်လာကြသည်။

ထိုအချိန်တွင် ကလေးများအားလုံး မောပန်းအိပ်ငိုက်နေကြပြီဖြစ်၍ မိခင်များက အိပ်ခန်း အသီးသီးသို့ ခေါ်သွားကြပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်းဘဲလ်က စန္ဒရား တီးမြဲ တီးနေပြီး ဟောလ်ဘန္ဒတ်က ဇစ်ဟာ ကို ကောက်ယူတီးလျက်ရှိလေသည်။

* * *

မိုနီသင်္ဘောကြီး၏ မာလိန်မှူး ကပ္ပိတန် အမ်းစထရောင်းသည် ဆီးကြိုနှုတ်ဆက်ပြီး ပထမအရာရှိ ဖရေဇာအား သင်္ဘောကြီးကို ဆက်လက် ထိန်းမောင်းသွားရန် တာဝန် လွှဲပြောင်းပေးလေသည်။

ကပ္ပိတန်ကြီးသည် အသက်ခြောက်ဆယ်အရွယ်ရှိပြီး မျက်ခုံးမွေး ထူထူနှင့် လူကြီးတယောက် ဖြစ်လေသည်။

သူ၏ဥပဓိရုပ်က အလွန် စိတ်ဓာတ် ပြင်းထန် ခိုင်မာသော လူတယောက်၏အသွင် ဆောင်နေပေသည်။

သင်္ဘော၏ တာဝန်ခံ မာလိန်မှူးအဖြစ် သူ၏လက်အောက်မှ သင်္ဘောသားများကို စည်းကမ်းတင်းကျပ်စွာဖြင့် အုပ်ချုပ်ဘတ်သော်လည်း စိတ်နေသဘောထားအားဖြင့် လူငယ်သင်္ဘောသားအားလုံးကို သားသမီးများသဖွယ် ခင်မင်ရင်းနှီးစွာ ဆက်ဆံတတ်သူ ဖြစ်လေသည်။



ဆယ့်နှစ်နာရီထိုးပြီဖြစ်၍ အသီးသီးတာဝန်လွှဲပြောင်းယူလိုက်ရ ပွဲကိုင်စက်ဝိုင်းကို သင်္ဘောသား နောက်တယောက်က လာရောက်၍ ထိန်းကိုင်လေသည်။

အန်တိုနီက ရေဒီယိုစက်ခန်းတွင် တာဝန်ယူပြီး ပထမရေဒီယိုအရာရှိ ပင်စာ (ဂျက်ကီ၏ခင်ပွန်း)နှင့် ဒုတိယအရာရှိ ဗီးလစ်တို့က ရေဒါစက် ကိရိယာတွင် တာဝန် ယူ စောင့် နေကြလေသည်။

စောစောက ထိုနေရာ၌ တာဝန်ကျနေသော ဒီဗရယ် (ဆူ၏ခင်ပွန်း)က တာဝန်လွှဲပေးပြီး ထွက်သွားလေသည်။

မာလိန်မှူးကြီး ကပ္ပိတန် အမ်းစထရောင်းသည် ထွက်ခွာမသွားမီ ဖရေဇာနှင့် ခေတ္တစကားပြောလေသည်။

'ဘယ့်နှယ့်လဲဗျ၊ ညွှန်ခံပွဲ (ပါတီ) အခြေအနေ ဘယ်လိုရှိသလဲ'

'အားလုံး ပျော်နေကြပါတယ်၊ အယ်လစ်ဇဘက်ကတောင် ပြောနေသေးတယ်၊ ကပ္ပိတန်ကြီး တယောက်တော့ ပါတီကိုလာပြီး မျက်နှာပြဖို့မှာ မဟုတ်ဘူးတဲ့'

ဖရေဇာက ပြောလိုက်ရာ ကပ္ပိတန် အမ်းစထရောင်းသည် ပြုံးလိုက်သည်။

သူသည် အင်္ဂလန်နိုင်ငံ ဇနီး အယ်လစ်ဇဘက်နှင့် အထူး ခင်မင်ရင်းနှီးသူဖြစ်၍ ပြုံးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်လား၊ ဒီလိုဆိုယင် မဖြစ်ဘူး၊ ကျုပ်ကိုယ်တိုင် သူတို့ပါတီကိုသွားမှ ဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



၅

ဤသို့ပြော၍ကပ္ပတိန်ကြီးလည်းထွက်သွားရာ ဖရေဇာသည် မြို့၌ ကျန်ရစ်လေသည်။

ထို့နောက် သူသည် တာဝန်ဝတ္တရားအရ သင်္ဘော၏ဦးတည် လမ်းကြောင်းနှင့် ခုတ်မောင်းနေသည့် မိုင်နှုန်း စသည်တို့ကို စစ်ဆေးကြည့်ရှုလေသည်။

သူတို့၏ သင်္ဘောကြီးသည် နောက်လေးနာရီခန့် ကြာလျှင် ဗီနစ်သောင်အရှည့်သို့ ရောက်ရှိလိမ့်မည်ဟုလည်း ခန့်မှန်းတွက်ချက်မိ လေသည်။

ယခုအချိန်အထိ ပြဿနာအခက်အခဲဟူ၍ လုံးဝ မရှိချေ။

ထိုအချိန်၌ မိုးရွာစပြုလာသည်။

နောက်ဆုံး ရရှိသော သတင်းအရ သင်္ဘောကြီး ရောက်ရှိနေသော ဘစ်ကေး ပင်လယ်အော်အတွင်း မိုးသက် မုန်တိုင်း ကျရောက်နိုင်သည်ဟု ဆိုသည်။ သို့သော် မိုနီလစ် ရေနံတင် သင်္ဘောကြီးအနေဖြင့် တန်ချိန် လှိုင်းလေထန်ခြင်းဒဏ်ကို ကောင်းစွာ ခံနိုင်သဖြင့် စိုးရိမ်ဖွယ်ရာ မရှိလှချေ။

သင်္ဘောကုန်းပတ် ဦးပိုင်းတွင် တာဝန်ကျနေသူ ပထမအရာရှိ ဖရေဇာ အပါအဝင် သင်္ဘောသားများသည် စိတ်အေး လက် အေး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြလေသည်။

ဖရေဇာသည် ကွယ်လွန်သူချစ်ဇနီး မွန်းပြင်ရာကို သတိရနေမိ လေသည်။

သူတို့တွင် သားသမီးလည်း မထွန်းကားသဖြင့် စောစောက ညှော်ခံပွဲပါတီမှ ပျော်ရွှင်စွာ မြူးထူးနေကြသော ကလေးများကို



မြင်ယောင်ကာ မိမိတို့တွင် သားသမီးရှိလျှင် ကောင်းလေစွ ဟု လည်း တောင့်တမိလေသည်။

သို့နှင့်ပင် အချိန်တဖြည်းဖြည်း ကုန်သွားလေသည်။

* * *

နှစ်နာရီခွဲရှန် ငါးမိနစ်ခန့် အလိုတွင် ရေဒါစက်တွင် တာဝန်ယူ နေသူ တတိယအရာရှိ ပီးလစ်က

'မစ္စတာဖရေဇာ ခင်ဗျား'

ဟု လှမ်းခေါ်လိုက်သဖြင့် ဖရေဇာလည်း ရေဒါစက်ကိရိယာ ရှိရာဘက်သို့ လျှောက်သွားလိုက်သည်။

ပီးလစ်က ရေဒါစက်၏ ပိတ်ကားပေါ်တွင် ပေါ်နေသော အခြား သင်္ဘောတစင်း၏သဏ္ဌာန်ကို ညွှန်ပြလေသည်။

'ဒီသင်္ဘောက ကျွန်တော်တို့သင်္ဘောရဲ့ အရှေ့မြောက်ဘက် မှာ ရှိနေပြီး အနောက်တောင်ဘက်ကို ဦးတည် ခုတ်မောင်း နေတယ်၊ ဒီတိုင်းဆက်လာယင် ကျွန်တော်တို့ သင်္ဘောရှိရာကို တည့်တည့်ကြီး လာနေတယ်ခင်ဗျ'

ပီးလစ်က ပြောနေစဉ် ဖရေဇာလည်းရေဒါစက်မှထိုသင်္ဘော ၏ သဏ္ဌာန်ကို ဂရုစိုက်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ရေဒါစက်အကြောင်း ကျွမ်းကျင် နားလည်သူ ဖြစ်၍ ခန့်မှန်း တွက်ချက်ပြလေသည်။

'ရေဒါစက်မှာ လာပေါ်နေတဲ့ သင်္ကေတအရ ဆိုယင် အဲဒီ သင်္ဘောဟာ တန်ချိန်တသောင်းလောက် ရှိတဲ့ သင်္ဘော အရွယ် အစားဖြစ်မယ်....ဒါလောက် သင်္ဘော အရွယ် ပမာဏ ဆိုယင် တနာရီကို ရေမိုင် ၁၅ မိုင်နှုန်းလောက် ခုတ်မောင်းနိုင်တယ်၊ ဒါကြောင့် အခု ခုတ်မောင်းလာတဲ့ဦးတည်လမ်းကြောင်းအတိုင်း ဆက်မောင်းလာယင် နောက် လေးဆယ့်ငါးမိနစ် အကြာမှာ ကျွန်တော်တို့သင်္ဘောနဲ့ ဝင်တိုက်မိလိမ့်မယ်'

'ဒီလိုဆိုယင် ကျွန်တော်တို့ သင်္ဘောရဲ့ဦးတည်လမ်းကြောင်း ပြောင်းလိုက်ရမှာလား ဆရာ'

ဖိုးလစ်က ပြန်မေးလိုက်သည်။

'နေဦးကွ၊ ခဏစောင့်ကြည့်ယင်ကောင်းမယ်၊ ငါတို့ သင်္ဘောဟာလဲ သူတို့ရဲ့ရေဒါစက်မှာ သွားပေါ်နေမှာမို့ သူတို့မြင်မှာပဲ၊ သူတို့သင်္ဘောက အရွယ်ပမာဏ ပိုငယ်တဲ့အတွက် ရှောင်တိမ်းသွားပိုလွယ်ကူတယ်၊ ဒါကြောင့် သူတို့ရဲ့ ဦးတည် လမ်းကြောင်း ပြောင်းမလားလို့ ခဏ စောင့်ကြည့်ကြရအောင်'

ဖရေဇာက ပြောပိုက်ပြီး နောက်ငါးမိနစ်ခန့်စောင့်ကြည့်နေလိုက်ကြသည်။

ဖိုးလစ်က ရေဒါစက်ကိုကြည့်ယင်း....

'တခုရှိတယ် ဆရာ၊ သူတို့သင်္ဘောက သင်္ဘောဟောင်းဖြစ်လို့ ခေတ်မီတဲ့ ရေဒါစက်ကိရိယာမျိုး ပါချင်မှပါမယ်'



ဟု မှတ်ချက်ချလိုက်ပြန်ရာ ဖရေဇာလည်း မိမိတို့အနေဖြင့် ဘာလုပ်လျှင် ကောင်းမည်နည်းဟု စဉ်းစား ချိန်ဆနေလေသည်။

မိမိတို့သင်္ဘောကြီး၏အရှိန်ကိုလျှော့၍ တဘက်သင်္ဘောအား သွားမြဲလမ်းကြောင်းအတိုင်း ဖြတ်မောင်းသွားစေရမည်လော၊ သို့တည်းမဟုတ် မိမိတို့၏ သင်္ဘောကြီးသွားနေသည့် ဦးတည်လမ်းကြောင်းကိုပင် ပြောင်းလိုက်ရမည်လော။

လမ်းကြောင်း ပြောင်းမည်ဆိုလျှင် လက်ဝဲဘက် သို့မဟုတ် လက်ယာဘက်သို့ ကွေ့ရမည်လောဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

ယင်းသို့ကွေ့မည်ဆိုလျှင်အန္တရာယ်ရှိနိုင်ပြန်သည်။ ထိုအချိန်၌ တဘက်သင်္ဘောမှ အရာရှိများက ရေဒါစက်တွင် မိမိတို့၏မှန်သင်္ဘောကြီးကိုမြင်ပြီး မိမိတို့ လမ်းကြောင်းပြောင်းရန် ကွေ့သည့်ဘက်သို့ပင် လိုက်ကွေ့ပါက သင်္ဘောနှစ်စင်းသည် တိုက်မိနိုင်ပေသည်။

ဖရေဇာသည် ဤသို့ အမျိုးမျိုးစဉ်းစားယင်း နောက်ထပ် ငါးမိနစ်ခန့် စောင့်ကြည့်နေပြန်သည်။

ထို့နောက် သူသည် စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့် မာလိန်မှူးကြီး၏အခန်းသို့ တယ်လီဖုန်း လှမ်းဆက်လိုက်သည်။

ကပ္ပိတန် အမ်းစထရောင်းလည်း ချက်ချင်း တယ်လီဖုန်းကို ပြန်ဖြေလေသည်။

'ဟဲလို'

'ကပ္ပိတန်ကြီး ခင်ဗျား၊ ကျွန်တော် ဖရေဇာပါ၊ အခုလို အနှောင့်အယှက်ပေးရတာကို တောင်းပန်ပါတယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သင်္ဘောက တခြား သင်္ဘောတစင်းနဲ့ ဝင်တိုက်မိ တော့မယ့် လမ်းကြောင်း ရောက်နေပါတယ်၊ ဒါကြောင့် ကျွန်တော်က ဦးတည်လမ်းကြောင်း ပြောင်းလိုက်ဖို့ စိတ်ကူး ပါတယ်'

'ဟုတ်လား၊ ကျုပ်ကိုယ်တိုင် အခုပဲလာခဲ့ပါမယ်'

ကပ္ပိတန်ကြီးက ပြန်ဖြေသည်တွင် ဖရေဇာသည်း တယ်လီ ဖုန်းကို ပြန်ချလိုက်ပြီးနောက် ရေဒါစက်ကိုကြည့်ယင်း စောင့်နေလိုက်သည်။

ရေဒါစက်တွင် တဘက်သင်္ဘော၏သင်္ကေတ ကမိမိတို့သင်္ဘော ရှိရာဘက်သို့ တည့်မတ်စွာပင် လာလျက်ရှိကြောင်း မြင်နေရ သေးသည်။

မာလိန်မှူးကြီး ကပ္ပိတန် အမ်းစထရောင်းသည် ချက်ချင်း လိုပင် ရောက်လာပြီး သူတို့သင်္ဘောကြီး၏ ဦးတည်လမ်းကြောင်း နှင့် အနေအထား၊ ခုတ်မောင်းနေသည့် မိုင်နှုန်းများကို မေးလေ သည်။

ဖရေဇာက ပြောပြလိုက်သောအခါ ကပ္ပိတန်ကြီးက....

'ခင်ဗျားအနေနဲ့ ဘယ်လိုလုပ်မယ် ရည်ရွယ်သလဲ'

ဟု ပြန်မေးလေသည်။

'ကျွန်တော်က ဒီသင်္ဘောကြီးကို လက်ယာဘက် နှစ်ဆယ် ဒီဂရီ ကွေ့လိုက်မယ် စိတ်ကူးပါတယ်'

'ဒီလိုဆိုယင် ကျုပ်တို့က ကမ်းဝိုးတန်းဘက်ဦးတည်သွားသလို ဖြစ်သွားလိမ့်မယ်၊ တကယ်လို့ တဘက်သင်္ဘောက ဒီကမ်းရိုးတန်း



ကဆိပ်ကမ်းမြို့တမြို့ကို ဦးတည်သွားနေတာဆိုယင် သူတို့ကလဲ ညာဘက်ကွေ့ပြီး ကမ်းရိုတန်းဘက် လှည့်လာလိမ့်မယ်'

'ကျွန်တော်တော့ မထင်ဘူးခင်ဗျ၊ သူတို့က ကမ်းရိုးတန်း ဘက် သွားမယ်ဆိုယင် ခပ်စောစောက ကွေ့ဖို့သင့်တယ်၊ အခု တော့ သူတို့ဟာ မူလ ဦးတည်လမ်းကြောင်းအတိုင်း တောက် လျှောက် ခုတ်မောင်းနေပါတယ်၊ ကမ်းရိုးတန်းဘက်ကွေ့လာ မယ် မထင်ပါဘူး'

'ကောင်းပြီလေ၊ ခင်ဗျား၏ဆုံးဖြတ်ချက်ကို ကျုပ် သဘော ကျပါတယ်'

ကပ္ပိတန်ကြီးက ပြောလိုက်သဖြင့် ဖရေဇာသည် ပဲ့ကိုင် မောင်းနေသူ သင်္ဘောသားဘက် လှည့်၍ အမိန့်ပေးလိုက်သည်။

'ဟော့....လက်ယာဘက်ကို ဒီဂရီနှစ်ဆယ် ကွေ့မောင်းလိုက်'

သင်္ဘောသားလည်း ထိုအမိန့်အတိုင်း ပဲ့ကိုင်စက်ဝိုင်းကို ကွေ့မောင်းလိုက်ရာ မိန်နိုလစ်သင်္ဘောကြီးသည် ပင်လယ်ပြင်တွင် ဖြည်းဖြည်းချင်း လှည့်ကွေ့စပြုလေသည်။

ပြင်ဘက်တွင်ကား မိုးက သဲသဲမဲမဲရွာလျက်ရှိပြီး ပင်လယ်ပြင် တဝန်းကျင်တခုလုံး မှောင်မည်း နေလေသည်။

နောက်နှစ်မိနစ်ခန့်ကြာသောအခါ ရေဒါစက်ကိုကြည့်နေသူ တတိယအရာရှိ ဖီးလစ်က....

'တဘက်သင်္ဘောကလဲ ဦးတည်လမ်းကြောင်း လိုက်ပြောင်း သွားတယ်၊ ကျွန်တော်တို့နဲ့ ဝင်တိုက်မယ့် လမ်းကြောင်းအတိုင်း ရောက်နေပြန်ပြီ'

ဟု စိုးရိမ်ဟန်ဖြင့် လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ကြီးနှင့် ဖရေဇာတို့လည်း ရေဒါစက်အနီးသို့ လာ၍ ကြည့်ကြလေသည်။

ကပ္ပတိန် အမ်းစထရောင်းသည် ရေဒါစက်တွင် တဘက် သင်္ဘော၏ သင်္ကေတကို ကြည့်ပြီးနောက်

'အင်ဂျင်စက်ကို အရှိန်လျှော့လိုက်'

ဟု အမိန့်ပေးလိုက်သည်။

တာဝန်ကျ သင်္ဘောသားကလည်း ထိုအမိန့်ကို အင်ဂျင်စက် ခန်းသို့ ဆက်၍ အကြောင်းကြားလိုက်သည်။

ကပ္ပတိန် အမ်းစထရောင်းနှင့် ပထမအရာရှိ ဖရေဇာတို့သည် ရေဒါစက်မှ တဘက်သင်္ဘော၏ သင်္ကေတကို ကြည့်ယင်း စိုးရိမ် မကင်း ဖြစ်နေကြလေသည်။

တဘက် သင်္ဘောမှ မာလိန်မှူး (ကပ္ပတိန်) က သူတို့ အခြားကို သိမြင်ပြီး အနှိန်ပြုမြဲကာ လမ်းကြောင်းပြောင်းလိ မည်ဟု မျှော်လင့်နေကြလေသည်။

သူတို့အနေဖြင့် အလွန်ရင်ဖိုစွာဖြင့် စောင့်နေကြရခြင်း ဖြစ် လေသည်။

သို့ရာတွင် တဘက် သင်္ဘောသည် ဦးတည် လမ်း ကြောင်း ပြောင်းတော့ပုံမပေ မိမိတို့သင်္ဘောရှိရာဘက်သို့ တည့်မတ်စွာ ဆက်လက်ခုတ်မောင်းလာနေလေသည်။

ထိုအချိန်၌ သင်္ဘောနှစ်စင်း၏အကွာအဝေးမှာ အယ်နှစ်မိ ခန့်သာ ရှိတော့သဖြင့် အလွန် စိုးရိမ်ဖွယ် ကောင်းနေပြီ ဖြစ် သည်။



ကပ္ပတိန်ကြီးသည် တစုံတခု ဆုံးဖြတ်လိုက်ဟန်ဖြင့် တတိယ အရာရှိ ဖီးလစ်အား လှမ်းအမိန့်ပေးလေသည်။

'ဟေ့ ဖီးလစ်၊ ရေဒီယိုအရာရှိကို မြန်မြန် သွားပြောစမ်း၊ ဟိုဘက်သင်္ဘောကို ရေဒီယိုနဲ့ ဆက်သွယ် စကားပြောကြည့်ပါလို့ ပြော'

'ဟုတ်ကဲ့....ကပ္ပတိန်ကြီးခင်ဗျား'

ဖီးလစ်က ပြောပြောဆိုဆို ရေဒီယိုစက်ခန်းဘက်သို့ လျင်မြန်စွာ ထွက်သွားလေသည်။

ကပ္ပတိန် အမ်းစထရောင်းသည် ဖရေဇာဘက်သို့ လှည့်၍ သူ၏ ဆုံးဖြတ်ချက်ကို ပြောလေသည်။

'ကျုပ်တို့က အခုသွားနေတဲ့ ဦးတည်လမ်းကြောင်းအတိုင်း အရှိန်လျှော့ပြီး ငါးမိနစ်လောက် ခုတ်မောင်းသွားမယ်၊ ငါးမိနစ် ပြည့်လို့မှ ဟိုဘက်သင်္ဘောက လမ်းကြောင်းမပြောင်းပဲ ရေဒီယို နဲ့လဲ ဆက်သွယ်လို့မရယင် ကျုပ်တို့က မူလသွားနေခဲ့တဲ့ လမ်း ကြောင်းကို ပြန်ပြောင်းပြီး ခုတ်မောင်းကြမယ်'

ပထမအရာရှိ ဖရေဇာသည် သဘောပေါက်ဟန်ဖြင့် ခေါင်း ညိတ်လိုက်သည်။

ထိုအချိန်၌ ရေဒီယိုစက်ခန်းထဲမှ ဒုတိယ ရေဒီယိုအရာရှိ အန်တိုနီသည် ရုတ်တရက် ထွက်လာပြီး တံခါးဝတွင် ဖီးလစ်နှင့် ဆုံမိလေသည်။

အန်တိုနီ၏ မျက်နှာ အမူအရာမှာ စိုးရိမ်မကင်း ဖြစ်သည့် ဟန်မျိုး ဖြစ်နေကာ ဖီးလစ်လက်သို့ စာရွက်တရွက် လှမ်းပေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယအရာရှိဖီးလစ်က ထိုစာရွက်ကို ယူ၍ ပြန်လှည့်လာလေသည်။

သူသည် စာရွက်ကို ဖတ်ကြည့်ပြီး ကပ္ပီတန်ကြီးအား သတင်းပို့ အစီရင်ခံလေသည်။

'ဟိုဘက် သင်္ဘောက ရေဒီယို ဆက်သွယ်ပါတယ်၊ သူတို့ ဒုက္ခရောက်နေလို့ အကူအညီတောင်းနေပါတယ် ကပ္ပီတန်ကြီး ခင်ဗျား'

## အခန်း ၇

'သူတို့ ရေဒီယိုနဲ့ ဆက်သွယ်အကြောင်းကြားတာ ဒါပဲလား'

ကပ္ပီတန်ကြီးက ဖီးလစ် လက်မှ စာရွက်ကို ကြည့်ယင်း မေးလိုက်သည်။

'ဟုတ်ကဲ့ခင်ဗျ၊ အခုတော့ ဒါလောက်ပဲ သတင်းရပါသေးတယ်၊ မစ္စတာအန်တိုနီက ရေဒီယိုနဲ့ ပြန်ဆက်သွယ်ပြီး အသေးစိတ် အချက်အလက်တွေ ဖမ်းနေပါတယ်'

ဖီးလစ်က ပြန်ပြောလိုက်ပြီးနောက် ကပ္ပီတန် အမ်းစထရောင်းသည် စာရွက်ကို ယူ၍ ဖရေဇာအား လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ ဆက်သွယ်တာက ဒုက္ခရောက်နေလို့ အကူအညီတောင်းတဲ့ မေဒေး ဆိုတဲ့ သင်္ဘောကိုသာ အကြောင်းကြားတယ်၊ သူတို့သင်္ဘောနာမည်၊ ရောက်ရှိနေတဲ့နေရာအနေအထား၊ အဲဒီအချက်တွေကိုတော့ ဘာမှအကြောင်းမကြားဘူး၊ ဒါပေမယ့် သူတို့က ကျုပ်တို့သင်္ဘောနဲ့ အတော်နီးကပ်နေပြီဗျ'

'ဟုတ်ပါတယ်၊ အခုဆိုယင် ဆယ့်တစ်မိုင်လောက်ပဲ ကွာဝေးတဲ့ နေရာကို ရောက်နေပါတယ်'

ဖရေဇာက ပြန်ပြောလိုက်ပြီးနောက် ကပ္ပတိန်ကြီးသည် အနီးရှိ သင်္ဘောသားတဦးအား လှမ်း၍အမိန့်ပေးလိုက်သည်။

'မင်းက ရေဒီယိုစက်ခန်းကို သွားပြီး စောင့်နေစမ်း၊ တဘက်သင်္ဘော ရေဒီယိုအဆက်သွယ် ရယင် ဘာလဲဆိုတာ ငါချက်ချင်းသိချင်တယ်၊ မင်းက ရေဒီယိုစက်ခန်း သတင်းပို့ချက် စာရွက်ကို အမြန်ဆုံး ဒီကို ယူလာခဲ့'

'ကောင်းပါပြီခင်ဗျ'

ပြောပြောဆိုဆို သင်္ဘောသား လူငယ်သည် လျင်မြန်စွာ ထွက်သွားလေသည်။

ထို့နောက် ကပ္ပတိန်ကြီးနှင့်တကွ ပထမအရာရှိ ဖရေဇာ၊ တတိယအရာရှိ ဖီးလစ်တို့သည် ဘာမှ မပြောကြတော့ပဲ ရေဒါစက်ကိုသာ အာရုံစိုက် ကြည့်နေကြလေသည်။

'ဟော ... သူတို့သင်္ဘော ရုပ်သွားပြီခင်ဗျ'

ဖီးလစ်က ရုတ်တရက်ပြောလိုက်ရာ ဖရေဇာလည်း ရေဒါစက်ကို သေချာစွာကြည့်ပြီး



'ဟုတ်တယ်.... ဒီက ကိုးမိုင်လောက် အကွာမှာ ဟိုသင်္ဘော ရပ်နေတယ်'

ဟု ပြောလိုက်သည်။

ထို့နောက် ဖရေဇာနှင့် ဖီးလစ်တို့သည် ကပ္ပတိန်ကြီးအား လှမ်းကြည့်၍ မည်သို့ အဆုံးအဖြတ်ပေးမည်ကို စောင့်နေလိုက်ကြသည်။ ဆုံးဖြတ်ရန်ကလည်း မလွယ်ကူလှကြောင်းကို သူတို့နှစ်ဦးစလုံးက ကောင်းစွာသိကြပေသည်။

မိုနိုလစ် ရေနံတင်သင်္ဘောကြီးမှာ တန် ၂၅၀၀၀၀ရှိ ရေယာဉ်ကြီးဖြစ်ရာ ရုတ်တရက် ရပ်ရန်မလွယ်ကူချေ။

ဆိပ်ကမ်းတခုသို့ရောက်၍ ရပ်မည်ဆိုလျှင် အချိန် နှစ်နာရီခန့်ကြို၍ ဆိပ်ကမ်းမရောက်မီ နှစ်ဆယ့်ငါးမိုင်အကွာမှစ၍ စက်အရှိန်ကို လျှော့ရပေသည်။

သင်္ဘော အရွယ်အစား ပမာဏက ကြီးမားလွန်း သဖြင့် ကွေ့မည်ဆိုလျှင်လည်း နေရာ အကျယ်အဝန်း များစွာ လိုအပ်လေသည်။

ရပ်ချင်သည့်နေရာနှင့် ငါးမိုင်အကွာမှာမှ သင်္ဘောကြီးကို ရပ်မည်ဆိုလျှင် မည်သို့မှမဖြစ်နိုင်ချေ။

ထို့ကြောင့် ကပ္ပတိန်ကြီးက မည်သို့ ဆုံးဖြတ်မည်ကို စောင့်ကြည့်နေကြခြင်း ဖြစ်လေသည်။

ထိုအခိုက် ယိတ်အမည်ရှိ သင်္ဘောသား လူငယ်သည် ရေဒီယိုစက်ခန်းမှ ထွက်လာပြီး သတင်းပို့လေသည်။

'ကပ္ပတိန်ကြီးခင်ဗျား၊ မစ္စတာ အန်တိုနီက အကြောင်းကြားခိုင်းလိုက်ပါတယ်၊ တဘက်သင်္ဘောက ရေဒီယို ဆက်သွယ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူတို့ ဒုက္ခရောက်နေလို့ အကူအညီ တောင်းတာကိုပဲ ဆက် အကြောင်းကြားနေပါတယ်တဲ့၊ တခြား ဘာအချက်အလက်မှ သတင်းမပို့ဘူးလို့လဲ ပြောပါတယ်'

'ကောင်းပြီ... မစ္စတာ ဆန်တီဒိုကို နောက်ထပ် ကြိုးစားပြီး ဆက်သွယ်ကြည့်ပေါ့'ဟု ပြောလိုက်

ကပ္ပတိန်ကြီးက ပြောလိုက်ရာ သင်္ဘောသား ယိတ် ဆိုသူလည်း ရေဒီယိုခန်းဆီသို့ ပြန်လှည့်သွားလေသည်။

ထိုအတောအတွင်း တတိယအရာရှိ မီးလစ်သည် ရေဒါစက်ကို ကြည့်ယင်း စိုးရိမ်ကြောင့်ကြနေပုံ ရလေသည်။

'ဟို သင်္ဘောက ဘယ်လိုသဘောနဲ့ အချက်အလက် အပြည့်အစုံ အကြောင်းမကြားတာလဲဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့ မရဘူး'

ထိုအခါ ပထမအရာရှိ ဖရေဇာက သူ၏ ထင်မြင်ချက်ကို ပြောပြလေသည်။

'သူတို့သင်္ဘောက မေဒေး ဆိုတဲ့ သင်္ကေတနဲ့ အကူအညီ တောင်းတာကို ဆက်သွယ်သူဟာ ကျွမ်းကျင်တဲ့ ရေဒီယို အရာရှိ ဖြစ်ဟန်မတူဘူး။ ကျုပ်တို့သင်္ဘောက လှမ်းမေးတာကို ဒါကြောင့် ပြန်မဖြေတာ ဖြစ်နိုင်တယ်၊ ရေဒီယိုဆက်သွယ်တဲ့အခါ သင်္ဘောရဲ့ နာမည်၊ လက်ရှိနေရာအနေအထားကိုအယင်ဆုံးအကြောင်းကြား ရစမြဲဆိုတာ ရေဒီယိုအရာရှိမှန်သမျှ သိပြီးသားပဲ။ ကျုပ်ထင်တာ ပြောရယင် ဟိုသင်္ဘောမှာ ပြဿနာတခုခုဖြစ်ပြီး ရေဒီယိုအရာရှိနဲ့ သင်္ဘောကုန်းပတ် အရာရှိတွေက ဘာမှ မလုပ်နိုင် လောက်တဲ့ အခြေအနေမျိုး ဖြစ်နိုင်တယ်'



ဖရေဇာ၏စကားကို ကပ္ပတိန်အမ်းစထရောင်းက သဘောတူ လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် တခုဖြစ်နိုင်တာက ဟိုသင်္ဘောပေါ်မှာမီးလောင် နေသလား၊ ဒါမှမဟုတ် ပေါက်ကွဲမှု တခုခု ဖြစ်သလား မပြော တတ်ဘူး၊ ပြဿနာ အခက်အခဲတခုခုတော့ ရှိနေရမယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့အနေနဲ့ သူတို့က အကူအညီတောင်းတာကို လျစ်လျူရှုလို့မဖြစ်ဘူး၊ ဟိုမှာ ဘာဖြစ်နေတယ် ဆိုတာကို သိဖို့ ကလဲ တနည်းပဲရှိတယ်'

ဤသို့ပြောပြီးနောက် ကပ္ပတိန်ကြီးသည် သင်္ဘော အင်ဂျင် နီယာချုပ် ဖာဂူဆန်၏ အခန်းသို့ တယ်လီဖုန်း လှမ်းဆက် လိုက်သည်။

'ဟဲလို မစ္စတာဖာဂူဆန်၊ ကျုပ် ကပ္ပတိန် အမ်းစထရောင်း စကားပြောနေပါတယ်၊ သင်္ဘောတစင်းက ကျုပ်တို့ဆီ ရေဒီယို ဆက်သွယ်ပြီး အကူအညီတောင်းနေတယ်၊ ဒါကြောင့် ခင်ဗျား ကိုယ်တိုင် အင်ဂျင်စက်ခန်းကိုသွားပြီး ကြီးကြပ်စေချင်ပါတယ်၊ ကျုပ်က ဒီသင်္ဘောကြီးကို အရေးပေါ်ကိစ္စ အနေနဲ့ ခဏ ရပ်ဖို့ အမိန့်ပေးလိုက်မှာ ဖြစ်ပါတယ်'

* * *

မိနိုလစ်သင်္ဘောကြီးသည် ဝေဝေဝက အင်ဂျင်စက်ရှိန်ကို လျှော့ ထားပြီးဖြစ်၍ ကပ္ပတိန်ကြီးက ရပ်ရန်အမိန့်ပေးလိုက်ပြီးနောက် သုံးဆယ့်ငါးမိနစ်ခန့် အကြာတွင် လုံးဝ ရပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘော၏ အရွယ်အစား ပမာဏက ကြီးမားလွန်း သဖြင့် တဘက်သင်္ဘောနှင့် မတိုက်မိရန်လည်း အထူးသတိထားပြီးပဲ့ကိုင် စက်ဝိုင်းကို ထိန်းမောင်းရလေသည်။

ကပ္ပ°တန် အမ်းစထရောင်းသည် ဝါရင့်သလောက် အထူး ကျွမ်းကျင်သော မာလိန်မှူးကြီးတဦး ဖြစ်၍ သင်္ဘောကြီးကို ကောင်းစွာ ကြီးကြပ် ထိန်းမောင်းနိုင်လေသည်။

မိုနီလစ်သင်္ဘောကြီး လုံးဝရပ်သွားချိန်တွင် တဘက် သင်္ဘောမှာ မိုင်ဝက်ခန့် အကွာ ပင်လယ်ပြင်တွင် ရှိနေလေသည်။

ပထမအရာရှိ ဖရေဇာသည် သင်္ဘော ကုန်းပတ် ဦးပိုင်းမှ နေ၍ တဘက်သင်္ဘောဆီသို့ အသေးကြည့် မှန်ပြောင်းဖြင့် လှမ်းကြည့်နေလေသည်။

ထိုအခိုက်၌ မိုးစဲသွားပြီဖြစ်၍ မှောင်နေသော်လည်း တဘက် သင်္ဘောမှ မီးရောင်များကို မြင်ရလေသည်။

ဖရေဇာသည် မှန်ပြောင်းဖြင့် ကြည့်ယင်း တဘက်သင်္ဘော သည် တန်ချိန်တသောင်းခန့်ရှိ ကုန်တင် သင်္ဘောတစင်း ဖြစ် ကြောင်း ခန့်မှန်း သိရှိလေသည်။

ခဏမျှအကြာတွင် ထို သင်္ဘော၏ ဦးပိုင်းတွင်ရေးထားသော သင်္ဘောအမည်ကိုလည်း ဖတ်၍ ရလေတော့သည်။

'သင်္ဘော နာမည်ကတော့ ရိုင်းလင်း ဖြစ်တယ်၊ ဂျာမန် သင်္ဘောတစင်းဖြစ်ဖို့များတယ်၊ ထူးဆန်းတာက ကုန်းပတ်ပေါ် မှာ လူတယောက်မှ မတွေ့ရဘူး၊ ဘာမှ ထိခိုက် ပျက်စီးတာကို လဲ မမြင်ရဘူး'



ဖရေဇာကပြောလိုက်လျှင် ကပ္ပ°တန်ကြီးသည်ဘာမှမပြောပဲ တဘက်သင်္ဘောအား သေချာစွာ လှမ်းကြည့်နေလေသည်။

'သင်္ဘောအခြေအနေမဟန်လို့ လူတွေက သင်္ဘောကို စွန့်ခွာ သွားကြတာလား မသိဘူး'

ဗီးလစ်က ဤသို့ပြောရာ ဖရေဇာက ခေါင်းခါပြလေသည်။

'မဖြစ်နိုင်ဘူး၊ သင်္ဘောအခြေအနေကြည့်ရတာ ဘာမှထိခိုက် ပျက်စီးနေပုံမရဘူး၊ ရေဝင်လို့ နစ်မြုပ်မယ့် ပုံမျိုး သင်္ဘော တဘက်စောင်းနေတာမျိုးလဲ မမြင်ရဘူး၊ ဒါကြောင့် သူတို့ လူတွေက သင်္ဘောကို စွန့်ခွာသွားစရာအကြောင်း မရှိဘူး'

ထိုအချိန်၌ ရိုင်းလင်းသင်္ဘောမှ ရေဒီယိုဖြင့် အကူ အညီ တောင်းသည့် ဆက်သွယ်မှုသည် ရပ်သွားပြီ ဖြစ်သည်။

လွန်ခဲ့သော ဆယ်မိနစ်ခန့်က စ၍ သူတို့ ရေဒီယိုမှ လုံးဝ ဆက်သွယ်ခြင်း မပြုတော့ရာယင်းသည်ပင်လျှင် အလွန် ထူးဆန်း နေပေသည်။

ပထမအရာရှိ ဖရေဇာသည် တဘက်သင်္ဘောကို လှမ်းကြည့် နေရာမှ

'သူတို့သင်္ဘော လက်ဝဲဘက်က အသက်ကယ် လှေတွေက မူလနေရာမှာပဲ ရှိနေသေးတယ်၊ တကယ်လို့ လူတွေက သင်္ဘော ကို စွန့်ခွာသွားပြီဆိုယင် လက်ယာဘက် ကုန်းပတ်က အသက် ကယ်လှေတွေကို အသုံးပြုတာ ဖြစ်ရမယ်'

ဟု ပြောလိုက်သည်။

သို့ရာတွင် ရိုင်းလင်းသင်္ဘော၏ ဘေးပတ်ဝန်းကျင် ပင်လယ် ပြင်တွင် အသက်ကယ်လှေများ လုံးဝ မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန် အမ်းစထရောင်း သည်လည်း အဝေးကြည့် မှန်ပြောင်းဖြင့် လှမ်းကြည့်ပြီးနောက် ဖခရစ္စာဘက်သို့ ပြန်လှည့်၍ သူ၏ ဆုံးဖြတ်ချက်ကို ပြောလေသည်။

'ကျုပ်တို့ လက်ယာဘက် ကုန်းပတ်က အသက်ကယ်လှေကို ရေချမယ်၊ ဒုတိယအရာရှိ ဒီးချရယ်က အဲဒီလှေနဲ့ လိုက်ပါပြီး သင်္ဘောအမှုထမ်း တချို့ချပေးလိုက်မယ်၊ မစ္စတာ ဖခရစ္စာ ခင်ဗျား ကိုယ်တိုင် အသက်ကယ်လှေကို ဦးစီးကွပ်ကဲပြီး သွားရမယ်၊ ဒီးချရယ်ကတော့ အသက်ကယ်လှေကို ရေထဲချပေးပြီးတာနဲ့ ကျုပ်ဆီ ပြန်လာပြီး သတင်းပို့ဖို့ ပြောလိုက်ပါ'

ထို့နောက် ကပ္ပတိန်ကြီးသည် ရေဒီယိုအရာရှိချုပ် စပင်စာ ဆိုသူကိုပါ ခေါ်၍ ညွှန်ကြားချက် ပေးပြန်သည်။

'မစ္စတာ စပင်စာ၊ ခင်ဗျားက အခုချိန်ကစပြီး ရေဒီယိုစက်ခန်းကို တာဝန်ယူလိုက်ပါ၊ ခင်ဗျားရဲ့ လက်ထောက် အန်တိုနီကို မစ္စတာ ဖခရစ္စာနဲ့အတူ အသက်ကယ်လှေနဲ့ ထည့်လိုက်ချင်တယ်၊ ဒါမှ ဟိုဘက်သင်္ဘောကို သွားစုံစမ်းတဲ့အခါ အသက်ကယ်လှေပေါ်က အရေးပေါ်ရေဒီယိုစက်နဲ့ ကျုပ်တို့ဆီ အဆက်မပြတ် သတင်းပို့ ဆက်သွယ်နိုင်မယ်'

ဤသို့ပြောပြီးနောက် ကပ္ပတိန်ကြီးသည် ဖီးလစ်ဘက်သို့ လှည့်၍ 'ဖီးလစ်ကလဲ မစ္စတာ ဖခရစ္စာနဲ့အတူ အသက်ကယ်လှေနဲ့ လိုက်သွားရမယ်'

ဟု အမြေ့ပေးလိုက်သည်။

ရေဒီယိုအရာရှိချုပ် စပင်စာသည် ညွှန်ကြားချက် အတိုင်း ရေဒီယိုစက်ခန်းတွင်းသို့ ဝင်သွားလိုက်ပြီး မကြာမီ သူ၏ လက်



ထောက် အန်တိုနီက ပြန်ထွက်လာလေသည်။ ထိုအချိန်၌ ဖခရစ္စာနှင့် ဖီးလစ်တို့သည် မိုးရေခံ ဆီစိမ်မိုးကာအင်္ကျီများ ဝတ်ဆင်နေကြပြီ ဖြစ်သည်။

အန်တိုနီလည်း အလားတူ မိုးကာအင်္ကျီတထည် ယူ၍ဝတ်လိုက်သည်။

ကပ္ပတိန်ကြီးသည် ပထမအရာရှိ ဖခရစ္စာအား ခပ်လှမ်းလှမ်းသို့ ခေါ်သွားပြီးနောက် ခပ်တိုးတိုး သတိပေးလေသည်။

'ဒီမယ် ဟိုသင်္ဘောနားကိုရောက်ရင် အထူး သတိထားပြီး ချဉ်းကပ်ပါ၊ ကျုပ်စိတ်ထဲမှာ သံသယ ဖြစ်နေမိတယ်၊ သူတို့ သင်္ဘော အခြေအနေက အလွန်ထူးဆန်းနေလို့ မသင်္ကာစရာ ဖြစ်နေတယ်'

'ဟုတ်ကဲ့ ကျွန်တော်လဲ စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်မိပါတယ်၊ ဒါကြောင့် အထူး သတိထားပါ့မယ်'

'ခင်ဗျားက အသက်ကယ်လှေပေါ်ကနေပြီး ကျုပ်တို့ဆီကို အဆက်မပြတ် ရေဒီယိုနဲ့ ဆက်သွယ် သတင်းပို့နေပါ၊ ဒါကြောင့်လဲ ကျုပ်က ရေဒီယိုအရာရှိ အန်တိုနီကို ခင်ဗျားနဲ့အတူ ထည့်လိုက်တာပါ'

ကပ္ပတိန်ကြီးက ပြောလိုက်ပြီးနောက် ဖခရစ္စာလည်း ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူသည် ဖီးလစ်နှင့် အန်တိုနီတို့ကို ခေါ်၍ ထွက်သွားလေသည်။

ကပ္ပတိန်အမ်းစထရောင်းသည် ရှိုင်းလင်းသင်္ဘောရှိရာသို့ မှန်ပြောင်းဖြင့် ကြည့်နေပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုသင်္ဘော၏ အခြေအနေကို စိတ်ထဲမှ မကျေမနပ်ဖြစ်နေလေသည်။

မိုနီလစ်သင်္ဘောကြီး၏ လက်ယာဘက်ကုန်းပတ်တွင် သင်္ဘောသားများက အသက်ကယ်လှေကို ရေပြင်သို့ ချရန်အတွက် ပြင်ဆင် နေကြလေသည်။

လှေပေါ်တွင် ဖုံးအုပ်ထားသော တာလပတ် မိုးကာဖျင်ကို ဖယ်ရှား၍ အသက်ကယ်လှေကို စက်သီးဖြင့် ရေချရန်ပြင်ဆင်နေကြသည်။

သင်္ဘော၏ ဒုတိယအရာရှိ ဒီဗာရယ်သည် အသက်ကယ်လှေနှင့် လိုက်ပါရန် သင်္ဘောသား ဆယ့်နှစ်ဦးအပြင် စက်သီးကြိုးများဖြင့် ရေသို့ချရန်အတွက် သင်္ဘောသားနှစ်ဖွဲ့ကိုပါ စုရုံးထားပြီး အသင့် စောင့်နေလေသည်။

ဖရေဇာသည် ထိုနေရာသို့ရောက်လျှင် ဒီဗာရယ်အား ကပ္ပိတန်ကြီး၏ ညွှန်ကြားချက်ကို ပြောပြလေသည်။

'ဒီမယ်....ကပ္ပိတန်ကြီးက အမိန့်ပေးလိုက်တယ်၊ အသက်ကယ် လှေမှာ ကျုပ်ကိုယ်တိုင် ဦးစီးပြီး လိုက်သွားရမယ်တဲ့၊ ခင်ဗျားကိုတော့ ကုန်းပတ်ဦးပိုင်းမှာ ကပ္ပိတန်ကြီးနဲ့အတူ တာဝန်ယူရမယ်လို့ ပြောတယ်'

'ဟုတ်လား၊ ဒါဖြင့်လဲ ပြီးရောပေါ့၊ အခြေအနေက ဘယ်လိုရှိသလဲ'

'ဟိုသင်္ဘောအခြေအနေကို မေးတာလား၊ အခုအချိန်အထိ ဘာမှန်းကို မသိသေးဘူး'

'ဒါဖြင့် သတိထားပြီးသာ သွားပေတော့'



'စိတ်ချပါ၊ ကျုပ်ဒီကို ပြန်ရောက်တဲ့အခါ အခြေအနေမှန်ကို သိရပါလိမ့်မယ်'

ဤသို့ပြောပြီးနောက် ဖရေဇာသည် အသက်ကယ်လှေပေါ်သို့ တက်လိုက်သည်။ သူနှင့်အတူ လိုက်ပါမည့် သင်္ဘောသားများသည်လည်း လှေပေါ်သို့ ရောက်နေကြပြီဖြစ်သည်။

သူတို့အားလုံးသည် မိုးကာအင်္ကျီများဝတ်ထားပြီး လိုက်ဖ်ဂျက်ကက်ခေါ် အသက်ကယ်အင်္ကျီများကိုလည်း ဝတ်ဆင်ထားကြလေသည်။

ဟာ်နရီအမည်ရှိ သင်္ဘော၏ကုန်းပတ်မှူး(ဘိုဆန်) လူဝဝကြီးက အသက်ကယ်လှေကို ပဲ့ကိုင် ထိန်းမောင်းရန် အသင့်နေရာယူထားလေသည်။

ဖရေဇာက အသက်ကယ်လှေ၏ဦးပိုင်းတွင် နေရာယူပြီး မီးလင်းနှင့် အန်တိုနီ ကိုသည်လည်း သူ၏အနီးတွင် ရှိနေကြသည်။

အန်တိုနီသည် အသက်ကယ်လှေတွင် အသင့်ပါလာသော ရေဒီယိုစက်အနီးတွင် နေကာ သင်္ဘောကြီးနှင့် အဆက် မပြတ်ဆက်သွယ်ရန် ပြင်ဆင်လေသည်။

မိုနီလစ်သင်္ဘောကြီး၏ ကုန်းပတ်မျက်နှာပြင်သည် ရေပြင်မှ ပေကိုးဆယ် မြင့်လေရာ အသက်ကယ်လှေကို စက်သီးဖြင့် ရေပြင်သို့ ချရာတွင် အထူးသတိထား၍ ဖြည်းဖြည်း မှန်မှန် ချပေးရလေသည်။

အထူးသဖြင့် ရေပြင်သို့ မရောက်မီ အသက်ကယ်လှေသည် သင်္ဘောကြီး၏ ဘေးနံရံနှင့် မတိုက်မိစေရန် အလွန်သတိထားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ အသက်ကယ်လှေသည် ရေပြင်သို့ရောက်သွားပြီး သင်္ဘောသားများက စက်သီးကြိုးများကို ဖြုတ်လိုက်[ကြ]လေသည်။

ထိုအချိန်၌ ပင်လယ်ပြင်တွင် လှိုင်းလုံးကြီးများ ဖြစ်ပေါ်နေသဖြင့် ကုန်းပတ်မှူးဟင်နရီသည် အသက်ကယ်လှေကို ခက်ခက်ခဲခဲ ကြိုးစား၍ ထိန်းနေရလေသည်။

အသက်ကယ်လှေဆိုသော်လည်း အင်ဂျင်စက် တပ်ဆင်ထားသဖြင့် စက်နှိုးပြီး စတင် မောင်းထွက်ချိန်တွင် ဖရေဇာသည် သင်္ဘောကြီး၏ကုန်းပတ်ပေါ်သို့ လှမ်းမော်ကြည့်ယင်း အပေါ်မှ လူများအား လက်ပြ နှုတ်ဆက်လိုက်သည်။

ထိုနောက် သူတို့သည် ရိုင်းလင်းသင်္ဘောရှိရာဘက်သို့ ဦးတည်သွားကြလေသည်။

အန်တိုနီသည် အသက်ကယ်လှေမှ ရေဒီယိုစက်ဖြင့် သင်္ဘောကြီးမှ ရေဒီယိုအရာရှိချုပ် ဗေဘ်စာနှင့် စဘင်သတင်းပို့ဆက်သွယ်[ခဲ့]လေသည်။

လှိုင်းလေထန်သည့်ကြားမှပင် ဆက်သွယ်ကြယင်း သူတို့သည် ရိုင်းလင်းသင်္ဘောနှင့် တဖြည်းဖြည်းနီးကပ်လာလေသည်။

ထူးဆန်းသည်ကား ရိုင်းလင်းသင်္ဘော၏ ကုန်းပတ်ပေါ်၌ လူသူ အရိပ်အရောင် လုံးဝ မတွေ့ရခြင်းပင် ဖြစ်သည်။

'ကေ့နွ လူတွေကသင်္ဘောကို စွန့်ခွာသွားပြီထင်တယ်၊ လူသာရှိနေယင် ကျွန်တော်တို့ ချဉ်းကပ်လာတာ မြင်ယင် ကုန်းပတ်မှာ ထွက်ကြည့်နေရမယ် မဟုတ်လား'



တတိယအရာရှိ ဗီးလစ်က ရိုင်းလင်း သင်္ဘောဘက်သို့ မော့်ကြည့်ယင်း ပြောလိုက်ရာ ဖရေဇာက....

'ဒါပေမယ့် သင်္ဘောမှာ ထိခိုက် ပျက်စီးနေတာ ဘာမှလဲ မမြင်ရဘူး'

ဟု ပြောလိုက် သည်။

အမှန်တော့ သူသည်လည်း ရိုင်းလင်း သင်္ဘောကြီးပေါ်တွင် လူတယောက်မှမတွေ့ရခြင်းကို နားမလည်နိုင်ပဲ အံ့ဩ နေမိလေသည်။

သင်္ဘောနှင့် နီးကပ်လာပြီ ဖြစ်၍ ကုန်းပတ်မှူး ဟင်နရီက အင်ဂျင်စက်ကို ရပ်လိုက်ပြီး ဖရေဇာ၏အမိန့်ကို စောင့်နေလေသည်။

ဖရေဇာသည် ဘာလုပ်ရမည်ကိုဆုံးဖြတ်ရခက်ဟန်ဖြင့် ခေတ္တစဉ်းစားနေပြီးနောက် အန်တိုနီအား ညွှန်ကြားချက် ပေးလေသည်။

'ဒီမယ်....ခင်ဗျားက မိုနိုလစ်သင်္ဘောကြီးကိုရေဒီယိုနဲ့သတင်းပို့လိုက်ပါ၊ အခုအချိန်အထိ ရိုင်းလင်း သင်္ဘောပေါ်မှာ လူတယောက်မှလဲ မတွေ့ရဘူး၊ သင်္ဘောမှာ ထိခိုက်ပျက်စီးနေတာလဲ မတွေ့ရဘူးလို့ အကြောင်းကြားလိုက်ပါ'

ဤသို့ပြောပြီးနောက် ကုန်းပတ်မှူး ဟင်နရီအား အသက်ကယ်လှေကို ရိုင်းလင်းသင်္ဘော၏ လက်ယာဘက်ဘေးသို့မောင်းခိုင်း လိုက်သည်။

မကြာမီ သူတို့သည် ရိုင်းလင်းသင်္ဘော၏ လက်ယာဘက်ဘေးသို့ ရောက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖရေဇာသည် သင်္ဘော ကုန်းပတ်ပေါ်သို့ လှမ်းကြည့်ရာ လူသူအရိပ်အရောင် လုံးဝမတွေ့ရချေ။

သင်္ဘော၏အခြေအနေကလည်း ထိခိုက် ပျက်စီးခြင်း ရှိပုံမရ သည့်ပြင် ရိုင်းလင်း သင်္ဘော၏ အသက်ကယ်လှေများကလည်း မူလနေရာတွင် ရှိနေကြလေသည်။

'ဒီအတိုင်းဆိုယင် သူတို့သင်္ဘောက စွန့်ခွာထွက်သွားတာလဲ မဖြစ်နိုင်ဘူး'

တတိယအရာရှိ ဗီးလစ်က အံ့အားသင့်စွာဖြင့် ပြောလိုက် သည်။

ဖရေဇာလည်း စဉ်းစားရခက်ဟန်ဖြင့် မျက်မှောင်ကြုတ်ပြီး ကြည့်နေလေသည်။

ရိုင်းလင်း သင်္ဘောပေါ်တွင် လူလည်း မမြင်ရပဲ တိတ်ဆိတ် ငြိမ်သက်နေပုံမှာ အမှန်ထူးဆန်းနေပေသည်။

ဖရေဇာသည် ဂရုစိုက်၍ကြည့်နေယင်း ရိုင်းလင်း သင်္ဘော၏ ကုန်းပတ်ထောင့်၌ ကြိုးလှေကားတခု ချထားသည်ကို လှမ်းမြင်ရ သဖြင့် အကြံတခုရလာကာ အသက်ကယ်လှေ ထိုလှေကားရှိရာ သို့ ချဉ်းကပ်သွားရန် အမိန့်ပေးလိုက်သည်။

အနီးသို့ရောက်သွားသောအခါ ဖရေဇာသည် ကြိုးလှေကား ကို ခိုင် မခိုင် ဆွဲ၍စမ်းကြည့်လိုက်သည်။

ကောင်းစွာခိုင်ကြောင်း သိရသောအခါ သူသည် ဆုံးဖြတ် ချက်ချလိုက်သည်။ ရိုင်းလင်းသင်္ဘောပေါ်၌ ဘာဖြစ်နေသည်ကို သိရှိရန်မှာ တခုတည်းသောနည်းလမ်းက ကိုယ်တိုင် သင်္ဘောပေါ်



တက်ကြည့်မှ ဖြစ်မည်ဟု စဉ်းစားလျက် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

ဖရေဇာသည် အသက်ကယ်လှေမှ ကြိုးလှေကားဆီသို့ လှမ်း ကူးပြီး သင်္ဘောပေါ် ကုန်းပတ်ပေါ်သို့ တက်သွားလေသည်။

တတိယအရာရှိ ဗီးလစ်သည်လည်း သူ၏နောက်မှ ကပ်လျက် လိုက်တက်လာလေသည်။

မကြာမီ သူတို့နှစ်ဦးစလုံးသည် ရိုင်းလင်းသင်္ဘော၏ ကုန်း ပတ်ပေါ်သို့ ရောက်သွားကြပြီးနောက် ဦးပိုင်းဆီသို့ လျှောက် သွားစဉ် တနေရာမှ လှုပ်ရှားသံလိုလို ကြားလိုက်ရပြီးနောက် ဖရေဇာလည်း အံ့အားသင့်လျက် ရပ်လိုက်သည်။

အကြောင်းမှာ ဂျပန်လူငယ် တာကာကီက ဆာမူရိုင်း ဓားရှည်ဖြင့် ဖရေဇာ၏လည်ပင်းကို ထောက်ထားလိုက်သော ကြောင့်ပင်တည်း။

* * *

'ကြွပါခင်ဗျာ…ကြွပါ၊ ပထမအရာရှိကြီးကို ခရီးဦးကြို ပြုပါ တယ်'

တစုံတယောက် သရော်သလို လေသံမျိုးဖြင့် ပြောသံကြားရ သဖြင့် ဖရေဇာလည်း အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ

www.burmeseclassic.com



အာရပ် အကြမ်းဖက်ဂိုဏ်းခေါင်းဆောင် ဟာဆန်အား ပထမဆုံး အကြိမ် မြင်ရလေသည်။

ဟာဆန်သည် မရှင်းပစ္စတိုခေါ် မောင်းပြန် သေနတ်ဖြင့် ချိန်ရွယ်ထားပြီး သူ၏ မျက်လုံးများက အလွန်ရက်စက် ကြမ်းကြုတ်သည့်အသွင် ဆောင်နေကြောင်း ဖရေဇာက ချက်ချင်း အကဲခတ်မိလေသည်။

ထိုအချိန်၌ ဒုတိယအရာရှိ ဖီးလစ်၏ လည်ပင်းတွင်လည်း ဂျပန် ဆာမူရိုင်း ဓားရှည်ဘလက်က ထောက်ထားသဖြင့် ဖီးလစ်မှာ လှုပ်ရှားဝံ့ပဲ ငြိမ်နေရလေသည်။

တချိန်တည်းမှာပင် မောင်းပြန် ပစ္စတိုသေနတ် ကိုယ်စီ ကိုင်ထားသူ အခြားသူများလည်း ရောက်လာကာ သင်္ဘော၏ ဘေးရှိ ရေပြင်ပေါ်မှ အသက်ကယ်လှေကို သေနတ်များဖြင့် ချိန်ထားလိုက်ကြသည်။

အန်တိုနီသည် လှေပေါ်ရှိ ရေဒီယိုစက် အနီးတွင် ရှိနေရာ သင်္ဘောပေါ်မှ အကြမ်းဖက်သမား ဇာကာရီးယားက လှမ်း၍ ဟစ်အော် သတိပေးလိုက်သဖြင့် အန်တိုနီလည်း ရေဒီယိုစက်နား သို့ မကပ်ဝံ့တော့ပဲ ခပ်ခွာခွာ နေလိုက်ရလေသည်။

ဟာဆန်သည် မခန့်လေးစားပြုံးလျက် ဖရေဇာအား စကား ပြောလေသည်။

'ပထမအရာရှိကြီးကို သတိပေးထားပါရစေ၊ ခြေလှမ်းမှား မယ်တော့ မကြံပါနဲ့၊ ဒီ ရိုင်းလင်းသင်္ဘောက မာလိန်မှူးနဲ့ ပထမအရာရှိတို့က ကျုပ်တို့စကားမနာခံပဲ ခုခံမယ်ကြံခဲ့ကြတယ်၊ အခုတော့ သူတို့နှစ်ယောက်စလုံး သေသွားကြပြီ၊ ကျုပ်တို့



အနေနဲ့ ရိုင်းလင်းသင်္ဘောကို ခဏပဲ အသုံးပြုဖို့လိုတယ်၊ ကျုပ်တို့ရဲ့ အဓိက ရည်မှန်းချက်က ခင်ဗျားတို့ မိုနီလစ် သင်္ဘောကြီးပဲ ဖြစ်တယ်၊ သင်္ဘောရဲ့ အရွယ်ပမာဏက အလွန်ကြီးတဲ့အတွက် ကိုင်တွယ်ရလဲ ခက်လိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့က မိုနီလစ် သင်္ဘောက ကုန်းပတ်အရာရှိတွေအားလုံးကို မသတ်ပဲ အသက် ရှင်လျက် ရှိစေချင်တယ်'

ဖရေဇာသည် ဂျပန်တာကာကီက ဓားရှည်ဖြင့် ထောက်ထား သော နေရာမှ နောက်သို့ခြေတလှမ်းဆုတ်လိုက်ပြီး ဟာဆန်အား ချင်ဆိုင်လိုက်သည်။

'ရိုင်းလင်း သင်္ဘောပေါ်က အရာရှိနဲ့ သင်္ဘောသားတွေက ဘယ်မှာလဲ'

ဖရေဇာက ခပ်တည်တည် မေးလိုက်ရာ ဟာဆန်က....

'သူတို့တွေက အရေးမကြီးပါဘူး၊ ခင်ဗျား မေ့ထား လိုက်ပါ'

ဟု ပြန်ပြောလေသည်။

'ကျုပ်အဖို့ အရေးကြီးတယ်....ကျုပ်က သူတို့ကို ကူညီရ အောင် လာခဲ့တယ်'

'ဒီမယ် ခင်ဗျားအနေနဲ့ ဘာမှ ငြင်းခုံမနေပါနဲ့၊ ကျုပ်တို့ အင်အားက လူဆယ့်ခြောက်ယောက်ရှိတယ်၊ လူတိုင်းမှာ မောင်းပြန် သေနတ် ကိုယ်စီရှိတယ်၊ အခု ကျုပ်တို့က ရိုင်းလင်း သင်္ဘောကြီး ကို အပိုင်စီးထားသလို ခင်ဗျားတို့ရဲ့ အသက်ကယ် လှေကိုပါ စီးထားနိုင်ပြီ ဖြစ်တယ်၊ မကြာခင် မိုနီလစ်သင်္ဘောကြီးကိုပါ အပိုင်စီးနိုင်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဘော့ ခင်ဗျားတို့ အနေနဲ့ လုံး၀ မျှော် လင့် ချက် မရှိဘူး'

ဖရေဇာက ဤသို့ပြောလိုက်စဉ် ဂျပန် အကြမ်းဖက်သမား တာကာကီက သူ၏ ဆာမူရိုင်းဓားရှည်ဖြင့် ဖရေဇာ၏ လည်ပင်းကို ခပ်တင်းတင်း ထောက်လိုက်ပြီး....

'ခင်ဗျားတို့ ဘာမှမတတ်နိုင်တဲ့ အခြေအနေ ဖြစ်နေပြီ'

ဟု ခပ်ဆန့်ဆန့် ပြောလိုက်သည်။ သူ၏ဓားရှည်ဖြင့် ဖရေဇာ၏ လည်ပင်းကို တော့သားခြင်းကြောင့် လည်ပင်းတွင် ဓားသွားရာသဲ သွေးများပင် ယိုစီးကျနေပြီ ဖြစ်သည်။

ဟာဆန်းသည် ပစ္စတို သေနတ်ဖြင့် ဖရေဇာ၏ ရင်ဘတ်တည့်တည့်ကို ချိန်ထားလိုက်သည်။

'အခု ခင်ဗျားက ကျုပ်တို့ခိုင်းတာကို လုပ်ရမယ်၊ အသက်ကယ်လှေပေါ်က ရေဒီယိုစက်နဲ့ ခင်ဗျားတို့ သင်္ဘောကြီးကို ဆက်သွယ်ရမယ်၊ ဒီ ရိုင်းလင်း သင်္ဘောရဲ့ အင်ဂျင်စက်ခန်းမှာ ပေါက်ကွဲမှုတခု ဖြစ်လို့ ဒဏ်ရာရတဲ့ လူတွေကို ခင်ဗျားတို့ရဲ့ အသက်ကယ်လှေနဲ့ မိုနိုလစ် သင်္ဘောကြီးကို သယ်ဆောင်လာမယ်လို့ အကြောင်းကြားလိုက်ပါ'

'ဘာလဲ....အဲဒီ ဒဏ်ရာရတယ်ဆိုတဲ့ ခင်ဗျားတို့လူတွေ မောင်းပြန် သေနတ်တွေ ဝှက်ပြီး ယူသွားမှာ မဟုတ်လား၊ ခင်ဗျား ခိုင်းတာကို ကျုပ် မလုပ်နိုင်ဘူး'

'ခင်ဗျား အသက်သေရမယ်ဆိုရင် ဝမ်းနည်းစရာပါပဲ၊ ဒါဆို မယ့် ကျုပ်ခိုင်းတာကို မလုပ်ပဲ ငြင်းဆန်ယင်တော့ ကျုပ်က ခင်ဗျားကို သတ်ပစ်ရမှာပဲ'



ဟာဆန်က လေသံတင်းတင်းဖြင့် ပြောလိုက်ချိန်တွင် ဂျပန် ဘာကာကီကလည်း ဖရေဇာ၏လည်ပင်းကို ဓါးရှည်ဖြင့် ခုတ်ပိုင်းလိုက်တော့မလို အသင့်ပြင်ထားလိုက်သည်။

ဖရေဇာသည် ဟာဆန်နှင့် တာကာကီတို့၏ မျက်နှာကို အကဲခတ်ကြည့်ရာ သူတို့နှစ်ဦးစလုံးသည် ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်မည့် အကြမ်းဖက်သမား အယူသည်း ဝါဒီများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေကြောင် သတိပြုမိလေသည်။

သူတို့ခိုင်းစေသည့် အတိုင်း မလိုက်နာပါက မိမိအား သတ်ပစ်ကြမည်မှာ သေချာသလောက် ဖြစ်နေပေပြီ။

တချိန်တည်းမှာပင် သူသည် မိုနိုလစ် သင်္ဘောကြီးပေါ်မှ အမျိုးသမီးများနှင့် ကလေးငယ်များကို မြင်ယောင်လာမိသည်။

ရင်ခွင်ပိုက် ကလေးပေါက်စနှင့် မေရီကိုလည်း မြင်ယောင်လာမိသည်။

အကယ်၍ မိမိက အကြမ်းဖက်သမားများအား အသက်ကယ်လှေဖြင့် တင်ခေါ်သွားပါက အမျိုးသမီးများနှင့် ကလေးငယ်များအတွက်ပါ အသက်အန္တရာယ် ရှိနိုင်ကြောင်းကိုလည်း တွေးမိလေရာ ဖရေဇာသည် သူ၏အသက်ကို ပမာနမထားတော့ပဲ....

'မိုနိုလစ် သင်္ဘောရဲ့ ကုန်းပတ်ဟာ ပင်လယ်ရေပြင်က ပေကိုးဆယ်မြင့်တယ်၊ ကျုပ်ကမကူညီယင် ခင်ဗျားတို့ ဘယ်လိုမှ သင်္ဘောကြီးပေါ်ကို တက်လို့မရနိုင်ဘူး၊ ကျုပ်ကလဲ ခင်ဗျားတို့ ခိုင်းသလို မလုပ်နိုင်ဘူး၊ ကျုပ် ငြင်းဆန်တယ်'

ဟု ခပ်တည်တည်ပင် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာဒဆန်သည် ဒေါသထွက်လာလျက် ဖရေဇာ၏ မျက်နှာကို သေချာစွာကြည့်လိုက်သည်။

မျက်နှာထားက တင်းမာလျက်ရှိပြီး ဖရေဇာ၏ မျက်လုံးများက စူးရှတောက်ပြောင်ကာ ဟာဆန်၏ ခြိမ်းခြောက်မှုကို လုံးဝမကြောက်ပဲ အသက်အသေခံရန် အဆင်သင့်ရှိသည့်အသွင် ဆောင်နေကြောင်း ပေါ်လွင်နေပေသည်။

ဟာဆန်သည် ဘာလုပ်ရပါမည်နည်းဟု ခေတ္တမျှ စဉ်းစား နေပြီးနောက် ဆုံးဖြတ်ချက် ချလိုက်သည်။

သူ၏လက်မှ သေနတ်ဒင်ဖြင့် ဖရေဇာ၏ ဦးခေါင်းဘေးဘက်ကို တအားလွှဲ ရိုက်ချလိုက်ရာ ရိုက်ချက်က ပြင်းထန်လှသဖြင့် ဖရေဇာသည် သတိလစ်၍ လဲကျသွားလေတော့သည်။

ဘဘိယအာဒူရှိမ်းဘက်သည် အလွန် အံ့အားသင့် တုန်လှုပ် သွားမိသဖြင့် ဟာဆန်က သူ့ဘက်သို့ လှည့်၍ ပြောလေသည်။

'ခင်ဗျားတို့ ပထမအရာရှိဟာ ညာဏ်အမြော်အမြင်မရှိတဲ့ လူ တယောက်ပဲ၊ ကျုပ်က သူ့ကို ချက်ချင်း မသတ်ပစ်လိုက်တာဟာ နောက်ပိုင်း သူ့ကို အသုံးချစရာ ရှိသေးလို့ပဲ၊ အခု ခင်ဗျားက အသက်ကယ်လှေမှာ ဦးစီးကွပ်ကဲပြီး ကျုပ်တို့ကို သင်္ဘောကြီး ပေါ် ခေါ်သွားရမယ်၊ သင်္ဘောကြီးက မာသိန်မှူးကြီးအနေနဲ့ မသင်္ကာမဖြစ်အောင် စောစောက ကျုပ်ပြောခဲ့သလို ခင်ဗျား ဟာ ရေဒီယိုနဲ့ ဆက်သွယ် သတင်းပို့ရမယ်၊ ပြီးတော့ ပထမ အရာရှိဟာ ဒီမှာ မတော်တဆထိခိုက်ဒဏ်ရာရသွားလို့ ခင်ဗျားက ဦးစီး တာဝန် ယူနေရတယ်လို့ပါ ထည့် အကြောင်းကြားလိုက် ရမယ်'



ဖီးလစ်သည် တုန်လှုပ်ချောက်ချားလျက် ရှိသော်လည်း ဟာဆန်က ခြိမ်းခြောက် စေခိုင်းခြင်းကို မလုပ်သင့်ဟု စဉ်းစားမိသဖြင့်

'ကျုပ် မလုပ်နိုင်ဘူး'

ဟု ပြောလိုက်သည်။

'ခင်ဗျားက သင်္ဘောမှာ အရာရှိငယ်တဦးသာ ဖြစ်တာပါ၊ ခင်ဗျားမရှိလို့လဲ သိပ်အရေးမကြီးဘူး၊ ဒါကြောင့် ကျုပ်အနေနဲ့ ခင်ဗျားကို သတ်ပစ်ဖို့ ဝန်မလေးဘူး'

ဟာဆန်က ထပ်မံ၍ ခြိမ်းခြောက်ပြောလိုက်စဉ် ဖီးလစ်က လဲကျနေသော ပထမအရာရှိ ဖရေဇာအား လှမ်းကြည့်လိုက်မိသည်။

ပြန်သတိရလာပြီး ဦးစီးကွပ်ကဲမှု တာဝန်ကို ပြန်ယူနိုင်ပါစေဟု မျှော်လင့်တောင့်တမိသော်လည်း ဖရေဇာမှာ လုံးလုံးသတိမရပဲ ငြိမ်နေလေသည်။

ဖီးလစ်သည် ဘေးနားရှိ ဖရေဇာက အကြမ်းဖက်သမား၏ ခိုင်းစေချက်ကို ငြင်းဆန်ခဲ့သည့်နည်းတူ မိမိကလည်း ငြင်းဆန်မှု ပြုမည်ဟု ဆုံးဖြတ်လိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် ကျုပ်က ခင်ဗျားတို့ ခိုင်းတာကို မလုပ် နိုင်ဘူး'

ဖီးလစ်က ငြင်းဆိုလိုက်သောအခါ ဟာဆန်သည် ဒေါသ ထွက်လာပြီး ပစ္စတိုသေနတ်နှင့် ချက်ချင်းပစ်သတ်လိုက်ချင်စိတ် ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် စိတ်လိုက်မာန်ပါ ပြုလုပ်ရန် မဖြစ်သေး ဟု သူ့ကိုယ်သူ ပြန်သတိပေးလိုက်ပြန်သည်။

သူတို့အနေဖြင့် မိုနိုလစ် ရေနံတင် သင်္ဘောကြီးကို အပိုင်စီးသည့်အခါ သင်္ဘောအရာရှိများ ရှိနေမှ ဖြစ်မည်ဟု စဉ်းစားမိသောကြောင့် စိတ်ကို ချုပ်ထိန်းလိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် သူသည် ဘာ ဆက်လုပ်ရပါမည်နည်းဟု စဉ်းစားနေလေသည်။

သူတို့အနေဖြင့် ရှိုင်းလင်းသင်္ဘောကို အပိုင်စီးခဲ့စဉ်က လွယ်ကူချောမောခဲ့ခြင်းမှာ သူတို့အဖွဲ့သား လေးဦးက သင်္ဘောသားများအဖြစ် လိုက်ပါလာကြသောကြောင့် ဖြစ်သည်။

သို့သော် ယခု မိုနိုလစ်သင်္ဘောကြီးပေါ်တွင်မူ သူတို့၏အတွင်းလူ တယောက်မှ မရှိသဖြင့် မလွယ်ကူပဲ ဖြစ်နေသည်။

အရေးကြီးသည်ကား မိုနိုလစ်သင်္ဘောကြီးပေါ်မှ တစုံတရာ မသင်္ကာမဖြစ်မီ မိမိတို့လူအားလုံး သင်္ဘောကြီးပေါ်သို့ ရောက်ရှိသွားရန်ပင် ဖြစ်သည်။

အသက်ကယ်လှေပြန်သွားနေစဉ် သင်္ဘောကြီးပေါ်မှအဝေးကြည့် မှန်ပြောင်းများဖြင့် လှမ်းကြည့်နေမည်ဖြစ်၍ သင်္ဘောအရာရှိများ ကိုယ်တိုင် ဦးစီး ကွပ်ကဲလာသည်ကို မြင်ရမှသာ မသင်္ကာ မဖြစ်မည်ဟုလည်း ဟာဆန်က စဉ်းစား မိလေသည်။

ယခု ဖရေဇာက သတိမေ့နေပြီဖြစ်၍ တတိယ အရာရှိ ဖီးလစ်က အသက်ကယ်လှေကို ဦးစီးကွပ်ကဲမှသာ ဖြစ်ပေမည်။

သို့မှသာ မိုနိုလစ်သင်္ဘောကြီးပေါ်မှလှမ်းကြည့်လျှင် သံသယ မဖြစ်ပဲ လက်ခံလိမ့်မည်ဟုလည်း ဆက်လက် တွေးမိလေသည်။



ဟာဆန်သည် ဖီးလစ်၏ မျက်နှာကို လှမ်းကြည့်လိုက်ပြန်သည်။

ဖီးလစ်သည် သတ္တိကောင်းသော လူတယောက်ဖြစ်ကြောင်း ထင်ရှားနေရာ သူ၏စိတ်ဓာတ် ချောက်ချား တုန်လှုပ်အောင် မည်သို့ပြုလုပ်ရပါမည်နည်းဟုအဖြေရှာယင်း တစုံတခုကိုစဉ်းစားမိသဖြင့် ဟာဆန်သည် ပြုံးလိုက်သည်။

မျက်နှာဖြူ သင်္ဘောအရာရှိ ဖီးလစ် စိတ်ဓာတ် ကျအောင် ပြုလုပ်ရန် နည်းလမ်းကို စဉ်းစားမိ၍ ပြုံးလိုက်ခြင်း ဖြစ်သည်။

သူသည် ဇာကားရီးယားဆိုသူအား လှမ်း၍ အသက်ကယ်လှေပေါ်မှ သင်္ဘောသားတဦးကို ကုန်းပတ်ပေါ်သို့ ခေါ်တင်လာရန် ညွှန်ကြားလိုက်လေသည်။

ဇာကားရီးယားလည်း ပိန်ပိန် သေးသေး သင်္ဘောသား လူငယ်တဦးအား ပစ္စတိုသေနတ်ဖြင့်ချိန်လျက် ခေါ်ယူလာခဲ့လေသည်။

သင်္ဘောသားလူငယ်မှာ သေနတ်ဖြင့် ခြိမ်းခြောက် ခေါ်၍ လိုက်လာခဲ့ရသော်လည်း အလွန် ထိတ်သန့် တုန်လှုပ် နေလေသည်။

သူသည် သတိမေ့ လဲကျနေသူ ဖရေဇာကိုကြည့်ပြီး တတိယ အရာရှိ ဖီးလစ်အား တောင်းပန် အကူအညီ တောင်းဟန်ဖြင့် လှမ်းကြည့်လိုက်သည်။

ဖီးလစ်မှာလည်း ဟာဆန်တို့က ဘာလုပ်မည်ကို မသိသဖြင့် မည်သို့မျှ မကူညီနိုင်ပဲ ရပ်ကြည့်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသား လူငယ်ခမျာ အလွန် ကြောက်လန့် တုန်လှုပ်နေစဉ် ဟာဆန်က သင်္ဘောကုန်းပတ်ပေါ်တွင် ဒူးထောက်ခိုင်းလိုက်သည်။

'ခေါင်းငုံ့နေလိုက်စမ်း'

ဟာဆန်က ဆက်၍ အမိန့်ပေးလိုက်သဖြင့် သင်္ဘောသား လူငယ်သည် ဒူးထောက်ရာမှ ခေါင်းငုံ့နေလိုက်သည်။

ထိုအခါမှ ဟာဆန်သည် ဂျပန် အကြမ်းဖက်သမား တာကာကီအား လှမ်းကြည့်လိုက်သည်။

တာကာကီလည်း အဓိပ္ပာယ်ကို နားလည်ဟန်ဖြင့် ပြုံးလိုက်သည်။

ထို့နောက် သူ၏အဖော် ဟာယာရှိအမည်ရှိ ဂျပန်အား လက်ပြ၍ အချက်ပေးလိုက်သည်။

ဟာယာရှိသည် ခေါင်းညိတ်လိုက်ပြီးနောက် သူ ပခုံးတွင် လွယ်ထားသော ဂျပန် ဆာမူရိုင်း ဓားရှည်ကြီးကို လက်နှစ်ဘက်ဖြင့် အုပ်ကိုင်လျက် ဒူးထောက်ငုံ့နေသူ သင်္ဘောသား လူငယ်အား ဘာအား ခုတ်ပိုင်းလိုက်ရာ ဦးခေါင်းသည် ဟိုကနဲ ပြတ်ထွက် သွားတော့သည်။

တတိယအရာရှိ မီးလစ်သည် အလွန် အံ့အားသင့်ရာမှ အကြီးအကျယ် တုန်လှုပ်ချောက်ချားကာ အသားများပင် ဆတ်ဆတ် တုန်နေလေသည်။

'ကိုင်း ဘယ်နှယ့်လဲ၊ ကျုပ်ခိုင်းတာကို လုပ်မှာလား၊ ဒါမှမဟုတ် နောက်ထပ် သင်္ဘောသားတယောက် ကွပ်မျက်ခံရတာကို ကြည့်ချင်သေးသလား'



ဟာဆန်က မီးလစ်အား လေသံခပ်အေးအေးဖြင့် မေးလိုက်သည်။

* * *

မိုလစ်သင်္ဘောကြီး၏ ကုန်းပတ် ဦးပိုင်းတွင် မာလိန်မှူးကြီး ကပ္ပတိန် အမ်းဝထရောင်းသည် အဝေးကြည့် မှန်ပြောင်းဖြင့် လှမ်းကြည့်နေစဉ် ရေဒီယိုအရာရှိချုပ် သင်စာက လာရောက်ပြီး သတင်းပို့ အစီရင်ခံလေသည်၊

'ကပ္ပတိန်ကြီးခင်ဗျား ကျွန်တော်တို့ရဲ့ အသက်ကယ်လှေက ရေဒီယိုဆက်သွယ်ပြီး သတင်းပို့လိုက်ပါတယ်၊ ငိုင်းလင်းသင်္ဘောရဲ့ အင်ဂျင်ခန်းမှာ ပေါက်ကွဲမှုဖြစ်လို့ လူတချို့ ဒဏ်ရာရသွားတယ်လို့ ဆိုပါတယ်၊ ငိုင်းလင်းသင်္ဘောရဲ့ ကပ္ပတိန်က တတ်နိုင်သလောက် သူ့ သင်္ဘောပေါ်မှာပဲ ခပ်ကြာကြာ နေမယ်တဲ့။

'ဒါပေမယ့် ဒဏ်ရာရတဲ့လူတွေကို ဒီသင်္ဘောပေါ်ကို ပြောင်းရွှေ့ထားချင်တယ်လို့ ဆိုတယ်၊ ဒါကြောင့် အခု အသက်ကယ် လှေနဲ့ ဒဏ်ရာရသူတွေကို သယ်ယူလာပါလိမ့်မယ်၊ အဲဒီသတင်း ပို့ချက်ကို မစ္စတာ မီးလစ်နာမည်နဲ့ ပို့လိုက်ခြင်း ဖြစ်ပါတယ်၊

ပထမအရာရှိ မစ္စတာ ဖရေဇာဟာ ခြေချော် လဲကျသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သတိမေ့နေလို့ မစ္စတာဖိုးလစ်ကပဲ အသက်ကယ်လှေကို ဦးစီး ကွပ်ကဲလာမယ်လို့ သိရပါတယ်'

စပင်စာ၏ သတင်းပို့ချက်ကို နားထောင်ယင်း ကပ္ပတိန် အမ်းစထရောင်းသည် သံသယ ဖြစ်လာဟန်ဖြင့်....

'ဒီသတင်းပို့ချက်ကို အသက်ကယ် လှေပေါ်က ကျုပ်တို့ ရေဒီယိုအရာရှိ မစ္စတာ အန်တိုနီကိုယ်တိုင် ပို့လိုက်တာ သေချာ ရဲ့လား'

ဟု ပြန်မေးလိုက်သည်။

'ဟုတ်ပါတယ် ကပ္ပတိန်ကြီး ခင်ဗျား'

'ကျုပ်က ဒီသင်္ဘောကို အဆက်မပြတ် ရေဒီယိုနဲ့ ဆက်သွယ် သတင်းပို့နေရမယ်လို့ အမိန့်ပေးလိုက်တယ်၊ ဒါပေမယ့် ဆယ်ငါး မိနစ်လောက် ရေဒီယိုအဆက်အသွယ် ပြတ်နေခဲ့တယ်၊ အဲဒါ ဘာကြောင့်ဆိုတာ အန်တိုနီက ရှင်းပြသလား'

'ဒါတော့ ဘာမှ မပြောပါဘူး'

'ဒါဖြင့် ခင်ဗျားက ဂရုစိုက်ပြီး ဆက်နားထောင်နေပါ'

'ဟုတ်ကဲ့ ကောင်းပါပြီ'

ရေဒီယိုအရာရှိချုပ် စပင်စာက ပြော၍ ရေဒီယိုစက်ခန်းသို့ ပြန်ထွက်သွားလေသည်။

မာလိန်မှူးကြီး ကပ္ပတိန် အမ်းစထရောင်းသည် မှန်ပြောင်းဖြင့် တဘက်သင်္ဘောဆီသို့ ကြည့်နေပြန်လေသည်။



ရိုင်းလင်းသင်္ဘော၏ ကုန်းပတ်ပေါ်တွင် လူသူ လှုပ်ရှားမှု ဆို၍ ဘာမှ မမြင်ရသဖြင့် ကပ္ပတိန်ကြီးသည် စိတ်ထဲမှ သက်သာ ရာကောင်း ဖြစ်နေမိသည်။

ဝါရင့် မာလိန်မှူးကြီးတဦးအနေဖြင့် သူသည် ရိုင်းလင်း သင်္ဘောပေါ်၌ တစုံတခုဖြစ်နေပြီဟု တွက်မိလေသည်။

ဘာပြဿနာဖြစ်နေကြောင်း၊ကိုကား မသိရချေ။

ထိုအခိုက် ဒိမီတြိသင်္ဘောမှ အသက်ကယ်လှေသည် ရိုင်းလင်း သင်္ဘောမှ ပြန်ထွက်ခွာလာသည်ကို မြင်ရသဖြင့် ကပ္ပတိန်ကြီး သည် အထူးဂရုစိုက် ကြည့်လေသည်။

အသက်ကယ်လှေပေါ်တွင် လူပို ဆယ့်တစ်ဦး ပါလာပြီး အားလုံးက ခေါင်းများခြုံထားသည်ကိုလည်း သတိပြုမိသည်။

သို့ရာတွင် ထိုလူများကို အကဲခတ်ကြည့်ရသည်မှာ ဖြင်းထန် စွာ ဒဏ်ရာရသူများနှင့် မတူချေ။

ကပ္ပတိန် အမ်းစထရောင်းသည် အသက်ကယ်လှေ၏ ဦးပိုင်း တွင် ရပ်နေသူ တတိယအရာရှိ ဖိုးလစ်အား သေချာစွာ ကြည့် လိုက်ရာ သူ၏မျက်နှာမှာ တစုံတခုသော အကြောင်းကြောင့် စိုးရိမ် ကြောင့်ကြ ဟန် ဖြင့် မျက်နှာပျက်နေ သည်ကို တွေ့ရ လေသည်။

ဤတွင် ကပ္ပတိန် အမ်းစထရောင်းသည် သူ၏ ဘေးနားရှိ ဒုတိယအရာရှိ ဒီဗာရယ်ဘက်သို့ လှည့်၍ ညွှန်ကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဒီမယ်....ဟိုသင်္ဘောမှာ တခုခုပြဿနာဖြစ်နေတယ်လို့ ကျုပ် ထင်တယ်....အန်တိုနီက တောက်လျှောက် ရေဒီယိုအဆက်အသွယ် လုပ်နေရမယ်လို့ မှာလိုက်တာကို ဆယ့်ငါးမိနစ်လောက် အဆက် ပြတ်ထားခဲ့တာဟာလဲ အကြောင်းရှိရမယ်၊ ပြီးတော့ ပထမ အရာရှိ ဖရေဇာက ခြေချော်လဲကျပြီး သတိမေ့နေတယ်ဆိုတာလဲ ကျုပ် မယုံဘူး၊ ဒါကြောင့် ကျုပ်က လိုလိုမည်မည် ကြိုတင် ကာကွယ်မှုလုပ်ထားဖို့ ဆုံးဖြတ်တယ်၊ အခု ခင်ဗျားကိုယ်တိုင် မြေပုံခန်းထဲမှာ သော့ခတ်ထားတဲ့ ရိုင်ဖယ်သေနတ်တွေကို ဖွင့်ပြီး ထုတ်ယူထားလိုက်ပါ’

## အခန်း ၈

ရိုင်းလင်းသင်္ဘော၏ ကုန်ပစ္စည်းများ သိုလှောင်ရာ ဝမ်းဗိုက် အောက်ခန်းကြီးထဲတွင် ထိုသင်္ဘောမှ အရာရှိနှင့် သင်္ဘောသား များသည် သော့ခတ်ပိတ်လှောင်ထားခြင်း ခံနေရလေသည်။

ဝိဘာသည် ပိတ်ထားသော အံဖုံးတံခါးကို မောင်းချဓား တလက်ဖြင့် ထိုးဖွင့်ရန် ကြိုးစားနေလေသည်။

သူ၏ဘေးနားတွင် ကုန်းပတ်မှူးဖြစ်သူကလည်း နောက်ဓား တလက်ဖြင့် ကူညီဖွင့်ပေးလျက် ရှိသည်။

ဒုတိယအရာရှိ ကယ်ဆီလာအမှူးပြုသော ကျန်သင်္ဘောသား များက သူတို့နှစ်ဦး ကြိုးစားနေသည်ကို ဝိုင်းကြည့် နေကြ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးကို အကြမ်းဖက်ဂိုဏ်းခေါင်းဆောင်ဟာဆန်က ယခုကဲ့သို့ သော့ခတ် ပိတ်လှောင်ထားခဲ့သည်မှာ တနာရီကျော် ရှိသွားပြီ ဖြစ်သည်။

မောင်းပြန် ပစ္စတိုသေနတ်များဖြင့် ချိန်ရွယ် ခြိမ်းခြောက်ပြီး ခိုင်းသဖြင့် သူတို့သည် မည်သို့မှ မတတ်သာပဲ သင်္ဘောဝမ်းဗိုက် အောက်ခန်းထဲသို့ ဆင်းခဲ့ကြရသည်။

ထိုအခါ ဝီဘာက သင်္ဘောသားများကို အားမငယ်ရန် အားပေးစကားပြောပြီးနောက် မောင်းချွေးတလက် ဆောင် ထားသူများရှိသျှင် ထုတ်ပေးရန်ပြောသဖြင့် သင်္ဘောသားနှစ်ဦး ထံမှ မောင်းချွေးနှစ်လက် ရရှိခဲ့သည်။

ထို့ကြောင့် သူသည် မောင်းချွေးဖြင့် အံဖုံးတံခါး၏ သစ် သား အခင်းကို လှီးဖြတ် ထုတ် ရန် ကြိုး စား နေ ခြင်း ဖြစ်လေသည်။

ငါးမိနစ်ခန့် ကြာသောအခါ ဝီဘာသည် အံဖုံးတံခါး၏ သစ်သားတွင် အပေါက်ငယ်တခုဖြစ်အောင် ဓားဖြင့် လှီးဖြတ်နိုင် သဖြင့် ထိုအပေါက်ထဲသို့ ကြိုးခိုင်ခိုင်တချောင်းဖြင့် ကျိုး ခိုင်မြဲစွာ ချည်နှောင်လိုက်သည်။

ထို့နောက် ဒုတိယအရာရှိနှင့် သင်္ဘောသားများအား ကြိုး ကို ဝိုင်းပြီး အားကုန် ဆွဲခိုင်းလေသည်။

ဗလကောင်းသော သင်္ဘောသား ဆယ့်လေး ယောက်၏ စုပေါင်းအားဖြင့် ကြိုးကို တအား ဆွဲလိုက်သောအခါ အံဖုံး တံခါးသည် ပြုတ်ထွက်သွားလေတော့သည်။



တဖန် ထိုနေရာ၌ ကင်းဗတ် (တာလပတ်) ဖုံးထားပြန်သဖြင့် ဝီဘာကပင် မောင်းချွေးဖြင့် တာလပတ်အမိုးကို ခွဲလိုက်သည်။

ဝီဘာနှင့် ကယ်ဆီလာတို့သည် ကုန်းပတ်မှူးနှင့်အတူ ရှေးဦး စွာ ပြင်ဘက်သို့ ထွက်လိုက်ကြလေသည်။

သင်္ဘော၏ ကုန်းပတ်ပေါ်တွင်ကား ဘာသံမှ မကြားရဖဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဝီဘာတို့လည်း သတိထားလျက် ကုန်းပတ်ပေါ်သို့ အသာ တက်ကြည့်ရာ သူတို့၏လက်ဝဲဘက် မိုင်ဝက်ခန့်အကွာ ပင်လယ် ပြင်တွင် မိုနိုလစ် ရေနံတင်သင်္ဘောကြီးကို မြင်ရလေသည်။

တချိန်တည်းမှာပင် သင်္ဘောကြီးဆီသို့ ဦးတည်သွားနေသော အသက်ကယ်လှေကိုလည်း လှမ်းမြင်ရလေသည်။

'ကျုပ်တို့ကို သူတို့က ထားပစ်ခဲ့ပြီး ထွက်သွားကြတာပဲ'

ကယ်ဆီလာက ဒေါသဖြစ်သွားဟန်ဖြင့် ပြောလိုက်ပြီး အသက်ကယ်လှေဘက်သို့ လှမ်းအော်ခေါ်မည်ပြုရာ ဝီဘာက မအော်ရန် ဟန့်တားလိုက်ရသည်။

'သူတို့က ပြန်လှည့်လာမှာမဟုတ်ဘူးဗျ၊ အာရပ် အကြမ်းဖက် သမားတွေက အသက်ကယ်လှေကို အပိုင်စီးထားကြပြီ၊ သူတို့ အနေနဲ့ ကျုပ်တို့ ရှိုင်းလင်း သင်္ဘောကို အလိုမရှိ တော့ပဲ ဟို ရေနံတင်သင်္ဘောကြီးကို သိမ်းယူလိမ့်မယ်နဲ့တူတယ်၊ ဒါကြောင့် ကျုပ်တို့က ရေဒီယိုနဲ့ တင်ကာသင်္ဘောကြီးကို သတိပေးထားမှ ဖြစ်မယ်....ကဲလာ....ရေဒီယိုစက်ခန်းကို သွားကြရအောင်

www.burmeseclassic.com



ပြောပြောဆိုဆို ဝိဘာသည်ရေဒီယိုစက်ခန်းရှိရာသို့ ပြေးသွားမည် ပြုစဉ် ဒုတိယအရာရှိ ကယ်ဆီလာက သူ၏ ခါးတဘက်ကို လှမ်းဆွဲထားလိုက်သည်။

'နေဦးဗျာ....ခင်ဗျားသတိပြုမိရဲ့လား၊ဒီသင်္ဘောဟာရေဝင်ပြီး တဖြည်းဖြည်း နစ်မြုပ်တော့မယ့် အခြေအနေ ဖြစ်နေတယ်၊ ပိုလူတွေက သင်္ဘောကို နစ်အောင် ဖောက်သွားတယ်နဲ့တူတယ်၊ သူတို့က ဟိုငါးဖမ်းစက်လှေကို နှစ်ပစ်ခဲ့သလို ဒီ သင်္ဘောကိုလဲ နှစ်ပစ်ဖို့ စီစဉ်တာ ဖြစ်ရမယ်'

ဤသို့ပြောပြီးမှ ကယ်ဆီလာသည် အခြေအနေကို ပြန်လည်ဆုံးသပ် စဉ်းစားမိဟန်ဖြင့်

'ဒါဖြင့် ဒီလိုလုပ်ကြမယ်၊ ခင်ဗျားက ရေဒီယိုစက်ခန်းသွားပြီး သင်္ဘောကြီးကို သတိပေးဖို့စီစဉ်ပါ၊ ကျုပ်က ကျုပ်လူတွေနဲ့ ဒီသင်္ဘောမနစ်မြုပ်အောင် ကြိုးစားလုပ်ကြည့်မယ်'

ဟု ပြောလိုက်သည်။

ဝိဘာလည်း ခေါင်းညိတ်လိုက်ပြီးနောက် ပြေးထွက်သွားလေသည်။

ကယ်ဆီလာသည် အခြားသင်္ဘောသားများအား အော်ခေါ်ယူလိုက်ပြီး အရေးတကြီး ညွှန်ကြားချက် အမိန့်များ ပေးနေလေသည်။

ဝိဘာသည် ကုန်းပတ်ပေါ်သို့ပြေးတက်ပြီး ရေဒီယိုစက်ခန်းသို့ တောက်လျှောက် ပြေးသွားရာ အခန်းဝသို့ ရောက်လျှင် အလွန် အံ့အားသင့်နေမိတော့သည်။ အကြောင်းမူကား အခန်းတွင်းရှိ ရေဒီယိုစက်ပစ္စည်း ကိရိယာအားလုံးကို သုံး၍မရအောင်



ဘစ်တယောက်က ရိုက်ခွဲ ဖျက်ဆီးထားသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ဝိဘာသည် အလွန် စိတ်ပျက် သွားမိ သော်လည်း ရေဒီယိုဖြင့် ဆက်သွယ်၍ မရလျှင် အခြား နည်းလမ်းဖြင့် မိုနိုလစ်သင်္ဘောကြီးသို့ သတိပေးမှုဖြစ်မည်ဟု စဉ်းစားနေမြန်လေသည်။

မည်သို့လုပ်ရပါမည်နည်းဟု အကြံထုတ်နေစဉ်မှာပင် မိမိတို့သင်္ဘော၌ အရေးပေါ်သုံးရန် မီးရောင်ဖြင့် အချက်ပြသည့် လက်နှိပ်ဓာတ်မီးများရှိသည်ကို သတိရမိလေသည်။ ထို့ကြောင့် သူသည် ကုန်းပတ်တနေရာတွင် ရှိသော လက်နှိပ်ဓာတ်မီးများကို ပြေးယူပြီး ရေနံတင်သင်္ဘောကြီးဘက်သို့ မော့စ် သင်္ကေတနည်းအသုံးပြုကာ မီးရောင်ဖြင့် စတင် အချက်ပြလေတော့သည်။

သို့ရာတွင် သုံးစက္ကန့်မျှရှိသေးစဉ် ရိုင်းလင်းသင်္ဘောတနေရာမှ ပြင်းထန်စွာ ပေါက်ကွဲမှုကြီး ဖြစ်လာပြီး ဝိဘာလည်း ရေထဲသို့ လွင့်စဉ်ကျသွားတော့သည်။

* * *

ပေါက်ကွဲသံက အလွန် ပြင်းထန်ကျယ်လောင်သဖြင့် လမ်းခုလတ်သို့ ရောက်နေသော အသက်ကယ် လှေပေါ်မှ လူအားလုံးလည်း သည့်ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘတိယအရာရှိ ဖိုးလစ်သည် ရှိုင်းလင်း သင်္ဘော ထက်ပိုင်း ပြတ်လျက် တဖြည်းဖြည်းနစ်မြုပ်စပြုနေသည်ကို မြင်လျှင် အလွန် အံ့သြ တုန်လှုပ်မိလေသည်။

ရှိုင်းလင်းသင်္ဘောပေါ်မှ လူများ ရေထဲသို့ လွင့်စဉ်ကျကုန် သည်ကိုလည်း မြင်ရလေသည်။

ဖိုးလစ်သည် အသက်ကယ်လှေကို ပဲ့ကိုင် ထိန်းမောင်းနေသူ ကုန်းပတ်မှူး ဟင်နရီအား လှမ်း၍

'ဒီမယ်... ဒီလှေကို ပြန်လှည့်မောင်းလိုက်ပါ'

ဟု အမိန့်ပေးလိုက်သည်။

သို့သော် ဖိုးလစ်၏ ဘေးနားတွင် ရှိနေသော ဟာဆန်က သေနတ်ဖြင့်ချိန်လျက် ခေါင်းခါပြလိုက်သည်။

'ပြန်မလှည့်ပါနဲ့၊ ဆက်သာမောင်းပါ၊ ကျုပ်တို့က ရှိုင်းလင်း သင်္ဘောရဲ့ အင်ဂျင် စက်ခန်းထဲမှာ အချိန်ကိုက် ဗုံး တပ်ဆင် ထောင်ထားပစ်ခဲ့တဲ့ အတွက် အခု ပေါက်ကွဲတာပဲ၊ ကျုပ်တို့ အနေနဲ့ ရှိုင်းလင်းသင်္ဘောကို ဆက် အသုံးပြုဖို့ မလိုတော့ဘူး။ ဒါကြောင့် ခင်ဗျားတို့လဲ ပြန်လှည့်သွားရော မလိုဘူး'

'ဒါပေမယ့် မသေပဲ ကျန်တဲ့သင်္ဘောသားတွေကို သွားကယ်မ ဖြစ်မှာပေါ့၊ စောစောက လူတချို့ ရေထဲ ကျကုန်တာ ကျုပ် မြင်လိုက်တယ်'

ဖိုးလစ်က ပြန်ပြောသော်လည်း ဟာဆန်က လက်မခံချေ။

'ဒီလူတွေက အရေးမကြီးဘူး၊ သူတို့က သေရမယ့်လူတွေပဲ။ အသက်ကယ်လှေကိုပြန်မောင်းဖို့ ကျုပ် ခွင့်မပြုနိုင်ဘူး၊ ရေနံတင် သင်္ဘောကြီးဆီကိုပဲ ဆက်သွားရမယ်'



ဟာဆန်က ပြောလိုက်ချိန်တွင် ပဲ့ကိုင်မောင်းနေသူ ကုန်းပတ် မှူးအား ဖာရပ်ဂျ်ဆိုသူကလည်း မောင်းပြန် ပစ္စတိုသေနတ်ဖြင့် ချိန်ထားလေသည်။

'ကိုင်း ခင်ဗျားကြားတယ်မဟုတ်လား၊ ရေနံတင်သင်္ဘောကြီး ဘက်ကိုသာ ခင်ဗျား ဆက်မောင်းသွားပါ'

ကုန်းပတ်မှူး ဟင်နရီသည် ဒေါသထွက်သွား မိသော်လည်း ဖာရပ်ဂျ်၏လက်မှ သေနတ်ကြောင့် ငြိမ်နေလိုက် ရသည်။

သို့သော် သူ၏အရာရှိက မည်သို့အမိန့်ပေးမည်ကို စောင့်ယင်း ဖိုးလစ်အား လှမ်းကြည့်လေသည်။

ဖိုးလစ်သည် ရှိုင်းလင်းသင်္ဘောနစ်မြုပ်နေသည်ကိုလှမ်းကြည့် နေရာမှ ဟာဆန်ဘက်သို့ ပြန်လှည့်လိုက်သည်။

'ကျုပ်တို့ ပြန်လှည့်သွားပြီး မသေပဲ ကျန်တဲ့ လူတွေကို ရှာဖွေကယ်ဆယ်မှ ဖြစ်မယ်၊ ဒါဟာ ပင်လယ် ရေကြောင်း သွားလာမှုဆိုင်ရာ အစဉ်အလာ ထုံးတမ်း စည်းကမ်း ဥပဒေပဲ.... အခု ဟိုသင်္ဘောပေါက်ကွဲနစ်မြုပ်တာကို မိုနီလစ်သင်္ဘောပေါ်က မာလိန်မှူးကြီး ကပ္ပတိန် အမ်းစထရောင်းကလဲ ကြည့်နေမှာပဲ၊ တကယ်လို့ ကျုပ်တို့က ပြန်လှည့်ပြီး သွားမကယ်ဘူး ဆိုယင် ဒီအသက်ကယ်လှေပေါ်မှာ ကျုပ်အနေနဲ့ ဘာမှ အာဏာမရှိဘူး ဆိုတာ ကပ္ပတိန်ကြီးက ချက်ချင်း ရိပ်မိလိမ့်မယ်'

ဖိုးလစ်က ဤသို့ ပြောလိုက်ရာ ဟာဆန်သည် မျက်မှောင် ကြုတ်၍ ခေတ္တစဉ်းစားနေလေသည်။

ထိုစကားက မှန်သင့်သလောက် မှန်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်သွားပြီး သင်္ဘောသားများအား ကယ်ဆယ်ရ မကြိုးစားလျှင် မိုနိုလစ်သင်္ဘော၏ မာလိန်မှူး ကပ္ပိတန် အမ်းစတဲရောင်းက ဤအသက်ကယ်လှေကို တစုံတယောက်က အပိုင်စီးထားကြောင်း ရိပ်မိသွားနိုင်သည်မှာ အမှန်ပ ဖြစ်ပေသည်။

ထို့ကြောင့် ဟာဆန်သည် သူ၏ ဆုံးဖြတ်ချက်ကို ပြော လေသည်။

'ခင်ဗျားပြောတာ မှန်တယ်၊ ခင်ဗျားတို့ ကပ္ပိတန်ကြီးက သတ္တိမကောင်းဖြစ်လိမ့်မယ်၊ ဒါကို ကျုပ်တို့က အဖြစ်မခံနိုင်ဘူး။ သူက ရေဒီယိုနဲ့ခင်ဗျားကိုသွားကယ်ဖို့ အမိန့်မပေးခင် ကျုပ်တို့က ပြန်လှည့်ကြပြီး အသက်ရှင်သူတွေကို ရှာမယ်၊ ဒါပေမယ့် အထူးကြိုးစားပြီး ရှာမှာတော့ မဟုတ်ဘူး။ ဆယ့်ငါးမိနစ်လောက်ပဲ ရှာမယ်၊ တကယ်လို့ အသက်ရှင်သူတွေကိုတွေ့ယင်လဲ ကျုပ်က ဒီအသက်ကယ်လှေပေါ် တင်ခေါ်ဖို့ မရည်ရွယ်ဘူး၊ ကျုပ်တို့ အခုပြန်လှည့်ကြပြီး သွားရှာတာဟာ ခင်ဗျားတို့ ကပ္ပိတန်ကြီး မသင်္ကာမဖြစ်အောင် လှည့်စားတဲ့သဘောသာ ဖြစ်တယ်'

* * *

ဝိတာသည် ရေထဲသို့လွင့်စဉ်ကျသွားပြီးနောက်လှိုင်းလုံးကြီးများ ကြား၌ ခဲယဉ်းပင်ပန်းစွာ ကူးခပ်နေရလေသည်။



ရိုင်းလင်းသင်္ဘောကြီးသည် တဖြည်းဖြည်း နစ်မြုပ်လျက်ရှိနေပြီး ဝိတာမှာ လှိုင်းလုံးများ၏ပုတ်ခတ်မှုကြောင့် သင်္ဘောပျက်မှ ကိုက်နှစ်ရာခန့် ဝေးသော ပင်လယ်ရေပြင်တွင် ရောက်ရှိနေလေသည်။

သူ၏ ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်သောအခါ အခြားလူများ ရောက်နေသည်ကို မမြင်ရသဖြင့် ကယ်ဆီဘာနှင့်တကွ ကျန် သင်္ဘောသားများအားလုံး သေဆုံးကုန်ကြပြီဟု တွက်မိလေသည်။

စိတ်မကောင်းဖြစ်မိသော်လည်း မိမိအနေဖြင့် ဘာဝန်ဝတ္တရားရှိသေးသည်ဟုဆုံးဖြတ်ကာ မိုနိုလစ်သင်္ဘောကြီးဘက်သို့ ကြိုးစား ရေကူးသွားလေသည်။

မိနစ် အနည်းငယ် ကြာသောအခါ ပြန်လှည့်လာသော အသက်ကယ်လှေ၏ အင်ဂျင်စက်သံကိုကြားရသဖြင့် ဝိတာသည် ရုတ်တရက် အားတက်သွားမိလေသည်။

သို့သော် ချက်ချင်းပင် တစုံတခုကို စဉ်းစားမိပြီး စိုးရိမ်သွားမိပြန်သည်။

အကြမ်းဖက်ကြိုးကိုင်ခေါင်းဆောင် ဟာဆန်က မိမိတို့ရိုင်းလင်းသင်္ဘောကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းမှာ သင်္ဘောပေါ်ရှိ လူအားလုံး သေဆုံးစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ရပေမည်။

ယခု ပြန်လှည့်လာသော အသက်ကယ်လှေကို ဟာဆန်ကပင် ဦးစီးကွပ်ကဲထားမည်မှာ သေချာသည်။ သူတို့ပြန်လှည့်လာခြင်းသည် မိမိတို့အား ကယ်ဆယ်ရန် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်ပြီး ကျန်သူများအားလုံးကို အသေသတ်ပစ်ရန်သာ ဖြစ်ပေမည်။

ဟာဆန်အနေဖြင့် မျက်မြင်သက်သေတဦးတယောက်မျှမကျန်ရစ်အောင် ဤသို့ လုပ်လိမ့်မည်ဟု ယုံကြည်မိသည်။

ထို့ကြောင့် ဝီဘာသည် အသက်ကယ်လှေကို မျှော်လင့်ချက်မထားတော့ပဲ မိုနိုလစ်သင်္ဘောကြီးဘက်သို့သာ ဆက်၍ ရေကူးသွားလေသည်။

ကံအားလျော်စွာ ပင်လယ်ရေစီးကြောင်းကလည်း သူ့အား မိုနိုလစ် သင်္ဘောရှိရာဘက်သို့ တွန်းပို့ပေးသလို ဖြစ်နေသောကြောင့် ပို၍ လွယ်ကူနေပေသည်။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ မိုနိုလစ်သင်္ဘောကြီး အနီးသို့ ရောက်ရှိသွားလေသည်။ သို့သော် သင်္ဘောကြီးမှာ အလျား [illegible]အောင်ရှည်ပြီး ကုန်းပတ်ကလည်း ရေပြင်မှ ပေကိုးဆယ်ခန့်မြင့်ရာ ဝီဘာသည် စိတ်ပျက်မိလေသည်။

BURMESE CLASSIC .com

သူသည် သင်္ဘောကြီးဘေးတွင် ရေကူးနေယင်း ဟစ်အော်အကူအညီ တောင်းကြည့်ပါသော်လည်း လှိုင်းသံ လေသံတို့ကြောင့် သူ၏အော်သံကို သင်္ဘောကြီးပေါ်မှ ကြားနိုင်ရန် မျှော်လင့်ချက် မရှိချေ။

ထိုအခိုက်မှာပင် ဝီဘာသည် အသက်ကယ်လှေ ပြန်လာသံကို ကြားရလေသည်။

လှမ်းကြည့်လိုက်သောအခါ တကိုယ်လုံး စောင်လွှမ်းခြုံထားသော အကြမ်းဖက်သမား ဟာဆန်တို့လူစုကို သတိပြုမိသဖြင့်



တို့သည် စောင်အတွင်း၌ မောင်းပြန်သေနတ်များ ဝှက်၍ ဆောင်ထားသည်ဟုလည်း တထစ်ချ တွက်လိုက်မိသည်။

ယခုအခါတွင် မိမိကို မြင်သွားပါက ဟာဆန်သည် ချက်ချင်း သတ်မည်မှာ သေချာသည်ဟုလည်း ဝီဘာက ယူဆမိသည်။

သို့သော် မိုနိုလစ်သင်္ဘောကြီးပေါ်သို့ ရောက်ရှိနိုင်ရန် တခုသည်းသော မျှော်လင့်ချက်မှာ ထိုအသက်ကယ်လှေပင် ဖြစ်နေသည်။ အသက်ကယ်လှေနှင့် လိုက်ပါသွားမှ သင်္ဘောကြီး ကုန်းပတ်ပေါ်သို့ ရောက်ရှိနိုင်မည် ဖြစ်ပေသည်။

ဝီဘာသည် မည်သို့ ကြံရပါမည်နည်းဟု စဉ်းစားရ ခက်နေတော့သည်။

တဖြည်းဖြည်းနှင့် အသက်ကယ်လှေသည် နီးကပ်လာလေသည်။

ဝီဘာသည် တင်ကာသင်္ဘောကြီးပေါ်သို့ရောက်ရှိရန်အတွက် ဟာဆန် မြင်လျှင် မြင်ပါစေတော့ဟု ဇွတ်ပင် အသက်ကယ်လှေပေါ်သို့ တက်လိုက်ရကောင်းမည်လားဟုပင် စဉ်းစားမိသေးသည်။

ထိုအခိုက် တတိယအရာရှိ ဖီးလစ်က အသက်ကယ် လှေ၏ ဝင်ကျင်စက်ကို ရပ်လိုက်ရာ ဝီဘာသည် ရုတ်တရက် အကြံတခု ရသွားမိပြန်လေသည်။

ထိုအကြံကား ရပ်နေပြီဖြစ်သော အသက်ကယ်လှေ၏ ပန်ကာ ယက်ကို ဖမ်းတွယ်၍ လှေကို သင်္ဘောကြီးပေါ် ဆွဲတင်လျှင် လိုက်ပါသွားရန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မိုနိုလစ် သင်္ဘောကြီးပေါ်မှ သင်္ဘောသားများက အသက်ကယ်လှေကို စက်သီးဖြင့် ဆွဲတင်ရန် ပြင်ဆင်နေပြီ ဖြစ်သည်။

ဝိဘာသည် ရေကူးနေရာမှ အသက်ကယ်လှေ၏ပန်ကာလက်ကို လက်နှစ်ဘက်လုံးဖြင့် ဖမ်းတွယ်လိုက်သည်။

သူ၏အပြုအမူကို အသက်ကယ် လှေပေါ်မှလူများက လုံး၀ မမြင်မိကြချေ။

သင်္ဘောကြီးပေါ်မှ စက်သီးကြိုးများဖြင့် ဆွဲတင်နေပြီဖြစ်သော အသက်ကယ် လှေသည် ရေပြင်မှ ကြွတက် ပါသွားချိန်တွင် ဝိဘာသည်လည်း ပန်ကာကို ဖမ်းတွယ်လျက် လိုက်ပါသွားလေတော့သည်။

သင်္ဘောကြီးပေါ်ရောက်သွားလျှင် သူ၏ ကံကြမ္မာ မည်သို့ ဖြစ်လာမည်ကိုကား ဝိဘာက စဉ်းစား၍မရချေ။

BURMESE CLASSIC .com

## အခန်း ၉

အသက်ကယ်လှေပေါ်တွင် အကြမ်းဖက် ဂိုဏ်းသားများသည် သင်္ဘောသားများအား စိတ်မချသဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။

ဗီးလစ်က သင်္ဘောကြီးပေါ်သို့ လှမ်း၍ လှေကို ဆွဲတင်ရန် လက်မြှောက် အချက်ပြသည်ကို ဟာဆန်က သေချာစွာကြည့် နေပြီး ဖာရပ်ဂျ် ဆိုသူက ကုန်းပတ်မှူး ဟင်နရီအား မျက်ခြည် မပြတ် ကြည့်နေသည်။

ဂျပန် အကြမ်းဖက်သမား ယိုတာဂျ်ဆိုသူကမူ ရေဒီယိုအရာရှိ အန်တိုနီက သင်္ဘောကြီးပေါ်သို့ ရေဒီယိုဖြင့် ဆက်သွယ်ပြောဆို နေသည်ကို အနီးကပ်နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုဖြင့် သူတို့ အပိုင်စီးထားကြောင်းကို မာလိန်မှူးကြီးထံသို့ ဆက်သွယ် အကြောင်းမကြားစေရန် သေနတ်ဖြင့် ချိန်၍ စောင့်ကြည့်နေလေသည်။

ကျန်သင်္ဘောသားများကတော့ အသက်ကယ်လှေ တဖြည်းဖြည်း ကြွတက်နေစဉ် အပေါ်သို့ မော့်ကြည့်နေကြလေသည်။

အသက်ကယ်လှေ၏ ပန်းကာတွင် လူတယောက် တွယ်လိုက်လာသည်ကိုကား မည်သူကမှ မရိပ်မိကြချေ။

ဝီဘာသည် ပင်လယ်ထဲ ကြာရှည်ရေကူးခဲ့ရ၍ ပင်ပန်းနေပြီဖြစ်ရာ ယခု ပန်ကာ ဒလက်ကို ဖမ်းတွယ် ထားရခြင်းကြောင့် လက်နှစ်ဘက်စလုံး အလွန်နာကျင် ညောင်းညာနေပြီ ဖြစ်လေသည်။

သို့သော်လက်ကိုမလွှတ်ဘဲ ဇွတ်မှိတ်အံကြိတ်ယင်း ကြိုးစားတွယ်ထားရလေသည်။

ထို့ပြင် ရိုင်းလင်းသင်္ဘောကြီး ပေါက်ကွဲပြီး သူသည် ရေထဲသို့ လွင့်စဉ် ကျသွားခဲ့စဉ်က ပေါက်ကွဲမှု အရှိန်ကြောင့် သူ၏ ကိုယ်တွင်ဒဏ်ရာများရခဲ့လေရာ ပင်လယ်ဆားငန်ရေဖြင့်ထိသဖြင့် ပို၍ပင် နာကျင်လျက်ရှိလေသည်။

မိုနီသစ် သင်္ဘောကြီး၏ ကုန်းပတ်ကလည်း အလွန်မြင့်လှသဖြင့် အပေါ်သို့ရောက်သည်အထိ ပန်ကာ ဒလက်ကို မြဲမြဲစွာ တွယ်ကိုင်ထားနိုင်ပါမည်လောဟု သူ့ကိုယ်သူ သံသယဖြစ်နေမိလေသည်။



အရေးထဲ အသက်ကယ်လှေကို စက်သီးကြိုးဖြင့် ဆွဲတင်နေသည်မှာ အလွန်ဖြည်းညင်းစွာ တက်နေသဖြင့် ဝီဘာမှာ အလွန်ပင်ပန်းကြီးစွာ တွယ်ထားရသည်။

သူ၏လက်များကလည်း အလွန်နာကျင် ညောင်းညာလာပြီဖြစ်သည်။

ယခု အခြေကျမှ လက်လွှတ်ပြီး ရေထဲသို့ ပြန်ကျသွားပါက ကြေနပ်မှုချသေရမည်ဟု တွက်မိသဖြင့် ဝီဘာသည် အောက်သို့ပင် ငုံ့မကြည့်ဝံ့တော့ချေ။

ပေါက်ကွဲမှုဖြစ်စဉ်က ဒဏ်ရာရခဲ့သော သူ၏ပခုံးတဘက်ကလည်း အလွန်နာကျင်လျက်ရှိလေသည်။

သို့ဖြစ်လင့်ကစား ဝီဘာသည် စိတ်အားတင်းလျက်ကြိုးစားတွယ်ထားရလေသည်။

အတန်ကြာတော့မှ အသက်ကယ်လှေသည် သင်္ဘောကြီး၏ ကုန်းပတ်ရှိရာသို့ ရောက်လာလေသည်။

သင်္ဘောကြီး၏ ထုံးစံအရ အသက်ကယ်လှေကို ပြန်ဆွဲတင်သည့်အခါ မူလက ထိုလှေထားရှိရာ နေရာသို့ ရောက်အောင် စက်သီးကြိုးဖြင့် ဆွဲတင်ရသဖြင့် မိုနီသစ်သင်္ဘောပေါ်မှသင်္ဘောသားများသည် အသက်ကယ်လှေကို မူလနေရာ ရောက်အောင် ဆက်လက်၍ ဆွဲတင်နေကြလေသည်။

ဤတွင် ဝီဘာသည် ပန်ကာ ဒလက်ကိုင်ထားသော လက်ကို လွှတ်၍ သင်္ဘောကြီး၏ ကုန်းပတ်ပေါ်သို့ လှမ်းခုန်တက်၍ သူ့ကိုယ်သူ လှိမ့်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းသည့်ဒဏ်ကို မခံနိုင်တော့သဖြင့် သူသည် သင်္ဘောကြီးကုန်းပတ်ပေါ်သို့ ရောက်ချိန်တွင် သတိမေ့သွားလေတော့သည်။

ထိုအချိန်အထိ အသက်ကယ်လှေပေါ်မှလူများက ငါဘာအား မမြင်မိကြသေးချေ။

*　　　*　　　*

မုံနိုလစ် သင်္ဘောကြီးမှ ဒုတိယအရာရှိ ဒီဗာရယ်သည် အသက်ကယ်လှေ စက်သီးဖြင့်ဆွဲ၍ တက်လာသည်ကို လှမ်းကြည့်နေလေသည်။

သူ၏ လက်တွင် ရိုင်ဖယ် သေနတ်တလက် ကိုင်ထားလေသည်။

ကပ္ပတိန်ကြီးက လိုလိုမည်မည် ဆောင်ထားခိုင်း၍ ရိုင်ဖယ်သေနတ်ကို ကိုင်ရသော်သည်း သူ၏စိတ်ထဲတွင်ကား သေနတ်ကိုကိုင်ရန် လုံးဝမလိုဟု ယူဆမိလေသည်။



ရှင်းလင်းသင်္ဘော ပေါက်ကွဲ၍ နစ်မြုပ်သွားပုံကို လှမ်းမြင်လိုက်ရသဖြင့် ထိုသင်္ဘောတွင် မတော်တဆ ထိခိုက် ပေါက်ကွဲမှု ဖြစ်ခဲ့ပြီး လူများ ဒဏ်ရာရခဲ့ခြင်း ဖြစ်မည်ဟု ယုံကြည်သဖြင့် အသက်ကယ်လှေပေါ်မှ စောင်ခြုံထားသူ လူဆယ့်တစ်ယောက်ကိုလည်း သင်္ကာမကင်း မဖြစ်မိချေ။

သင်္ဘောသားများက ဝိုင်းကူထိန်းပေး၍ အသက်ကယ်လှေသည် ဆက်လက် မြောက်တက်လာရာမှ မူလ နေရာသို့ပြန်လည်ရောက်ရှိတော့မည့် ဆဲဆဲ ဖြစ်ချိန်တွင် သင်္ဘောကုန်းပတ်ပေါ်သို့ လေးလံသော အရာဝတ္ထုတခု ကျသလိုအသံမျိုး ကြားလိုက်မိလေသည်။

သို့ရာတွင် ဒီဗာရယ်သည် အသက်ကယ်လှေကိုသာ အာရုံစိုက်ကြည့်နေသဖြင့် ကုန်းပတ်ပေါ်သို့ကျသံကို ဆက်လက်မစုံစမ်းကြည့်တော့ချေ။

တတိယ အရာရှိ ဖီးလစ်သည် ဒီဗာရယ်၏ လက်မှ ရိုင်ဖယ်သေနတ်ကို မြင်လျှင် ထိတ်လန့် တုန်လှုပ်သွားမိလေသည်။

တချိန်တည်းမှာပင် ဟာဆန်သည် သူ၏မရှင်း ပစ္စတို မောင်းပြန် သေနတ်ဖြင့် ဒီဗာရယ်၏ ရင်ဘတ်တည့်တည့်သို့ ချိန်ထားလိုက်ကြောင်း ဖီးလစ်က သတိပြုမိလေသည်။

'မစ္စတာဒီဗာရယ် ခင်ဗျားလက်ကရိုင်ဖယ်သေနတ်ကို လွှတ်ချလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလစ်က စိုးရိမ်တကြီး လှမ်းအော် ပြောလိုက်ရာ ဒီဗာရယ် သည် နားမလည်ဟန်ဖြင့် တအံ့တသြ ငေးကြည့်နေလေသည်။

'ဒီမယ်....ခင်ဗျားလက်ကသေနတ်ကို လွှတ်ချလိုက်ပါဗျ ခင်ဗျား မပစ်နိုင်ခင် သေသွားလိမ့်မယ်'

ဖိုးလစ်က ဆပ်မံ၍ ဟစ်အော် သတိပေးလိုက် ပြန်သည်။

ထိုအချိန်၌ ဟာဆန်က သူ၏ ကိုယ်တွင် ခြုံထားသော ဘော် ကို လှစ်ပြလိုက်ရာ မောင်းပြန်သေနတ်က ဒီဗာရယ်၏ ရင်ဘတ် ချိန်ထားကြောင်း အားလုံးက မြင်ရလေသည်။

သည်တော့မှ ဒုတိယ အရာရှိ ဒီဗာရယ်လည်း အသက်ကယ် လှေပေါ်မှ လူစိမ်းဆယ့်တစ်ဦးစလုံး အလားတူ မောင်းပြန် သေနတ်များ ကိုယ်စီကိုင် ဆောင်ထားကြကြောင်းကို သိရ တော့သည်။

ကပ္ပတိန်ကြီးက စောစောကပင်သက်သာမကင်းဖြစ်ခဲ့ခြင်းသည် ယခုတော့ မှန်နေလေပြီဟု တွေးမိချိန်တွင် ဒီဗာရယ်သည်မည်သို့ မတတ်နိုင်တော့သည့် အခြေအနေသို့ ရောက်နေလေတော့သည်။

ထို့ကြောင့် သူသည် ကိုင်ထားသော ရိုင်ဖယ်သေနတ်ကို လွှတ်ချလိုက်ရလေသည်။

ဟာဆန်သည် ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်ပြီနောက် သူ့ လူများအား ခေါင်းညိတ်၍ အချက်ပေးလိုက်ရာ အကြမ်းဖက် သမားဆယ့်တစ်ဦးတို့သည် အသက်ကယ်လှေပေါ်မှ ဆင်းလာ၍



မိုနီလစ် သင်္ဘောကြီးအား အပိုင်စီး တိုက်ခိုက်ရန်အတွက် ပြင် ဆင်ကြလေတော့သည်။

* * *

သင်္ဘောကြီး၏ ကုန်းပတ် ဦးပိုင်းမှ မာလိန်မှူးကြီး ကပ္ပတိန် အမ်းစထရောင်းသည် ရိုင်ဖယ်သေနတ်တလက်ကို လွယ်သားယင်း ကြည့်နေရာမှ အခြေအနေကို လှမ်းမြင်ရလေသည်။

အသက်ကယ်လှေပေါ်မှ လက်နက်ကိုင် အကြမ်းဖက်သမား ပြေးဆင်းလာသည်ကိုသည်း မြင်မိသဖြင့် ကပ္ပတိန်ကြီးသည် ရေဒီယိုစက်ခန်းသို့ ပြေးပြီး ရေဒီယိုအရာရှိချုပ် စပင်ဆာအား အရေးပေါ် ညွှန်ကြားချက်ပေးလေသည်။

'ဒီမယ်....ကျုပ်တို့ မိုနီလစ်သင်္ဘောကို လက်နက်ကိုင်လူတစုက တက်လာပြီး တိုက်ခိုက်နေကြတယ်၊ ဒီအကြောင်းကို ခင်ဗျားက ရေဒီယိုနဲ့ လေလှိုင်းပေါင်းစုံကနေပြီး သတင်းပို့လိုက်ပါ'

သို့ရာတွင် ရေဒီယိုအရာရှိ စပင်ဆာက တုန်လှုပ်ချောက်ချား ဟန်ဖြင့် ခေါင်းခါပြလေသည်။

'မဖြစ်ဘူး ကပ္ပတိန်ကြီး၊ အဲဒီ ကျွန်တော့်ဆီကို အသက် ကယ်လှေပေါ်က ရေဒီယိုနဲ့ လှမ်းသတိပေးပါတယ်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့က အရေးပေါ် ရေဒီယိုဆက်သွယ်ယင် သူတို့က ကြားဖြတ်နား ထောင်နေတယ်တဲ့.... ကပ္ပိတန်ကြီး ပြောသလို ဒီသင်္ဘော တိုက်စိုက်ခြင်းခံရကြောင်း သတင်းပို့တာနဲ့ မစ္စတာဖီးလစ်ကို ပစ်သတ်လိုက်မယ်လို့လဲ ပြောပါတယ်၊ ဒါမှ ကျွန်တော်က ရေဒီယိုနဲ့ ဆက်သတင်းပို့ယင် ရေဒီယိုအရာရှိ အန်တိုနီကိုပါ ပစ်သတ်လိမ့်မယ်၊ သူတို့က တကယ်ရက်ရက်စက်စက် လုပ်မယ့်ပုံပဲ ခင်ဗျ'

ဤတွင် ကပ္ပိတန် အမ်းစသရောင်းသည် ခေတ္တမျှ ငိုင်နေပြီးနောက်....

'ဒါဖြင့်လဲ သတင်းမပို့နဲ့တော့'

ဟု ပြောလိုက်သည်။

* * *

ရှိုင်းလင်းသင်္ဘော ပေါက်ကွဲနစ်မြုပ်စဉ် အသံကျယ်လောင်စွာ မြည်သဖြင့် မိုနိုလစ်သင်္ဘောကြီးပေါ်၌ အိပ်ပျော်နေသူအားလုံး (အမျိုးသမီးများနှင့်ကလေးများပါမကျန်) အိပ်ရာမှ လန့်နိုးကြလေသည်။



သားနှစ်ယောက်မိခင် ဂျိန်းသည် သူ၏သားငယ်နှင့်ယောက်အား ပြန်အိပ်ခိုင်း၍ မရသဖြင့် အနွေးထည်များဝတ်ဆင်ပေးပြီး ကုန်းပတ်သို့ ထွက်လာလေသည်။

သူမ၏ခင်ပွန်း ကင်းဘဲလ်က အင်ဂျင်စက်ခန်းမှ အရေးတကြီး ခေါ်၍ တာဝန်သွားယူနေရလေသည်။

မရှေးမနှောင်းမှာပင် အင်ဂျင်နီယာချုပ်၏ဇနီး အယ်လစ်ဘက်နှင့် ဒုတိယအရာရှိ ဒိဗာရယ်၏ ဇနီး ဆူဇီ သည် လည်း ကုန်းပတ်သို့ ထွက်လာကြလေသည်။

အမျိုးသမီး သုံးဦးသည် အသက်ကယ်လှေကို ကုန်းပတ်ပေါ်သို့ စက်သီးဖြင့် ဆွဲတင်နေသည်ကို လှမ်းမြင်၍ စိတ်ဝင်စားစွာ ကြည့်နေကြလေသည်။

အသက်ကယ်လှေပေါ်တွင် မိမိတို့သင်္ဘောကြီးမှ သင်္ဘောသားများအပြင် စောင်ခြုံထားသော လူစိမ်းများ ပါလာသည်ကိုလည်း သတိပြုမိကြလေသည်။

'ဒုက္ခရောက်ရတဲ့ လူတွေကို ကယ်ဆယ်လာတယ်နဲ့ တူပါတယ်၊ ကပ္ပိတန်ကြီးက အလုပ်များနေလို့ ကျွန်မတို့ကို ပြောချိန်ရမယ် မထင်ဘူး၊ ဒီတော့ ကျွန်မတို့အမျိုးသမီးတွေက ဆလွန်းဧည့်ခန်းထဲမှာ လူနာတွေကို လက်ခံပြုစုဖို့ ပြင်ဆင်ထားယင် ကောင်းလိမ့်မယ်'

အယ်လစ်ဘက်က ပြောလိုက်ရာ ဒုတိယ အရာရှိကတော် ဆူကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ရှင့်၊ ကျွန်မတို့က ဆေးဝါးပစ္စည်းတွေ၊ မျက်နှာသုတ်ပဝါတွေ၊ ပတ်တီးတွေ အဆင်သင့် ပြင်ဆင်ထားယင် ကောင်းမယ်'

ဆူက ပြောပြီး အမျိုးသမီးများသည် ဆလွန်းခန်းဆီသို့ လျှောက်ထွက်လာစဉ် လေးနှစ်သားအရွယ် အင်းဂတ်စ်အမည်ရှိ ကလေးက ဟစ်အော်ယင်း ညွှန်ပြလိုက်သဖြင့် ဆူလည်း လှမ်းကြည့်လိုက်ရာ ဟာဆန်နှင့်အကြမ်းဖက်ဂိုဏ်းသားများ လက်နက်ကိုယ်စီဖြင့် ပြေးတက်လာကြပြီး သူမ၏ ခင်ပွန်း ရီဗာချယ်ကို တွန်းဖယ်ပစ်လိုက်သည်ကို မြင်ရလေသည်။

ဂျိန်းက သူ၏ ကလေးငယ် နှစ်ယောက်ကို ပွေ့ဖက်ထားလိုက်စဉ် ဆူသည် ကြောက်အားလန့်အားနှင့် ဟစ်အော်လိုက်မိလေသည်။

ထိုအချိန်၌ အကြမ်းဖက်သမားများသည် သူတို့ အနီးသို့ ရောက်လာကြပြီဖြစ်သည်။

ဟာဆန်သည် ဆူအား မောင်းပြန်ပစ္စတို၏ သေနတ်ပြောင်း ထောက်ထားလိုက်ပြီး....

'ဒီသင်္ဘောပေါ်မှာ အမျိုးသမီး ငါးဦးနဲ့ ကလေး ခြောက်ယောက် ရှိတာကို ကျုပ်တို့ သိတယ်၊ ကျန်တဲ့မိန်းမနဲ့ကလေးတွေ ဘယ်မှာလဲ'

ဟု ခပ်သန်သန် မေးလိုက်သည်။

ဆူလည်း အလွန်ထိတ်လန့် တုန်လှုပ်လျက် ..

'ကျွန်မတို့ သူတို့ ဘယ်မှာရှိတယ်ဆိုတာ မသိဘူး ရှင့်'

ဟု ပြန်ပြောလိုက်သည်။



သူမသည် အလွန်တုန်လှုပ်ချောက်ချားနေသော်လည်း ကျန်အမျိုးသမီးများနှင့် ကလေးများကို ကာကွယ်သည့် အနေဖြင့် လိမ်လည်ပြောလိုက်ခြင်းဖြစ်လည်။

ဟာဆန်သည် ဒေါသထွက်လာလေသည်။

'ဘာကြောင့် မသိရမှာလဲ၊ ခင်ဗျား သိရမယ်၊ အခု ခင်ဗျားကိုယ်တိုင် ကျုပ်တို့ကို ကျန်တဲ့အမျိုးသမီးတွေ အခန်းကို ခေါ်သွားရမယ်'

ပြောပြောဆိုဆို ဟာဆန်သည် အိုင်ယန်အမည်ရှိ ကလေးငယ်ကို ခပ်ကြမ်းကြမ်း ဖမ်းဆွဲလိုက်သည်။

'ခင်ဗျား မှန်မှန်မပြောယင် ဒီကလေးကို ကျုပ်က သတ်ပစ်လိုက်မယ်'

ဟာဆန်က ဆက်လက်ခြိမ်းခြောက်လိုက်ရာ ဆူမှာ အံ့အားသင့် တုန်လှုပ်လွန်းသဖြင့် ဘာမှမပြောနိုင်အောင် ဖြစ်နေလေသည်။

ထိုအခိုက်မှာပင် ဂျပန်အကြမ်းဖက်သမား တာကာကီသည် သူ၏ ဆာမူရိုင်း ဓားရှည်ကြီးကို ဆွဲထုတ်လိုက်ပြီး သုံးနှစ်သားအရွယ် အိုင်ယန်၏ ဦးခေါင်းပေါ် မိုး၍ ချိန်ရွယ်ထားလိုက်သည်။

ဤတွင် အင်ဂျင်နီယာချုပ် ကတော် အယ်လစ်ဇဘက်က ဝင်၍

'ကျွန်မ လိုက်ပြပါမယ်'

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ဟာဆန်က သဘောကျသွား ဟန်ဖြင့် ပြုံး လိုက်ပြီး စာကားရီးယား ဆီသို့ လှည့်၍ ခေါင်းညိတ် အချက်ပြလိုက်သည်။

အကြမ်းဖက် သမားများသည် အားလုံးစိတ် ကြိုတင်ခိုင်း ပြင်ဆင်ထားကြရာ အမျိုးသမီးနှင့် ကလေးများအား ဓားစာခံ များ အဖြစ် ဖမ်းဆီးရန် စာကားရီးယားတို့ အဖွဲ့က တာဝန်ကျ ဟန် တူလေသည်။

စာကားရီးယားက အသက်လေးဆယ်ခန့် ပခုံးတဘက်ကို ဖမ်း ဆုပ်ကိုင်လိုက်သော ဂျာဘရီဆိုသူ အကြမ်းဖက်သမားက ဆူအား ဖမ်းချုပ်ကိုင်လိုက်သည်။

ထို့နောက် အမျိုးသမီးနှစ်ဦးကို ခေါ်မသွားစေလျက် ကျန် အမျိုးသမီးများရှိရာ အခန်းသို့ ထွက်သွားကြလေသည်။

ဟာဆန်သည် ကလေးငယ် အိုင်ယန်အား ဖမ်းချုပ်လိုက်ပြီး ကုန်းပတ်ဦးပိုင်းဆီသို့ ထွက်သွားလေသည်။

ဂျိန်းလည်း သားငယ်အတွက်အလွန်စိုးရိမ်လျက် သားအကြီး အင်းဂတ်စ်ကို ခွဲခေါ်ကာ နောက်မှ လိုက်သွားလေသည်။

တာကာကီနှင့် ဟာဟာရီ ဂျူဖန်နှစ်ဦးနှင့် ရှိဖင်တို့က ပစ္စတို သေနတ်ကိုယ်စီကိုင်လျက် နောက်မှ လိုက်လာကြလေသည်။

ကုန်းပတ်ဦးပိုင်း၌ ရပ်နေသူ မာလိန်မှူးကြီး၊ ကပ္ပတိန် အမ်း စထရောင်းသည် သူ၏လက်တွင် ရိုင်ဖယ်သေနတ်ကိုင်ထားသော် လည်း ဟာဆန်၏လက်မှ ကလေးငယ်နှင့် ဂျိန်းတို့သားအမိကို မြင်လျှင် သေနတ်ကို အသုံးပြုရန် လုံးဝ မကြိုးစားတော့ပဲ ရပ်ကြည့်နေလေသည်။



ဟာဆန်သည် ကပ္ပတိန်ကြီးအား မခန့်လေးစား ပြုံး၍ ကြည့်လိုက်ပြီးနောက် ကလေးငယ် အိုင်ယန်ကို ဂျူဖန် တာကာကီ လက်သို့ လွှဲပေးလိုက်သည်။

ထို့နောက် သူ၏ [illegible] ကပ္ပတိန်ကြီး အနီးသို့ လျှောက်သွားလေသည်။

ကပ္ပတိန် အမ်းစထရောင်း [illegible] ကျောက်နေသည့်ဟန်မျိုး [illegible] ထိန်း၍ ရပ်နေလိုက်သည်။

ဟာဆန်ကမူ မိမိတို့က အမျိုးသမီးနှင့်ကလေးများကို ဓားစာ ခံများအဖြစ် ဖမ်းထားသမျှ ကာလပတ်လုံး ကပ္ပတိန်ကြီးက ခုခံမှုရန် ကြိုးစားဝံ့မည်မဟုတ်ဟု တထစ်ချ တွက်ဆထားလျက် ပြုံးနေလေသည်။

'ကပ္ပတိန်ကြီး ခင်ဗျား၊ ရိုင်ဖယ်သေနတ်ကို ကျုပ်လက်ထဲ လှမ်းပေးလိုက်ပါ။ ကျုပ်တို့အဖွဲ့မှာ မောင်းပြန်ပစ္စတို သေနတ် ဆယ့်တစ်လက်ရှိတာမို့ ခင်ဗျားရဲ့ရိုင်ဖယ်သေနတ်တစ်လက်တည်းနဲ့ ဘယ်လိုမှ ယှဉ်လို့ရမှာ မဟုတ်ဘူး၊ အခုအချိန်ကစပြီး ဒီ မိုနိုကစ် သင်္ဘောကြီးကို ကျုပ်တို့က အပိုင်စီးထားလိုက်ပြီ။ [illegible] ရှင်းလင်း သင်္ဘော ဘာဖြစ်သွားမယ်ဆိုတာ မြင်ရဲ့မဟုတ်လား။ ဒီတော့ ခင်ဗျားက ကျုပ်တို့ကို ပြင်းဆန်မယ် မကြံပါနဲ့'

ဟာဆန်က ဤသို့ပြောလိုက်လျှင် ကပ္ပတိန်ကြီးသည် အမျိုး သမီး ဂျိန်းကို တချက် လှမ်းကြည့်လိုက်ပြီးနောက်....

'ဟို အမျိုးသမီး ဂျိန်းကို ချက်ချင်း လွှတ်ပေးလိုက်ပါ'

ဟု တောင်းဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဂျိန်းအား ဖမ်းထားသူ အကြမ်းဖက်သမား ရှီဖစ်သည် ခေါင်းဆောင် ဟာဆန်အား လှမ်းကြည့်လိုက်သည်။

ဟာဆန်က ဘာမှမပြောပဲ နေလိုက်သောအခါ ရှီဖစ်သည် ဂျိန်းအား လွှတ်ပေးလိုက်သည်။

ဂျိန်းသည်း ဂျပန်တာကာကီလက်မှ သားငယ် အိုင်ယန်အား ချက်ချင်း ပြန်ဆွဲယူလိုက်ပြီး ရင်ခွင်တွင် ပွေ့ထားလိုက်သည်။

ကပ္ပိတန် အမ်းစထရောင်းသည် မျက်နှာသားတင်းမာလျက် ပင် ရှိသော်လည်း သူ၏လက်မှ ရိုင်ဖယ်သေနတ်ကို ချလိုက်ရာ ဟာဆန်က ရိုင်ဖယ်ကိုကောက်ယူပြီး ရှီဖစ်အားလှမ်းပစ်ပေးလိုက်သည်။

ထို့နောက် ဟာဆန်သည် ဂျပန်နှစ်ဦးနှင့်အတူ ပဲ့ကိုင်စက်ဝိုင်းရှိရာသို့ ဆက်လျှောက်သွားလေသည်။

ကပ္ပိတန် အမ်းစထရောင်းသည်သည်း လိုက်လာသည်။

ထိုအချိန်၌ တာဝန်ကျနေသူ သင်္ဘောသား သုံးဦးနှင့် အတူ ရေဒီယိုအရာရှိချုပ် ပေပင်စာလည်း ရှိနေရာ ကပ္ပိတန်ကြီးက....

'မစ္စတာ ပေပင်စာ၊ ခင်ဗျားက ဂျိန်းနဲ့ ကလေးနှစ်ယောက်ကို သူတို့အခန်းရောက်အောင် ပြန်ခေါ်သွားလိုက်ပါ'

ဟု ပြောလိုက်သည်။

သို့ရာတွင် ဟာဆန်က ဟန့်တားလိုက်လေသည်။

'သူတို့ ခပ်ခန်းကို ပြန်မသွားရဘူး၊ အမျိုးသမီးနဲ့ ကလေးတွေကို ဆလွန်းဧည့်ခန်းထဲမှာစုထားပြီး ကျုပ်တို့က ထိန်းထားဖို့ လိုတယ်'



ဤသို့ပြောပြီးနောက် ဟာဆန်သည် ကပ္ပိတန် အမ်းစထရောင်းဘက်သို့လှည့်၍ ပြောပြန်လေသည်။

'ကပ္ပိတန်ကြီးခင်ဗျား၊ အခုအချိန်ကစပြီး ဒီသင်္ဘောကြီးဟာ ပါလက်စတိုင်း လွတ်မြောက်ရေး တပ်ဖွဲ့ရဲ့ ကွပ်ကဲ ထိန်းချုပ်မှုအောက်ကို ရောက်နေပြီလို့ ယူဆလိုက်ပါ၊ ကျုပ်က ပါလက်စတိုင်း ကွန်မန်ဒိုအဖွဲ့ခေါင်းဆောင် ဟာဆန် ဖြစ်ပါတယ်။

'ဟောဒီက မိတ်ဆွေ တာကာကီက ဂျပန်ပြည်က ကြယ်နီစစ်တပ်ရဲ့ တပ်ဖွဲ့ဘုပ်ကို ဦးစီးခေါင်းဆောင်တယ်၊ နှင်ဖွဲ့စလုံးအတွက် ကျုပ်က တာဝန်ခံခေါင်းဆောင်ဖြစ်တယ်၊ ဒီ သင်္ဘောပေါ်က အမျိုးသမီးတွေနဲ့ ကလေးတွေကို ကျုပ်တို့က ဓားစာခံအဖြစ် ဖမ်းထားရတာက ခင်ဗျားနဲ့တကွ သင်္ဘောသားအားလုံး ကျုပ်တို့ အမိန့်ပေးတာကို လိုက်နာကြအောင် ဖြစ်ပါတယ်။

'ကျုပ်တို့သူတွေက အမျိုးသမီးနဲ့ ကလေးတွေကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြမှာဖြစ်တယ်၊ ကျုပ်တို့ကို အတိုက်အခံဘာမှ မလုပ်ဘူး ဆိုယင်တော့ သူတို့တွေအဖို့ ဘာအန္တရာယ်မှ ရှိမှာမဟုတ်ပါဘူး'

'ခင်ဗျားတို့က ဘာကိုလိုချင်တာလဲ'

ကပ္ပိတန်ကြီးက ခပ်တည်တည် ပြန်မေးလိုက်သည်။

'ပထမဆုံး လိုအပ်ချက်က ဒီသင်္ဘောကြီးက ရေဒီယို သတင်းတခု ပို့ပေးရမယ်၊ စောစောက ရိုင်းလင်းက ရေဒီယိုနဲ့ အကူအညီ တောင်းခဲ့တာကို တခြားသင်္ဘောတွေကလဲ ဖမ်းမိချင် မိနိုင်တယ်၊ ဒီတော့ နောက်ပိုင်း ဘာဖြစ်တယ် ဆိုတာကို သိချင်ကြမှာ ဖြစ်တဲ့အတွက် ကျုပ်တို့က အမှန်ကို မသိစေချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ခင်ဗျားက ဒီပင်လယ်ပြင်ပတ်ဝန်းကျင်မှာရှိတဲ့ ဘာခြားသင်္ဘောတွေကို ရေဒီယိုဆက်သွယ်ပြီး သတင်းပေးရမယ်၊ ခိုင်းလင်းသင်္ဘောဟာ အင်ဂျင်ပျက်နေတဲ့ ပေါက်ကွဲမှု ဖြစ်ရာက သင်္ဘောနစ်မြုပ်သွားကြောင်း၊ ကျန်ရစ်တဲ့ သင်္ဘောသား တွေကိုတော့ ဒီသင်္ဘောကြီးပေါ်က ကယ်တယ် ပြောပြီးတစ် ယောက်ကိုမြို့ ဖြစ်တဲ့အကြောင်း ရေဒီယိုနဲ့ သတင်းပို့ပေးရမယ်'

ဟာဆန်က ဤသို့ပြောရာ ကပ္ပိတန် ဆမ်းဝေးလ်ရှောင်းက

'ဒါနဲ့ ခင်ဗျားပြောတာကို ကျုပ်က လက်မခံပဲ ငြင်းဆိုရင်ကော'

ဟု ပြန်မေးလိုက်သည်။

ဟာဆန်သည် မနှင်လေးကား ပြုံးလိုက်သည်။

'ခင်ဗျားအနေနဲ့ ငြင်းဆန်နိုင်တဲ့ အခြေအနေ မရှိဘူး၊ ဒီ သင်္ဘောပေါ်က အမျိုးသမီးတွေနဲ့ ကလေးတွေရဲ့ ကံကြမ္မာကို စဉ်းစားကြည့်ပါ'

ဤတွင် ကပ္ပိတန်ကြီးသည် အကြံရ ကော်သွားဟန်ဖြင့် ခေတ္တ စဉ်းစားနေပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားပြောသလို ရေဒီယိုသတင်းပို့ပေးမယ်၊ နောက်တစ် ခင်ဗျားတို့က ဘာလိုချင်သလဲ'

ကပ္ပိတန်ကြီးက ထပ်၍ မေးလိုက်ရာ ဟာဆန်က လေသံ ခပ်အေးအေးဖြင့် ပြန်ပြောလေသည်။

'ကျုပ်တို့လိုချင်တာက ဘာမှ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ ဒီမိုနိုလစ်သင်္ဘောကြီးကို မူလခရီးစဉ်အတိုင်း နယ်သာလင်နိုင်ငံ ရော့တာဒမ်ဆိပ်ကမ်းမြို့ဆီကိုဦးတည်ဆက်မောင်းသွားရမယ်၊ ခင်ဗျား လက်အောက်က အရာရှိတွေ၊ သင်္ဘောသားတွေကလဲ သူတို့ရဲ့မူလတာဝန်အတိုင်း ပုံမှန်ဆောင်ရွက်သွားရမယ်။

'ရေဒီယို ဆက်သွယ်မှုကို ပုံမှန်အတိုင်း လုပ်သွားပေမယ့် ရေဒီယိုစက်ခန်းမှာ ကျုပ်တို့လူတယောက်က အမြဲကြည့်စောင့် ကြည့်နေမယ်၊ သူက ရေဒီယိုဆက်သွယ်မှု ... ကို စောင့်ကြီးကြပ်နေမှာ ဖြစ်တယ်။

'ဒီသင်္ဘောကြီးပေါ်မှာ ကျုပ်တို့လူတွေ ရောက်နေတာက လွယ်တဲ့ ဘာမှထူးထူးခြားခြား ဖြစ်မနေသလို သင်္ဘောမျိုးပဲ ဆိုပါ တော့၊ နောက်ဆုံး ဆယ့်ခြောက်နာရီကြာလို့ ရော့တာဒမ်မြို့ကို ရောက်သွားတဲ့အခါ ဒီသင်္ဘောပေါ် ဘာဖြစ်နေတယ် ဆိုတာ ဘယ်သူကမှ မယုံသက်ဖြစ်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀

ခ်ပြီးသဖြစ်သော်လည်း လန်ဒန်မြို့၏ နံနက်ခင်း ရာသီဥတုသည် အတော်ပင်အေးလျက်ရှိလေသည်။ မိုးလေဝသသတင်း ကြေငြာချက်ကလည်း မိုးရွာသွန်းနိုင်သည့် အခြေအနေရှိသည်ဟုဆိုထားပေသည်။

ဗိတိုရိယလမ်းရှိ အကြမ်းဖက်မှု နှိမ်နင်းရေး အထူးတပ်ဖွဲ့ ရုံးခန်းတွင်နီကိုလ်ဆန်နှင့်ဆာလ်အယ်လိတ်ဇန္ဒားတို့သည်အကြမ်းဖက် ဂိုဏ်းများနှင့်ပတ်သက်၍ ဥရောပနိုင်ငံအသီးသီးမှ ရောက်ရှိလာသော သတင်းပို့ အစီရင်ခံချက်များကို လေ့လာနေကြလေသည်။



'ရောမမြို့က ကျုပ်တို့လူ ဂီယာနီက ခြေရာခံလိုက်ရာက လမ်းပျောက်သလို ဖြစ်နေပြီဆိုပဲဗျ၊ သူက ဟာဆန်ရဲ့ ချစ်သူ မိန်းကလေးကို လိုက်ရှာလို့တွေ့ပေမယ့် ကောင်မလေးက ထွက်ပြေးဖို့ကြိုးစားယင်း သေသွားတယ်၊ ရောမမြို့မှာ ဟာဆန်နဲ့အဆက်အသွယ်ရှိသူဆိုလို့ အဲဒီမိန်းကလေးတဦးပဲ ရှိတယ်၊ အခုတော့ သူ သေသွားပြီဆိုတော့ ဆက်လိုက်ဖို့လမ်းစ ပျောက်သွားတာပေါ့'

ဆာအယ်လ်လိတ်ဇန္ဒားက မှတ်ချက် ချလိုက်ရာ နီကိုလ်ဆန်က....

'ဒပိန်မြို့ မဒရစ်မြို့ကကော ဘာများ သတင်း ရသေးသလဲ'

ဟု ပြန်မေးလိုက်သည်။

'တယ်ပြီး အကြောင်း မထူးလှပါဘူး၊ မနေ့ညက ကျုပ်ကိုယ်တိုင် မဒရစ်မြို့က ရဲမှူးဒက်စ်နဲ့ တယ်လီဖုန်းပြောခဲ့ရတယ်၊ သူက အကြမ်းဖက်ဂိုဏ်းသား ဟာဆန်နဲ့ အပေါင်း နှစ်ယောက် မဒရစ်မြို့ကိုလာပြီး တည်းခိုသွားတဲ့ ဟိုတယ်ကို ဖော်ထုတ်သိရှိခဲ့တယ်၊ ဒီလူသုံးယောက်ဟာ အဲဒီ ဟိုတယ်မှာ ငါးရက် တည်းခိုသွားပြီး လွန်ခဲ့တဲ့ နှစ်ရက်ကမှ ထွက်သွားကြတယ်လို့ ဆိုတယ်။

'လေဆိပ်မှာ စုံစမ်းကြည့်လိုက်အရ သူတို့ဟာ လေယာဉ်နဲ့ ထွက်သွားတာ မဟုတ်ကြောင်း သိရတယ်တဲ့၊ ဒါနဲ့ မီးရထား ဘူတာရုံမှာ စုံစမ်းကြည့်တော့ လက်မှတ်ရောင်းတဲ့ စာရေးက အာရပ်လူမျိုးသုံးယောက်ကို မှတ်မိတယ်၊ သူတို့ဟာ ဇူရစ်ကို

www.burmeseclassic.com

www.burmeseclassic.com



မြို့ကိုသွားဖို့ လက်မှတ်ဝယ်ပြီး ရထားနဲ့ လိုက်ပါသွားတယ်လို့ ပြောတယ်

'ဇာရာဂိုဇာ ဆိုတော့ စပိန်ပြည် မြောက်ပိုင်းက မြို့တမြို့ပဲ၊ သူတို့ဟာ ပြင်သစ်ပြည်ဘက် ကူးသွားမလို့ များလား'

နီကိုလ်ဆန်က သူ၏ထင်မြင်ချက်ကိုပြောလိုက်ရာ ဆာအယ်လ်လိတ်ဇန္ဒားက ခေါင်းခါလိုက်သည်။

'ကျုပ်တော့မထင်ဘူး၊ ပြင်သစ်ပြည် ပဲရစ်မြို့က အကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့တာဝန်ခံ ဗိုလ်မှူး ကယ်ဆင်က အာရပ် အကြမ်းဖက်သမားတွေရဲ့ လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေပြီဖြစ်တယ်၊ တကယ်လို့ ဟာဆန်တို့လူအဖွဲ့က စပိန်ပြည်က နေပြီး ပြင်သစ်ပြည်ထဲ ကူးဝင်မယ်ဆိုယင် ချက်ချင်း သိပြီး မေဂျာ ကယ်ဆင်က ကျုပ်တို့ကို အကြောင်းကြားမှာပဲ'

'ဘာပဲဖြစ်ဖြစ် ဟာဆန်တို့က စပိန်ပြည်မြောက်ပိုင်းကို ထွက်သွားတာဟာ စဉ်းစားစရာပဲဗျ၊ ဒီမှာ ရရှိထားတဲ့ နောက်ဆုံး သတင်းတွေအရ အကြမ်းဖက် ဂိုဏ်းသားတွေဟာ နယ်သာလင် (ဟော်လန်)နိုင်ငံဘက်ကို ဦးတည်လှုပ်ရှား သွားနေကြတယ်လို့ ယူဆစရာဖြစ်နေတယ်'

နီကိုလ်ဆန်က ဤသို့ ပြောလိုက်လျှင် ဆာအယ်လ်လိတ်ဇန္ဒားသည် ခေတ္တမျက်မှောင်ကြုတ်၍ စဉ်းစားနေပြီးမှ သူ၏သဘောထားကို ပြောလေသည်။

'ဟုတ်တယ်၊ ကျုပ်လဲ အဲဒီကိစ္စပဲ စိုးရိမ်နေမိတယ်၊ မနေ့က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့က သတင်းတခုရတယ်၊ ဘယ်လ်ဂျီယံနဲ့ ဟော်လန်နိုင်ငံနယ်စပ်မှာ အာရပ်အမျိုးသားနှစ်ယောက်



တွေလို့ မသင်္ကာလို့ ဖမ်းလိုက်တော့ သူတို့ဆီမှာ ခြောက်လုံးပြူး သေနတ်တွေ ပါလာတာ တွေ့ရတယ်၊ နောက်ပြီး တနေ့ကလဲ ပဲရစ်မြို့မှာ မေဂျာကယ်ဆင်ရဲ့လူတွေက အာရပ်အမျိုးသားနှစ်ဦး ကို တွေ့ခဲ့တယ်။

'ဒီလူနှစ်ယောက်က လက်ဘနွန်နိုင်ငံကတဆင့် လေယာဉ်နဲ့ လာကြတယ်လို့ဆိုတယ်၊ လေဆိပ်မှာ ရှာဖွေကြည့်တော့ ဘာ လက်နက်မှမတွေ့လို့ လွှတ်လိုက်ရတယ်တဲ့၊ ဒါပေမယ့် နောက်ပိုင်း ဒီလူနှစ်ယောက်က ပဲရစ်မြို့က မော်တော်ကားတစီးနဲ့ ထွက်ဖို့ ကြိုးစားတော့ လမ်းမှာ ကားကိုတားပြီးရှာဖွေတဲ့အခါ ခြောက် လုံးပြူး သေနတ်တွေ ကျည်ဆန်တွေအပြည့်နဲ့ တွေ့ရတယ်တဲ့၊ ဒီလူနှစ်ယောက်ဟာ မြောက်ဘက်ကို ဦးတည်သွားနေကြတယ် လို့ဆိုတယ်'

'ဒါလဲ စဉ်းစားစရာပဲ၊ နောက်တခုက ဒီနေ့မနက်ပဲ အနောက် ဂျာမနီ မြူးနစ်မြို့က ရဲမှူးကြီး ဘရင်နာဆီက သတင်းတခုရသေး တယ်၊ အကြမ်းဖက် ဂိုဏ်းသားတွေလို့ မသင်္ကာတဲ့ လူတွေဟာ အခုတလော ခြေသွက်သွက်နဲ့ လှုပ်ရှားနေတယ်လို့ ဆိုတယ်'

နီကိုလ်ဆန်က ပြောလိုက်ပြီးနောက် ဆာအယ်လ်လိတ်ဇန္ဒား သည် ထိုင်ရာမှထ၍ စင်္ကြံလျှောက်ယင်း ဆက်လက် စဉ်းစားနေ လေသည်။

သူသည် စစ်ဘက်နှင့် နိုင်ငံခြားရေးဌာနများတွင် အမှုထမ်း ခဲ့၍ ထောက်လှမ်းရေးတာဝန်ယူခဲ့သူဖြစ်ပြီး အရှေ့အလယ်ပိုင်း ဒေသတွင် များစွာ အတွေ့အကြုံရှိသူဖြစ်ရာ အာရပ်လူမျိုးတို့၏

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်နှင့် အတွေးအခေါ်များအကြောင်း လေ့လာ သိရှိပေသည်။

ထိုအတွေ့အကြုံကြောင့်ပင်လျှင် အကြမ်းဖက်မှု နှိမ်နင်းရေးအထူးတပ်ဖွဲ့တွင် တာဝန်ပေးခံရခြင်း ဖြစ်လေသည်။

ယခု သူသည် ဥရောပရှိ အာရပ်လူမျိုးများ လှုပ်ရှားသွားလာပုံသတင်းများအကြောင်း စဉ်းစားယင်း ဘာကြောင့် ဤသို့လှုပ်ရှားသွားလာနေကြသနည်း ဟူသော အာရပ်တို့၏ ရည်ရွယ်ချက်ကို အဖြေရှာရန် ကြိုးစားနေခြင်းဖြစ်လေသည်။

နီကိုလ်ဆန်ကမူ စားပွဲတွင် ထိုင်၍ သတင်းပို့ အစီရင်ခံချက်များကို ဆက်လက်လေ့လာကြည့်ရှုနေလေသည်။

ယခုအတိုင်းဆိုလျှင် အာရပ်အမျိုးသားများ၏ လှုပ်ရှားမှုသည် နယ်သာလင် (ဟော်လန်) နိုင်ငံဆီသို့ ဦးတည်လျက်ရှိကြောင်း ထင်ရှားနေသည်။

အဘယ်ကြောင့်နည်းဟု စဉ်းစားကြည့်သောအခါ နယ်သာလင်နိုင်ငံ အမ်စတာဒမ်မြို့တွင် စတင်ကျင်းပနေသည့် လက်နက်လျှော့ပေါ့ရေးညီလာခံ အစည်းအဝေးနှင့် ပတ်သက်နေသလောဟု စဉ်းစားမိ[illegible]လည်း ဖြစ်နေသည်။

အမေရိကန်နှင့်ကနေဒါ ပါဝင်သော အနောက်ဥရောပနိုင်ငံများနှင့်ကွန်မြူနစ်နိုင်ငံ ခုနစ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ အမ်စတာဒမ်မြို့ ညီလာခံသို့ လာရောက်နေကြသည်ဖြစ်ရာ အကြမ်းဖက်ဂိုဏ်းသားများက ညီလာခံကိုယ်စားလှယ်ခေါင်းဆောင်များအား ပစ်မှတ်အဖြစ် လုပ်ကြံသတ်ဖြတ်ကြမည်လောဟုလည်း စဉ်းစားမှုသည်ဖြစ်နေပေသည်။



နီကိုလ်ဆန်နှင့် ဆာအယ်လိတ်ဇန္ဒားတို့ နှစ် ဦး စ လုံး သည်စကားမပြောပဲ စဉ်းစားနေကြစဉ် ရဲသားတဦးဝင်လာပြီး သတင်းပို့လေသည်။

'ရဲမှူးကြီး ဟယ်လ်ဒါဆီက အရေးတကြီး သတင်းပို့လိုက်ပါတယ်'

ရဲသားက ပြောပြောဆိုဆို စာရွက် နှစ်ရွက်ကို ပေး ရာ ဆာအယ်လိတ်ဇန္ဒားက လှမ်းယူ၍ ဖတ်ကြည့်ပြီးနောက် နီကိုလ်ဆန်အား ပေးလိုက်သည်။

'ဂျာမနီနဲ့ နယ်သာလင်နိုင်ငံနယ်စပ်မှာ ဖြစ်ခဲ့တဲ့ အရေးအခင်းတခုအကြောင်းပဲဗျ'

နီကိုလ်ဆန်လည်း စာရွက်နှစ်ရွက်ကို ဖတ်ကြည့်ယင်း လွန်ခဲ့သော တနာရီခန့်က ဖြစ်ပျက်ခဲ့ပုံကို စိတ်ကူး ကြည့် မိ လေသည်။

သတင်းပို့ အစီရင်ခံမှုချက်တွင် ပါရှိသော အချက်များကား အောက်ပါအတိုင်းပင် ဖြစ်သည်။

အာရပ် အမျိုးသား နှစ်ဦးသည် ဆီထရွန်အမျိုးအစား မော်တော်ကားတစီးဖြင့် ဂျာမနီမှ နယ်သာလင်နိုင်ငံနယ်စပ်သို့ချဉ်းကပ်လာခဲ့သည်။ ဂျာမန်နယ်ခြားရဲက ဝတ်ကျေဝတ်ကုန် စစ်ဆေးပြီး သူတို့အား သွားခွင့်ပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တဘက်နိုင်ငံမှ နယ်သာလင်နယ်ခြားရဲက ပို၍စေ့စပ်သေချာသဖြင့် ဆီထရွန်ကို ရပ်ခိုင်းပြီး အာရပ်အမျိုးသား နှစ်ဦးအား အသေးစိတ် စစ်ဆေး မေးမြန်းသည့်ပြင် မော်တော်ကားကိုလည်း စနစ်တကျ ရှာဖွေစစ်ဆေးခဲ့ကြသည်။

နယ်ခြားကင်းစခန်း၌ရှိနေသူ အကောက်ခွန်အရာရှိတဦးသည် ဆီထရွန်၏ စပယ်ယာဘီးကို ဂရုစိုက် စစ်ကြည့်ရာ ဘီးက အသစ်ကျပ်ချွတ်ဖြစ်သော်လည်း ဘေးဇွေတွင် ခြစ်ရာများ တွေ့ရသဖြင့် တာယာကို ဖြုတ်ပြီး ပြန်လည်တပ်ဆင်ထားသည်ဟု ယူဆရကြောင်း ဆုံးဖြတ် လိုက်သည်။

ထို့ကြောင့် နယ်ခြားရဲက ယင်းအပိုဘီးမှ တာယာကို ဖြုတ်ကြည့်ရန် ပြင်ဆင်ခဲ့ကြသည်။ ဤတွင် အာရပ်အမျိုးသားနှစ်ဦးသည် ပျာပျာသလဲ ဖြစ်သွားကာ သူတို့၏ကုတ်အင်္ကျီအတွင်းမှ ပစ္စတို သေနတ်များ ဆွဲထုတ်ကြလေတော့သည်။

အပြန်အလှန်ပစ်ခတ်ကြသည့် တိုက်ပွဲဖြစ်ပွားရာတွင် နယ်သာလင်ရဲသားတဦး ထိမှန်သေဆုံး



သွားစဉ် အာရပ်နှစ်ဦးက ဂျာမန်နယ်စပ်ဘက်သို့ ထွက်ပြေးရန် ကြိုးစားကြသည်။

ထိုအချိန်၌ ဂျာမန်နယ်စပ်ရဲများကလည်း သေနတ်များထုတ်၍ ပစ်ခတ်နေပြီဖြစ်၍ အာရပ်အမျိုးသား နှစ်ဦးစလုံး ထိမှန် သေဆုံးသွားကြသည်။ နောက်ပိုင်း ဆီထရွန်ကား အပိုဘီးမှ တာယာကို ဖြုတ်ကြည့်သောအခါ လက်ပစ်ဗုံး ဆယ့်နှစ်လုံး သေသပ်စွာထုပ်ထားသည်ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။

ဤသို့လျှင် နယ်သာလင်နိုင်ငံ အမ်စတာဒမ်မြို့မှ အကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့ အကြီးအကဲ ရဲမှူးကြီး ဟယ်လ်ဒါကဝိုင်ယာလက်ဖြင့် သတင်းပေးပို့လိုက်ခြင်း ဖြစ်သည်။

နီကိုလ်ဆန်သည် သတင်းပို့ချက်၏ ဒုတိယ စာရွက်မှ စာကြောင်းနှစ်ကြောင်းကို စိတ်ဝင်စားမိသဖြင့် နောက်တကြိမ်ထပ်၍ ဖတ်ကြည့်မိလေသည်။

ထိုစာကြောင်းများက အောက်ပါအတိုင်း ဖြစ်သည်။

“ပါလက်စတိုင်းအတွက် တရားမျှတမှု မရှိ”

“ကမ္ဘာကြီးအတွက်လည်း ငြိမ်းချမ်းမှု မရှိ”

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးများကို အာရပ်အမျိုးသားတဦးက သေဆုံးကာနီးဆဲဆဲ ဟစ်အော်ရေရွတ်သွားသည်ဟု ဆိုသည်။

'ဒီကြေးကြော်သံဟာ အရေးပါတယ်ထင်လို့ ရဲမှူးကြီးဟယ်လ်ဒါက သဘင်းပို့ချက်ထဲမှာ ထည့်ရေးလိုက်တာဖြစ်မယ်'

နီကိုလ်ဆန်က ပြောလိုက်ရာ ဆာအယ်လိဘ်ဇန္ဒားကလည်း တစုံတခုကို သတိရဟန်ဖြင့်....

'ဟုတ်လိမ့်မယ်၊ ဒါထက် ပဲရစ်မြို့က နောက်ဆုံးလာတဲ့သတင်းပို့ချက်ကို ပြန်ကြည့်ကြရအောင်'

ဟု ပြောလိုက်သည်။

နီကိုလ်ဆန်လည်း သူ၏ စားပွဲပေါ်မှ စာ ရွက်တ ရွက်ကို ကောက်ယူလိုက်သည်။

'ဟောဒီမယ် အဆင်သင့်ပဲ၊ ဟုတ်ပြီဗျို့။ ပဲရစ်မြို့မှာ မျောကယ်ဆင်က အာရပ် လူမျိုး နှစ်ဦးကို မသက်ာလို့ ခေါ်ပြီး စစ်ဆေးခဲ့တုန်းက သူတို့က ဘာမှ မေးလို့ မရပေမယ့် တယောက်က ကြေးကြော်သံတခု ဟစ်အော် ရေရွတ်လိုက်သတဲ့၊ အဲဒီကြေးကြော်သံကလဲ ''ပါလက်စတိုင်းအတွက် တရားမျှတမှုမရှိကမ္ဘာကြီးအတွက်လည်း ငြိမ်းချမ်းမှု မရှိ'' လို့ ဆိုတယ်'

'ဟုတ်ပြီ၊ ဒါဟာ ဆက်သွယ်မှုရှိရမယ်၊ အာရပ်အကြမ်းဖက်သမားတွေ လှုပ်ရှားမှုဟာ တူညီတဲ့ဦးတည်ချက်တခု အတိအကျရှိရမယ်'

ဆာအယ်လိတ် ဇန္ဒားက သူ၏ ထင်မြင်ချက်ကို ပြောလိုက်သည်။



'အမ်စတာဒမ်မြို့မှာ ကျင်းပတဲ့ နိုင်ငံတကာကွန်ဖရင့် အစည်းအဝေးနဲ့ ပတ်သက်တာဖြစ်ရမယ်၊ အနောက်အုပ်စု နေတိုးအဖွဲ့ဝင် နိုင်ငံတွေနဲ့ ဝါဆောစာချုပ်အဖွဲ့ဝင်နိုင်ငံတွေက လက်နက်နဲ့ စစ်အင်အား လျှော့ပေါ့ရေး ညှိနှိုင်းဖို့ အစည်းအဝေးလုပ်နေကြတာကို နှောင့်ယှက်ဖို့ ကြံစည်တာ ဖြစ်နိုင်တယ်၊

'တကယ်လို့ ညီလာခံကိုယ်စားလှယ်တဦးဦး လုပ်ကြံခံရတယ်ဆိုယင် ပြဿနာအကြီးအကျယ်ပေါ်ပြီး ဥရောပတိုက်ရဲ့ စစ်ရေးအခြေအနေ တင်းမာမှုဟာ အလွန်ဆိုးလာနိုင်တယ်၊ ခင်ဗျားစဉ်းစားကြည့်လေ၊ ဥပမာ ရုရှကိုယ်စားလှယ်တဦး လုပ်ကြံခံရတယ် ဆိုပါတော့၊ ကွန်မြူနစ်နိုင်ငံတွေအနေနဲ့ ဒါဟာ အနောက်အုပ်စု နိုင်ငံတွေရဲ့ ပယောဂမကင်းဘူးလို့ စွပ်စွဲကြမှာပဲ မဟုတ်လား၊ ဒါတွင် မကဘူး၊ ဒါမျိုးဖြစ်သွားယင် တတိယကမ္ဘာစစ်ကြီး ဖြစ်လာဖို့ အကြောင်းတခုတောင် ဖြစ်လာနိုင်တယ်'

နီကိုလ်ဆန်က ဤသို့ ပြောသည်ကို ဆာအယ်လိတ်ဇန္ဒားကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'မှန်တယ်၊ ဒါကြောင့်လဲ အမ်စတာဒမ်မြို့က ညီလာခံရဲ့ လုံခြုံရေးတာဝန်ယူရတာ အလွန်တာဝန်ကြီးတယ်'

'နယ်သာလင်နိုင်ငံရဲ့ လုံခြုံရေး အစီအစဉ်တွေကတော့ ကျေနပ်စရာရှိရဲ့လား'

'ကျုပ်အနေနဲ့တော့ ရဲမှူးကြီးဟယ်လ်ဒါအပေါ် ယုံကြည်မှုအပြည့်အဝရှိပါတယ်၊ သူက အလွန်အကွက်စေ့အောင် စီစဉ်ထားတယ်လို့လဲ သိရတယ်၊ အရေးပါတဲ့ညီလာခံကိုယ်စားလှယ်အဖွဲ့တွေကလဲ သူတို့ရဲ့ လုံခြုံရေးစုံထောက်တွေ ပါလာတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သိရတယ်၊ လက်ရှိ အခြေအနေအရ ဆိုယင် အကြမ်းဖက်မှု ကျူးလွန်မယ်လို့ မသင်္ကာတဲ့ အဖွဲ့သုံးဖွဲ့ကိုလဲ ဖမ်းမိနေမှတော့ သိပ် စိုးရိမ်စရာ ရှိမယ် မထင်ဘူး’

ဤသို့ပြောပြီး ထိုမှ ဆာအာယ်လ်ဘတ်ဂနွားသည် တစုံတခုကို စဉ်းစားမိဟန်ဖြင့် ဆက်ပြောပြန်သည်။

‘ဒါပေမယ့် ကိုယ်တိုင် တကယ်တော့ အစီအစဉ်တွေ ဘယ်လိုပဲ လုပ်ထားသော်လဲ အန္တရာယ် မရှိနိုင်ဘူးလို့ တထစ်ချ ပြောဖို့ ခက်တယ်၊ အခြားအကြမ်းဖက်ကျူးသမားတွေအနေနဲ့နယ်သာလင် နိုင်ငံအတွင်းကို ရောဝင်ကတည်းက ကြိုတင် ရောက်နှင့်နေတာမျိုး လဲ ရှိနိုင်တယ်။

‘နောက်တချက် စဉ်းစားရာက အကြမ်းဖက်သမားတွေရဲ့ လှုပ်ရှားမှုတွေဟာ တခုနဲ့တခု ဆက်စပ်နေတာမို့ စနစ်တကျ အသေးစိတ် ကြိုတင်ပြင်ဆင်ထားတဲ့ စီမံချက်တခု ရှိရမယ်လို့ တွက်လို့ရတယ်’ အကြမ်းဖက်သမားတွေက အဖွဲ့အသီးသီးခွဲပြီး လှုပ်ရှားသွားလာနေတဲ့ တကယ့် ရည်မှန်းချက် အတိအကျက ဘာလဲဆိုတာ မသိရလို့ ကျုပ်က စိုးရိမ်နေတယ်။

‘သူတို့မှာ အကြီးအကျယ် ပြင်ဆင်ထားတဲ့ စစ်ဆင်ရေးတခု ရှိလိမ့်မယ်ထင်တယ်၊ အဲဒီစစ်ဆင်ရေးကိုတော့ဖို့ သူတို့အချင်းချင်း အချက်ပေးတာမျိုးလဲ ရှိရမယ်၊ ဥပမာ ရှုတ်ရှက်ခတ်သဲသဲ အရေး အခင်း တခု ဖြစ်လာအောင် ဖန်တီးပြီး အဲဒီလို ဖြစ်လာယင် စစ်ဆင်ရေး စကြတော့လို့ ကြိုတင် အကွက်ဆင်ထားတာမျိုး ဖြစ်နိုင်တယ်’



‘ဘာကို ဆိုလိုတာလဲ၊ နိုင်ငံတကာညီလာခံက လုံခြုံရေး တာဝန်ယူထားတဲ့အဖွဲ့တွေ တုန်လှုပ် ချောက်ချားသွားလောက် အောင် ကြီးကြီးကျယ်ကျယ် အကြမ်းဖက် တိုက်ခိုက်မှု တခု လုပ်လိမ့်မယ်လို့ ဆိုလိုတာလား’

နိုက်ဂိုလ်ဆန်က မေးလိုက်သောအခါ ဆာအာယ်လ်ဘတ်ဂနွားက ခေါင်းညိတ်လိုက်သည်။

ထို့နောက် နှစ်ယောက်သား စကားမပြောကြဘဲ တော်တော် လေးနက်စွာ စဉ်းစားနေကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

မိုနိုလစ်သင်္ဘောကြီးမှ ပထမအရာရှိ ဖရေဇာသည် သတိပြန်ရလာသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ၏ဦးခေါင်းမှ ဒဏ်ရာကြောင့် အလွန်နာကျင်လျက်ပင် ရှိနေလေသည်။

သူသည် အိပ်နေရာမှ ရုတ်တရက် ထထိုင်ရန် ကြိုးစားရာ အနီးရှိ အမျိုးသမီးတဦးက ညင်သာစွာ ပြန်၍ လှဲအိပ်စေလေသည်။

ထိုအမျိုးသမီးမှာ ဒုတိယအရာရှိ ဒီဗာရယ်၏ဇနီး ဆူ ဖြစ်ပြီး သူမနှင့် အင်ဂျင်နီယာချုပ်ကတော် အယ်လစ်ဇဘက် တို့သည် ဖရေဇာ၏အနီးတွင် ရှိနေကြသည်။



ဖရေဇာ သတိပြန်ရလာကြောင်း သိရသောအခါ အယ်လစ်ဇဘက်က အကျိုးအကြောင်း ပြောပြလေသည်။

'မစ္စတာ ဖရေဇာရှင့်၊ အခုရှင်ဟာ မိုနိုလစ်သင်္ဘောပေါ်က ဆလွန်းအခန်းထဲမှာ ရောက်နေကြတယ်၊ ရှင့်ကို ဒီရောက်အောင် [illegible]ခေါ်လာကြတယ်'

သည်တော့မှ ဖရေဇာသည်း ဆလွန်းအခန်းကြီး၏ မျက်နှာကြက်ကို မော့ကြည့်ပြီး သူရောက်ရှိနေသော နေရာကို မှတ်မိလာတော့သည်။

သူသည် ကြမ်းပြင်ပေါ်တွင် ခင်းထားသော စောင်များပေါ် လဲလျောင်းနေသည်ကိုလည်း သတိပြုမိလေသည်။

အင်ဂျင်နီယာချုပ်ကတော် အယ်လစ်ဇဘက်သည် ဖရေဇာ၏ ခေါင်း၌ ပတ်တီးစည်းထားသော ဒဏ်ရာကို အကဲခတ် ကြည့်ရင်း....

'ဒီမယ် ရှင့်ညာဘက်လက်ကို မြှောက်ကြည့်စမ်းပါ'

ဟု ပြောလိုက်ရာ ဖရေဇာလည်း သူ၏ ညာဘက် လက်ကို မြှောက်ပြလိုက်သည်။

'ဟုတ်ပြီ၊ အခု အဲဒီ ညာဘက် လက်ချောင်းလေးတွေကို ကွေးချည်ဆန့်ချည် လုပ်ကြည့်စမ်း'

ဖရေဇာလည်း ခိုင်းသည့်အတိုင်း လက်ချောင်းများကို ကွေး ပြလိုက်သည်။

အယ်လစ်ဇဘက်သည် သဘောကျသွားဟန်ဖြင့် ပြုံးလိုက်ပြီး ဆက်လက် ရှင်းပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ရှင့်ကို အခုလို လုပ်ခိုင်းတာ အကြောင်းရှိတယ်၊ ရှင် ဒဏ်ရာရခဲ့တာက ဦးခေါင်းရဲ့ လက်ဝဲဘက်နားမှာ ဖြစ်တယ်၊ တကယ်လို့ ဦးနှောက် ထိခိုက်သွားမယ်ဆိုရင် ဘယ်ဘက်ခြမ်းထိခိုက်မှာမို့ လက်ယာဘက်က ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ လှုပ်ရှားလို့ မရဘူး၊ အခုတော့ ရှင် ညာဘက်လက်ကို ကောင်းကောင်း လှုပ်ရှားနိုင်တဲ့အတွက် ဦးနှောက်ထိခိုက်မှု မရှိကြောင်း ထင်ရှားနေပြီ၊ ရှင့်ခေါင်းရဲ့ဒဏ်ရာမှာ အင်မတန် အနာကြီးတယ်ရှင့်၊ ဒါပေမယ့် ဘာမှ စိုးရိမ်စရာမရှိဘူး၊ အနားယူလိုက်ရင် ကောင်းသွားပါလိမ့်မယ်’

အယ်လင်ဇဘက်က ဤသို့ နှစ်သိမ့်အားပေးသလို ပြောလိုက်သော်လည်း ဖရေဇာသည် အနားယူချင်စိတ် မရှိချေ။

သူသည် စိတ်ဓာတ် ခိုင်မာပြင်းထန်သူ ဖြစ်သည့်အလျောက် အတင်း ကြိုးစား၍ ထထိုင်လိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်သို့ လှည့်ပတ် ကြည့်လိုက်ရာ အယ်လင်ဇဘက်နှင့် ဆူဇီအပြင် မေရီအမည်ရှိ အမျိုးသမီးကို မြင်ရလေသည်။

မေရီသည် ထိတ်လန့်တုန်လှုပ်နေဟန်ဖြင့် သူ၏ ဆယ့်တစ်လသား အရွယ် ကလေးငယ်ကို ပွေ့ချီထားလေသည်။

တဖန် နောက်ထပ် အမျိုးသမီးနှစ်ဦး ဂျိန်းနှင့် ဂျက်ကီတို့ကိုလည်း မြင်မိလေသည်။

ထူးခြားချက်ကား ဆလွန်းအခန်းကြီးထဲတွင် လက်နက်ကိုင် အာရပ်လူမျိုး လေးဦးက နေရာယူထားခြင်းပင် ဖြစ်သည်။



ဖရေဇာအနေဖြင့် ထို လူလေးယောက်ကို ရိုင်းလင်းသင်္ဘော ပေါ်၌ မြင်ခဲ့ဖူးသဖြင့် ကောင်းစွာ မှတ်မိနေလေသည်။ အာရပ်များသည် မောင်းပြန်သေနတ်များကို အသင့် ချိန်ထားကြလေသည်။

‘ဘာတွေ ဖြစ်နေတာလဲ’

ဖရေဇာက မေးလိုက်ရာ ဒုတိယ အရာရှိကတော် ဆူဇီက တိုးတိုး ပြောပြလေသည်။

‘ကျွန်မတို့ကို ဓားစာခံအဖြစ် ဖမ်းထားတယ်ရှင့်၊ အကြမ်းဖက် သမားတွေက ဒီ သင်္ဘောကြီး တစ်ခင်းလုံးကို ထိန်းဖို့ လူအင်အား မရှိတော့ ကျွန်မတို့ အမျိုးသမီးနဲ့ ကလေးတွေကို ဓားစာခံအဖြစ် ခြိမ်းခြောက်ဖမ်းထားပြီ၊ သင်္ဘောရဲ့ ကုန်းပတ်ပိုင်းကို သူတို့က စီးထားကြတယ်’

သူက ပြောနေစဉ်မှာပင် ဇကာရီးယား ဆိုသူက ရှေ့သို့ တိုးလာလေသည်။

‘ပထမ အရာရှိကြီးခင်ဗျား၊ ခင်ဗျားတို့ရဲ့ သင်္ဘောကြီးကို ကျုပ်တို့က အပိုင်စီးထားလိုက်ပြီ ဖြစ်တယ်၊ ဒီအခန်းမှာ ကျုပ်က တာဝန်ခံပြီး ကွပ်ကဲ အုပ်ချုပ်နေတယ်၊ ခင်ဗျား မေးစရာရှိရင် ကျုပ်ကိုသာ တိုက်ရိုက်မေးပါ’

ဇကာရီးယားက ခပ်တည်တည်ပြောလိုက်ရာ ဖရေဇာသည် အကြမ်းဖက်သမား၏ မျက်နှာကို ခေတ္တ စိုက်ကြည့်နေပြီးနောက် အမျိုးသမီးများဘက်သို့ ပြန်လှည့်လိုက်သည်။

‘ခင်ဗျားတို့ အမျိုးသမီးတွေထဲက ထိခိုက် ဒဏ်ရာရသူတွေ ရှိသလား’

www.burmeseclassic.com

www.burmeseclassic.com



ဖရေဇာက မေးလိုက်လျှင် အမျိုးသမီးအားလုံး ခေါင်းခါပြကြပြီးနောက် ဆူကပင် ဆက်လက်ရှင်းပြလေသည်။

'ကျွန်မတို့ကို ဒီ ဆလွန်းအခန်းထဲမှာ အကျယ်ချုပ်သဘောမျိုး ထားပါတယ်၊ တကယ်လို့ ကျွန်မတို့အမျိုးသမီး တယောက်ယောက်က ခဏဘဖြုတ် အပြင်ဘက် ထွက်ချင်ယင်လဲ သူတို့ လက်နက်ကိုင် အစောင့်တဦးက ထက်ကြပ် လိုက်လာပါတယ်၊ ကိစ္စပြီးယင် ဒီအခန်းကိုပဲ ပြန်ခေါ်လာပါတယ်၊ ကလေးတွေကို အိမ်သာခန်း ပို့ယင်လဲ ကလေးအမေက မလိုက်ရပဲ တခြား အမျိုးသမီးတယောက်ယောက်နဲ့ သူတို့ အစောင့်တဦးက လိုက်ပို့ပါတယ်၊ ကျွန်မတို့ အခြေအနေက အဲဒီ အတိုင်းပါပဲ'

ဖရေဇာသည် စိတ်ထဲမှ အလွန် ခံပြင်းနေမိသော်လည်း သူ့ အနေဖြင့် လောလောဆယ် မည်သို့မျှ မတတ်နိုင်ချေ။

အကြမ်းဖက်သမားများက အမျိုးသမီးများအား ယခုကဲ့သို့ ဓားစာခံအဖြစ် ဖမ်းခေါ်ထားသမျှ ကာလပတ်လုံး မိမိတို့သည် မည်သို့မှ ခုခံတိုက်ခိုက်၍ မဖြစ်ကြောင်းကိုလည်း စဉ်းစားမိလေသည်။

ခဏမျှအကြာတွင် ဖရေဇာသည် မတ်တတ်ထရန် ကြိုးစားရာ အယ်လစ်ဇဘက်နှင့် ဆူဘိုနှစ်ယောက်ကဝိုင်းကူ၍ ထူပေးလိုက်ကြသည်။

'ကျုပ်က ကုန်းပတ်ဦးပိုင်းကို သွား သတင်း ပို့ဖို့ တာဝန် ရှိတယ်'



ဖရေဇာက ခပ်တည်တည်ပြောယင်း ဆလွန်းအခန်းတံခါးဝဆီသို့ သွားရန် ဟန်ပြင်လိုက်သည်တွင် ဇာကာရီးယားသည် ဒေါသထွက်လာဟန်ဖြင့် အံကြိတ်လိုက်သည်။

သူသည် မောင်းပြန်ပစ္စတိုသေနတ်ကို အသင့်ချိန်လျက် တံခါးဝနားတွင် လမ်းပိတ်၍ ရပ်နေလိုက်သည်။ သို့သော် ခဏမျှအကြာတွင် တမျိုး ဆုံးဖြတ်လိုက်ပြီး လမ်းဖယ်ပေးယင်း ဂျာဘရီ ဆိုသူအား လှမ်း အမိန့်ပေးလေသည်။

'ဟေ့...ဂျာဘရီ၊ မင်းက ပထမအရာရှိကို ကုန်းပတ် ဦးပိုင်း အရောက် လိုက်ပို့ပေးလိုက်ပါ'

သို့နှင့်ပင် ဖရေဇာက လျှောက်ထွက်သွားသောအခါ ဂျာဘရီ ဆိုသူ အကြမ်းဖက်သမားက နောက်မှ ထက်ကြပ်မကွာ လိုက်လာလေသည်။

နံနက်ခင်းဖြစ်သော်လည်း ပတ်ဝန်းကျင် ကောင်းကင် ပြင်မှ မိုးတိမ်များကြောင့် မှောင်လျက်ပင် ရှိနေလေသည်။

ဖရေဇာသည် လက်ပတ်နာရီကို ကြည့်လိုက်ရာ အချိန်မှာ ရှစ်နာရီခွဲရှိပြီဖြစ်ကြောင်း သိရလေသည်။

ဤအတိုင်းဆိုလျှင် သူ သတိမေ့နေခဲ့သည်မှာ လေးနာရီ ကျော်ကျော် ကြာသည်ဟု တွက်မိလေသည်။

မိုနိုလစ်သင်္ဘောကြီးသည် ခပ်မှန်မှန်ခုတ်မောင်းလျက် ရှိလေသည်။

ဖရေဇာသည် ပင်လယ်ရေပြင်ပေါ် ဖြတ်သန်း တိုက်ခတ် နေသော လေကို အားရပါးရ ရှူရှိုက်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပဲ့ကိုင်စက်ဝိုင်းရှိရာ ကုန်းပတ်ဦးပိုင်းသို့ ရောက်သောအခါ မာလိန်မှူးကြီးကပ္ပတိန်အမ်းစသရောင်းကပင် ဦးစီးကွပ်ကဲလျက် ရှိကြောင်း တွေ့ရလေသည်။

ဖရေဇာကိုမြင်လျှင် ကပ္ပတိန်ကြီးသည် စိုးရိမ်ပူပန်ဟန်ဖြင့် လှမ်းကြည့်လေသည်။

'မစ္စတာ ဖရေဇာ၊ ခင်ဗျားဘယ်လိုနေသေးလဲ နေကောင်း ရဲ့လား'

'ဟုတ်ကဲ့၊ နေကောင်းပါတယ်၊ ခေါင်းက ဒဏ်ရာက သိပ်ပြီး မကြီးကျယ်လှပါဘူး'

ဖရေဇာက ပြန်ပြောလိုက်စဉ် စောစောက အမှောင်ထဲ ကွယ်နေသူ အကြမ်းဖက်ခေါင်းဆောင် ဟာဆန်သည် ထွက်လာလေသည်။

လက်ထဲတွင် မရှင်းပစ္စတို သေနတ်ကို အသင့်ကိုင်ထားပြီး မျက်နှာက မခန့်လေးစား ပြုံးနေလေသည်။

'အခုလိုကြားရတာ ဝမ်းသာပါတယ် ပထမအရာရှိခင်ဗျား ကပ္ပတိန်ကြီးက ဒီသင်္ဘောခရီးစဉ်တလျှောက်လုံးတာဝန်ယူသွား ဖို့ရာ ပင်ပန်းခံနိုင်မယ် မထင်ဘူး၊ ဒါကြောင့် သူ အနားယူနေ ချိန်မှာ ဆိုယင် ခင်ဗျားက သင်္ဘောကြီးကို တာဝန်ယူပြီး ဦးစီး ကွပ်ကဲသွားရလိမ့်မယ်။



'ဒီပင်လယ်ရေကြောင်းတလျှောက် သွားလာနေတဲ့ တခြား သင်္ဘောတွေ အများကြီး ရှိတာကိုလဲ ကျုပ်တို့ သိတယ်၊ ဒီသင်္ဘောကြီးရဲ့ အရွယ်ပမာဏက အလွန်ကြီးမားလေတော့ တခြား သင်္ဘောတွေနဲ့ မတော်တဆ တိုက်မိတဲ့ အန္တရာယ်လဲ ရှိနိုင်တယ်၊ ဒါမျိုးကို ကျုပ်တို့က အဖြစ်မခံနိုင်ဘူး၊ ဒါကြောင့် ခင်ဗျားတို့တာဝန်ခံအရာရှိတဦးကအချိန်ပြည့်ကွပ်ကဲထိန်းမောင်း သွားဖို့ လိုအပ်တယ်'

ဟာဆန်က ပြောလိုက်လျှင် ဖရေဇာသည် ဒေါသထွက်လာပြီး ရှေ့သို့ ခြေတလှမ်းတိုးလိုက်သည်။

သို့သော် ချက်ချင်း သူ၏စိတ်ကို ပြန်ထိန်းချုပ်၍ ရပ်လိုက်သည်။

သူ၏စိတ်ထဲ၌ ဟာဆန်အား လည်ပင်းညှစ်၍ သတ်လိုက်ချင်သော်လည်း ယခုအချိန်တွင် ဤသို့ ပြုလုပ်ရမည့်အချိန် မဟုတ်ကြောင်း စဉ်စားမိသဖြင့် ကိုယ်ရှိန်သတ်ပြီး ရပ်လိုက်ခြင်းဖြစ်သည်။

ဟာဆန်၏ဘေးနားတွင် ဖာရပ်ဂျ်ဆိုသူနှင့် ဂျပန် တာကာကီတို့ကလည်း သေနတ်ကိုယ်စီနှင့် ဖရေဇာအား ချိန်ထားကြလေသည်။

ထိုအချိန်၌ ဗီးလစ်က ရေဒါစက်ကိရိယာအနားတွင် ရပ်နေရာ ဖရေဇာက

www.burmeseclassic.com

www.burmeseclassic.com



'ဒီလူတွေကို ခင်ဗျားက ဒီသင်္ဘောကြီးပေါ် ခေါ်လာခဲ့တာ မဟုတ်လား'

ဟု မေးလိုက်သည်။

မေးပုံက အပြစ်တင် ဝေဖန်သည့် လေသံမျိုးဖြစ်နေ၍ ဖီးလစ်မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားစဉ် ကပ္ပိတန် အမ်းစထရောင်းက ကြားဖြတ်ဝင်ရှင်းပြလေသည်။

'မစ္စတာဖီးလစ်အနေနဲ့ ဘာမှ မတတ်နိုင်ရှာဘူး၊ အကြမ်းဖက်သမားတွေက ကျုပ်တို့ သင်္ဘောသား တဦးကို ဓားရှည်ဖြင့် ခုတ်သတ်လိုက်တယ်'

ဖရေဇာသည် အလွန်အံ့အားသင့်သွားမိလေသည်။ အကြမ်းဖက် သမားတို့၏ ရက်စက် ကြမ်းကြုတ်ပုံက အလွန် တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှကြောင်းကိုလည်း တွေးမိလေသည်။

ဖရေဇာသည် ဂျပန် အကြမ်းဖက်သမား တာကာကီအား လှမ်းကြည့်လိုက်ရာ နောက်ကျောတွင် သိုင်းလွယ် ထားသော ဆာမူရိုင်း ဓားရှည်ကို မြင်ရလေသည်။

ဤသူတို့ကား တကယ် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မည့် သူများပါတကား ဟုလည်း ယုံကြည်မိလေသည်။

ထို့ကြောင့် သူသည် တတိယအရာရှိ ဖီးလစ်ဘက်သို့ [illegible] လှည့်၍

'ကျုပ် စောစောက ပြောလိုက်တာကို တောင်းပန်ပါတယ်'

ဟု အားနာစွာဖြင့် ပြောလိုက်သည်။



ဖီးလစ်ကမူ ဘာမှပြန်မပြောပဲ ခေါင်းညိတ်ရုံသာ ညိတ်လိုက်ပြီး ရေဒါကိရိယာမှ ပိတ်ကားကိုသာ စိုက်ကြည့်နေလေသည်။

* * *

မိုနီလစ်သင်္ဘောကြီးသည် ဖိနိစတမ် အငူကိုဖြတ်ကျော်ကွေ့ကာ ဘစ်စကေး ပင်လယ်အော်ကြီးအတွင်းသို့ ဝင်ရောက်လျက်ရှိနေပြီ ဖြစ်လေသည်။

ယမန်နေ့ညကမိုးလေဝသသတင်းအရ မုန်တိုင်းဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသော်လည်း ယခု အချိန် အထိ ပင်လယ်ပြင်တွင် လှိုင်းလေ ငြိမ်သက်လျက်ပင် ရှိနေလေသည်။

မာလိန်မှူးကြီးကပ္ပိတန်အမ်းစထရောင်းသည် သင်္ဘောသားအားလုံးကို ကုန်းပတ်တွင် ခေါ်ယူစုဝေးစေကာ အခြေအနေအမှန်ကို ရှင်းပြလေသည်။

ထိုအချိန်၌ အကြမ်းဖက်သမား ဟာဆန်နှင့် တာကာကီတို့က မာလိန်မှူးကြီး၏ ဘယ်ညာနှစ်ဘက်ကပ်၍ ရပ်နေပြီး ဇာကားရီးယားဆိုသူက ဓား[illegible]သီးနှင့် ကလေးများကို တန်းစီပြကာ သူတို့၏လက်နက်မျိုးစုံ အင်အားကိုပါ သင်္ဘောသားများ မြင်အောင် ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်အမ်းစထရောင်းက အမျိုးသမီးနှင့်ကလေးများကို အကြမ်းဖက်သမားများက ဓားစာခံ အဖြစ် ဖမ်း ထား သော ကြောင့် သင်္ဘောသားများအနေဖြင့်အခြေအနေအမှန်ကို လက်ခံကာ မိမိတို့၏ လုပ်နေကျတာဝန် ဝတ္တရားများကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောပြီး....

'အခု ကျုပ်တို့ မိန်နိုလစ်သင်္ဘောကြီးဟာ ရော်တာဒမ် မြို့ကို ဦးတည်ပြီး ဆက်လက်ခုတ်မောင်းသွားမှာ ဖြစ်တယ်၊ သင်္ဘောကို အပိုင်စီးထားသူတွေက အစိုးရအာဏာပိုင်တွေဆီ တခုခု ရလဲ ပေးပြီး တောင်းဆိုကြလိမ့်မယ်ဟု ယူဆရတယ်၊ နောက်ပိုင်း ဘယ်လိုဖြစ်လာမယ်ဆိုတာမပြောနိုင်ပေမယ့် အားလုံး ပြေလည် ချောမောသွားပါစေလို့ မျှော်လင့်ရုံပဲရှိတယ်၊ ဒီအတောအတွင်း သင်္ဘောသား အားလုံးက ကိုယ့်တာဝန် ဝတ္တရားတွေ ကျေပွန် အောင် ဆက်လုပ်သွားကြပြီး သင်္ဘောကြီး အန္တရာယ်မရှိအောင် ထိန်းသွားကြစေချင်တယ်'

ဟု စကားကို အဆုံးသတ်လိုက်သည်။

ကပ္ပတိန်ကြီး၏စကားအဆုံးတွင် သင်္ဘောသားအချို့သည် အကြမ်းဖက်ဂိုဏ်းသားအပေါ် ဒေါသထွက်လာပုံရသော်လည်း ဘာမှ ဖွင့်မပြောပဲ ဆိတ်ဆိတ်နေလိုက်ကြလေသည်။

အခြေအနေက မခံချင်စရာကောင်းလင့်ကစား မိမိတို့အနေဖြင့် လုပ်ရှားမှု တစုံတရာလုပ်လိုက်သည်နှင့် ဘာဖြစ်လာမည်ကို သူတို့အားလုံး ကောင်းစွာ သဘောပေါက်ကြလေသည်။



အထူးသဖြင့် ဓားစာခံဖြစ်နေရှာသူ အမျိုးသမီးနှင့် ကလေးငယ်များအဖို့ မည်မျှ အန္တရာယ် ရှိသည်ကို သူတို့ နားလည်ကြသည်။

သင်္ဘောသားအများစုသည် ယခု သင်္ဘောကြီးနှင့် လိုက်ပါလာသူ ကလေးငယ်များအား ချစ်ခင် သံယောဇဉ် ဖြစ်နေကြသဖြင့် ကလေးများအတွက် အန္တရာယ်ဖြစ်စေမည့် အပြုအမူမျိုး မလုပ်ကြရန် ဆုံးဖြတ်လိုက်ကြဟန် တူလေသည်။

မာလိန်မှူးကြီး ကပ္ပတိန် အမ်းစထရောင်းကသင်္ဘောသားများအား အလုပ်ခွင်အသီးသီးပြန်လွှတ်လိုက်ပြီးနောက်ကုန်းပတ် ဦးပိုင်းသို့ပြန်လျှောက်လာရာ ဟာဆန်နှင့် တာကာကီတို့ကလည်း ကပ္ပတိန်ကြီး၏နောက်မှ လိုက်လာလေသည်။

ဇာကားရီးယား ခေါင်းဆောင်သောအဖွဲ့က ဓားစာခံ အမျိုးသမီးနှင့် ကလေးများအား ဆလွန်း ခန်းမကြီးအတွင်းသို့ ပြန်ခေါ်သွားလေသည်။

ဟာင်နရီအမည်ရှိ ကုန်းပတ်မှူး ဘိုဆန်သည် ပထမအရာရှိ ဖရေဇာအနီးသို့ ချဉ်းကပ်လာပြီး အလုပ်အကြောင်း မေးလေသည်။

'မစ္စတာ ဖရေဇာခင်ဗျား ကပ္ပတိန်ကြီး က တော့ အလုပ် တာဝန်တွေကို မှုလပုံမှန်အတိုင်း ဆက်လုပ်သွားဖို့ ပြောသွားပါတယ်၊ လက်ပါဘက်ကုန်းပတ်တေးက သံတန်းတွေကို ဆေးသုတ်တာ လုပ်လက်စဖြစ်နေလို့ အဲဒါကို ဆက်လုပ်ရမလား'

www.burmeseclassic.com

www.burmeseclassic.com



ကုန်းပတ်မှူးက ဤသို့ပြောရာတွင် အကြမ်းဖက် ဂိုဏ်းသားရှိဖစ်ဆိုသူက အနီးမှကပ်နားထောင်နေသဖြင့် စကားကို သတိထားပြီး တလုံးချင်းပြောလေသည်။

ဖရေဇာသည်ကောင်းကင်သို့မော့်ကြည့်ပြီးနောက် ခေါင်းခါပြလိုက်သည်။

'ရာသီဥတုအခြေအနေက ဆိုးလာနိုင်တယ်၊ ဆေးသုတ်တဲ့အလုပ်ကို အသာ ထားလိုက်ပြီး သင်္ဘောသားတွေကို တခြားအလုပ်တခုခု ခိုင်းထားလိုက်ပါ'

'ကောင်းပါပြီ ခင်ဗျား'

ကုန်းပတ်မှူး ဟင်နရီက သင်္ဘောသား များအား အလုပ်တာဝန်ပေးရန် အစီအစဉ်များကို တင်ပြပြန်ရာ အကြမ်းဖက်သမား ရှိဖစ်သည် စိတ်မဝင်စားတော့ပဲ လျှောက်ထွက်သွားလေသည်။

သည်တော့မှ ကုန်းပတ်မှူး ဟင်နရီသည် သူ ပြောချင်သည့်စကားကို ခပ်တိုးတိုးပြောလေသည်။

'မစ္စတာ ဖရေဇာခင်ဗျား၊ ကျွန်တော်တို့ သင်္ဘောသားတွေရဲ့ ထမင်းစားခန်းမှာ လူဘယောက် ရောက်နေပါတယ်၊ သူက ရိုင်းလင်းသင်္ဘောက တတိယအရာရှိ ဖြစ်ပါတယ်'

ဤသို့အချိုးပြီး ဝိဘာဆိုသူသည် [illegible] ကို တွယ်လိုက်ပါလာ၍ [illegible] ယင်း . .

'ဒီလူက အသွန်ပင်ပန်းနွမ်းနယ်နေပါတယ်၊ သူဟာကျွန်တော်တို့ရှိရာကို လေးဘက်တွားပြီး ကြိုးစား လာခဲ့ရ ရှာပါတယ်



ဒီအကြောင်းကို မစ္စတာဖရေဇာ သိထားသင့်တယ်ထင်လို့သာတင်းပို့တာပါပဲ'

ဟု အဆုံးသတ် လိုက်သည်။

ဖရေဇာသည် အခြေအနေကို သုံးသပ် စဉ်းစား ကြည့်ရာလောလောဆယ်အကြောင်းမထူးသော်လည်း ရိုင်းလင်းသင်္ဘောမှ တတိယအရာရှိ ဝိဘာဆိုသူသည် အကြမ်းဖက်ဂိုဏ်းသားများမသိပဲ ဤသင်္ဘောပေါ် ရောက်ရှိနေခြင်းက နောင်တချိန်တွင်အသုံးဝင်လာလိမ့်မည်ဟု သုံးသပ် မိလေသည်။

ထို့ကြောင့် ဖရေဇာသည် ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ကုန်းပတ်မှူး ဟင်နရီအား ညွှန်ကြားလေသည်။

'ဒါဖြင့် အဲဒီလူကို အကြမ်းဖက်ဂိုဏ်းသားတွေ လုံးဝမသိအောင် လုံလုံခြုံခြုံ ဝှက်ထားလိုက်ပါ၊ တနေ့ ဒီလူသတ်သမားတွေကို ကျုပ်တို့က တရားရုံးမှာ စီရင် စစ်ဆေးတဲ့အခါ တတိယအရာရှိ ဝိဘာက အရေးပါတဲ့ မျက်မြင် သက်သေ ဖြစ် လာနိုင်တယ်'

* * *

သင်္ဘော၏ ဆလွန်း ခန်းမကြီးတွင် အင်ဂျင်နီယာချုပ်ကတော် အယ်လစ်ဇဘက် ဦးစီးခေါင်းဆောင်လုပ်၍ တခြားအမျိုးသမီးများနှင့် ကလေးများကို အားပေးစကားပြောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်တိုင် စားဖိုဆောင်မှ နံနက်စာစားသောက်ဖွယ်များ များယူလိုက်ပြီး အကြွမ်းဖက်ဂိုဏ်းသားများအပါအဝင် အားလုံးကို စားသောက်ကြရန် တိုက်တွန်းလေသည်။

ဇာကားရိုးယားသည် စားသောက်ဖွယ်များ ယူလာပြီးခါ အတူက် စားပွဲ [illegible] ဆလွန်းခန်းတွင်းသို့ ဝင်ခွင့် [illegible] အခြား မည်သည့် [illegible] သတ်မှတ်ထားလိုက်သည်။

သဘော်အရာရှိများအတွက်ကိုမူ စားဖိုဆောင်မှ စားပွဲထိုးများက စားသောက်ဖွယ်များ သွားပို့ပေးရန် ခွင့်ပြုထားလေသည်။

အယ်လစ်ဇဘက်သည် အခြားအမျိုးသမီးများအတွက်ယူဆောင်လာခဲ့သော [illegible] အားပေါ်ထားရ စားလေရာ ဒုတိယအရာရှိ ကပ်တော် [illegible] စားရှာလေသည်။

ကျန်အမျိုးသမီးများကမူ [illegible] လုပ်ချောက်ချားနေသဖြင့် ကောင်းစွာ မစားနိုင်ကြချေ။

တတိယအင်ဂျင်နီယာ၏အနီး သားသည်အမေ မေရီ ဆိုလျှင် လုံးဝ စားချင်စိတ် မရှိသဖြင့် ကော်ဖီတခွက်သာ သောက်လေသည်။

စားသောက်ပြီးကြသောအခါ အယ်လစ်ဇဘက်သည်အကြွမ်းဖက်သမား ဇာကားရိုးယားအနီးသို့ လျှောက်သွားပြီး အခွင့်အရေးတခု တောင်းဆိုလေသည်။

သူတို့အနေဖြင့် ဤဆလွန်းခန်းထဲတွင် မည်မျှကြာကြာ နေရမည်ကို မသိသဖြင့် ကလေးများ စိတ်ပြေလက်ပျောက်ရှိစေရန်



ပုံပြင်စာအုပ်များ၊ ကစားစရာ ကိရိယာများ လိုအပ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သူသည် ဆလွန်းခန်းတွင်းမှ ခေတ္တပြင်ထွက်၍ လိုအပ်သော ပစ္စည်းများ သွားယူခွင့်ကြောင်း ပြောလေသည်။

ဇာကားရိုးယားသည် ခေတ္တစဉ်းစား [illegible] နောက် ခွင့်ပြုလိုက်သဖြင့် အယ်လစ်ဇဘက်လည်း [illegible] သွား [illegible]။

နောက် ငါးမိနစ်ခန့်အကြာ [illegible] ကလေးကစားစရာ ပစ္စည်း [illegible] ပြန်လာလေသည်။

အမျိုးသမီးများသည် ကလေးများ စိတ်ပျော်ရွှင်စေရန် ကစားစရာပစ္စည်းများ၊ ပုံပြင်စာအုပ်များဖြင့် ကြိုးစား [illegible] ချော့မော့ နှစ်သိမ့်ကြပါသော်လည်း အကြွမ်းဖက်သမားများက မောင်းပြန်သေနတ်များဖြင့် [illegible] မျက်ခြည်မပြတ် ကြည့်နေသောကြောင့် မလွယ်ကူပဲ ဖြစ်နေလေသည်။

အမြွာပူး ကလေး [illegible] နှင့် [illegible] ဆိုလျှင် [illegible] ဖြင့် ရုပ်ပုံပြင်စာအုပ် [illegible] အချင်းချင်း ပျော်ရွှင်နေတတ်သော်လည်း ယခုတော့ စာအုပ်ကို ဖွင့်မကြည့်ပဲ ထိတ်လန့်ကြောက်ရွံ့သည့် အမျိုးသမီး [illegible] ကြည့်နေကြသည်။

[illegible] အမည်ရှိ [illegible] ကလေးသည် လုံးဝစိတ်မပါတော့ဟန်ဖြင့် မိခင် ရင်ခွင်ထဲသို့ သွား၍ ငိုနေရှာလေသည်။

အမြွာပူး ဂီလီယန်ကမူ သူ့ဖခင်ကြီးနှင့်တွေ့လိုသည်ဟု ပူဆာနေရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကလေးများကို ဆူနှင့် ဂျိန်းတို့က ချော့မော့၍ ကစားစရာများတွင် စိတ်ဝင်စားအောင် ကြိုးစားပါသော်လည်း ကောင်ကလေးတွေက ကစားရန် လုံးဝစိတ်မပါပဲ စိတ်တိုနေကြလေသည်။

အမျိုးသမီးများအနေဖြင့် အချင်းချင်း စကားပြောရန်က လည်း လက်နက်ကိုင်အကြမ်းဖက်သမားများက အနီးတွင် ရှိနေသဖြင့် လွတ်လပ်စွာ စကားပြော၍ မရသောကြောင့် မပြောပဲ နေကြခြင်း ကလည်း အလွန် စိတ်ကျဉ်းကျပ်ဖွယ်ရာ ဖြစ်နေပေသည်။

သို့နှင့်ပင် နေ့လယ်စာစားချိန်ရောက်လာသောအခါ စားသောက်နေကြချိန်တွင် ခေတ္တမျှ စိတ်သက်သာရာရသလို ရှိလေသည်။

မိုနီလစ် သဘောင်္ကြီးမှ အစားအသောက်များမှာ အလွန်ကောင်းမွန် အထက်တန်းကျပြီး ယခုဆိုလျှင် စားဖိုဆောင်မှူးမှ သဘောင်္သားများက အထူးဂရုစိုက် ချက်ပြုတ်ပေးသောကြောင့် ပို၍ပင် စားကောင်းပေသည်။

အမျိုးသမီးများသည် စိတ်ညစ်၍ စားချင်စိတ် မရှိသော်လည်း ကလေးများကို အားပေးသည့်အနေဖြင့် သူတို့ကိုယ်တိုင်က စားပြကြလေသည်။

ကလေးအမေ မေရီ တယောက်သာလျှင် လုံးဝ ခံဘွင်းပျက်သလို ဖြစ်နေရှာလေသည်။

သူမသည် ကလေးငယ်ကို လက်က မချပဲ နေ့လယ်စာစားရာတွင် တလုတ် နှစ်လုတ်မျှသာ စားနေလေသည်။



မွန်းလွဲပိုင်းတွင်လည်း အမျိုးသမီးများက ကလေးများအား ပျော်ပျော်ကစေရန် အမျိုးမျိုးကြိုးစား၍ နှစ်သိမ့်ချော့မော့ကာ ကစားစရာများဖြင့် ကစားစေကြလေသည်။

ထိုအတောအတွင်း လက်နက်ကိုင် အာရပ်လူမျိုး လေးဦးက အမျိုးသမီးများကို ငေးကြည့်နေပုံကလည်း တမျိုးစိုးရိမ်ဖွယ်ရာ ဖြစ်လာပြန်သည်။

ဒုတိယအရာရှိ ဒီဗာရယ်၏ဇနီး ဆူ သည် အမျိုးသမီးများ အနက် အထူး လှပ ကြော့ရှင်းသူ ဖြစ်လေရာ လက်နက်ကိုင် အကြမ်းဖက်သမားများက သူမအား လိုချင် တပ်မက် သည့် အကြည့်ဖြင့် ကြည့်နေကြသဖြင့် ဆူသည် အသူး စိုးရိမ် နေမိလေသည်။

ရှင်းလင်း ကုန်သဘောင်္ပေါ်တွင် အမျိုးသမီး လုံးဝမပါရှိခဲ့သဖြင့် ယခု မိုနီလစ် သဘောင်္ကြီးပေါ်၌ အမျိုးသမီးများကို မြင်ရသောအခါ အကြမ်းဖက်သမားများသည် ကာမဂုဏ်စိတ်ဖြင့် တပ်မက်နေကြဟန် တူပေသည်။

အမြွာပူးကလေးများမိခင် ဂျက်ကီသည်လည်း အကြမ်းဖက်သမားများ၏ မျက်လုံး အမူအရာများကိုကြည့်ပြီး ကြောက်နေရှာလေသည်။

ညနေစောင်းလာချိန်တွင် ဂျာဘရီဆိုသူသည် ဆလွန်းခန်းမှ ခေတ္တ ထွက်သွားလေသည်။

သူ ပြန်လာသောအခါ ဆူ၏အနီးသို့လာပြီး လက်တဘက် ပခုံးပေါ် တင်လိုက်သည်။

www.burmeseclassic.com



ထိုနောက် ဆူ၏ လက်မောင်းကို ဆွဲကိုင် ပွတ်သပ် ပြန်သည်။

ဆူသည် ထိတ်လန့်တုန်လှုပ်လျက် အဘင်း ရုန်းထွက်လိုက်သည်။

ဤကြောင့် [illegible] သုံးဦးက ရယ်မောကြလေသည်။

ဂျာဘရီသည် ပြုံးဖြီး [illegible] ဆူအား [illegible] တော့ပဲ နေလိုက်သည်။

ဇာကားရီးယားကိုသူ အကြမ်းဖက်သမားသည် သူတို့လေးဦး အနက် အရုပ်အဆိုးဆုံး ဖြစ်လေသည်။

သူသည်လည်း အမျိုးသမီးများကိုကြည့်ပြီး [illegible] လေသည်။

သို့သော် ဇာကားရီးယားက မျက်စိကျမိသည်မှာ ဆူ မဟုတ်၊ ကလေးအမေဖြစ်သူ မေရီကို သဘောကျမိလေသည်။

မေရီသည် အမျိုးသမီးများအနက် အသက်အငယ်ဆုံးဖြစ်ရာ ဇာကားရီးယားက အသက်ငယ်ငယ်မိန်းကလေးများကို အထူး နှစ်သက်တပ်မက်လေသည်။

ကလေးငယ်သာ မရှိလျှင် မေရီကိုကြည့်ရသည်မှာ အရွယ် ရောက်ခါစ အပျိုဖြန်းတယောက်ဟုပင် ထင်ရသဖြင့် ဇာကား ရီးယားက မေရီအား အထူး မျက်စိကျနေခြင်း ဖြစ်လေသည်။

အချိန်တနာရီခန့် ကြာသွားလေသည်။



အင်ဂျင်နီယာချုပ်ကတော့ အယ်လစ်ဇဘက်သည် မေရီအား ညီသည့်အနေဖြင့် ကလေးငယ်ကို ပွေ့ချီယူပြီး ခေတ္တ ထိန်း ပေးလေသည်။

ထိုအချိန်၌ မေရီအား မျက်ခြည်မပြတ်ကြည့်နေသူ ဇာကား ရီးယားသည် စဉ်းစားချိန်ရနေပြီ [illegible]။

သူ၏စိတ်ထဲတွင် မေရီက [illegible] အသား [illegible] ပြင်းထန် [illegible]။

ဤအလှန်း [illegible] တွင် သူက ဦးစီး [illegible] ရသည် ဖြစ်ရာ [illegible] ကျန်လူများကို အမိန့်ပေးနိုင်ခွင့်ရှိသည်။

ယခုအခြေအနေတွင် ဤ မျက်နှာ [illegible] အမျိုးသမီးအား [illegible] ယာယီ သိမ်းပိုက်လိုက်လျှင် မည်သူက တားဆီးနိုင် မည်နည်း။

မိမိတို့၏ ခေါင်းဆောင်ရေးတွင်လည်း [illegible] ထိခိုက် အနှောင့် အယှက်ဖြစ်မည် မဟုတ်ချေ။

ကျိတ် စဉ်းစားသုံးသပ်ရာမှ ဇာကားရီးယားသည် ဆုံးဖြတ် ချက်ချလိုက်ဟန်ဖြင့် မေရီ [illegible] ကပ်လာခဲ့လေသည်။

သူ၏လက်ဘ [illegible] ရှည်းမြှောင့်သေနတ်ကို ကိုင်ထား လျက်ပင်ရှိလေသည်။

သူသည် သေနတ်ကို လက်ယာဘက် လက်ဖြင့် ကိုင်ထားပြီး လက်ဝဲဘက်လက်ကို မေရီဘက်သို့ ဆန့်တန်း [illegible] လက်ဆွဲခေါ် မည့်ဟန်ဖြင့်…

'ကဲ… လိုက်ခဲ့စမ်း'

ဟု ခပ်တည်တည် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေရီခမျာ အကြီးအကျယ် တိတ်လန့် တုန်လှုပ်သွားရှာသျက်....

'ကျွန်မ ဘယ်ကို လိုက်ခဲ့ရမှာလဲ'

ဟု ပြန်မေးလိုက်သည်။

'အိပ်ခန်းတခန်းကို သွားမယ်'

ပြောပြောဆိုဆို ဇာကားရီးယားသည် မေရီ၏လက်ကို ခပ်ကြမ်းကြမ်း ဖမ်းဆွဲလိုက်သည်။

မေရီက ငြင်းဆန် ရုန်းကန်ပါသော်လည်း ဇာကားရီးယားသည် လက်မလွှတ်ပဲ အတင်းဆွဲထုလိုက်သည်။

အယ်လစ်ဇဘက်နှင့် သူတို့က ဒေါသထွက်ပြီး ဟစ်အော်ကန့်ကွက်ယင်း ရှေ့သို့တိုးလာရာ အကြမ်းဖက်သမားများက သေနတ်ဖြင့်ချိန်လျက် ဟန့်တားလိုက်သောကြောင့် ဆက်၍မတိုးဝံ့ပဲ ရပ်လိုက်ကြရသည်။

ဇာကားရီးယားသည် မေရီ အကြီး အကျယ် ထိတ်လန့်တုန်လှုပ်နေခြင်းကိုပင် သဘောကျဟန်ဖြင့် ပြုံးဖြဲဖြဲ လုပ်ခနေလေသည်။

'ရှင် ဘာလုပ်တာလဲ၊ ဒီလိုမလုပ်ပါနဲ့ ရှင့်'

အယ်လစ်ဇဘက်က ဟစ်အော်ကန့်ကွက်လိုက်ပြန်ရာ....

ဇာကားရီးယားက....

'ဒီအခန်းမှာ ကျုပ် တာဝန်ခံဖြစ်တယ်၊ကျုပ်ကို ဘယ်သူက တားဝံ့မှာလဲ'

ဟု ပြန်ပြောလိုက်သည်။



'ကျွန်မ တောင်းပန်ပါတယ် ရှင့်၊ ကျွန်မကို ခေါ်မသွားပါနဲ့'

မေရီက တိုးလျှိုးတောင်းပန်သော်လည်း ဇာကားရီးယားသည် ဂရုမစိုက်ပဲ တံခါးဝဆီသို့ အတင်းဆွဲခေါ်လေသည်။

မေရီက ကြိုးစားရုန်းကန်ယင်း ဇာကားရီးယားအား လက်သီးဖြင့် ထုရိုက်လေသည်။

သူမသည် အလွန်တုန်လှုပ်ချောက်ချားလျက် မျက်ရည်များသည်း ကျနေရှာလေသည်။

ကလေးများသည် ထိုအခြင်းအရာကိုကြည့်ပြီး ဟစ်အော်ငိုယိုလျက် သူတို့၏မိခင်များရှိရာသို့ ပြေးသွားကြလေသည်။

ဆူသည် မေရီ၏အဖြစ်ကိုကြည့်ပြီး သနားကရုဏာ ဖြစ်လာရာမှ ဘာစုံတခု ဆုံးဖြတ်လိုက်ဟန်ဖြင့် ဇာကားရီးယား ရှိရာသို့ လျှောက်သွားပြီး....

'ဒီမယ်. .မေရီကိုတော့ ပြန်လွှတ်လိုက်ပါ၊ သူ့ကို မခေါ်ပါနဲ့ ရှင်ခေါ်ချင်ယင် ကျွန်မကို ခေါ်သွားပါ'

ဟု အရဲစွန့်၍ ပြောလိုက်သည်။

သို့ရာတွင် ဇာကားရီးယားက ပြုံးဖြဲဖြဲလုပ်၍ ခေါင်းခါပြလေသည်။

'ကျုပ်က အလှယ်တာနဲ့ လိုက်လာတဲ့ မိန်းမတယောက်ကို မလိုချင်ဘူး၊ ကလန်ကဆန်လုပ်ပြီး ငြင်းတဲ့ မိန်းမကိုမှ လိုချင်တယ်၊ ဟဲ....ဟဲ'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဇာကားရီးယားသည် မေရီအား အပြ[...] ဘက်သို့ အတင်းဆွဲခေါ်သွားလေသည်။ မေရီမှာ ဟစ်အော်[...] ငိုယိုယင်း ပါသွားရှာလေသည်။

* * *

မိုနိုလစ်သင်္ဘောကြီး၏ တတိယအရာရှိ ဖီးလစ်သည် မှန်းတည့်ချိန်[...] တွင် ကုန်းပတ်ဦးပိုင်းတွင် တာဝန်ယူနေရာမှ သူ၏ အိပ်ခန်း[...] ပြန်နားခွင့်ရသဖြင့် ပြန်လာပြီး အိပ်ရာပေါ်လှဲယင်း အနား[...] နေလေသည်။

သို့သော် အိပ်၍ မပျော်ချေ။

သူသည် အကြမ်းဖက်သမားများအား မိုနိုလစ်သင်္ဘော[...] ကြီးပေါ်သို့ ခေါ်ယူလာခဲ့သလိုဖြစ်၍ စိတ်မကောင်း ဖြစ်နေ[...] လေသည်။

သူ့ကြောင့် သင်္ဘောကြီးပေါ်မှ အရာရှိများ အမျိုးသမီး[...] ကလေးများ ဒုက္ခတောက်ရသည်ဟု သိပ်ပြောမလိုသလို၊ သိ[...] သလို ဖြစ်နေမိသည်။

အကြမ်းဖက်သမားများက ခြိမ်းခြောက် အာကျုပ် ကိုင်[...] နိုင်းသဖြင့် သူသည် မတတ်သာပဲ အသက်ကယ်လှေဖြင့် ဘင်ခေ[...]



လာခဲ့သည်ဖြစ်ရာ ပထမအရာရှိ ဖရေဇာက ဖီးလစ်အား သဘောကျသည့် အမူအရာ ပြခဲ့သည်ကိုလည်း သတိရနေမိသည်။

တချိန်တည်းမှာပင် ရိုင်းလင်းသင်္ဘော၌ ဖြစ်ပျက်ခဲ့ပုံများကိုလည်း ပြန်လည် မြင်ယောင်နေမိလေသည်။

ထိုအခိုက် အောက်ထပ် ကုန်းပတ်ရှိ အိပ်ခန်းတခန်းမှ ငယ်သံပါအောင် ဟစ်အော်သံကို ကြားလိုက်ရလေသည်။

ဖီးလစ်လည်း အမျိုးသမီးတဦး၏အသံမှန်း ချက်ချင်းမှတ်မိသဖြင့် ကပျာကယာ အိပ်ရာမှထကာ အော်သံကြားရာအခန်းဆီသို့ ပြေးဆင်းသွားလေသည်။

အခန်းတံခါးကို ပိတ်ထားသော်လည်း ဖီးလစ်က ကိုယ်လုံးဖြင့် တအား ပစ်ဆောင့် တွန်းလိုက်ရာ တံခါး ပွင့်ထွက်သွားလေသည်။

အခန်းတွင်း၌ကား ဇာကားရီးယားသည် လက်တဘက်က သေနတ်ကိုင်ထားပြီး ကျန်လက်တဘက်က မေရီအား ဖမ်းချုပ်ထားလေသည်။

ဖီးလစ်သည် မြင်ရုံနှင့် ဘာဖြစ်နေကြောင်း ရိပ်မိလိုက်ပြီဖြစ်သည်။

ထို့ကြောင့် ဇာကားရီးယားက ချာကနဲ လှည့်၍ ရင်ဆိုင်လိုက်စဉ်မှာပင် ဖီးလစ်သည် လျှင်မြန်ဖျတ်လတ်စွာ လက်သီးဖြင့် တအား ပစ်ထိုးလိုက်သည်။

အကြမ်းဖက်သမားများအပေါ် ပြင်းစွာ ဒေါသထွက်ခြင်း၊ ခံချင် ဖြစ်ခြင်းတို့ကြောင့် ဖီးလစ်၏ လက်သီးချက်က အလွန်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လေရာ ဇာကားရီးယား၏ မေးရိုး တည့်တည့် ဆီသို့ ထိမှန်ပြီး လဲကျသွားလေတော့သည်။

ထိုအခိုက် အကြမ်းဖက်သမား ဂျာဘရီဆိုသူ ရောက်လာပြီး သူ၏ မရှင်းပစ္စတိုသေနတ်ဖြင့် ပစ်ခတ်လိုက်ရာ ဖီးလစ်၏ ရင်ဘတ်သို့ ကျည်ဆန်များ ထိမှန်ကာ လဲကျ သေဆုံးသွားလေသည်။

*　　*　　*

ကုန်းပတ်ဦးပိုင်းတွင် ရှိနေသူ ပထမအရာရှိဖရေဇာသည် သေနတ်ပစ်သံကို ကြားလိုက်ရသဖြင့် ဒုတိယအရာရှိ ဒီဇာရယ်အား သင်္ဘောကြီးကို တာဝန်ယူထိန်းမောင်းရန် မှာကြားပြီး သေနတ်သံ ကြားရာ အောက်ထပ် ကုန်းပတ်သို့ ပြေးဆင်းသွားလေသည်။

အကြမ်းဖက်သမား ဟာဆန်နှင့် တာကာကီတို့ကလည်း သူ၏နောက်မှ ပြေးလိုက်လာကြသည်။

အောက်ထပ်ရှိ အခန်းသို့ ရောက်လျှင် ဂျာဘရီက ဖရေဇာကို မြင်မြင်ချင်း ပစ္စတိုသေနတ်ဖြင့် ပစ်သတ်တော့မည် ပြုလိုက်ပြီး ဟာဆန်နှင့် တာကာကီတို့ကို မြင်သဖြင့် မပစ်ပဲ ရပ်နေလိုက်သည်။



ကြမ်းပြင်ပေါ်တွင် ဖီးလစ်သည် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေပြီး ဇာကားရီးယားက လဲကျနေရာမှ ပြန်ထနေလေသည်။

သူ၏ပါးစပ်မှလည်း သွေးများ ယိုစီးကျလျက် ရှိသည်။

အကြမ်းဖက်ဂိုဏ်းခေါင်းဆောင် ဟာဆန်သည် ဖြစ်ပျက်ပုံကို ချက်ချင်း ရိပ်မိသဖြင့် အလွန်ဒေါသထွက်လျက် ဇာကားရီးယားအား အာရပ်ဘာသာဖြင့် ဆူပူကြိမ်းမောင်းလေသည်။

ဖရေဇာက မေရီအား တွဲထူပေးလိုက်စဉ် အခြားအမျိုးသမီးများလည်း ရောက်ရှိလာကြလေသည်။

'ဘယ်လိုဖြစ်တာလဲ'

ဖရေဇာက မေး လိုက် လျှင် အင်ဂျင်နီယာချုပ်ကတော့ [ဘ]ယ်လစ်ဇာဘက်က အသေးစိတ်ပြောပြလိုက်သည်။

ဖရေဇာသည် ဇာကားရီးယားကိုကြည့်ပြီး ဒေါသ မချုပ်တည်းနိုင်ဟန်ဖြင့် လက်သီးဖြင့်ထိုးရန် ရွယ်လိုက်စဉ် ဟာဆန်က လျင်မြန်စွာ သေနတ်ဖြင့် ဖရေဇာအား ချိန်ရွယ်ထားလိုက်သည်။

ဤအခြေအနေတွင် စိတ်လိုက်မာန်ပါ ဇာကားရီးယားအား ထိုးလိုက်ပါက ဟာဆန် သေနတ်ဖြင့် ပစ်မည်မှာ သေချာပေသည်။

www.burmeseclassic.com



ထိုအခါ မိမိသည်လည်း ဖိုးလစ်ကဲ့သို့ပင် သေရတော့မည်ဟု စဉ်းစားမိသဖြင့် ဖခရေဇာသည် စိတ်ကို ကြိုးစား ထိန်းလျက် ကိုယ်ရှိန်သတ်နေလိုက်သည်။

ထိုအချိန်တွင် ဟာဆန်က သူ၏လူ ဇာကားရီးယားအား ဆုံးမသည့်အနေဖြင့် လက်သီးနှင့်တအားပစ်ထိုးလိုက်ရာ ဇာကားရီးယားလည်း နောက်ပြန်လန် လဲကျသွားလေသည်။

တဖန် ဟာဆန်သည် ဇာကားရီးယား၏ မျက်နှာတည့်တည့်သို့ မရှင်း ပစ္စတိုသေနတ်ဖြင့် ချိန်ရွယ်ထားလိုက်သည်။

'ဟေ့ ဒီမယ်....အမျိုးသမီးလေးတွေကို ဘယ်လိုမှ ရန်မပြုရဘူးလို့ ငါက သေသေချာချာ အမိန့်ထုတ်ထားတယ်၊ သူတို့တွေ အန္တရာယ်မရှိမလဲ ဒီ သဘော်အရာရှိတွေရဲ့ ပူးပေါင်းကူညီမှုကို ငါတို့ ရရှိမှာဖြစ်တယ်၊ ငါတို့ရဲ့ စစ်ဆင်ရေး အောင်မြင်ဖို့အတွက်လဲ သဘော်အရာရှိတွေရဲ့ ပူးပေါင်း ကူညီမှုကို လိုအပ်တယ်၊ ဒါကြောင့် အမျိုးသမီးနဲ့ ကလေးတွေကို ဘယ်သူမှ လက်ဖျားနဲ့ မတို့ရဘူး၊ နောက်တကြိမ် ဒါမျိုးဖြစ်ယင် မင်းကို ငါကိုယ်တိုင် သတ်ပစ်မယ် နားလည်လား'

ဟာဆန်က ခပ်ထန်ထန်ပြောလိုက်ရာ ဇာကားရီးယားလည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

သည်တော့မှ ဟာဆန်သည် ဖရေဇာဘက်သို့ လှည့်လိုက်သည်။



'ပထမ အရာရှိကြီးခင်ဗျား၊ အခုလိုဖြစ်ရတာကို အထူး ဝမ်းနည်းပါတယ်၊ နောက်ကို ဒါမျိုး လုံးဝ မဖြစ်စေရဘူးလို့ အာမခံချက် ပေးပါတယ်'

ဖခရေဇာက ဘာမှ ပြန်မပြောပဲ ဆိတ်ဆိတ် နေလိုက်သည်။

သူ၏ စိတ်ထဲတွင်ကား ကြမ်းပြင်ပေါ်တွင် သေဆုံးနေသူ ဖိုးလစ်အတွက် တချိန်ကျလျှင် မလွဲမသွေ ကလဲ့စားချေရန်သာ ဆန္ဒ ပြင်းပြနေမိ လေသည်။

www.burmeseclassic.com

## အခန်း ၁၂

ထိုနေ့ မွန်းလွဲပိုင်းတွင် ဂျာမန် လေကြောင်း လပ်ဖ်သင်ဆာ ကုမ္ပဏီ၏ ဘိုးအင်း ၇၀၇ အမျိုးအစား ဂျက်လေယာဉ်ကြီး တစင်းသည် လန်ဒန်မြို့ လေဆိပ်သို့ ဆိုက်လာလေသည်။

ထိုလေယာဉ်ဖြင့် လိုက်ပါလာသူ ခရီးသည်များအနက် အရပ် မြင့်မြင့် ထောင်ထောင် မောင်းမောင်း အနက်ရောင် ဆံပင်နှင့် လူတယောက် ပါလာလေသည်။

ထိုလူကား အနောက်ဂျာမနီနိုင်ငံ ရဲထောက်လှမ်းရေးမှ ရဲမှူး ကြီး ဘရင်နာဆိုသူ ဖြစ်လေသည်။

သူသည် သေနတ်ပစ် အလွန်လက်ဖြောင့်သူဖြစ်၍ ခြောက်လုံး ပြူးနှင့် ရိုင်ဖယ်သေနတ် နှစ်မျိုးစလုံးပစ်ရာ၌ အထူး ကျွမ်းကျင် လက်ဖြောင့်သူ ဖြစ်သည်။



ထို့ပြင် ရဲမှူး ဘရင်နာသည် အနောက်ဂျာမနီနိုင်ငံ မြူးနစ်မြို့ အကြမ်းဖက်မှု နှိမ်နင်းရေး အထူးတပ်ဖွဲ့၏တာဝန်ခံ အကြီးအကဲလည်း ဖြစ်လေသည်။

လန်ဒန်လေဆိပ်တွင် ဗြိတိန်နိုင်ငံ အကြမ်းဖက် နှိမ်နင်းရေး အထူးတပ်ဖွဲ့မှ နီကိုလ်ဆန်ကိုယ်တိုင် လာကြိုဆိုပြီး ဘရင်နာအား မော်တော်ကားတစီးဖြင့် စကော့တလန်ယတ်ဒ် စုံထောက်ဌာနကြီး ရှိရာသို့ တိုက်ရိုက်ခေါ်သွားလေသည်။

'ဘယ်လိုလဲဗျ၊ ခင်ဗျားကိုယ်တိုင် အခုလို လန်ဒန် မြို့ကို အရေးတကြီး လာတယ်ဆိုတော့ တခုခု အလွန် အရေးကြီးလို့ ဖြစ်ရမယ်၊ ဘာများလဲ'

နီကိုလ်ဆန်က လေဆိပ်မှအထွက် ကားပေါ်တွင်မေးလိုက်ရာ ရဲမှူး ဘရင်နာက ပြုံးလိုက်သည်။

'နေဦးဗျ၊ ညှိနှိုင်းစိစစ်ရေးတာဝန်ခံ ဆာအယ်လိတ်ဇန္ဒားနဲ့ တွေ့မှ ကျုပ် ရှင်းပြပါမယ်၊ အခုကိစ္စက ကျုပ်တို့ သုံးယောက်လုံး ခေါင်းချင်းရိုက် တိုင်ပင်ဆွေးနွေးမှ ဖြစ်မယ်'

'ဒီလိုဆိုယင် ခင်ဗျားနောက်ကျသွားပြီ၊ ဆာအယ်လိတ်ဇန္ဒားက လွန်ခဲ့တဲ့ ဘနာရီလောက်ကပဲ နယ်သာလင်နိုင်ငံ အမ်စတာဒမ်မြို့ကို ထွက်သွားတယ်၊ ဟိုမှာ နေတိုးအဖွဲ့နဲ့ ဝါဆောစာချုပ် အဖွဲ့ဝင်နိုင်ငံတွေက ကိုယ်စားလှယ်များ အစည်းအဝေးလုပ်နေတုန်း လုံခြုံရေးတာဝန်ကျတဲ့ ရဲမှူး ဟယ်လ်ဒါရဲ့ အစီအစဉ်တွေကို ထပ်ဆင့် ကူညီစစ်ဆေးဖို့ သွားလေရဲ့'

www.burmeseclassic.com

www.burmeseclassic.com



နီကိုလ်ဆန်က ဤသို့ ပြောလိုက်သောအခါ ဘရင်နာသည် စောစောကလို မပြုံးတော့ပဲ မျက်နှာထားတည်တည် ဖြစ်သွားကာ ဆိတ်ဆိတ်နေလိုက်သည်။

ကော့တာနီယာ ထိန်းသိမ်းရေးဌာန အဆောက်အအုံအတွင်းရှိ အကြမ်းဖက် နှိမ်နင်းရေး ဌာနချုပ်ရုံးခန်းသို့ ရောက်လျှင် ဘရင်နာသည် သူ ယူဆောင်လာသော သတင်းစာများကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီးမှ စကား ဆက်ပြောလေသည်။

'ဒီပြဿနာက ခင်ဗျားတို့အတွက်လဲ ဦးခေါင်းကိုက်စရာ တခု တိုးလာတဲ့သဘော ဖြစ်လိမ့်မယ် ထင်တယ်၊ ဒီနေ့ မနက်စောစောက ဂျာမန်ကုန်တင်သင်္ဘော ရိုင်းလင်းဟာ ဖင်နီစတဲ အငူအနီးမှာ ပင်လယ်ထဲ နစ်မြုပ်သွားတယ်၊ သိရ သလောက် သင်္ဘောရဲ့ အင်ဂျင်ခန်းမှာ ပေါက်ကွဲမှုတခုဖြစ်ပြီး နစ်မြုပ်သွားတယ်လို့ ဆိုတယ်။

'ခက်တာက သတင်းရရှိပုံဟာ မပြည့်စုံဘူး ဖြစ်နေတယ်၊ ရိုင်းလင်းသင်္ဘောက နစ်မြုပ်ခါနီး ရေဒီယိုနဲ့ ဆက်သွယ် အကူအညီတောင်းလိုက်တော့မှ အနီးအနားမှာရှိနေတဲ့ ရေနံတင်သင်္ဘောကြီး မိုနီလစ်က ရေဒီယိုဆက်သွယ်မှု ရရှိတယ်လို့ ဆိုတယ်၊ ပြီးတော့ ရိုင်းလင်းသင်္ဘောက အသက်မသေပဲကျန်တဲ့ လူတချို့ကို မိုနီလစ်သင်္ဘောကြီးက ဆယ်ခေါ်လာတယ်လို့လဲ သိရတယ်၊ မိုနီလစ် ရေနံတင်သင်္ဘောဟာ ဗြိတိသျှ သင်္ဘောတစင်း ဖြစ်လေတော့ ဒီကိစ္စမှာ ခင်ဗျားတို့နဲ့ ပတ်သက်လာတယ် ဆိုပါတော့'

'နေပါဦးဗျ....သင်္ဘောတစင်း ပင်လယ်ထဲ နစ်မြုပ်တာနဲ့ ကျုပ်တို့က ဘာကြောင့် ပတ်သက်နေရမှာလဲ'



နီကိုလ်ဆန်က ပြန်မေးလိုက်သည်။

'ကျုပ်ရှင်းပြပါ့မယ်....ခင်ဗျား မှတ်မိမလား မသိဘူး၊ လွန်ခဲ့တဲ့ ခြောက်လလောက်က ဗြိတိသျှ [illegible] ပင်လယ်ကို ဖြတ်ကူး ရွက်မောင်းတဲ့ သင်္ဘောတစင်းကို အကြမ်းဖက်ဂိုဏ်း တဂိုဏ်းက အပိုင်စီးလိမ့်မယ်ဆိုပြီး [illegible] သတင်းတွေ ထွက်ပေါ်ခဲ့တယ်။

'အဲဒီ အချိန်က ဘယ်လ်ဂျီယံနိုင်ငံအနေနဲ့ [illegible] လေယာဉ်တွေနဲ့ ဒုံးကျည်တွေ ထုတ်လုပ်တဲ့ စက်ရုံတွေတည် ဆောက်ဖို့ အစီအစဉ်ရှိနေလေတော့ အကြမ်းဖက်သမားတွေက ဘယ်လ်ဂျီယံ သင်္ဘောတစင်းကို အပိုင်စီးလိမ့်မယ်လို့ ယူဆ ခဲ့ကြတယ်၊ ဒါကြောင့် ဘယ်လ်ဂျီယံနိုင်ငံက ကြိုတင်ကာကွယ်မှု အစီအစဉ်တွေ လုပ်ထားခဲ့ကြတယ်'

'ဟုတ်တယ်၊ ကျုပ် မှတ်မိပါတယ်'

'အဲဒီ အစီအစဉ်မှာ တိုက်ခိုက်မယ့် အဖွဲ့က ပြင်သစ်ပြည် ပဲရစ်မြို့မှာ အခြေစိုက်နေတဲ့ [illegible] အပိုင်စီးလိမ့်မယ်လို့ မေဂျာ (ဗိုလ်မှူး) ဘယ်ဆင်က [illegible]၊ ကြိုတင်ကာကွယ်မှု အစီအစဉ်တွေ လုပ်ထားလို့ [illegible] သင်္ဘော အပိုင်စီးမှုဟာ မဖြစ်ခဲ့ဘူး။

'နောက်မကြာခင် လူငယ်တဦးပါဝင်တဲ့ အာရပ်အုပ်စုတစုဟာ ပြင်သစ်ပြည်ကနေပြီး အနောက်ဂျာမနီနိုင်ငံကို ကူးဝင်သွားတယ်၊ ဒီအကြောင်းကို ပဲရစ်မြို့က အကြမ်းဖက်နှိမ်နင်းရေး အထူး တပ်ဖွဲ့ရုံးက ကြိုတင် သတင်း ပေးလိုက်လို့ ကျုပ်တို့ကလဲ အဲဒီ အုပ်စုကို သတိထား ကြည့်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဖွဲ့ခေါင်းဆောင်က ဇာကားရီးယားဆိုတဲ့လူဖြစ်တယ်၊ သူတို့ဟာ အနောက်ဂျာမနီ ဟင်းဘတ်မြို့ကို သွားခဲ့ကြတယ်၊ ဟိုရောက်ပြီး ရက်အနည်းငယ် အတွင်းမှာပဲ အာရပ်အမျိုးသားတွေဟာ ဂျာမန်ကုန်တင်သင်္ဘော တစင်းမှာ ရိုးရိုးသင်္ဘောသားအဖြစ် လိုက်သွားကြတယ်'

'အဲဒီ ကုန်တင်သင်္ဘောက ရှိုင်းလင်းသင်္ဘော မဟုတ်လား'

နီကိုလ်ဆန်က သဘောပေါက် လာဟန်ဖြင့် ပြောလိုက်ရာ ... ဘာရင်နာက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်... ရှိုင်းလင်းသင်္ဘောက ကုန်တင်သင်္ဘောဟောင်းကြီး တခုသာ ဖြစ်လေတော့ ဘာကြောင့် အာရပ်အမျိုးသားတွေလိုက်ပါ သွားတယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ မရဘူး၊ ဒါပေမယ့် စောစောပိုင်းက အကြမ်းဖက် ဂိုဏ်းတွေက သင်္ဘောတစင်း အပိုင်စီးလိမ့်မယ် ဆိုတဲ့ သတင်းတွေကြောင့် ကျုပ်က ကြိုတင်ကာကွယ်တာ မမှားဘူးလို့ ဆုံးဖြတ်လိုက်တယ်။

'ရှိုင်းလင်းသင်္ဘော ပေါ်မှာ ကျုပ်တို့လူတယောက် ထည့်ပေးလိုက်ဖို့ အကြံရတယ်၊ ဒါနဲ့ ကျုပ်တို့အဖွဲ့မှာ အတော်ဆုံး အရည်ချင်းအရှိဆုံး တပ်ကြပ်ကြီးတဦးကို တာဝန်ပေးဖို့ရွေးလိုက်တယ်၊ သူ့နာမည်က ဝီဘာလို့ ခေါ်တယ်၊ ဒါနဲ့ပဲ ဝီဘာဟာ ရှိုင်းလင်းသင်္ဘောပေါ်မှာ တတိယ အရာရှိဟန်ဆောင်ပြီး လိုက်ပါ သွားတယ်'

'ဪ....ဒီလိုလား၊ အခုရှိုင်းလင်းသင်္ဘောကြီးဟာပေါ်ကွဲမှု ဖြစ်ရာက ပင်လယ်ထဲနစ်မြုပ်သွားတာဟာ သွေးရိုးသားရိုး မဟုတ်ဘူး ဆိုပါတော့'



နီကိုလ်ဆန်က မှတ်ချက်ချယင်း သတင်းစာများတွင် ဖော်ပြ ားသော သတင်းအတိုချုပ်များကို ကြည့်လိုက်သည်။

ရှိမျှ: ဘာရင်နာကပင် စကားဆက်ပြန်သည်။

'ရှိုင်းလင်းသင်္ဘောဟာ ပထမ ခရီးစဉ်တခုကို ချောချော အမောပဲ သွားခဲ့တယ်၊ ကျုပ်လူ ဝီဘာကတော့ သူဟာ ဘော်ကြီးပေါ်မှာ အချိန်ဖြုန်းနေရာ ရောက်နေလို့ သူ့ကို ခေါ်ပါတော့လို့ အကြောင်းကြားသေးတယ်၊ အခုတော့ လင်းသင်္ဘော ပေါက်ကွဲနစ်မြုပ်သွားပြီလို့ ကျုပ်တို့ ကြား တယ်'

ဘာရင်နာက ပြောနေစဉ် နီကိုလ်ဆန်သည် လေးနက်စွာ တွေး နေမိလေသည်။

ပြင်သစ်ပြည် ပဲရစ်မြို့မှ ဟာဆန်တို့အဖွဲ့ ဂျာမနီ နိုင်ငံသို့ ကူး ပြောင်း အကြောင်းကို စဉ်းစားနေယင်း ရှိုင်းလင်းသင်္ဘော မြုပ်သွားသည်ဆိုသောဒေသ၊ မိန်းစတမ်အငူကိုလည်း စိတ်ဝင် း မိလေသည်။

ထိုဒေသသည်း မည်သည့်နေရာတွင်ရှိသနည်းဟု မေးကြည့်ရာ ရင်နာက၊

'အဲဒီနေရာက စပိန်ပြည်ကမ်းရိုးတန်းရဲ့ မြောက်ဘက်နားမှာ တယ်'

ဟု ပြောပြလေသည်။

ဤတွင် နီကိုလ်ဆန်သည် သဘောပေါက်သွား ဟန်ဖြင့် က်စပ်စဉ်းစားမိကာ ချက်ချင်းစတင်လှုပ်ရှားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စုံထောက်ရဲကြပ်ကြီး စတုံးဆိုသူအား လှမ်းခေါ်၍ ညွှန်ကြားချက် ပေးလေသည်။

'ဟေ့...ရှေးမြို့က ရဲမှူးကြီးဂီယာနီက ကို လိုက်တွဲသွားတာပဲပို့ အစီရင်ခံချက်ရယ်၊ ကြိုးတား တားဆောင်ရှိခဲ့ လူ့ ပတ်ဘက်ညှိ ငါတို့ဆီမှာရှိထားတဲ့ မှတ်တမ်း ပြည်တွေ့ အားလုံး ပြန်ကြည့်ပြီး ခဲ့စမ်း'

ဤသို့ အမိန့်ပေးလိုက်ပြီးနောက် နိုက်ိုလ်ဆန်သည် ရဲမှူး တရင်နာတက်သို့လှည့်၍ ရှင်းပြလေသည်။

'လွန်ခဲ့တဲ့ခြောက်လလောက်က ပဲရစ်မြို့က အာရုပ်အုပ်စုတစု ဟာ အီတာလီပြည် ရှေးမြို့ကို ထွက်သွားခဲ့တယ်၊ ရှေးမြို့က ရဲမှူးကြီးဂီယာနီက အဲဒီအုပ်စုကိုမသိမသာအကဲခတ်စောင့်ကြည့် နေခဲ့တယ်၊ ဒါပေမယ့် အာရုပ် အဖွဲ့သားတဦးက အစ္စရေး ထောက်လှမ်းရေး ရှင်ဘက် အဖွဲ့ရဲ့ လက်ချက်နဲ့ သေသွားပြီးတဲ့ နောက် ကျန်တဲ့လူတွေကစပိန်ပြည်မဒရစ်မြို့ကို အမြန်ထွက်သွား ကြတယ်။

'အဖွဲ့ခေါင်းဆောင်က ဟာဆန် ဆိုတဲ့လူ ဖြစ်တယ်၊ သူတို့ အဖွဲ့ဟာ မဒရစ်မြို့ကတဆင့် ပေါ်နိုပြည်မြောက်ပိုင်းကို ခရီးဆက် ထွက်သွားကြတယ်လို့ သိရတယ်၊ ကျုပ် ဇိုးရီမိတာက အဲဒီ ဟာဆန်နဲ့ခင်ဗျားတို့ ဂျာမနီပြည်ကို ထွက်သွားခဲ့တဲ့ ဓာတ်သူ ယားဟာ ပြင်သစ်ပြည်ပဲရစ်မြို့မှာအတူတူရှိနေခဲ့ကြတယ်လို့ ယူဆ ရတယ်၊ ဒီအတိုင်းမှန်ယင်တော့ သူတို့နှစ်ဦးဟာ အကြံအစည် တခုခု ပေါင်းကြံစည်ခဲ့တာ ဖြစ်ရမယ်'



ထိုအခိုက် စုံထောက်ရဲကြပ်ကြီး ဆောဂျင်တေုံးက ဖိုင်တွဲများ ယူလာပေးသဖြင့် နိုက်ိုလ်ဆန်နှင့် တရင်နာတို့သည် ဟာဆန်နှင့် ပတ်သက်သည့် ဖိုင်တွဲများကို သေချာစွာ လေ့လာကြည့်ရှုနေ ကြလေသည်။

* * *

ညနေစောင်းသော် ပင်လယ်ပြင်၌ မိုးသက်မုန်တိုင်း ကျရောက် လာလေသည်။

ထိုအချိန်၌ မိုိုလစ်သင်္ဘောကြီးသည် အင်္ဂတော့ ပင်လယ် အောက်ကို ဖြတ်ကျော်၍ ပေါ်မောင်းနေရာ ခရီးတဝက်မျှသာရောက်ရှိ သေးသည်။

ကောင်းကင်ပြင်တွင်ကား မိုးသားတိမ်လိပ်များ ဖုံးအုပ်ကာ မှောင်လျက်ရှိလေသည်။

ပင်လယ်ရေပြင်တွင်လည်း လှိုင်းတံပိုးကြီးများဖြစ်ပေါ်လျက် ရှိသည်။

မိုနိုလစ်သင်္ဘောကြီးသည် အရှေ့ယ်ပမာဏအလွန်ကြီးမားလှ၍ ကစား လှိုင်းလုံးကြီးများဒဏ်ကြောင့်လူးလိမ့်လျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကုန်းပတ် ဦးပိုင်းတွင် ပထမအရာရှိ ဖရေဇာသည် တာဝန် ယူလျက်ရှိရာ မုန်တိုင်းကျလာချိန်၌ မာလိန်မှူးကြီး ကပ္ပိတန်အမ်းစထရောင်းပါ ပြန်ရောက်လာပြီး ကူညီ နေလေသည်။

သူတို့နှစ်ဦးသည် လှိုင်းလေ ထန်နေသည့် ကြားမှ မိုနိုလစ် သင်္ဘောကြီးကိုသတိထားထိန်းမောင်းသွားယင်း ရေဒါကိရိယာကိုလည်း မျက်ခြည်မပြတ် ကြည့်နေကြလေသည်။

မုန်တိုင်းက ဟာရီကိန်းခေါ် မုန်တိုင်းကြီးအဆင့်သို့ ပြောင်းလာကာ ပိုမိုပြင်းထန်လာလျက် မိုးကလည်းသဲသဲမဲမဲရွာချလျက် ရှိလေသည်။

ညနေခင်းရာမှ မိုးချုပ်သွားရာတွင် အလင်းရောင် အခြေအနေက နေ့နှင့် ည ကူးပြောင်းသွားပုံသည်ပင်လျှင် မသိသာလှချေ။

တာဝန်ကျချိန် နာရီ စေ့သွား သဖြင့် ပဲ့ကိုင် စက်ခိုင်း၌ တာဝန်ကျသူ သင်္ဘောသားသုံးဦး အသစ်လာရောက် တာဝန် လဲယူကြချိန်တွင် ဒုတိယအရာရှိ ဒီဗာရယ်သည် ကုန်းပတ်ဦးပိုင်း တွင် တာဝန်ယူရန် လာရောက် သတင်းပို့လေသည်။

သို့သော် ဖရေဇာနှင့်ကပ္ပိတန် အမ်းစထရောင်းတို့က အနား မယူပဲ ဆက်လက်နေကြရန် ဆုံးဖြတ်လိုက်ကြသည်။ ဟာရီကိန်း မုန်တိုင်း ထန်နေချိန်တွင် သူတို့ ပါရှိ နေသင့်သည်ဟု ယူဆ၍ ဆုံးဖြတ်လိုက်ကြခြင်းပင် ဖြစ်သည်။



အချိန်တနာရီခန့် ကြာသွားလေသည်။

သင်္ဘော၏ကုန်းပတ်ဦးပိုင်းတွင် အကြမ်းဖက်သမားဟာဆန် နှင့် ဂျပန် တာကာကီတို့ ရှိနေကြသော်လည်း သင်္ဘောကြီးကို ထိန်းမောင်းရန်အတွက် ကပ္ပိတန် အမ်းစထရောင်းနှင့် အရာရှိ များအား လွတ်လပ်စွာ လှုပ်ရှားခွင့် ပေးထားရလေသည်။

ပထမတွင် သူတို့သည် သင်္ဘောအရာရှိများ အချင်းချင်း ပြောသည့် စကားများကို ဂရုစိုက်ပြီး နားစွင့် ထောင်နေ ခဲ့သည်။

သို့ရာတွင် ပြောသည့်စကားများက သင်္ဘောကြီး၏ အခြေအနေ၊ နေရာ အနေအထား၊ လေတိုက်နှုန်း စသည်ဖြင့် ရေကြောင်း သွားလာရေးဆိုင်ရာ စကားများသာ ဖြစ်နေသောကြောင့် ကြာသော် အကြမ်းဖက်သမားများ အနေဖြင့် စိတ်မဝင်စားတော့သဖြင့် ဆက် နားမထောင်ကြတော့ချေ။

တချိန်တွင် ကပ္ပိတန် အမ်းစထရောင်းနှင့် ဖရေဇာတို့သည် ရေဒါကိရိယာကိုကြည့်နေကြစဉ် အကြမ်းဖက်သမားက ခပ်လှမ်းလှမ်းသို့ ရောက်နေသဖြင့် ကပ္ပိတန်ကြီးဖရေဇာအား ခပ်တိုးတိုး ပြောလေသည်။

'ဒီမယ်... ကျုပ်က ခင်ဗျားကို အောက်ထပ် ကုန်းပတ်မှာ သွား တာဝန်ယူဖို့အမိန့်ပေးလိုက်မယ်၊ ဒီမှာက ကျုပ်နဲ့ ဒီဗာရယ် နှစ်ယောက်ရှိနေယင်အလုပ်ဖြစ်တယ်၊ အခုလို ရာသီဥတု အခြေ အနေ ဆိုးနေတုန်း ခင်ဗျားအနေနဲ့ လိုအပ်သလို အခွင့်ကောင်း ယူပြီး လှုပ်ရှားယင် ဖြစ်မယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဟာဆန်နှင့် တာကာကီ နှစ်ယောက်လုံးမှာ ပင်လယ်လှိုင်းမူးနေကြပြီဖြစ်ရာ ကပ္ပတိန်ကြီး ပြောနေသော စကားကိုလည်း ဂရုစိုက်နိုင်ပုံမရချေ။

'ဘယ်လိုလုပ်စေချင်ပါသလဲ'

ဖရေဇာက မာလိန်မှူးကြီးအား ခပ်တိုးတိုး ပြန်မေးလိုက်သည်။

'အန္တရာယ်ဖြစ်လောက်အောင် မိုက်ရူးရဲလုပ်ဖို့မဆိုလိုပါဘူး၊ ခင်ဗျားကို တတိယအရာရှိ ဖီးလစ်လို ဘဝအဆုံးသတ်ရပုံမျိုးလဲ မဖြစ်စေချင်ဘူး၊ ဒါပေမယ့် ဒီအကြမ်းဖက် ဂိုဏ်းသားတွေက ဘာအကြံအစည်ရှိတယ်ဆိုတာ သူတို့ရဲ့ ရည်မှန်းချက်ကို ကျုပ် သိချင်တယ်၊ အခုအချိန်အထိ သူတို့က ကျုပ်တို့ကို ဘာမှ ပြောမပြသေးဘူး၊ ဒီတော့ သူတို့ရဲ့ ရည်မှန်းချက်ကို သိရယင် ကျုပ်တို့အနေနဲ့ တမျိုးကြံစည် စိတ်ကူးလို့ ရမယ်ထင်တယ်'

'ဒါက ဟုတ်ပါပြီ၊ သူတို့က သူတို့အကြံအစည်ကို ဖွင့်မပြောယင် ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ'

ဖရေဇာက ပြန်မေးလိုက်သည်။

'ဒီလိုရှိတယ်ဗျ၊ သူတို့ ဒီသင်္ဘောပေါ် တက် လာတော့ သေတ္တာကြီးကြီးတလုံး သယ်ယူလာတယ်၊ အဲဒီ သေတ္တာကို ယိုဘာရှိဆိုတဲ့ ဂျပန်က တာဝန်ယူထိန်းထားတယ်၊ အဲဒီသေတ္တာထဲမှာ အဝတ်အစားတွေထည့်လာတာလို့ ကျုပ်တော့မထင်ဘူး၊ နောက်ပြီး သေတ္တာကို သူတို့က အထူးသတိထားပြီး ကိုင်တွယ်တာကိုလဲ ကျုပ် သတိပြုမိတယ်။



'ရှင်းလင်း သင်္ဘောပေါ်က တဆင့် ဒီကို ဂရုစိုက် သယ်ယူလာပုံထောက်တော့ သေတ္တာဟာ အရေးကြီးလို့ ဖြစ်ရမယ်၊ ဒါကြောင့် အထဲမှာ ဘာပါတယ်ဆိုတာ ကျုပ် သိချင်တယ်၊ အခု လောလောဆယ် သေတ္တာကြီးဟာ ကျုပ်ရဲ့အိပ်ခန်းထဲမှာ ရှိနေပြီး ဂျပန် ယိုဘာရှိက တာဝန်ယူ စောင့်နေတယ်၊ ဒီလူက အခုလောက်ဆိုယင် လှိုင်းမူးနေမှာ သေချာတဲ့အတွက် ခင်ဗျား ကြိုးစားပြီး ကြံယင် ဖြစ်နိုင်မယ် ထင်တာပဲ'

'ဟုတ်ကဲ့ သဘောပေါက်ပါပြီ၊ ကျွန်တော် ကြိုးစားကြည့်ပါ့မယ်'

ဖရေဇာက ပြန်ပြောလိုက်ပြီးနောက် ဆယ်မိနစ်ခန့်ကြာသော အခါ ကပ္ပတိန် အမ်းစထရောင်းက ခပ်တည်တည်ဖြင့် ဖရေဇာအား ကုန်းပတ်အောက်ထပ်ဆင်းပြီး ပြန်အနားယူရန် အမိန့်ပေးလိုက်သည်။

ထိုအချိန်၌ ဟာဆန်နှင့် တာကာကီက လှမ်းအကဲခတ် ကြည့်နေသဖြင့် ဖရေဇာ သရုပ်ဆောင် ဟန်အမူအရာလုပ်ပြီး အနားမယူလိုကြောင်း ကန့်ကွက် ပြောလိုက်သေးသည်။

မာလိန်မှူး ကပ္ပတိန် အမ်းစထရောင်းကလည်း ဖရေဇာသည် နောက်ပိုင်းတာဝန်ယူနိုင်ရန် ယခု အနားယူမှ ဖြစ်မည်ဟု ခပ်တည်တည် ပြန်ပြောလိုက်သည်။

ဟာဆန်သည် နားထောင်နေရာမှ ကပ္ပတိန်ကြီး၏ အကြောင်းပြချက်ကို သဘောတူလက်ခံဟန်ဖြင့် ရေဒီယိုစက်ခန်းထဲတွင် ရှိနေသူ ဖာရပ်ဂျ်အား လှမ်းခေါ်လိုက်လေသည်။

www.burmeseclassic.com



'ကျုပ်တို့အဖွဲ့သား ဖာရုပ်ဂျ်က ပထမအရာရှိကို သူ့အခ ထိအောင် လိုက်ပို့ပေးလိမ့်မယ်၊ ဟိုကျတော့ အနှောင့်အယှ မရှိပဲ ကောင်းကောင်း အနားယူခိုင်းနိုင်ပါတယ်၊ ခင်ဗျား သတိထားဖို့က ကျုပ်တို့လှုနှစ်ယောက်က ကုန်းပတ်စကြံတွေ အဆက်မပြတ် ကင်းလှည့်နေတယ်၊ တာဝန်မကျတဲ့ သဘေ အရာရှိတွေဟာ ကိုယ့်အခန်းမှာပဲနေပြီး ပြင်ဘက်မထွက်ရတ အဲဒါကို မမေ့ပါနဲ့'

ဟာဆန်က ဤသို့ပြောလိုက်လျှင် ဖရေဇာကလည်း....

'ကျုပ် မမေ့ပါဘူး'

ဟု အိပ်ငိုက်ဟန်ဖြင့် ဝါးကနဲသမ်းယင်း ပြောလိုက်သ

ထို့နောက် ဖရေဇာသည် အောက်ထပ်ကုန်းပတ်သို့ဆင်းသ ရာ ဖာရုပ်ဂျ်ဆိုသူက နောက်မှ ထပ်ကြပ်မကွာ လိုက်လေသ

ဖရေဇာ၏အိပ်ခန်းမှာ အောက်ထပ် ကုန်းပတ်၏ လက် ဘက် ခြမ်းတွင် တည်ရှိလေသည်။ ဖရေဇာသည် သူ၏အ တွင်းသို့ ဝင်လိုက်သောအခါ ဖာရုပ်ဂျ်က ပြင်ဘက်မှ သော့ ပိတ်ထားလိုက်သည်။

ဖရေဇာသည် တံခါးနားတွင် ကပ်၍ နားထောင်ကြ ဖာရုပ်ဂျ် ပြန်လျှောက် ထွက်သွားသည့် ခြေသံကို ကြ လေသည်။

သူသည် အခန်းတွင်းရှိ အရောက်ပုလင်းမှ ဝီစကီ အနည်း ငှဲ့ယင်း ဘာလုပ်ရမည်နည်းဟု အကြံထုတ် စဉ်းစားနေ သည်။



အခန်းတံခါးသော့ကို ဖျက်၍ ဖွင့်ထွက်ရလျှင် ကောင်းမည် လော၊ သို့သော် သော့ကို ဖျက်၍ရသည်ပဲထားဦး၊ စင်္ကြံသို့ ထွက်လိုက်သည်နှင့် သေနတ်ကိုင် အကြမ်းဖက်သမားများနှင့် ပက်ပင်း တိုးနိုင်သည့် အန္တရာယ် ရှိနေကြောင်း စဉ်းစားမိပြန် သည်။

ထို့ကြောင့် တမျိုးအကြံထုတ်မှ ဖြစ်ပေမည်။

သူ၏အခန်းမှ လှေကားပေါက်အို၍ တံခါးအပြင် ပြတင်းပေါက် တခုသာ ရှိသည်။

အရေးကြီးသည်ကား ဖြစ်သည့်နည်းဖြင့် အခန်းပြင်ဘက်သို့ ရောက်အောင် ထွက်ရန်ပင် ဖြစ်သည်။

ဖရေဇာသည် ဝီစကီကို ဖြည်းဖြည်းချင်း သောက်ယင်း စဉ်းစားနေရာ ခဏမျှကြာသော် အကြံတခုရလာလေသည်။

သူသည် အိပ်ရာပေါ်တွင် ခင်းထားသော နိုင်လွန်အိပ်ရာခင်း ဖျင်လေးခုကိုယူ၍ ကြိုးရှည်ရှည်ကဲ့သို့ဖြစ်အောင် ဆက်၍ ထုံးချည် လိုက်သည်။

သူ၏အကြံကား အိပ်ရာခင်းများဖြင့်ပြုလုပ်ထားသော ကြိုး ဖြင့် ပြတင်းပေါမှ ထွက်ရန်ပင် ဖြစ်သည်။

ပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ ပြင်ဘက်၌ မှောင်မည်း နေပြီး မိုးကလည်း သည်းထန်စွာ ရွာနေကြောင်း တွေ့ရလေ သည်။

ဖရေဇာသည် နိုင်လွန် အိပ်ရာခင်း ကြိုးကို အခန်းတွင်း တနေရာ၌ ခိုင်မြဲစွာ တုပ်ချည်လိုက်ပြီးနောက် ပြတင်းပေါက်မှ ပြင်ဘက်သို့ အသာ ထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှဘဆင့် အိပ်ရာခင်းကြီးကို တွယ်လျက် အောက်ဘပ်သို့ ဆင်းရန် ရည်ရွယ်လေသည်။

သို့သော် အောက်ထပ်သို့ဆင်း၍ မဖြစ်၊ အပေါ်ထပ် ကုန်းပတ်သို့ တွယ်တက်မှ ဖြစ်မည်ဟု စဉ်းစားမိပြန်သည်။

အပေါ်ထပ် ကုန်းပတ်သည် သူ၏ အခန်း ပြတင်းပေါက်မှ ဆယ်ပေခန့် မြင့်နေသောကြောင့် တက်ရန် မလွယ်ကူလှချေ။

ဖရေဇာသည် နိုင်လွန်အိပ်ရာခင်းကြီးကို ပြန်ဖြုတ်ယူလိုက်ပြီး ပြတင်းပေါက်မှ ထွက်၍ အပေါ်ထပ် ကုန်းပတ်ဆီသို့ ကြိုးကွင်းပစ်သလို ပစ်၍ လှမ်းချိတ်ဆွဲရန် ကြိုးစားလေသည်။

အပေါ်ထပ် ကုန်းပတ်ဘေးရှိ သံတိုင်တခုခုနှင့် ချိတ်မိမှသာ ထိုကြိုးကို အားပြု တွယ်တက်နိုင်မည် ဖြစ်ပေသည်။

ထိုအချိန်၌ သင်္ဘောကြီးက လှိုင်းကြီးသည့် ဒဏ်ကြောင့် မငြိမ်ပဲ လူးလိမ့် လှုပ်ရှားနေလေသည်။

ဖရေဇာလည်း အထူးကြိုးစား၍ အကြိမ်ကြိမ် ကြိုးကို ပစ်ချိတ်ရာ ဆယ့်သုံးကြိမ်မြောက် ပစ်လိုက်ချိန်တွင် နိုင်လွန်အိပ်ရာခင်းကြိုး၏ ထိပ်ဝ၌ ပုံလုပ်ထားသော ကွင်းသည် အပေါ်ထပ် ကုန်းပတ်ဘေးရှိ သံတိုင်တခု၏ ထိပ်ဖျားနှင့် ချိတ်မိလေတော့သည်။

ဖရေဇာသည် နိုင်လွန်အိပ်ရာခင်းကြိုးကို အားပြု၍ တွယ်တက်စပြုလေသည်။

အပြင်ဘက်တွင် မိုးရော လေပါ ထန်နေလေရာ တွယ်တက်ရသည်မှာ အလွန် ခက်ခဲပြီး အချိန်မရွေး နိုင်လွန်အိပ်ရာခင်းကြိုးကို ကိုင်ထားသောလက် လွတ်လျက် အောက်သို့ ကျသွားနိုင်



သည့်အန္တရာယ်လည်း ရှိသောကြောင့် အထူးသတိထား၍ တွယ်ဘက်ရလေသည်။

အမြင့် ဆယ်ပေခန့်သာရှိသော်လည်း ဖရေဇာသည် အလွန်ပင်ပန်းခဲယဉ်းစွာ တွယ်တက်ရလေသည်။

အတန်ကြာမှ ချောမောစွာဖြင့် ရောက်သွားလျက် ခေတ္တအမောပြေအောင် ငြိမ်သက်စွာ နားနေလိုက်ရလေသည်။

သူ ယခု ရောက်ရှိနေသော နေရာကား မာလိန်မှူး ကပ္ပိတန်အမ်းစထရောင်း၏အိပ်ခန်းနှင့် ကိုက်အနည်းငယ်မျှသာ ကွာဝေးလေသည်။

ထိုအခန်းတွင်း၌ အကြမ်းဖက်သမားတို့၏ သေတ္တာကြီး ရှိပြီး ဂျပန်လူမျိုး ယိုတာရိုက သေတ္တာကို မျက်ခြည်မပြတ် စောင့်ကြည့်နေမည်ဖြစ်လေသည်။

ကပ္ပိတန်ကြီး က တော့ ဂျပန် ယိုတာရိုသည် လှိုင်းမူးပြီး အော့အန်နေလိမ့်မည်ဟု ပြောလိုက်ရာ သူ ပြောသည့်အတိုင်း ဖြစ်နေပါစေဟု မျှော်လင့်ရပါသည်။

ဖရေဇာသည် အမောပြေသည်နှင့် လျင်မြန်စွာ လှုပ်ရှားလေသည်။

ကပ္ပိတန်ကြီး၏အခန်းတံခါးကို ဆွဲဖွင့်၍ အတွင်းသို့ဝင်လိုက်လေသည်။

အခန်းက ဟိုတယ်ခန်းကြီးများလို အိပ်ခန်းနှင့် ဧည့်ခန်းသီးသန့်ရှိလေရာ ဖရေဇာသည် ဧည့်ခန်းမှဘဆင့် အိပ်ခန်းတွင်းသို့ ဘိုက်ရိုက်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန် အကြမ်းဖက်သမား ယိုတာရိုသည် အိပ်ရာပေါ်တွင် လဲအိပ်နေရာမှ ထထိုင်ရန် ကြိုးစားနေလေသည်။

ကပ္ပိတန်ကြီး ထင်သည့်အတိုင်း လှိုင်းမူးပြီး ယိမ်းယိုင်လျက် အားအင် ချည့်နဲ့စွာဖြင့် သူ၏ မရှင်းပစ္စတိုသေနတ်ကို ဆွဲရန် ကြိုးစားနေလေရာ ဖရေဇာလည်း လျင်မြန်သွက်လက်စွာ လှုပ်ရှား လိုက်ရလေသည်။

သူသည် ခုတင် အနီးသို့ ချဉ်းကပ် သွားပြီး ညာဘက် လက်သီးဖြင့် ယိုတာရို၏ မေးရိုးတည့်တည့်သို့ တအား ပင်ထိုး လိုက်သည်။

လက်သီးချက်က အလွန်ပြင်းထန်သည့်ပြင် ချက်ကောင်းသို့ ထိမှန်သွားသဖြင့် ယိုတာရို အိပ်ရာပေါ်သို့ ပြန်လဲကျသွားကာ သတိမေ့နေလေသည်။

ဖရေဇာလည်း အကြမ်းဖက်သမားတို့၏ သေတ္တာကြီးကို လိုက်ရှာလေသည်။

* * *

ထိုအချိန်၌ မိုနိုလစ်သင်္ဘောကြီးပေါ်တွင် လှုပ်ရှားရှားလှုပ်ရှား



အောက်ထပ် ကုန်းပတ်တွင်လည်း လူတယောက်သည် သွား သာ လှုပ်ရှားလျက်ရှိလေသည်။

ထိုလူကား သင်္ဘောကြီးပေါ်သို့ အသက်ကယ်လှေ၏ပန်ကာ ကို တွယ်လျက် လိုက်ပါလာခဲ့သူ ဝိဘာပင် ဖြစ်သည်။

ဝိဘာသည် ပုန်းအောင်းနေရာမှ ယခုလိုရာသီဥတု ဆိုးရွားပြီး လှိုင်းလေထန်နေချိန်တွင် အခွင့်ကောင်းယူ၍ သင်္ဘောကြီး၏ အနေအထားကို လေ့လာရန် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဝိဘာသည် သင်္ဘောကြီး၏ ကုန်းပတ်ဦးပိုင်းနှင့် ရေဒီယို စက်ခန်းတွင် လက်နက်ကိုင် အကြမ်းဖက်သမားများ ရှိနေသည် ဟု တထစ်ချ သိသဖြင့် ထိုနေရာများသို့သွားရန် ရည်ရွယ်ချက် မရှိချေ။

သို့သော် သင်္ဘောကြီး၏ အနေအထားနှင့်စက်ခန်း စသော အခန်းအသီးသီးတည်ရှိပုံကို လေ့လာသိရှိထားရန်လိုက်ကြည့်ခြင်း ဖြစ်လေသည်။

ကုန်းပတ်မှူး (ဘိုဆန်) ဟင်နရီကတော့ သူ့အား တိုးတိုး တိတ်တိတ် ပြောပြခဲ့ပြီး ဖြစ်သော်လည်း ပို၍ သေချာတိကျစွာ သိရှိထားရန် လေ့လာလိုသဖြင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

တချိန်ကျလျှင် သူသည် အကြမ်းဖက် ဂိုဏ်းသားများနှင့် ရင်ဆိုင်ရသည့်အခါ သင်္ဘောကြီး၏ အနေအထားကို ကျွမ်းကျင် သိရှိထားမှသာ လွတ်လပ်စွာ လှုပ်ရှားနိုင်မည် ဖြစ်ပေသည်။

မကြာမီ ဝိဘာသည် ဆလွန်းခန်းမကြီးအနီးသို့ ရောက်လာ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းထဲတွင် အမျိုးသမီးနှင့် ကလေးငယ် များ အား အကြမ်းဖက်သမားများက ဓားစာခံအဖြစ်ဖမ်းဆီးထားကြောင်း ကိုသည်း သူသည် သိထားပြီးဖြစ်၍ အတွင်းဘက်သို့ အသာ ချောင်းကြည့်လိုက်သည်။

ရှေးဦးစွာ သူသည် ကြမ်းပြင်ပေါ်တွင် ကလေးများနှင့်အတူ အိပ်နေသူ အမျိုးသမီး ဂျက်ကီကို မြင်ရလေသည်။

ထိုနောက် အခြား အမျိုးသမီးများနှင့် ကလေးများသည် လည်း ဆလွန်းခန်း၏နေရာအနှံ့အပြားတွင် အသီးသီးလဲလျောင်း နေကြသည်ကို မြင်ရလေသည်။

အခန်းတွင်း၌ အကြမ်းဖက်သမား လေးဦးရှိရာ ထိုလူများ သည် မိမိတို့ ရိုးရိုး သင်္ဘောသားများအဖြစ် ဟန်ဆောင် လိုက်ပါလာခဲ့သူ အာရပ်လူမျိုး သုံးဦး ဖြစ်ကြောင်း ဝိဘာက မှတ်မိလေသည်။

သုံးယောက်လုံးသည် မရှင်းပစ္စတိုသေနတ် ကိုယ်စီကိုင်ထား ကြသည်။

နှစ်ယောက်က အိပ်ငိုက်နေပုံရသော်လည်း ဇာကားရီးယား ဆိုသူကမူ အိပ်မငိုက်ပဲ သေနတ်ကို အသင့်ကိုင်ပြီး စောင့်ကြည့် နေလေသည်။

မိမိ တယောက်တည်းနှင့် အကြမ်းဖက်သမား လေးဦးအား ဝင်တိုက်ရန် မဖြစ်နိုင်သဖြင့် ဝိဘာသည် အသာ နောက်ပြန် ဆုတ်၍ ထွက်လာခဲ့လေသည်။



ကုန်းပတ်မှူးကြီး ဟင်နရီနှင့်တိုးတိုးတိတ်တိတ် တိုင်ပင်စဉ်က အကယ်၍ ရင်ဆိုင်တိုက်ခိုက်ကြလျှင် မိမိအား ဝိုင်းကူတိုက်ခိုက် မည့် သင်္ဘောသားများ [illegible]ကြောင်း ပြောခဲ့သည်။

သို့သော် ရှေးဦးစွာ အကြမ်းဖက်သမားများ၏ [illegible]ကို သိရပြီးမှသာ မိမိတို့က လှုပ်ရှားဆောင်ရွက်မည်ဟု ဝိဘာက ဆုံး ဖြတ်ထားလေသည်။

ထို့ကြောင့် သူသည်အပေါ်ထပ် ကုန်းပတ်ကို တက်လာရန် လှေကားမှတက်သွားလေသည်။

အပေါ်ထပ်ရောက်၍ ကြိုတခု၏အကွေ့သို့ အရောက်တွင် ဝိဘာသည် ရုတ်တရက် ဘာရုပ်မှန်းမသိသော ဆွဲအားသင့် သွားမိလေသည်။

အကြောင်းမှာကား ဂျပန် အကြမ်းဖက်သမား ယာမယာရှိ ဆိုသူနှင့်ရင်ဆိုင်ပက်ပင်း တိုးမိရသောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၃

ဝိဘာအနေဖြင့် အံ့အားသင့်နေမိခြင်းမှာ စက္ကန့်၏အစိတ်အပိုင်းမျှသာ ဖြစ်ပေသည်။

သူသည် ဘေးအန္တရာယ် အကျပ်အတည်းကြုံလျှင် အလွန်သွက်လက်လျင်မြန်စွာ လှုပ်ရှားတတ်အောင် လေ့ကျင့်ထားသူဖြစ်သောကြောင့် ဂျပန် ဟာယာရှိလည်း အံ့အားသင့်နေခိုက်မှာပင် ဝိဘာက ဦးအောင် လျင်မြန်စွာ လှုပ်ရှားလိုက်လေသည်။

ဟာယာရှိအနေဖြင့် အထူး အံ့အားသင့်ကာ ရုတ်တရက် မလှုပ်ရှားနိုင်ခြင်းမှာ ဝိဘာအား ရိုင်းလင်းသင်္ဘောမှ တတိယအရာရှိအဖြစ် မှတ်မိသောကြောင့်ပင် ဖြစ်သည်။



သူ သိရသလောက် ရိုင်းလင်းသင်္ဘောမှအရာရှိနှင့် သင်္ဘောသား အားလုံး သင်္ဘောနစ်မြုပ်စဉ်က သေဆုံးသွားကြပြီဟု ...ားလည်ထားရာ ယခု မိုနီလစ်သင်္ဘောကြီးပေါ်တွင် ဝိဘာကို ...မြင်ရသဖြင့် အထူးအံ့အားသင့်နေမိလေသည်။

အံ့အားသင့်ခြင်းကြောင့် စက္ကန့်အနည်းငယ်မျှ ငိုင်နေပြီးမှ သတိပြန်ရလာပြီး သူ၏လက်ရှိ မရှင်းပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ရန် မြှောက်လိုက်သော်လည်း သူသည် နောက်ကျသွားပြီ ဖြစ်သည်။

ဝိဘာက လက်ယာဘက်ခြေထောက်ဖြင့်တအားပစ်ကန်လိုက်သဖြင့် ဟာယာရှိ၏လက်မှသေနတ်သည် လွတ်ထွက်ပြီးကြမ်းပြင်ပေါ်သို့ကျသွားလေသည်။

တချိန်တည်းမှာပင် ဝိဘာသည် ဗယ်ဘက် လက်သီးဖြင့် ဟာယာရှိဝမ်းဗိုက်သို့ တချက်ထိုးလိုက်ပြီးမှ ညာဘက် လက်ဝါးစောင်းဖြင့် လည်ပင်းကို တအားခုတ်ချလိုက်သည်။

ဟာယာရှိသည် ကြမ်းပြင်ပေါ်သို့ ယိုင်လဲ ကျသွားသော်လည်း သတိမမေ့ချေ။

ယခု သူ တယောက်တည်း ဖြစ်နေလင့်ကစား ဟစ်အော်အကူအညီ တောင်းလိုက်လျှင် အခြား အကြမ်းဖက်သမားများ ရောက်ရှိလာနိုင်ကြောင်း တွေးမိသဖြင့် ဝိဘာသည် ခြေဖျားဖြင့် ဟာယာရှိ၏ မေးရိုးသို့ နောက်တချက် ပစ်ကန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟာယာရှိသည် အနီးကပ်တိုက်ခိုက်ရာ၌ ကျွမ်းကျင်သူဖြစ်၍ လျှင်မြန်ဖျတ်လတ်စွာ ရှေ့သို့တိုးဝင်ပြီး ဝိဘာ၏ ခြေထောက်ကို ဖမ်းဆွဲလိုက်လေသည်။

သူသည် ခြေချင်းဝတ်နေရာကို ဖမ်းကိုင်၍ လိမ်ချိုးလိုက်သဖြင့် ဝိဘာသည် မဟန်နိုင်ဘဲ ကြမ်းပြင်ပေါ် သို့ကျသွားတော့သည်။

ချက်ချင်းပင် နှစ်ဦးစလုံးက ပြန်ထကြစဉ် ဟာယာရှိသည် သူ၏ကျောတွင် လွယ်ထားသော ဂျပန်ဆာမူရိုင်း ဓားရှည်ကြီးကို ဆွဲထုတ်လိုက်သည်။

သူသည် ဓားရှည်ကို လက်နှစ်ဘက်စလုံးဖြင့် ဆုပ်ကိုင်လျက် ပါးစပ်မှလည်း ငြသံပေး ဟစ်အော်ကာ ဝိဘာအား ခုတ်ရန် ရှေ့သို့တိုးဝင်လာလေသည်။

ဝိဘာလည်း ဓားချက်ကို တိမ်းရှောင်လိုက်ပြီး နောက်ကုန်းပတ်၏ ကြိုးအတိုင်း ထွက်ပြေးလေသည်။

တနေရာတွင် စက်ကြီး၏ထောင့်ချိုးရှိသဖြင့် သူသည် ချိုးကွေ့လိုက်ပြီးမှ အသာဒူးထောက်ဝပ်၍ စောင့်နေလိုက်သည်။

သူ၏နောက်မှ ဟာယာရှိ ပြေးလိုက်လာနေသည် အတပ်သိ၍ စောင့်နေခြင်း ဖြစ်လေသည်။

ဟာယာရှိလည်း ဝိဘာအား ဓားရှည်ဖြင့်ခုတ်ရန် လျှင်မြန်စွာ ပြေးလိုက်လာလေရာ စက်ကြီး၏ ထောင့်ချိုးအကွေ့သို့ရောက်လျှင် ဒူးထောက်ဝပ်နေသူ ဝိဘာနှင့် ဝင်တိုက်မိပြီး မှောက်ထိုး လဲကျသွားလေသည်။

သို့သော် ချက်ချင်း ပြန်ထလာလေသည်။



ဝိဘာလည်း ဟာယာရှိ၏လက်မှ ဓားရှည်ကို ပြန်၍ ခုခံရန်အတွက် လက်နက်တစ်ခုခုကို ရှာဖွေရာ ကံအားလျော်စွာ မီးသတ်တွင် အသုံးပြုသော [illegible] ရှိနေလေသည်။

ထိုကြောင့် ပုဆိန်ကို ဆွဲယူလိုက်ပြီးနောက် ဟာယာရှိက ဓားရှည်ဖြင့်ခုတ်ရန် ပြေးဝင်လာလေသည်။

ဝိဘာသည် ထိုဓားချက်ကို ပုဆိန်ဖြင့် ခုခံလိုက်ရာ ဟာယာရှိသည် ဒေါသထွက်လျက် နောက်ထပ်ခုတ်ရန် ကြိုးစားပြန်လေသည်။

သူသည် အလွန်မာနကြီးသော ဂျပန်အယူသည်း ဓားသမားတဦး ဖြစ်သည့်အလျောက် အခြားလူများအား အကူအညီ မတောင်းပဲ တယောက်တည်း အသေခံ တိုက်ခိုက်ရန် ရည်ရွယ်ကြောင်း ဝိဘာ အကဲခတ်မိလေသည်။

ဟာယာရှိသည် ဆာမူရိုင်းဓားရှည်ဖြင့် ဝင်ခုတ်ပြန်လေသည်။

ဝိဘာကလည်း ပုဆိန်ကို ဓားလက်နက်အဖြစ် အသုံးပြုကာ ပြန်လည်ခုခံလေသည်။

ဤသို့ တယောက်ကဓားရှည် တယောက်ကပုဆိန် လက်နက်ကိုင်လျက် အကြိတ်အနယ် တိုက်ခိုက်နေကြစဉ် တချိန်တွင် ဓားရှည်က ဝိဘာ၏ပုဆိန်ကို ရှောင်လျက် လက်မောင်းတဘက်ကို ထိအောင် ခုတ်လိုက်နိုင်လေရာ ဝိဘာ၏လက်မောင်းမှ သွေးများ ယိုစီးကျလာလေသည်။

ဒဏ်ရာကမကြီးလှသော်လည်း ဝိဘာသည် ဒေါသထွက်လာပြီး ပုဆိန်ဖြင့် ဟာယာရှိအား တအား လွှဲခုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်လည်း ဟာယာရှီကကျင်လည်စွာ တိမ်းရှောင်လိုက်နိုင်သဖြင့် ပုဆိန်သည် ကုန်းပတ်ဘေးရှိ သစ်သားတန်း ကိုသာ ခုတ်မိလေသည်။

သူတို့နှစ်ဦးသည် ဆက်လက်တိုက်ခိုက်ကြယင်း အမိုးအကာမရှိသော ကုန်းပတ်ပြင်ဘက်သို့ ရောက်သွားကြရာ မိုးလေထန်နေသော မုန်တိုင်းဒဏ်ကိုခံယင်း ဆက်လက် တိုက်ခိုက် နေကြလေသည်။

အရေးထဲ ရေလှိုင်းဒဏ်ကြောင့် သင်္ဘောကြီးက လူးလိမ့်နေသဖြင့် ဝီဘာသည် လဲမကျစေရန် လက်တဘက်က အခန်းတခန်း၏တံခါးခဘောင်ကို ကိုင်ထားပြီး လက်တဘက် ဖြင့်သာ ပုဆိန်နှင့် တိုက်ခိုက်နေရလေသည်။

ဂျပန်ဟာယာရှီသည်လည်း သင်္ဘောကြီး လူးနေခြင်းကြောင့် လက်တဘက်က ကုန်းပတ်ဘေးရှိ သံတန်းကို ကိုင် ထား ရလေသည်။

သို့နှင့်ပင် နှစ်ယောက်သား အကြိတ်အနယ် ဆက်လက်တိုက်ခိုက်နေကြရာ ဝီဘာသည် တဖြည်းဖြည်း မောပန်း လာလေသည်။

လက်ဝဲဘက် လက်မောင်းမှ ဒဏ်ရာကလည်း နာကျင်လျက်ရှိပြီး ညာဘက်လက်ဖြင့်သာ ကိုင်ထားရသော ပုဆိန်က ပို၍လေးလံလာသည်ဟု ထင်ရလေသည်။

ထို့ကြောင့် ဉာဏ်ကူ၍ တိုက်မှဖြစ်ချေတော့မည်ဟု စဉ်းစားမိလေသည်။



နောက်တကြိမ် သင်္ဘောကြီး လူးလိမ့်သွားခိုက် ဟာယာရှီက သူ့ကိုယ်သူ ယိုင်လဲမကျအောင် ထိန်းနေစဉ် ဝီဘာသည် ဘေးတချက် လျင်မြန်စွာ ပြေးဝင်ပြီး ပုဆိန်ဖြင့် တအား ခုတ်ချလိုက်သည်။

သည်တခါတော့ ပုဆိန်အသွားသည်ဟာယာရှီ၏ဦးခေါင်းနှင့်ခန္ဓာကြား လည်စောင်းကို တည့်တည့်မတ်မတ် ထိသွားလေလည်း။

ဟာယာရှီသည် ငယ်သံပါအောင် အော်ယင်း လဲကျသွားစဉ် သင်္ဘောကြီးက လူးလိုက်ချိန်နှင့် ကြုံသဖြင့် သူ၏ကိုယ်သည် ကုန်းပတ်ကြမ်းပြင်မှလိမ့်ကာ ပင်လယ်ရေထဲသို့ ကျ သွား လေသည်။

ကြမ်းပြင်ပေါ်တွင် သွေးများ အိုင်ထွန်းကျန်ရစ်ရာ သဲသဲမဲမဲ ရွာနေသော မိုးရေကြောင့် ဆေးကြောလိုက်သလို ဖြစ်သွားကာ ကုန်းပတ်ကြမ်းပြင်၌ သွေးစသွေးနများ ချက်ချင်း ပျောက်သွားတော့သည်။

ဝီဘာသည် ခဏခဏက ဟာယာရှီလက်မှလွတ်ကျသွားသော မရှင်း ပစ္စတိုသေနတ်ကို ရှာဖွေကောက်ယူ၍ သိမ်းထားလိုက်လေသည်။

* * *

ကပ္ပ[illegible]ကြီး၏ အိပ်ခန်းထဲတွင် ပထမအရာရှိ ဖရေဇာသည် အကြမ်းဖက်သမားများ၏ သေတ္တာကြီးကို ရှာ ဖွေ သဖြင့် ဖွင့်ကြည့်မည်ပြုရာ သော့ခတ်ပိတ်ထားကြောင်း တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သတိမေ့လဲကျနေသော ဂျပန်ယိုတာရို၏ကိုယ်တ… ရှာဖွေကြည့်ရာ အင်္ကျီအိတ်ထဲ၌ သော့တွဲတတွဲ တွေ့ရသ… ဆွဲထုတ်ယူလိုက်သည်။

ယင်းသော့တွဲမှ သော့များဖြင့် သေတ္တာကို ဖွင့်ကြည့်သော… အခါ သော့တချောင်းက အံကိုက်ပြီး ပွင့်သွားလေသည်။

ဖရေဇာသည် အထူးသတိထားပြီး သေတ္တာအဖုံးကို ဖွင့်လိုက်… လေသည်။

အတွင်း၌ တွေ့ရသော ပစ္စည်းကို မြင်လျှင် ဖရေဇာသ… ချက်တရက် နားမလည်နိုင်အောင် ဖြစ်သွားမိလေသည်။

သေတ္တာအတွင်း၌ သံမဏိဖြင့် ပြုလုပ်ထားသော စတုရန်း… အရာဝတ္ထုတခု ရှိလေသည်။ ထိုအရာဝတ္ထု၏ အပေါ်တွင် မ… ဒိုင်ခွက်တခုရှိပြီး ရေဒီယိုများတွင် ရှိသော လက်ဖြင့် လှည့်ထိန်း… ရသည့် ခလုတ်ကဲ့သို့ ခလုတ်တခုလည်း ပါရှိလေသည်။

ဖရေဇာသည် ထိုအရာဝတ္ထုသည် ဘာပစ္စည်း ဖြစ်ကြောင်… ရုတ်တရက် နားမလည်သော်လည်း ဒိုင်ခွက်နှင့် လက်ကိုင်ခလုတ်… များကို ကြည့်ရခြင်းအားဖြင့် အီလက်ထရွန်းနစ် လျှပ်စစ်နည်း… ဖြင့် ထိန်းသည့် ကိရိယာတခုဖြစ်ကြောင်း သိသာနေပေသည်။

ဤကိရိယာမျိုးကို အကြမ်းဖက်သမားတို့က သယ်ဆောင်… လာခြင်းမှာ ပေါက်ကွဲစေနိုင်သော ဗုံးတမျိုးဖြစ်ရမည်ဟု သည်… တွက်မိလေသည်။

ဤတွင် ရှိုင်းလင်းသင်္ဘော ပေါက်ကွဲ နစ်မြုပ်ခဲ့ပုံကိုလည်း… သတိရမိလေသည်။



ထို့ကြောင့် ဤပစ္စည်းကိရိယာသည် မိမိတို့၏မိုနိုလစ်သင်္ဘောကြီးကို ဖောက်ခွဲဖျက်ဆီးရန် ဖြစ်လေသလောဟုလည်း ဆက်စပ်တွေးမိလေသည်။

မာလိန်မှူးကြီး ကပ္ပတိန် အမ်းစထရောင်းက ဤသေတ္တာအကြောင်း စုံစမ်းခိုင်းခြင်းမှာ ကပ္ပတိန်ကြီး ကိုယ်တိုင်ကလည်း အလားတူ တွေးတောစိုးရိမ်မိ၍ ဖြစ်တန်ရာသည်။

ဖရေဇာသည် သည်သေတ္တာကိုပြန်ပိတ်လိုက်ပြီးနောက် ခေတ္တစဉ်းစားနေလေသည်။

ဤသေတ္တာတွင်းမှ ပစ္စည်းသည် ဗုံးဖောက်ခွဲသည့် ကိရိယာဖြစ်နိုင်လေရာ မိမိတို့ သင်္ဘောကြီးတွင် ပါရှိလာသည့် ရေနံတန်ချိန်နှစ်သန်းခွဲကကြောက်မက်ဖွယ်ခလောင်စာဖြစ်နေကြောင်းကိုပါ ဆက်စပ် စဉ်းစားမိသောအခါ ကျောချမ်းလာမိလေသည်။

ဤပစ္စည်း ကိရိယာသည် အလွန် အန္တရာယ်ကြီးမားသည်ဖြစ်၍ ဖျောက်ဖျက်ပစ်မှ သင့်ပေမည်။

အကောင်းဆုံးနည်းကတော့ သေတ္တာကြီးကို ပင်လယ်ရေထဲပစ်ချလိုက်ရန်ပင် ဖြစ်သည်။

သို့ရာတွင် ယခုလို မှန်တိုင်းထန်နေချိန်တွင် ရေထဲသို့ ပစ်ချရန်မလွယ်ကူချေ။

လေကအလွန်ထန်နေသဖြင့် သင်္ဘောပေါ်မှ ပစ္စည်းတစုံတခုပစ်ချလိုက်ပါက လေပြင်းအရှိန်ကြောင့် ထိုပစ္စည်းသည် ကုန်းပတ်ပေါ်သို့ ပြန်လည် လွင့်တက်လာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလေမထန်သည့် အချိန်မျိုးတွင် ပင်လယ်ရေပြင်မှ ပေ ကိုးဆယ်ခန့်မြင့်သော ကုန်းပတ်ပေါ်မှ ပစ်ချလိုက်ပါက ရေပြင်သို့ မရောက်မီ လမ်းခုလတ်၌ ဗုံးပေါက်ကွဲ သွားနိုင်သည့် အန္တရာယ်လည်း ရှိပေသည်။

ယင်းသို့ လမ်းခုလတ်တွင်ပေါက်ကွဲသွားပါက မိမိတို့သင်္ဘော ကြီးသည်လည်း ထိခိုက်ပျက်စီးနိုင်ပေသည်။

ဖရေဇာသည် စဉ်းစားယင်း အကြံအိုက်လာလျက် ချွေးပြန် လာလေသည်။

သူ့အနေဖြင့် လတ်တလော ပြုလုပ်ရန် နည်းလမ်းတခုသာ ရှိသည်ဟု တွေးမိလေသည်။

ထိုနည်းလမ်းကား အန္တရာယ်ကြီးလှသော ဤသေတ္တာကို အကြမ်းဖက်သမားများ လက်ဝယ်...မှ မိမိတို့က လောလော ဆယ် သိမ်းယူထားရန်ပင် ဖြစ်သည်။

ထို့ကြောင့် မည်သူမျှမမြင်အောင် သေတ္တာကြီးကို သင်္ဘော အောက်ထပ် တနေရာတွင် လုံခြုံစွာ ဝှက်ထားလိုက်ရန် စိတ်ကူးမိ လေသည်။

အကယ်၍ အကြမ်းဖက် ဂိုဏ်းခေါင်းဆောင် ဟာဆန်က အတင်းအကျပ်မေးလျှင် သေတ္တာကြီးကို ပင်လယ်ထဲပစ်ချလိုက် ပြီဟု ပြန်ဖြေနိုင်ပေသည်။

ဖရေဇာသည် သေတ္တာအဖုံးကို ပြန်ပိတ်၍ သော့ခတ်နေစဉ် အပြင်ဘက် တံခါးဝဆီမှ အသံတခု ကြားလိုက်မိလေသည်။

သူ ယခုရောက်ရှိနေသည်မှာ ...ပ်ခန်းဖြစ်ပြီး အသံကြားရ သည်မှာ အပြင်ဘက်တံခါးဝဆီမှ ဖြစ်လေသည်။



အသံက အပြင်ဘက်တံခါးကို တစုံတယောက် ဖွင့်နေသံ ဖြစ်လေသည်။

ဖရေဇာသည် အပြင်ဘက်ခန်းသို့ထွက်ရန် လှည့်လိုက်စဉ်မှာ ပင် အိပ်ခန်းတံခါးဝသို့ ဂျပန် အကြမ်းဖက်သမား တာကာကီက ရောက်ရှိလာလေသည်။

သူ၏မျက်လုံးများ အလွန် ဒေါသထွက်နေဟန်ရှိပြီး မရှင်း ပစ္စတိုသေနတ်ဖြင့် ဖရေဇာအား ချိန်ရွယ်ထားလေသည်။

ဖရေဇာလည်း ခုံကာကွယ်သည့်အနေဖြင့် သေတ္တာကြီးကို ကိုင်မြှောက်ပြီး သူ၏ကိုယ်ရှေ့မှ ကာထားလိုက်မိသည်။ ဤတွင် တာကာကီသည် ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် မျက်လုံးပြူးသွား လေသည်။

သူ၏အမူအရာကို အကဲခတ်ကြည့်ရခြင်းအားဖြင့် ဖရေဇာက သေတ္တာဖြင့် ကွယ်ထားချိန်တွင် သေနတ်နှင့် ပစ်ခတ်မည် မဟုတ် ကြောင်း သိသာ ထင်ရှားနေသည်။

ဖရေဇာသည် ဖြစ်ချင်ရာဖြစ်ဟု သဘောထားလျက် သေတ္တာ ကို တာကာကီဘက်သို့ တအားလွှဲပစ်လိုက်လေသည်။

တာကာကီသည် ပို၍ ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် သေတ္တာကို ကြမ်းပြင်ပေါ် မကျစေရန် လက်ဖြင့် လျင်မြန်စွာ ဖမ်းယူလိုက် သည်။

သူ၏ လက်မှ မောင်း...ပြူသေနတ်ကိုလည်း လွှတ်ချ လိုက်ပြီး သေတ္တာကို လွှတ်မကျ...ကြီး...ဖမ်းကိုင်ထားလိုက်သည်။ တာကာကီ၏ မျက်နှာသည်လည်း ဖြူဖျော့ ပြီး...တုန်လှုပ်နေပုံ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖရေဇာသည် အခွင့်ကောင်းယူ၍ ခုတင်အောက်တွင်ကျနေသော ယိုဘာရို၏ မရှင်း ပစ္စတိုသေနတ်ကို ကောက်ယူရန် ဝမ်းလျားထိုး၍ လက်လှမ်းလိုက်စဉ် တစုံတယောက်က သေနတ်တလက်ဖြင့် ဖရေဇာ၏လက်ကို တအား ရိုက်ချလိုက်သည်။

တချိန်တည်းမှာပင် သူ၏ ဆီးစပ်သို့ တစုံတယောက်က ခြေဆောက်ဖြင့် ပစ်ကန်လိုက်ပြန်သည်။

ဖရေဇာသည် ပြင်းစွာ နာကျင်လျက် လှည့်ကြည့်လိုက်သောအခါ နောက်ထပ် ဝင်ရောက်လာသူမှာ အကြမ်းဖက် ခေါင်းဆောင် ဟာဆန်ဖြစ်နေကြောင်း တွေ့ရလေသည်။

ဟာဆန်သည် အလွန် ဒေါသထွက်နေပုံ ရလေသည်။

'ခင်ဗျား အလွန်မိုက်မဲတဲ့လူပဲ၊ အခုချက်ချင်း ခင်ဗျားကို သတ်ပစ်ဖို့ ကောင်းတယ်'

ဟာဆန်က ပြောလိုက်ပုံမှာ တကယ်ပင် သတ်ပစ်တော့မည့်ဟန်မျိုး ဖြစ်နေလေသည်။

ဖရေဇာ၏စိတ်ထဲတွင် အချိန်မရွေး သေရတော့မည်ဟု သိနေသော်လည်း ထိတ်လန့်တုန်လှုပ်ဟန်မပြပဲ ခပ်တည်တည် ခပ်အေးအေး ပြန်ပြောရန် ဆုံးဖြတ်လိုက်သည်။

'ခင်ဗျားက ကျုပ်ကို သတ်မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီသင်္ဘောကြီးပေါ်မှာ ကျုပ်မရှိယင် မဖြစ်သလောက် လိုအပ်လို့ပဲ ဖြစ်တယ်၊ မာလိန်မှူးကြီးကပ္ပီတန်အမ်းစထရောင်းက ကုန်းပတ်ဦးပိုင်းမှာ တာဝန်ယူနေခဲ့တာ အခုဆိုယင် အချိန်ဆယ်နာရီရှိသွားပြီ၊ သူ့ကို အနားပေးချိန်မှာ သင်္ဘောကြီးကို ထိန်းမောင်းဖို့ ကျုပ်ရှိမှ ဖြစ်မယ်၊ ဘာစ်စဘေးပင်လယ်အော်ကို



ဖြတ်ကျော် ခုတ်မောင်းသွားဖို့အတွက် နောက်ထပ် အချိန်ဆယ်နာရီကြာလိမ့်ဦးမယ်၊ ဒါကြောင့် ကပ္ပီတန်ကြီး အနားယူချိန်မှာ ကျုပ်က တာဝန်ယူပြီး ထိန်းမောင်း သွားရလိမ့်မယ်'

'ကပ္ပီတန်ကြီး နားနေချိန်မှာ ဒုတိယအရာရှိက တလှည့်တာဝန်ယူယင်လဲ ဖြစ်တာပဲ'

ဟာဆန်က ဤသို့ပြောလိုက်လျှင် ဖရေဇာက ခေါင်းခါပြလေသည်။

'အခုလို ဟာရီကိန်းမုန်တိုင်းကျနေချိန်မှာ ဒုတိယအရာရှိက တာဝန်ယူမောင်းလို့ မဖြစ်ဘူး၊ ဒီသင်္ဘောကြီးရဲ့ အရွယ်ပမာဏက အလွန် ကြီးမားတဲ့အတွက် ထိန်းမောင်းရာမှာ နည်းနည်းမှားယွင်းလို့ မဖြစ်ဘူး၊ သင်္ဘောချင်းတိုက်မိမယ့် အန္တရာယ်လဲရှိတယ်၊ ရေကြောင်းအတတ်ပညာ ရာနှုန်းပြည့်ကျွမ်းကျင်မှသာ ဖြစ်နိုင်မယ်'

ဖရေဇာက ဤသို့ ပြောလိုက်ရာ ဟာဆန်သည် ပို၍ ဒေါသထွက်လာကာ အသားများပင် ဆတ်ဆတ်တုန်နေလေသည်။

ရုတ်တရက် ဖရေဇာအား ပစ်သတ်လိုက်ရန်လည်း စိတ်ကူးမိလေသည်။

သို့သော် သူတို့၏ လျှို့ဝှက် စစ်ဆင်ရေး အစီအစဉ် အရ ဤမိုနိုလစ်သင်္ဘောကြီး ရော်တာဒမ်မြို့သို့ ချောမောစွာ ရောက်ရှိသွားရန် အရေးကြီးနေကြောင်းကို စဉ်းစားမိပြန်သည်။

ဖရေဇာ ပြောလိုက်သည့် စကားကလည်း မှန်နေပေသည်။ ကပ္ပီတန် အမ်းစထရောင်းက အလွန်ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဖရေဇာကဲ့သို့ ကျွမ်းကျင်သော ပထမအရာရှိတဦး မရှိပါ သင်္ဘောကြီးကို နိုင်နင်းစွာ တာဝန်ယူ ထိန်းမောင်းရန် လိုအပ်နေပေသည်။

ထို့ကြောင့် ဟာဆန်သည် စိတ်လိုက်မာန်ပါ ဖရေဇာအား သတ်ပစ်ချင်သည့်ဆန္ဒနှင့် သူတို့၏စစ်ဆင်ရေး အောင်မြင်စေရေးအတွက် လိုအပ်ချက်ကို ချိန်ဆ စဉ်းစားနေရလေသည်။

ထိုအတောအတွင်း ဂျပန် တာကာဂီသည် သူ၏ လက်မှ သေတ္တာကို အထူးသတိထားလျက် ကြမ်းပြင်ပေါ်သို့ ညင်သာစွာ ချထားလိုက်ပြီး သူ၏သေနတ်နှင့် ဖရေဇာက ပစ်ချထားသည့် သေနတ်ကို ကောက်ယူလိုက်သည်။

ထို့နောက် ဟာဆန်က ဖရေဇာအား သေနတ်ဖြင့် ချိန်ရွယ်ထားစဉ် တာကာဂီသည် ဒူးထောက်၍ သေတ္တာကို ဖွင့်လိုက်သည်။

အတွင်း၌ ရှိသောကိရိယာမှ ဒိုင်ခွက်နှင့် ခလုတ်များကို သေချာစွာ စစ်ဆေးကြည့်ပြီး ဟာဆန်ဘက်လှည့်၍

'ဒုံးကျည်က ဘာမှ ထိခိုက်ပျက်စီးပုံ မရဘူး'

ဟု ပြောပြီးနောက် ခုတင်ပေါ်တွင် လဲလျောင်းနေသူ ယိုတာရို ရှိရာသို့ သွားကြည့်လေသည်။

'ယိုတာရိုက [illegible] သေသေးဘူး၊ သူ ပြန်သတိရလာတော့မှ ဒီပစ္စည်းကိုထားပြီး [illegible]'

ဖရေဇာသည် တာကာဂီအား စကားကြောင့် [illegible] အံ့အားသင့် သွားမိလေသည်။



အံ့အားသင့်လွန်း၍ သူ့အား သေနတ်ဖြင့် ချိန်ထားသူ ဟာဆန်ကိုပင် ခေတ္တမေ့သွားကာ ဂျပန် တာကာဂီအား....

'ဒုံးကျည်လို့ ခင်ဗျား ပြောလိုက်တယ်လား၊ ဒီပစ္စည်းက ဘာများလဲ'

ဟု မေးလိုက်သည်။

တာကာဂီသည်ရုတ်တရက်ဒေါသထွက်လာဟန်ဖြင့် ဖရေဇာအား လှမ်းကြည့်လိုက်သည်။ သို့သော် ယခုမှ မထူးတော့၊ အမှန်ကို ပြောပြလိုက်ခြင်းအားဖြင့် ဖရေဇာအား ပို၍ ထိတ်လန့် တုန်လှုပ်စေမည်ဟု ယူဆကာ ပြောပြရန် ဆုံးဖြတ်လိုက်သည်။

'ကောင်းပြီ....ခင်ဗျား သိချင်ယင်လဲ ပြောပြရတာပေါ့၊ ဒီပစ္စည်းဟာ မြေပြင်က ကောင်းကင်ကို လှမ်းပစ်တဲ့ ဒုံးကျည် လက်နက်ရဲ့ ထိပ်ပူးဖြစ်တယ်၊ သာမန်အားဖြင့် ဒီလက်နက်ကို ပစ်လွှတ်ဖို့အတွက် နှစ်ဆယ့်ငါးပေရှည်တဲ့ ဒုံးကျည် (ရော့ကက်) ယာခုလိုတယ်၊ ဒါပေမယ့် ကျုပ်တို့အဖွဲ့ရဲ့ ယိုတာရိုက ဒါမျိုး ကျွမ်းကျင်သူ ပါရဂူဖြစ်လေတော့ ဒုံးကျည်(ရော့ကက်)မလိုပဲ ဖောက်ခွဲလို့ ပစ်ခတ်လို့ရအောင် တီထွင် ဖန်တီးထားလိုက်တယ်၊ အခုဆိုယင် ဒီလက်နက်ဟာ အရွယ်အစား ပမာဏ သိပ်မကြီးပဲ တပ်ဆင်ဖို့ အလွန်လွယ်ကူတဲ့အပြင် ကြိုတင် အချိန်ကိုက်အောင် ဆင်ထားပြီးယင် ကိုယ်လိုချင်တဲ့အချိန် ဖောက်ခွဲလို့ရတယ်'

တာကာဂီက ဤသို့ပြောလိုက်ရာ ဖရေဇာသည် ကြက်သီးမွေးညင်း ထလောက်အောင်ပင် တုန်လှုပ် ချောက်ချား သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီဒုံးကျည်ထိပ်ဖူးလက်နက်ကို ခင်ဗျားတို့ သယ်ဆောင်လာတာဟာ ဘာရည်ရွယ်ချက် ရှိလို့လဲ'

ဖရေဇာက ပြန်မေးလိုက်ရာ ဟာဆန်က ဝင်ဖြေသည်။

'ရည်ရွယ်ချက်ကတော့ ကျုပ်တို့ ပါလက်စတိုင်းအတွက် ရန်သူကို ထိုးနှက်ဖို့ပဲ'

ဤသို့ပြောယင်း ဟာဆန်သည် ဖရေဇာအနီးမှ နောက်သို့ ခြေတလှမ်း ဆုတ်လိုက်ပြီး....

'အခုတကြိမ်လဲ ကျုပ်တို့က ခင်ဗျားကို မသတ်ပဲ ချမ်းသာပေးလိုက်မယ်၊ ဒီသင်္ဘောပေါ်မှာ ခင်ဗျားရဲ့ကျွမ်းကျင်မှုပညာကို လိုအပ်နေလို့ပဲဖြစ်တယ်၊ ဒါပေမယ့် အခုလောက်ဆိုယင် ခင်ဗျားတို့အခနေနဲ့ ကျုပ်တို့ကို ပြန်ခုခံဖို့ရာ လုံးဝမဖြစ်နိုင်ဘူးဆိုတာ ခင်ဗျား နားလည်သဘောပေါက်ဖို့ ကောင်းပြီ'

ဟု ပြောလိုက်သည်။

ဖရေဇာက ဘာမှပြန်မပြောပဲနေသောအခါ ဟာဆန်ကပင် စကားဆက်ပြောပြန်သည်။

'ကျုပ်တို့ ဥရောပကို စတင်လာရောက်တုန်းကတော့ ကျုပ်တို့ ရည်မှန်းတဲ့ပစ်မှတ်က ကွင်းအယ်လစ်ဇဘက် ဆိုတဲ့ ဇိမ်ခံခရီးသည်



တင် သင်္ဘောကြီးဖြစ်တယ်၊ အဲဒီ သင်္ဘောကြီးနဲ့ အင်္ဂလန်ပြည်က အစွဲရေးလ်လူမျိုးတထောင့်နှစ်ရာဟာ အစ္စရေးနိုင်ငံတည်ထောင်တဲ့ နှစ်ဆယ့်ငါးနှစ်မြောက် အောင်ပွဲ အခမ်းအနားကို တက်ဖို့ လိုက်ပါလာကြတုန်းမှာ ကျုပ်က သင်္ဘောကြီးကို ဗုံးဗုံးနဲ့ ဖောက်ခွဲဖို့ ရည်ရွယ်ခဲ့တယ်။

'ဒါပေမယ့် သင်္ဘောကြီးမှာ လုံခြုံရေးအစောင့်တွေ အပြည့်ချထားပြီး ဗြိတိသျှရေတပ်ကလဲ ရေငုပ်သမားတွေနဲ့ သင်္ဘောအောက်ပိုင်းမှာ ဗုံး လက်နက်တွေ မပြုတ်ရှာဖွေနေတဲ့အတွက် ကျုပ်တို့အကြံမအောင်မြင်ပဲ စွန့်လွှတ်လိုက်ရတယ်၊ အဲဒီနောက် ကျုပ်တို့က ဒုတိယအကြိမ်ကြံစည်ခဲ့တာက အင်္ဂလန်နဲ့ ပြင်သစ်ပြည်ကို ဖြတ်ကူးတဲ့ လူစီးသင်္ဘောကို ပစ်မှတ်အဖြစ် ကြံခဲ့ပါတယ်။

'အဲဒီမှာလဲ အနောက်အုပ်စု ထောက်လှမ်းရေးက တနည်းနည်းနဲ့ သတင်း ကြိုတင် ရလို့ လုံခြုံရေး အလုံး အစောင့်အရှောက်တွေ ချထားတဲ့အတွက် ကျုပ်တို့ရဲ့ ဒုတိယမြောက်အကြံအစည်ဟာလဲ မဖြစ်မြောက်ခဲ့ဘူး၊ ဒါကြောင့် ကျုပ်တို့ တတိယမြောက် စစ်ဆင်ရေး တခု လုပ်ဖို့ ကြံစည်ကြရပြန်တယ်။

'အဲဒီအချိန်မှာပဲ ဂျပန်ပြည် ကြယ်နီတပ်ဖွဲ့က ဒုံးကျည်လက်နက်ထိပ်ဖူး လက်ဝယ်ရရှိပြီး ကျုပ်တို့အဖွဲ့က အလုံးချမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုယင် ကူညီဖို့ အသင့်ရှိကြောင်း သတင်းကြားရတယ်၊ ဒါနဲ့ ကျုပ်တို့ကလဲ သူတို့နဲ့ဆက်သွယ်ပြီး ကျုပ်တို့အဖွဲ့နဲ့ သူတို့အဖွဲ့ ပူးပေါင်း ကြံစည်ခဲ့လို့ ဒီစစ်ဆင်ရေး အစီအစဉ် ဖြစ်မြောက်လာတယ်။

'ဒီအခါတော့ ကျုပ်တို့စစ်ဆင်ရေးဟာ ကောန်မုချ အောင်မြင်လိမ့်မယ်၊ ကျုပ်တို့ကို ခင်ဗျားတို့သာမက ဘယ်သူကမှ တားဆီးလို့ မရနိုင်တော့ဘူး'

ဟာဆန်က စကားကို အဆုံးသတ်လိုက်သည်။ ဂျပန် အကြမ်းဖက်သမား တာကာကီသည် ဘာမှဝင်မပြောပဲ ဆိတ်ဆိတ်နေလိုက်သည်။

ဤတွင် ဖရေဇာက....

'နေပါဦး၊ ခင်ဗျားတို့ရဲ့စစ်ဆင်ရေးအောင်မြင်ဖို့ ဘာကြောင့် အရေးကြီးတာလဲ'

ဟု မေးလိုက်ရာ ဟာဆန်သည် ဖရေဇာအား ပြစ်တင်ရှုတ်ချသော မျက်နှာထားဖြင့် ပြန်ကြည့်လိုက်သည်။

'ခင်ဗျားက ဒီလိုမေးလိုက်တာဟာ ခင်ဗျားအနေနဲ့ ကျုပ်တို့ ပါလက်စတိုင်း ဒုက္ခသည်စခန်းကို မမြင်ဖူးလို့ မေးတာ ဖြစ်ရမယ်၊ ကျုပ်က ခင်ဗျားတို့ရဲ့ သင်္ဘောကြီးကို ခြိမ်းခြောက်ပြီး အချိုးသမီးနဲ့ ကလေးတွေကို ဓားစာခံ လုပ်ထားတဲ့ အတွက် ကျုပ်ဟာ လူမဆန်တဲ့သတ္တဝါအဖြစ် ခင်ဗျားက ထင်နေသလား။



'ကျုပ်တို့ ပါလက်စတိုင်းလူမျိုးတွေ ခံစားနေရတဲ့ အဖြစ်ကို ဗျားတို့က ဘာမှမသိဘူး မဟုတ်လား၊ ကျုပ်တို့မှာ နေစရာ လဲမရှိ၊ ပြေးစရာ မြေလဲ မရှိတဲ့ အဖြစ်ကို ရောက်နေတယ်ဗျ၊ သည်စခန်းတွေက ကျုပ်တို့ ပါလက်စတိုင်း လူမျိုးတွေဟာ လှန် ဆင်းရဲဒုက္ခ ရောက်နေကြရတယ်။

'ဒါတွေကို ခင်ဗျား ဘာမှမသိဘူး မဟုတ်လား၊ ပိုပြီးဆိုးတာ ခင်ဗျားတို့ဟာ ကျုပ်တို့ရဲ့ ဒုက္ခအကြောင်းကို သိချင်တဲ့ဆန္ဒလဲ ရှိဘူး၊ ကမ္ဘာကြီးတခုလုံးကလဲ ခင်ဗျားလိုပါပဲ၊ ကျုပ်တို့ရင်ဆိုင် ရတဲ့ ဒုက္ခအကြောင်း မသိချင်ကြဘူး'

'ဒါပေမယ့် ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေက အဲဒီ ပြဿနာကို ဖြေရှင်းဖို့ ဘယ်လိုလုပ်ပြီး အထောက်အကူ ဖြစ်မှာလဲ၊ ရိုင်းလင်း သင်္ဘောကို ခင်ဗျားတို့ ဖျက်ဆီးပစ်ခဲ့သလို ကျုပ်တို့ မိုနိုလစ် သင်္ဘောကြီးကိုလဲ ခင်ဗျားတို့ ဘာလုပ်ဖို့ရည်ရွယ်တယ် မသိဘူး၊ လို အကြမ်းဖက်မှုတွေ လျှောက်လုပ်တာဟာ ဘယ်လိုလုပ်ပြီး ခင်ဗျားတို့ ဒုက္ခသည်စခန်းက လူတွေအတွက် အထောက်အကူ ဖြစ်နိုင်မှာလဲ'

ဖရေဇာက ပြန်မေးလိုက်ရာ ဟာဆန်သည် ပို၍ပင် မုန်းတီး က်ဆုပ်ဟန်ဖြင့် ပြန်ကြည့်လိုက်သည်။

'ကျုပ်တို့က အကြမ်းဖက်နည်းနဲ့ တိုက်ခိုက်ခဲ့တာ တွေဟာ ကမ္ဘာက ကျုပ်တို့ရဲ့ ပါလက်စတိုင်း ပြဿနာကို သတိပြုမိပြီး ကူညီဖြေရှင်းပေးဖို့ စိတ်ဝင်စားလာလိမ့်မယ်လို့ ကျုပ်တို့မျှော်လင့် ခဲ့မိတယ်၊ ဒါပေမယ့် အခုတော့ ကမ္ဘာက ကျုပ်တို့ကို ဂရုမစိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ သိရတယ်၊ နိုင်ငံတကာက နိုင်ငံရေးခေါင်းဆောင်တွေဟာ ပါလက်စတိုင်းလူမျိုးတွေကို လျစ်လျူရှုထားကြတယ်။

'ဒါကြောင့် ပါလက်စတိုင်းအတွက် တရားမျှတမှု မရှိဘူးဖြစ်နေတယ်၊ ဒီအခြေအနေမှာ ကျုပ်တို့အဖို့ အကြမ်းဖက်မှုနဲ့ ပြန်ဆန့်ကျင်ဖို့ကလွဲလို့ တခြားနည်းလမ်းမရှိတော့ဘူး၊ တနည်းအားဖြင့် ကျုပ်တို့ပါလက်စတိုင်းအတွက် တရားမျှတမှုမရှိသမျှ ကာလပတ်လုံး ကမ္ဘာကြီးအတွက်လဲ ငြိမ်းချမ်းမှု မရှိအောင် ကျုပ်တို့က လုပ်ရမှာပဲ'

## အခန်း ၁၄

ဟာဆန်သည် ပထမအရာရှိ ဖရေဇာအား အနားယူ အိပ်စက်ခွင့်ပေးရန် လိုအပ်ကြောင်း သိသော်လည်း သူ၏ အခန်းတွင် အိပ်ခွင့်ပေးရန် စိတ်မချချေ။

လက်နက်ကိုင်အစောင့်တဦးဦး ထားရန်ကလည်း လူအယောက်အပိုမရှိသဖြင့် ဟာဆန်သည် သင်္ဘောကုန်းပတ်ဦးပိုင်းသို့ ဖရေဇာအား ပြန်ခေါ်သွားလေသည်။

ထို့နောက် ရေဒီယိုစက်ခန်း၏ ကြမ်းပြင်တွင်ပင် ဖရေဇာအား အိပ်ခိုင်းလေသည်။

ရေဒီယို စက်ခန်းတွင် အိုဒူဆုဆိုသူ ဂျပန်အကြမ်းဖက်သမားက သင်္ဘောကြီး၏ ရေဒီယိုဆက်သွယ်မှု အားလုံးကို ကြီးကြပ်

www.burmeseclassic.com



ကပ္ပ်ကဲလျက်ရှိရာ သူကပင် ဖရေဇာအား မျက်ခြည်မပြတ် စောင့်ကြည့်နေသေသည်။

ဖရေဇာလည်း ဖြစ်သလို အနားယူ အိပ်စက်ရန် ဆုံးဖြတ်လျက် ကြိုးစားအိပ်လိုက်ရာ လေးနာရီခန့် အိပ်ပျော်သွားလေသည်။

သူ ပြန်နိုးလာသောအခါ သင်္ဘော၏ ရေဒီယိုအရာရှိ စပင်စာက အနားယူခွင့်ရပြီး သူ၏နေရာတွင် ဟောလ်ဘရွတ် ဆိုသူက ရေဒီယိုဆက်သွယ်ရေး တာဝန်ကို ယူနေကြောင်း သတိပြုမိလေသည်။

သို့သော် ဂျပန် အိုဒ့ူဆူက သေနတ်ဖြင့် ချိန်ထားသဖြင့် ဟောလ်ဘရွတ်သည် ရေဒီယိုဆက်သွယ် စက်အနားသို့ ကပ်ခွင့်မရပဲ ခပ်လှမ်းလှမ်းတွင် နေရလေသည်။

ပြင်ပမှ ရေဒီယိုဆက်သွယ်မှုများလာလျှင် ဂျပန်အိုဒ့ူဆူကပင် နားထောင်၍ စိစစ်လေသည်။

သို့သော် မိုနီလစ် သင်္ဘောကြီးအတွက် မိုးလေဝသ သတင်းကြေငြာချက်များကို အဆက်မပြတ် သိရှိနေရန် လိုအပ်သဖြင့် ရေဒီယိုအရာရှိ အနေဖြင့် မိုးလေဝသ သတင်းများ ဆက်သွယ်မေးမြန်းခွင့် ပြုလေသည်။

အကယ်၍ ရေဒီယိုဆက်သွယ်ရာတွင် သူတို့အဖွဲ့က မလိုလားသော သတင်းပို့ချက် တစုံတရာပို့ရန် ကြိုးစားပါက ချက်ချင်း သတ်ပစ်ရမည်ဟု ဟာဆန်က အမိန့်ထုတ်ထားလေသည်။



ဖရေဇာသည် အိပ်နေရာမှ မတ်တတ်ထလိုက်ပြီး ရေဒီယိုအရာရှိ ဟောလ်ဘရွတ်အား 'ဟဲလို....ဂွတ်မောနင်း' ဟု နှုတ်ဆက်လိုက်ပြီးနောက် ဂျပန်အကြမ်းဖက်သမား အိုဒ့ူဆူအား....

'ကျုပ်က ကုန်းပတ်ဦးပိုင်းမှာ တာဝန်ယူဖို့ သွား သတင်းပို့မှာဖြစ်မယ်'

ဟု ပြောလိုက်သည်။

အိုဒ့ူဆူသည် မရှင်း ပစ္စတိုသေနတ်ဖြင့် ဖရေဇာအား ချိန်ရွယ်ထားလျက်နှင့်ပင် ခေတ္တစဉ်းစားပြီးနောက် ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ဖရေဇာအား သွားခွင့်ပြုလိုက်သည်။

ဖရေဇာလာမည့် အကြောင်းကိုလည်း ကုန်းပတ်ဦးပိုင်းရှိ သူ၏ လူများအား လှမ်းအော် သတိပေးလိုက်သည်။

ထိုအချိန်၌ မိုနီလစ်သင်္ဘောကြီးသည် ဟာရိုက်န်းမုန်တိုင်း၏ အလယ်ဗဟိုမှ ကျော်လွန်လာပြီး ဖြစ်လေသည်။

သို့သော် လေဆောင်းမိုးပါ သန်နေဆဲပင်ရှိနေပြီး ပင်လယ်ရေပြင်တွင် လှိုင်းတံပိုးကြီးများ ထကြွလျက်ရှိလေသည်။

မာသိန်မှူးကြီး ကပ္ပတိန်အမ်းစတရောင်းသည် ပဲ့ကိုင်စက်ဝှိုင်းကိုင်နေသူ သင်္ဘောသား၏ ဘေးနားတွင် ရပ်နေရာ သူ၏မျက်နှာမှာ ကိုယ်ရောစိတ်ပါ အသွင် ပင်ပန်းနွမ်းနယ်နေပုံ ရလေသည်။

ပထမအကြိမ် ဖရေဇာ ရောက်လာသောအခါ ကပ္ပတိန်သည် ပြုံး၍ နှုတ်ဆက်လိုက်ပြီး ရှေ့ဆက်အရှိ ဒိုင်ယာရီအား အနားယူရန်နှင့် နံနက်ရှစ်နာရီမှ ပြန်လာရန် ပြောကာ လွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဗာရယ်လည်း ခေတ္တအပန်းဖြေ အိပ်စက်ရန် သူ၏အခန်းသို့ ထွက်သွားလေသည်။

သင်္ဘောကြီး၏ ကုန်းပတ် ဦးပိုင်းတွင် အကြမ်းဖက်သမား ဘာကာကီနှင့် ဖာရုပ်ဂိုတို့နှစ်ယောက် မရှိကြောင်း ဖရေဇာက သတိပြုမိလေသည်။

သူတို့နှစ်ဦးသည် ဟာဆန်နှင့် ရှီဖင်တို့ ရှိနေစဉ် ခေတ္တ သွား အနားယူနေသည်ဟု ထင်ရလေသည်။

အကြမ်းဖက် ဂိုဏ်းသားများသည်လည်း သင်္ဘောမှ အရာရှိများ ကဲ့သို့ပင် အလှည့်ကျ အနားယူနေကြပုံရလေသည်။

အချိန်က တရွေ့ရွေ့ကုန်သွားစဉ် မိုနိုလစ်သင်္ဘောကြီးသည် ဘစ်စကေး ပင်လယ်အော်ကို ဖြတ်ကျော်လာပြီး နံနက် ခုနစ်နာရီခန့်တွင် ပြင်သစ်ပြည်အနောက်မြောက်ဘက်ရှိ ဒွူရှမ်ကျွန်း အနီးသို့ ရောက်ရှိလာလေသည်။

မကြာမီ ဒုတိယအရာရှိ ဒီဗာရယ်သည် ကုန်းပတ်တွင်တာဝန်ယူရန် ပြန်ရောက်လာရာ ကပ္ပတိန် အမ်းစတရောင်း အနေဖြင့် တလှည့်အနားယူချိန် တန်ပြီဖြစ်သော်လည်း ကပ္ပတိန်ကြီးသည် သင်္ဘောကြီးကို ပြင်သစ်နိုင်ငံ ဘရီတာစ်နီပြည်နယ် ကမ်းခြေကို ဖြတ်ကျော်မိသည်အထိ နောက်ထပ်တနာရီခန့်ဆက်တာဝန်ယူပြီးမှသာ ဖရေဇာအား တာဝန် လွှဲပေးကာ အနားယူရန် သူ၏ အိပ်ခန်းသို့ ဆင်းသွားလေသည်။

မိုးစင်စင်လင်းပြီဖြစ်၍ ပင်လယ်ပြင်ပတ်ဝန်းကျင်တွင် မှောင်မိုက်နေရာမှ အလင်းရောင်လာစပြုပြီ ဖြစ်လေသည်။



သို့ရာတွင် မိုးကသဲသဲမဲမဲပင်ရွာလျက်ရှိနေပြီး ပင်လယ်ရေပြင်တွင် လှိုင်းကြီးလျက်ရှိလေသည်။

အကြမ်းဖက်သမား ဘာကာကီနှင့် ဖာရုပ်ဂိုတို့ ပြန်ရောက်လာသောအခါ ဟာဆန်နှင့်ရှီဖင် တို့က တလှည့် အနားယူရန် ထွက်သွားကြလေသည်။

ရေဒီယိုစက်ခန်းမှ အိုဒူဆူသည်လည်း သူ၏နေရာတွင် ယိုတာကလာရောက် တာဝန်ယူသဖြင့် အနားယူရန် ထွက်သွားလေသည်။

ထိုအတောအတွင်း သင်္ဘောမှ စားပွဲထိုးတဦးက ကုန်းပတ်ဦးပိုင်းရှိလူများ စားသောက်ရန်အတွက် ကော်ဖီနှင့်အသားညှပ်ပေါင်မုန့်များ ယူလာပေးလေသည်။

အကြမ်းဖက်သမားများသည် သင်္ဘော အရာရှိ များနှင့် သင်္ဘောသားများအား လုံးဝ အလစ်မပေးပဲ မျက်ခြည်မပြတ်စောင့်ကြည့်နေကြလေသည်။ ပထမအရာရှိ ဖရေဇာ ပဲ့ကိုင်စက်ကို ကိုင်နေသူ သင်္ဘောသားအား လိုအပ်လျှင် ညွှန်ကြားရန်အတွက် အနီးတွင် ရပ်နေသည့် ဒုတိယ အရာရှိ ဒီဗာရယ်က ရေဒါစက်ကိရိယာအနီးတွင် တာဝန်ယူပြီး စောင့်ကြည့်နေလေသည်။

ခဏမျှအကြာတွင် ဂျပန်အိုဒူဆူသည် မမျှော်လင့်ပဲပြန်ရောက်လာလေသည်။

သူ၏အမူအရာက တစုံတခုသော အကြောင်းကြောင့်စိုးရိမ်မကောင်း ဖြစ်နေပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုဒူဆူသည် တာကာကီ ရှိရာသို့ ချဉ်းကပ်လာပြီး ဂျပန်
ဘာသာဖြင့် တစုံတခုပြောနေရာ ဖရေဇာက လှမ်းကြည့်မိသေ
လည်း ဂျပန် စကား နားမလည်သဖြင့် သူတို့ ဘာပြောနေ
ကြောင်း မသိရချေ။

တာကာကီသည် ပေါင်မုန့်စားနေသူ ဖာရပ်ဂျ်အား လှမ်း
၍....

'ခင်ဗျားတယောက်တည်း ခဏတာဝန်ယူပြီး စောင့်ကြည့်
နေပါ၊ သင်္ဘောအရာရှိတွေအခန်းနဲ့ တခုခုကြံစည်ယင်အသေ
ပစ်သတ်လိုက်'

ဟု ပြောပြီး အိုဒူဆူနှင့်အတူ လိုက်သွားလေသည်
ဖာရပ်ဂျ်လည်း ဖရေဇာနှင့် ဒီဗာရယ်တို့နှစ်ဦးစလုံးအား သေနတ်
ဖြင့် ချိန်ထားလိုက်သည်။

ဖရေဇာသည် အကြမ်းဖက်သမားတွေ ဘာဖြစ်နေပါလိမ့်မ
စဉ်းစား၍မရချေ။

ကုန်းပတ်ဦးပိုင်းတွင် ဖာရပ်ဂျ် တယောက်တည်း အစော
ချထား၍ တာကာကီက ထွက်သွားခြင်းမှာ ထူးဆန်းနေ
သည်။

ယခုဆိုလျှင် အကြမ်းဖက်သမားတဦးတည်းသာ ကျန်သဖြ
မိမိတို့သင်္ဘောသားအဖွဲ့က အခွင့်ကောင်းယူပြီး ခုခံတိုက်ခိုက်
ကောင်းမည်လောဟု စဉ်းစားမိလေသည်။

သူ ယခုသောက်နေသော ...
ကိုဖက်ပြီး တိုက်ခိုက်လျှင်ကောင်းမည်လော၊ ...
သည် လုံးဝအလစ်မပေးပဲ မိမိတို့အား မျက်ခြည်မပြတ် ကြည့်



ပြီး သေနတ်နှင့်လည်း ချိန်ထားသဖြင့် တိုက်ခိုက်ရန် မလွယ်ကူ
ကြောင်း စဉ်းစားမိလေသည်။

ငါးမိနစ်ခန့်ကြာသောအခါ အိုဒူဆူနှင့် တာကာကီတို့ ပြန်
ရောက်လာရာ ဟာဆန်လည်း လိုက်ပါလာလေသည်။

ဟာဆန်၏ မျက်နှာ အမူအရာမှာ အနားယူ အိပ်နေစဉ်
အနှောင့်အယှက် ဖြစ်ပေါ်လာသဖြင့် စိတ်တိုနေသည့် ဟန်မျိုး
ဖြစ်လေသည်။

သူသည် ဒေါသထွက်ဟန်ဖြင့် ဖရေဇာအား မျက်နှာချင်း
ဆိုင်လိုက်သည်။

'ဟာယာရှိ ဘယ်ရောက်သွားသလဲ၊ ဘာဖြစ်သွားသလဲ'

'ဟာယာရှိဆိုတာ ဘယ်သူလဲ'

ဖရေဇာက တကယ်ပင် မသိသဖြင့် ပြန်မေးလိုက်ရာ ဟာဆန်
သည် ပို၍ပင် စိတ်တိုလာပုံရလေသည်။

'တာကာကီတို့ အဖွဲ့သား လူတယောက် ပျောက်နေတယ်၊
ကျုပ်တို့ သင်္ဘောပေါ်မှာ လိုက်ရှာတာ ဘယ်မှာမှရှာလို့ မတွေ့
ဘူး'

'အဲဒါ ကျုပ်နဲ့ဘာဆိုင်သလဲ၊ ဘာကြောင့် ကျုပ်ဆီလာမေး
တာလဲ'

ဖရေဇာက ခပ်တည်တည် ပြန်ပြောလိုက်သည်။

'ဟာယာရှိက ညဘက် ကင်းလှည့်တာဝန် ယူနေချိန်မှာ
ခင်ဗျားက ခဏ လွတ်လွတ် လပ်လပ် ဖြစ်နေခဲ့တယ်၊ အခု
ဟာယာရှိ ပျောက်နေတာဟာ ခင်ဗျားကြောင့် ဖြစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က အိပ်ခန်း ပြတင်းပေါက်က ကျော် ထွက် ပြီး ကပ္ပတိန်ကြီးရဲ့အခန်းကို တက်သွားတယ်၊ အဲဒီမှာပဲ ခင်ဗျားတို့ လူတွေက ကျုပ်ကို မိခဲ့တယ် မဟုတ်လား၊ ကျုပ်ဟာ သင်္ဘော စင်္ကြံလမ်းကိုတောင် မရောက်ခဲ့ဘူး၊ ခင်ဗျားတို့ရဲ့ လက်နက်ကိုင် အစောင့်လဲ တယောက်မှ မတွေ့ခဲ့ဘူး'

'ဒါဖြင့် အခု ဟာယာရှီက ဘယ်ရောက်သွားသလဲ'

'ဒါ ကျုပ် ဘယ်ပြောတတ်မလဲ၊ မနေ့ညက ရာသီဥတု ဆိုးရွားပြီး မုန်တိုင်းကျနေခဲ့တယ်၊ အဲဒီအချိန်မှာ ခင်ဗျားတို့ လူက ကုန်းပတ် ပြင်ဘက်ကို ထွက်သွားမိခဲ့ယင် ပင်လယ်ထဲ လိမ့်ကျသွားတာ ဖြစ်နိုင်တယ်'

ဖရေဇာက ပြောလိုက်လျှင် တာကာကီသည် မခံချင်ဖြစ်လာ ကာ....

'ဟာယာရှီက ဒီလိုမဆင်မခြင်ပဲ ပြင်ဘက်ထွက်မှာ မဟုတ်ဘူး၊ ကျုပ်က သူ့အကြောင်း ကောင်းကောင်းသိတယ်'

ဟု ပြောလေသည်။

'ဒီလိုဆိုယင်....ခင်ဗျားတို့ဟာ ခင်ဗျားတို့ အဖြေရှာကြပေါ့၊ ဒါက ကျုပ်ရဲ့ပြဿနာမဟုတ်ဘူး'

ဖရေဇာက ပြန်ပြောလိုက်ရာ ဟာဆန်သည် ပို၍ပင် ဒေါသ ထွက်လာလေသည်။

'ခင်ဗျား ဒီကိစ္စကို သိရမယ်၊ ခင်ဗျား လိမ်ပြောနေတာပဲ'



ဟာဆန်က ခြိမ်းခြောက်သလိုပြောလိုက်သော်လည်း ဖရေဇာ သည် ကြောက်လန့်တုန်လှုပ်ဟန် အလျှင်းမရှိပဲ ခပ်တည်တည်ပင် ပြန်ကြည့်နေလိုက်သည်။

ဟာဆန်အနေဖြင့် ဖရေဇာသည် လိမ်ပြော နေခြင်း ဖြစ် သည်ဟု ယုံကြည်သဖြင့် ဘာလုပ်ရမည်နည်းဟု စဉ်းစားနေဟန် တူသည်။

ထိုအခိုက်မှာပင် ရေဒီယိုစက်ခန်းမှ ဟောလ်ဘရွတ်သည် စာရွက်တရွက် ကိုင်လျက် ရောက်လာလေသည်။

သူ၏နောက်မှ ဂျပန် ယိုဘာရှိလည်း လိုက်လာပြီး တာကာကီ အား ဂျပန်ဘာသာဖြင့် တစုံတခု ပြောလိုက်သည်။

ဖရေဇာလည်း ရေဒီယိုအရာရှိ ဟောလ်ဘရွတ်အား....

'ဘာအကြောင်းထူးလို့လဲ'

ဟု မေးကြည့်လိုက်ရာ ဟောလ်ဘရွတ်က သူ၏ လက်မှ စာရွက်ကို ကြည့်ပြီး ပြန်ပြောလေသည်။

'ဂျာမနီပြည် ဟင်းဘတ်မြို့က ရေဒီယိုနဲ့ဆက်သွယ်အကြောင်း ကြားလိုက်ပါတယ်၊ ဆက်သွယ်သူကတော့ ရှိုင်းသင်းသင်္ဘောကို ပိုင်ဆိုင်တဲ့ ကုမ္ပဏီက ဖြစ်ပါတယ်၊ သူတို့က ကျွန်တော်တို့ကို ရေဒီယိုနဲ့ ကြိုးစား ဆက်သွယ်နေတာ နှစ်ဆယ့်လေးနာရီ ရှိပါ ပြီတဲ့၊ ဒါပေမယ့် မုန်တိုင်းထန်ပြီး ရာသီဥတု အခြေအနေ မကောင်းလို့ စောစောက ဆက်သွယ်လို့ မရဘူးလို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ရိုင်းလင်းသင်္ဘော ပျက်စီး ဆုံးရှုံးရပုံကို အသေးစိတ် သိချင်ပါတယ်၊ အဲဒီသင်္ဘောက အသက်မသေပဲကျန်တဲ့လူတွေရဲ့ နာမည်စာရင်းကိုလဲ လိုချင်ပါသတဲ့၊ သင်္ဘောသားတွေရဲ့မိသားစု ဆွေမျိုးတွေက အလွန်စိုးရိမ်နေကြပြီး ရိုင်းလင်းသင်္ဘောကြီးရဲ့ မာလိန်မှူး ကပ္ပတိန်ရဲ့ ဇနီး အထူးစိုးရိမ် ပူပန်နေတယ် လို့လဲ ဆိုပါတယ်'

ထိုစကားကို ကြားလျှင် ဟာဆန်သည် ပြဿနာအခက်အခဲ တခုပေါ်လာပြန်ပြီဟု တွေးမိဟန်ဖြင့် အံကြိတ်လိုက်သည်။

ထို့နောက် တစုံတခု အကြံရလာလျက် သူ၏လူ ဖာရပ်ဂျ် အား လှည့်၍ အမိန့်ပေးလိုက်သည်။

'ဟေ့....ဆလွန်းခန်းထဲကို သွားပြီး ဇာကားရီးယားကို ခေါ် လာခဲ့စမ်း၊ သူက ရိုင်းလင်းသင်္ဘောက အရာရှိနဲ့ သင်္ဘောသား တွေရဲ့ နာမည်စာရင်း ပေးနိုင်လိမ့်မယ်၊ အဲဒီစာရင်းကို တို့က ရေဒီယိုနဲ့ ဟင်းဘတ်မြို့က သင်္ဘောကုမ္ပဏီကို ပြန်အကြောင်း ကြားမှ ဖြစ်မယ်'

ဖာရပ်ဂျ်လည်း ခေါင်းညိတ်ပြီး ထွက်သွားလေသည်။

ဟာဆန်သည် ရေဒီယို အရာရှိ ဟောလ်ဘာရွတ်၏ လက်မှ သတင်းပို့ချက် စာရွက်ကို ယူကြည့်ပြီး စဉ်းစားနေပြန်သည်။

ယခုဆိုလျှင် ရိုင်းလင်းသင်္ဘော ပိုင်သည့် ကုမ္ပဏီမှ သတင်း အတိအကျ မေးနေပြီဖြစ်ရာ သင်္ကာမကင်း မဖြစ်အောင် ကျေနပ် ဖွယ် ကောင်းသည့် အဖြေပေးနိုင်မှ ဖြစ်ချေမည်ဟု စဉ်းစားမိ လေသည်။



ဤသို့ အခြေအနေကို သုံးသပ် စဉ်းစားနေရခြင်း ကြောင့် ဂျပန်အကြမ်းဖက်သမား ဟာယာရှိ ပျောက်ဆုံးနေသည့် ကိစ္စကို အခိုက်အတန့်အားဖြင့် မေ့လျော့နေလေသည်။

* * *

လန်ဒန်မြို့ အကြမ်းဖက်မှုနှိမ်နင်းရေးအထူးတပ်ဖွဲ့ရုံးခန်းမှ တယ်လီ ဖုန်း ခေါင်းလောင်းသံသည် စူးရှစွာ မြည်လာလေသည်။

ရုံးခန်းတွင် ရှိနေသော ရဲကြပ်ကြီး ဆာဂျင်စတုံးက တယ်လီ ဖုန်းကို ကောက်ကိုင် နားထောင်ပြီးနောက် သူ၏ဆရာ နီကိုလ်ဆန် အား စကားပြောခွက်ကို လှမ်းပေးလိုက်သည်။

'စပိန်ပြည် မဒရစ်မြို့က ရဲမှူးကြီး ရေမွန်ဒက်စ်က လှမ်းဆက် နေပါတယ်၊ သူက ဒီရုံးခန်းက ဆာအယ်လိတ်ဇန္ဒားကို မေးနေ ပါတယ်'

နီကိုလ်ဆန်သည် သတင်းထူးလိမ့်မည်ဟု ယူဆကာ အား တက်သွားလျက် တယ်လီဖုန်းကို လှမ်းယူလိုက်သည်။

သူ မည်သူမည်ဝါ ဖြစ်ကြောင်း ပြောလိုက်ပြီးနောက် ဆာအယ်လိတ်ဇန္ဒားသည် နယ်သာလင် (ဟော်လန်) နိုင်ငံသို့ ရောက်ရှိနေသဖြင့် သတင်းပေးရန် ရှိပါက သူ့ကိုပင် ပေးနိုင် ကြောင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဘက်မှ ရဲမှူးကြီး ရေမွန်ဒက်စ်သည် နီကိုလ်ဆန်နှင့် တိုက်ရိုက် မဆက်သွယ်ဖူးသော်လည်း နာမည်ကိုတော့ သိနေသဖြင့် သူ ပေးစရာရှိသော သတင်းကို ပြောလေသည်။

'ဟုတ်ကဲ့ ကောင်းပါပြီ၊ ခင်ဗျားတို့အနေနဲ့ စိတ်ဝင်စားမယ်လို့ ထင်ရတဲ့ သတင်းပေးစရာရှိပါတယ်၊ ဝပိန်ပြည်မြောက်ပိုင်းကို ရှုနာပြည်နယ်က ရဲတပ်ဖွဲ့က မိုးသားမ်အားရဲ့ တောင်ဘက် ပင်လယ်ကမ်းခြေအနီးမှာ မော်တော်ကားနှစ်စီး စွန့်ပစ်ထားတာ တွေ့ရပါတယ်။

'ကားတစီးက ပူဂျိုအမျိုးအစားဖြစ်ပြီး နောက်တစီးကတော့ မာစီးဒီးကားဖြစ်ပါတယ်၊ မော်တော်ကားတွေရဲ့နံပါတ်ကို ကြည့်လိုက်တော့ ငှားယူလာတာဖြစ်ကြောင်း သိရတဲ့အတွက် ရဲတပ်ဖွဲ့က ဆက်လက် စုံစမ်းကြည့်တော့ ပူဂျိုကားဟာ ဇာရာဂိုဇာမြို့က မော်တော်ယာဉ်ကုမ္ပဏီတခုက ငှားသွားကြောင်း သိရပါတယ်။

'ကားလာငှားသူကတော့ အရပ်မြင့်မြင့် အာရပ်အမျိုးသားတဦးလို့ဆိုပါတယ်၊ လူပုံပန်းသဏ္ဌာန်ကို မေးကြည့်လိုက်တော့ ဟာဆန်ဆိုသူနဲ့တူနေတယ်၊ ကားငှားစဉ်က သူ ရဲ့နိုင်ငံကူး ပတ်စ်ပို့ လက်မှတ် ထုတ်ပြတော့ နာမည်က တမျိုး ဖြစ်နေပေမယ့် ကျုပ်က ဟာဆန်ပဲလို့ ယူဆမိတယ်၊ ပတ်စ်ပို့လက်မှတ် ဆိုတာ အတုလုပ်ယင်ရတာပဲမဟုတ်လား'

'ဒုတိယ မော်တော်ကားကကော'

နီကိုလ်ဆန်က ပြန်မေးလိုက်သည်။



'မာစီးဒီးကားကတော့ ဂျပန် အမျိုးသားနှစ်ဦးက မဒရစ်မြို့က ငှားခဲ့တယ်လို့သိရတယ်၊ ကားငှားစဉ်က သူတို့ရဲ့နာမည်တွေကို အိုဒွဆာနဲ့ယိုတာရိုလို့ ပြောခဲ့တယ်၊ ဒါကလဲ နာမည်အမှန်ဟုတ်ချင်မှဟုတ်မှာပေါ့'

တဘက်မှ ရဲမှူးကြီး ရေမွန်ဒက်စ်က ထိုသို့ ပြောလိုက်စဉ် နီကိုလ်ဆန်သည် [illegible] သည်။

သူတို့ထောက်လှမ်းနေသော အကြမ်းဖက်သမားများ လှုပ်ရှားမှုတွင် ဂျပန် လူမျိုးများ ပါဝင်မည်ဟု မမျှော်လင့်ခဲ့ချေ။

ယခုတော့ အာရပ် အကြမ်းဖက် သမားများသည် ဂျပန် အကြမ်းဖက်သမားများနှင့်ပူးပေါင်းကြံစည်လှုပ်ရှားနေကြောင်း ထင်ရှားနေပြီဖြစ်သည်။

ဤသည်မှာလည်း နိုင်ငံရေး အခြေအနေအရ ဖြစ်နိုင်သည့် လှုပ်ရှားမှုပင်ဖြစ်သည်။

ယခင်ကလည်း အာရပ် အကြမ်းဖက်သမားများသည် ဂျပန် အယူသည်း ဝါဒီအဖွဲ့နှင့် ပူးပေါင်း စစ်ဆင်ရေး လုပ်ခဲ့ဖူးကြောင်းကိုပါ ပြန်သတိရမိလေသည်။

'ရဲက တွေ့ရတာ မော်တော်ကားနှစ်စီးဟာ ဆက်စပ်မှုရှိတယ် ဆိုတာ သေချာရဲ့လားဗျ'

နီကိုလ်ဆန်က ပြန်မေးလိုက်သည်။

'ဟုတ်ကဲ့၊ ကားနှစ်စီးကိုတွေ့ရတဲ့နေရာက တစီးနဲ့တစီး မဝေး လှပဲ နီးနီး ကပ်ကပ် တွေ့ခဲ့ရပါတယ်၊ နောက်ပြီး ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလိမ့်မယ်ထင်တဲ့ အချက်တခု ရှိပါသေးတယ်၊ ပုဂ္ဂိုလ်ကြီးကို တွေ့တဲ့နေရာက ကမ်းခြေက တံငါရွာတရွာနဲ့ မိုင်ဝက်လောက်ပဲဝေးတယ်၊ ထူးခြားတာက အဲဒီတံငါရွာက ဘီယက်ထရစ် အမည်ရှိတဲ့ ငါးဖမ်းစက်လှေ တစင်းဟာ လုံးဝ ပျောက်နေတယ်၊ ငါးဖမ်းစက်လှေ ပိုင်ရှင်က ဂိုဗာနီ ဆိုတဲ့လူ ဖြစ်တယ်။

'ရွာသားတွေပြောပြချက်အရ ဂိုဗာနီဆီကို ဂျပန်အမျိုးသားနှစ်ယောက်လာပြီး ပင်လယ်ငါးဖမ်းထွက်ချင်လို့ သူတို့ကိုလိုက်ပို့ပေးဖို့ စက်လှေငှားနေတာမြင်တဲ့လူကမြင်လိုက်တယ်၊ ဂျပန်တွေကသူတို့ဟာသတင်းစာဆရာ၊စာရေးဆရာတွေပါလို့ပြောသတဲ့၊ ဒါနဲ့ဂိုဗာနီနဲ့သူ့ သားငယ်တို့ဟာ ဘီယက်ထရစ် စက်လှေနဲ့ပင်လယ်ပြင်ထွက်သွားကြတော့ ဂျပန် နှစ်ယောက်လဲ ပါသွားတယ်လို့ယူဆရတယ်၊ အဲဒီနောက်ပိုင်း ဘာမှ သတင်းမရတော့ဘူး'

'နေပါဦးဗျ၊ ယူဆရတယ် ဆိုတော့ ဂျပန်တွေ ငါးဖမ်းစက်လှေပေါ် တက်လိုက်သွားတာ မြင်တဲ့လူ မရှိဘူးလား'

'ဒီလိုရှိပါတယ်၊ အဲဒီညက ရာသီဥတု အလွန်ဆိုးလေတော့ ရွာသူရွာသားတွေက အပြင်ဘက် မထွက်ပဲ အိမ်ထဲမှာနေကြတယ်လို့သိရတယ်'

'ဒါဖြင့် ပုဂ္ဂိုလ်ကြီးပေါ်က အာရပ်လူမျိုး သုံးဦးဟာလဲ ဂျပန်တွေနဲ့အတူ ငါးဖမ်းစက်လှေနဲ့ လိုက်သွားတာ ဖြစ်နိုင်တာပေါ့'

'ဟုတ်ကဲ့၊ ဖြစ်နိုင်ပါတယ်'



'ကောင်းပြီ၊ အဲဒါဘယ်တုန်းကလဲ၊ ဘီယက်ထရစ်စက်လှေက ဘယ်နေ့က ထွက်သွားတာတဲ့လဲ'

နီကိုလ်ဆန်က မေးလိုက်ရာ တဘက်မှ ရဲမှူး ရေမွန်ဒက်စ်သည် မှတ်တမ်းစာရွက်များကို ပြန်ကြည့်ဟန်ဖြင့် စာရွက်များလှန်သံကြားရပြီးမှ ပြန်ဖြေလေသည်။

'လွန်ခဲ့တဲ့နှစ်ရက်က ဖြစ်ပါတယ်၊ ငါးဖမ်းစက်လှေ ထွက်သွားချိန်က သန်းခေါင်မတိုင်မီ သုံးနာရီလောက်အလိုမှာ ဖြစ်တယ်လို့ ဆိုပါတယ်'

ဤတွင် နီကိုလ်ဆန်၏ မျက်နှာသည် တင်း မာ လာ လေသည်။

လွန်ခဲ့သောနှစ်ရက်က ညဘက်တွင် ထိုပင်လယ်ပြင်ဒေသမှာပင် ရိုင်းလင်း သင်္ဘော ပျက်စီးနစ်မြုပ်ခဲ့ခြင်းနှင့် တိုက်ဆိုင်နေလေသည်။

* * *

တယ်လီဖုန်းစကားပြောနေစဉ် ကက်ဆက်တိတ်ခွေဖြင့် တောက်လျှောက် အသံဖမ်းယူထားလေရာ နီကိုလ်ဆန်သည် ရဲမှူး ရေမွန်ဒက်စ်အား ကျေးဇူးတင်ကြောင်းပြော၍ စကား ဖြတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် အသံဖမ်းထားသော တိတ်ခွေကို ကက်ဆက်ဖြင့် ပြန်လည် ဖွင့်နားထောင်ကြည့်ပြန်လေသည်။

သူ၏တပည့် စတုံးနှင့်အတူ နှစ်ယောက်သား တိတ်ခွေထဲမှ ရဲမှူး ရေမွန်ဒက်ပ်၏ ပြောပြချက်များကို အသေးစိတ်ပြန် လေ့လာကြည့်ကြလေသည်။

ယင်းသို့ ပြန်လှည့် လေ့လာသုံးသပ် ကြည့်ခြင်းအားဖြင့် ကောက်ချက်ချ၍ရသော အချက်တခုကား စပိန်ပြည်မြောက်ပိုင်း ကမ်းခြေမှ ငါးဖမ်းစက်လှေဖြင့် ဂျပန်လူမျိုးနှစ်ဦး ထွက်ခွာသွားသည်ဆိုသော ပင်လယ်ပြင်ဒေသမှာ ရှိုင်းလင်းသင်္ဘော ပေါက်ကွဲနစ်မြုပ်သွားသည့်နေရာနှင့် အတူတူဖြစ်နေခြင်းပင်တည်း။

ယင်း တိုက်ဆိုင်မှုသည် စဉ်းစားစရာ အချက် ဖြစ်နေ ပေသည်။

'ရှိုင်းလင်းသင်္ဘောပေါ်က မသေပဲ ကျန်ခဲ့တဲ့ လူတွေကို ကယ်ဆယ် လိုက်တဲ့ ရေနံတင် သင်္ဘောကြီးဆီကကော ဘာသတင်း များ ရသလဲ'

နီကိုလ်ဆန်က မေးလိုက်ရာ ဆာကျွင်တိုးသည် သူ၏မှတ်စု စာအုပ်ကို ပြန်ကြည့်ပြီးနောက်....

'ဟုတ်ကဲ့... အဲဒီ ရေနံတင် သင်္ဘောကြီး မိုနီလစ်ကို ပိုင်တဲ့ ကုမ္ပဏီက လူတယောက်နဲ့ ကျွန်တော် မနေ့က စကားပြောခဲ့ရ ပါတယ်၊ ဒီသင်္ဘောကြီးဟာ တန်ချိန် ၂၅၀၀၀၀ ရှိပြီး ရေမ တင်ကာသင်္ဘောကြီး ဖြစ်ပါတယ်။ ခရီးစဉ်အရဆိုယင် မိုနီလစ် သင်္ဘောကြီးဟာ နက်ဖြန် မွန်းတည့်ချိန်လောက် နယ်သာလင် နိုင်ငံ ရော်တာဒမ်မြို့ကို ရောက်လိမ့်မယ်လို့ ဆိုပါတယ်'



ဟု ပြန်ပြောလေသည်။

နီကိုလ်ဆန်သည် ခေတ္တ စဉ်းစားနေမိသည်။

'အင်း....မိုနီလစ်သင်္ဘောက အရွယ်အစားတော့ တော်တော်ကြီးတာပဲ၊ ကျုပ်တို့ကလဲ နယ်သာလင်နိုင်ငံမှာ အကြမ်းဖက်သမားတွေရဲ့ ထူးကြီးကျယ်ကျယ် တိုက်ခိုက်မှုအစ ဖြစ်လိမ့်မယ်လို့ မျှော်လင့် နေကြတယ်'

နီကိုလ်ဆန်က သူ၏ထင်မြင်ချက်ကို ပြောလိုက်ရာ ဆာကျွင် တိုးသည် ထိုစကားကို သဘောတူပုံမရချေ။

'ဒါပေမယ့် ဆရာရယ်၊ အခု အချိန်အထိ တော့ မိုနီလစ် သင်္ဘောကြီးမှာ ဘာပြဿနာ အခက်အခဲမှ ရှိပုံမရဘူး၊ ရေဒီယို ဆက်သွယ်မှုကလဲ ခါတိုင်းလိုပဲ ပုံမှန် ဆက်သွယ်နေတယ်လို့ သိရ ပါတယ်'

'ဒီ သင်္ဘောကြီးမှာ သင်္ဘောသားဦးရေ ဘယ်နှစ်ယောက် ပါသတဲ့လဲ'

'ငါးဆယ်ကျော်လောက်ရှိပါတယ်၊ လူစာရင်းအပြည့်အစုံကို ကျွန်တော် ရယူထားပါတယ်၊ မာလိန်မှူးအဖြစ် ကပ္ပတိန် အမ်းဘသရောင်းဆိုတဲ့ လူက ဦးစီးကွပ်ကဲပါတယ်၊ သူဟာ အတွေ့ အကြုံ ဝါရင့်ပြီး ရေကြောင်း အတတ်ပညာ အလွန်ထူးချွန်တဲ့ ဗိုလ်တဦးဖြစ်တယ်လို့ သင်္ဘောကုမ္ပဏီက ယူဆပါတယ်၊ နောက် တချက်က အဲဒီသင်္ဘောကြီးပေါ်မှာ အရာရှိတချို့ရဲ့ ဇနီးတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါတယ်၊ ဇနီးအမျိုးသမီး ငါးဦးနဲ့ ကလေးငယ် ခြောက်ယောက်တို့ရဲ့ စာရင်းပါ ကျွန်တော် ရရှိထားပါတယ်'

ဆာဂျင်စတုံးက ဤသို့ ပြောလိုက်လျှင် နီကိုလ်ဆန်သည် ချက်ချင်း သဘောပေါက်လာဟန်ဖြင့်....

'ဟင်.... အမျိုးသမီး ငါးဦးနဲ့ ကလေး ခြောက်ဦး ဆိုတော့ တကယ်လို့သာ အကြမ်းဖက်ဂိုဏ်းတဂိုဏ်းကသာ မိုနိုလစ်သင်္ဘောကြီးပေါ် တက်လိုက်ယင် မိန်းမနဲ့ ကလေးတွေကို ဓားစာခံအဖြစ် ဖမ်းထားလို့ သိပ်ကောင်းတာပေါ့'

ဟု ပြောလိုက်သည်။

'အခြေအနေအမှန်ကို သိရအောင် စုံစမ်းဖို့ နည်းလမ်းရှိပါတယ် ဆရာ၊ အခုဆိုယင် မိုနိုလစ် သင်္ဘောကြီးဟာ ဗြိတိသျှရေလက်ကြား ပင်လယ်ပြင် ပိုင်နက်ကို ရှောက်နေလောက်ပြီ၊ ဒီတော့ ကျွန်တော်တို့ရဲ့ ရေတပ်မတော်က ရဟတ်ယာဉ်တွေ လွှတ်ပြီး သင်္ဘောကြီးပေါ် ဆင်းကြည့်မယ်ဆိုယင် အမှန် သိရမှာပဲ'

ဆာဂျင်စတုံးက အကြံပေးသလို ပြောလိုက်သော်လည်း နီကိုလ်ဆန်သည် တမျိုး စိုးရိမ်မိလာပြန်သည်။

'ဒါလဲ မလွယ်သေးဘူးကွ၊ တကယ်လို့ ကျုပ်တို့စိုးရိမ်သလို ရေနံတင် သင်္ဘောကြီးကို အကြမ်းဖက်သမားတွေက အပိုင်စီးထားပြီဆိုယင် မလွယ်ဘူး၊ မိန်းကလေးနဲ့ကလေးတွေကို ဓားစာခံအဖြစ် ဖမ်းထားယင် ဘယ်လိုလုပ်မလဲ'

'ဒီလိုဆိုယင် ကျွန်တော်လဲ မပြောတတ်ဘူး'

'အေး....ဒါကြောင့် အထူးသတိထားပြီး လှုပ်ရှားဖို့လိုတယ်၊ သင်္ဘောကြီးပေါ်မှာ ဘာဖြစ်နေတယ်ဆိုတာ အမှန်ကို မသိရသေးပဲနဲ့ ကျုပ်တို့က ဟယ်လီကော့ပ်တာတွေနဲ့ ကွန်မန်ဒို တပ်သားတွေ လွှတ်လို့ မဖြစ်သေးဘူး'

* * *

မွန်းတည့်ချိန်တွင် တယ်လီဖုန်းလာပြန်လေသည်။

နီကိုလ်ဆန် ကိုယ်တိုင် တယ်လီဖုန်းကို ကောက်ကိုင် နားထောင်ရာ တဘက်မှ ဆက်သူမှာ အနောက်ဂျာမနီနိုင်ငံ မြူးနစ်မြို့မှ အကြမ်းဖက်မှုနှိမ်နင်းရေးအထူးတပ်ဖွဲ့အကြီးအကဲရဲမှူးကြီး ဘာရင်နာ ဖြစ်နေလေသည်။

'ဟဲလို....နီကိုလ်ဆန်လား၊ အခြေအနေက သတင်းထူးတယ်လို့ ထင်တယ်၊ ဒီနေ့မနက်ပဲ ကျုပ် ရှိုင်းလင်းသင်္ဘောပိုင်ရှင် ကုမ္ပဏီက ဒါရိုက်တာ လူကြီးနဲ့ ဆက်သွယ်ခဲ့တယ်၊ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို သိချင်လို့ ညာဏ်ဆင်ပြီး သင်္ဘောကုမ္ပဏီအနေနဲ့ မိုနိုလစ်သင်္ဘောကြီးကို ရေဒီယိုဆက်သွယ်ခိုင်းလိုက်တယ်။

'ရိုင်းလင်းသင်္ဘော နှစ်မြုပ်ခဲ့ပုံ အသေးစိတ်ကို သိလိုကြောင်း ပြီးတော့ အဲဒီသင်္ဘောရဲ့ မာလိန်မှူး ကပ္ပိတန် ရှရိဘာရဲ့ဇနီးက သူ့ခင်ပွန်းအတွက် အထူးစိုးရိမ်နေလို့ အကြောင်း ပြန်ကြားစေချင်ကြောင်း ရေဒီယိုနဲ့ သတင်းပို့ခိုင်းလိုက်တယ်။

'မိုနိုလစ် သင်္ဘောကြီးကလဲ ချက်ချင်းလိုပဲ ရေဒီယိုနဲ့ အကြောင်းပြန်လိုက်တယ်၊ ရိုင်းလင်းသင်္ဘောက မသေပဲ ကျန်တဲ့ သူစာရင်းမှာ ကပ္ပိတန်ရှရိဘာရဲ့နာမည် ထိပ်ဆုံးက ပါလာတယ်၊ ပြီးတော့ ကပ္ပိတန် ရှရိဘာက သူ့ဇနီးကို သူဟာ ကျန်းမာချမ်းသာစွာ ရှိကြောင်း မကြာခင် လူချင်း ပြန်တွေ့ရတော့မယ် အကြောင်း တဆင့်ပြောပေးပါ လို့လဲ အဲဒီ ရေဒီယို သတင်း ပို့ချက်မှာ ပါလာတယ်'

နီကိုလ်ဆန်က ဘာမှပြန်မပြောပဲ နားထောင်နေစဉ် ဘရင် နာကပင် ဆက်၍....

'တကယ်တော့ ကပ္ပိတန် ရှရိဘာရဲ့ဇနီးက မရှိတော့ဘူး၊ ဟို လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က နှလုံးရောဂါနဲ့ ဆုံးသွားရှာပြီ၊ ဒီတော့ မိုနိုလစ်သင်္ဘောက ပြန်သတင်းပို့လိုက်တာဟာ မှုမှန် ကြောင်း ထင်ရှားမနေဘူးလား၊ ကပ္ပိတန် ရှရိဘာသာ အမှန် အသက်ရှင်နေယင် ဒီလို အကြောင်းပြန်ပါ့မလား၊ မိုနိုလစ် သင်္ဘောပေါ်ကလူတွေက ကပ္ပိတန် ရှရိဘာရဲ့ဇနီး ကွယ်လွန်ပြီ ဆိုတာ မသိလို့ဖြစ်ရမယ်၊ ဒါကြောင့် မိုနိုလစ်သင်္ဘောကြီးပေါ် မှာ တခုခု ဖြစ်နေပြီထင်တယ်'



'ကျေးဇူး တင်ပါတယ်၊ ဒီအကြောင်းကို ဆာအယ်လိတ် ဗန္ဒားကို ချက်ချင်းအကြောင်းကြားလိုက်ပါမယ်၊ နောက်ထပ် အကြောင်းထူးယင် ခင်ဗျားကို ပြန်ဆက်သွယ်ပါမယ်'

ထိုမျှနှင့်ပင် နီကိုသ်ဆန်သည် စကားဖြတ်လိုက်ပြီးနောက် ဆာဂျင် စတုံးအား လှည့်၍ပြောလေသည်။

'သင်္ဘောကြီးပေါ်က အခြေအနေကို ခုတော့ သိရပြီကွ'

www.burmeseclassic.com

## အခန်း ၁၅

မိန္နီလစ် သင်္ဘောကြီးသည် ဗြိတိသျှရေလက်ကြား ပင်လယ်ကို ဖြတ်ကျော်ခုတ်မောင်းရာတွင် အချိန်နှစ်ဆယ့်လေးနာရီခန့် ကြာ အောင် ခုတ်မောင်းရလေသည်။

ပင်လယ်ပြင်၏ ရာသီဥတုအခြေအနေက ကောင်းလာပြီ ဖြစ်၍ လှိုင်းတံပိုးကြီးများမရှိပဲ လှိုင်းအနည်းငယ်သာ ရှိလေ သည်။

သို့သော် ရေလက်ကြားက ကျဉ်းမြောင်း လာချိန်တွင် သင်္ဘောကြီးအား ချောမောစွာ ထိန်းမောင်းနိုင်ရန် အတွက် မာလိန်မှူး ကပ္ပိတန် အမ်းစထရောင်းနှင့်ပထမအရာရှိ ဖရေဇာ



တို့ နှစ်ဦးစလုံးက ကုန်းပတ်ဦးပိုင်းတွင် တောက်လျှောက်တာဝန် ယူနေကြလေသည်။

ဒုတိယအရာရှိ ဒီဗာရယ်သည်လည်း ရေဒါကိရိယာအနီးတွင် ရှိနေကာ ပတ်ဝန်းကျင်ပင်လယ်ပြင်ရှိ အခြား သင်္ဘောများ၏ သွားလာ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေ လေသည်။

သင်္ဘောကြီးသည် ဒိုဗာရေလက်ကြားသို့ရောက်လျှင် မှောင်စ ပြုလာပြီဖြစ်သည်။ ဒိုဗာနှင့်ပြင်သစ်ပြည် ကယ်လေ ဆိပ်ကမ်းမြို့ အကြား ပင်လယ်ပြင်သို့ရောက်သောအခါ ညသန်းခေါင်ယံ ရှိလု ပြီဖြစ်သည်။

ထိုနေရာကား သင်္ဘော အသွားအလာ အလွန်များသော ရေကြောင်းလမ်းဖြစ်လေသည်။

အကြမ်းဖက် ဂိုဏ်းခေါင်းဆောင် ဟာဆန်သည် ပိုမိုကျယ် ဝန်းသော နော့သ်သီး ပင်လယ်ပြင်သို့ ရောက်သည်အထိ ဘာမှ မလုပ်သေးပဲ အချိန်နှစ်နာရီခန့် စောင့်နေပြီးမှ ဂျပန် တာကာဂီ နှင့် တိုင်ပင်ဆွေးနွေးလေသည်။

ထို့နောက် သူတို့နှစ်ဦးသည် ကပ္ပိတန်ကြီးနှင့် ဖရေဇာတို့ အနီးသို့ ချဉ်းကပ်လာကြလေသည်။

'ကိုင်း....အချိန် ရောက်လာပြီ၊ ကျုပ်တို့က မနက် အရုဏ် မတက်မီ လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြီးအောင်လုပ်ရမယ်၊ ကပ္ပိတန် ကြီးက ဒီကုန်းပတ်ဦးပိုင်းမှာပဲ ဆက်တာဝန်ယူနေရမယ်၊ ပထမ အရာရှိကြီးကတော့ ကျုပ်တို့နဲ့အတူ လိုက်ခဲ့ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟာဆန်က ပြောလိုက်ရာ ကပ္ပတိန် အမ်းစထရောင်းက....

'ဘာအတွက် အချိန် ရောက်တာလဲ၊ ဘာ ပြင်ဆင်မှုတွေ လုပ်မှာလဲ'

ဟု ခပ်တည်တည် ပြန်မေးလိုက်သည်။

'ခင်ဗျား ဒီနေရာကနေပြီးသာ ကြည့်နေပါ၊ မြင်ရပါလိမ့်မယ်'

ဟာဆန်က ပြန်ပြောလိုက်သည်။

သူသည် ကပ္ပတိန်ကြီး စကားပြောပုံလေသံကို သဘော မကျပဲ ဒေါသ ထွက်မိသော်လည်း သူ့ကိုယ်တိုင်က အတော် ပင်ပန်း နွမ်းနယ်နေပြီဖြစ်၍ ဒေါသကို ချုပ်ထိန်းလိုက်သည်။

သူ၏အဖွဲ့သား ဖာရပ်ကျူနှင့် ရှီဖစ်တို့ နှစ်ယောက်အား ကုန်းပတ် ဦးပိုင်းတွင် တာဝန်ယူ စောင့်နေရန် အမိန့် ပေးလိုက်ပြီး နောက် ဖရေဇာအား သေနတ်ဖြင့်ချိန်လျက် သူတို့နှင့်အတူ လိုက်ခဲ့ရန် အမိန့်ပေးလေသည်။

ဖရေဇာလည်း အခြေအနေအရ မည်သို့မျှ ငြင်းဆန်၍ မဖြစ်သောကြောင့် ဘာမှ ပြန်မပြောတော့ပဲ လျှောက်ထွက်လာသည်။

ဟာဆန်နှင့် တာကာကီတို့က နောက်မှလိုက်ပြီး ဖရေဇာက ရှေ့မှနေကာ ကပ္ပတိန်ကြီး၏ အိပ်ခန်း သို့ သွား ရလေသည်။

အခန်းထဲတွင်ကား ဂျပန် အကြမ်းဖက်သမား အိုဒူဆူသည် ဒူးကျည်ထိပ်ဖူးလက်နက်ပါသော သေတ္တာကြီးကို စောင့်နေရာ



ဖရေဇာ ဝင်သွားသည်နှင့် မရှင်းပစ္စတိုသေနတ်ဖြင့် ချိန်ထား လိုက်သည်။

နောက်မှလိုက်ဝင်လာသူ ဟာဆန်နှင့်တာကာကီတို့ကို မြင်မှ သူသည် စိတ်ချသွားပုံရလေသည်။

ဟာဆန်သည် အိုဒူဆူအား ရေဒီယိုစက်ခန်းသို့ သွားတာဝန် ယူပြီး ယိုတာရိုကို လွှတ်လိုက်ရန် အမိန့်ပေးလိုက်လေသည်။

မကြာမီ ယိုတာရို ရောက်ရှိလာရာ ဟာဆန်သည် ဖရေဇာ အား ပြုံးကြည့်ယင်း သေတ္တာကြီးကို ညွှန်ပြလိုက်သည်။

'ကိုင်း....ပထမ အရာရှိကြီး ခင်ဗျား.... ခင်ဗျား ကိုယ်တိုင် ဒူးကျည်ထိပ်ဖူးလက်နက်သေတ္တာကို ပြင်ဘက် ကုန်းပတ်ကိုသယ် ယူသွားလိုက်ပါ'

ဖရေဇာလည်း မည်သို့မျှမတတ်နိုင်ပဲ သေတ္တာကြီး ကို ဆွဲယူ၍ ပြင်ဘက်သို့ ထွက်လိုက်ရလေသည်။

ပြင်ဘက် ကုန်းပတ်တွင်ကား ပင်လယ်ပြင်ကို ဖြတ်သန်း တိုက်နေသော လေက အတော်ပင် အေးနေလေသည်။

ဂျပန် တာကာကီသည် ရှေ့ဆုံးမှ လျှောက်ပြီး ကုန်းပတ် အလယ်ရှိ သံမဏိပိုက်ကြီးများ ရှိရာ သို့ သွားလေသည်။ ထိုမှ တဆင့် ရေနံများ သိုလှောင်ထားရှိရာ တိုင်ကီကြီးများ ရှိရာသို့ ဆက်သွားပြန်လေသည်။

ရေနံသိုလှောင်သည့် ပင်မတိုင်ကီကြီး အနီးသို့ ရောက်လျှင် တာကာကီက

'ဒီနေရာဆိုယင် တော်လောက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ဟာဆန်က ဖရေဇာအား သေတ္တာကြီးကို ချခိုင်းလိုက်သည်။

ဂျပန် ယိုတာရိုသည် သေတ္တာကြီးကို ဖွင့်လိုက်ပြီး အတွင်းရှိ ဒိုးကျည်ထိပ်ဖူး လက်နက်ကို အထူးသတိထားလျက် စစ်ဆေးကြည့်ရှုလေသည်။

သူ၏ လက်ပတ်နာရီကို ကြည့်ပြီးနောက် ဒိုးကျည်လက်နက်တွင် တစုံတခု ချိန်ကိုက်သည်။ [အချိန်ကိုက်ဗုံး ပေါက်ခွဲရန် အချိန်ကို သတ်မှတ်၍ ချိန်သကဲ့သို့ ဖြစ်သည်။]

ထို့နောက် ဒိုးကျည်မှ ခလုတ်တခုကိုနှိပ်လိုက်ရာ ဒိုင်ခွက်တွင် အနီရောင် မီးလင်းလာလေသည်။

ယိုတာရိုသည် ကျေနပ်သဘောကျသွားဟန်ဖြင့် ပြုံးလိုက်ပြီး တာကာကီအား ဂျပန်ဘာသာဖြင့် တစုံတခုပြောလိုက်သည်။

'ကျုပ်တို့ ကြိုးတခွေနဲ့ ဆီစိမ်တာလပတ်တခု လိုတယ်'

တာကာကီက အင်္ဂလိပ်လိုဘာသာပြန်၍ပြောလိုက်ပြီးနောက် ဟာဆန်က ဖရေဇာဘက်သို့ လှည့်၍ ပြောပြန်သည်။

'သင်္ဘောကုန်းပတ်မှူးရဲ့ စတိုခန်းထဲမှာ ပစ္စည်းတွေ အစုံရှိတယ်မဟုတ်လား၊ ခင်ဗျားကိုယ်တိုင် အဲဒီ စတိုခန်းကို ဖွင့်ပြီး ကျုပ်တို့ လိုအပ်တဲ့ ပစ္စည်းတွေအပြင် ဒီတိုင်ကီကြီးအဖုံးကို ဖွင့်ဖို့ ကိရိယာတွေကိုပါ ယူပေးရမယ်'

ဟာဆန်က သေနတ်ဖြင့် ချိန်၍ ပြောလေရာ ဖရေဇာလည်း မည်သို့မျှ မတတ်နိုင်ပဲ ကုန်းပတ်မှူး၏ စတိုခန်းရှိရာသို့ လျှောက်သွားရလေသည်။



ဟာဆန်က သူ၏နောက်မှ သေနတ်ဖြင့်ချိန်လျက် ထက်ကြပ်လိုက်လာလေသည်။

စတိုခန်းသို့ရောက်သောအခါ ဖရေဇာက အခန်းတံခါးကို ဖွင့်၍ အတွင်းသို့ ဝင်လိုက်သည်။

အခန်းတွင်း၌ မှောင်နေရာ ဟာဆန်ပါ လိုက်ဝင်လာပါစေဟု စိတ်ထဲမှ မျှော်လင့်မိလေသည်။

အကယ်၍ ဟာဆန်ပါ လိုက်ဝင်လာပါက စတိုခန်းထဲမှ ပစ္စည်း တခုခုကို လက်နက်အဖြစ် အသုံးပြု၍ ဟာဆန်အား တိုက်ခိုက်ရန် စိတ်ကူးမိလေသည်။

သို့ရာတွင် ဟာဆန်က အကင်းပါးသူဖြစ်၍ လိုက်ဝင်မလာပဲ တံခါးဝတွင်သာ ရပ်နေလိုက်သည်။

'အခန်းထဲက မီးကို ဖွင့်လိုက်ပါ၊ ခင်ဗျား အထဲမှာ ဘာလုပ်နေတယ်ဆိုတာ ကျုပ် ကြည့်နေချင်တယ်'

ဖရေဇာလည်း စိတ်ပျက်စွာနှင့်ပင် လျှပ်စစ် မီးခလုတ်ကို ဖွင့်လိုက်ရလေသည်။

သည်တော့မှ ဟာဆန်သည် အခန်းတွင်းသို့ ဝင်လာပြီး ဖရေဇာအား သေနတ်ဖြင့် ချိန်ထားလျက် အခန်းတွင်းရှိ ပစ္စည်းများကို လှည့်ပတ်ကြည့်လေသည်။

'အဲဒီကြိုးခွေဆိုယင် ရပြီ၊ ဟိုဘက်မှာ ခေါက်ထားတဲ့ ဆီစိမ်တာလပတ်ကိုပါ ယူရမယ်၊ ပြီးတော့ တိုင်ကီအဖုံးကို ရိုက်ဖွင့်ဖို့ တူတလက်ပါ ယူလာခဲ့ပါ'

ဟာဆန်က အမိန့်ပေးသည့်အတိုင်း ဖရေဇာသည် ပစ္စည်းများကို ယူလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင်ဘက်သို့ ပြန်ထွက်ချေ၍ သူ၏ လက်မှ တူကြီးကို လက်နက်အဖြစ် အသုံးပြု၍ ဟာဆန်အား တိုက်ခိုက်ရလျှင် ကောင်းမည်လောဟု စိတ်ကူးမိသေးသည်။

သို့သော် မိမိက လှစ်ရှားသည်နှင့် ဟာဆန်က ပစ္စတိုသေနတ်နှင့် ပစ်လိုက်မည်မှာ သေချာနေပေသည်။

ထို့ကြောင့် ဖရေဇာသည် ဘာမှ မလုပ်ပဲ တကာတက်နှင့် ယိုတာရိုတို့ ခေါင်ငြိမ်း[illegible] ပြန်[illegible]လာသည်။

ဂျပန် အကြမ်းဖက်သမား နှစ်ဦးသည် တာလပတ်ကို ယူ၍ ကုန်းပတ် ကြမ်းပြင်ပေါ်၌ ဖြန့်ခင်းလိုက်ကြသည်။

ထိုအချိန် ယိုတာရိုက [illegible]ကျည် ထိပ်ဖူးလက်နက် ပါသော သေတ္တာကို ပြန်ပိတ်ထားလိုက်ပြီ ဖြစ်သည်။

သူသည် သေတ္တာကို ဖြန့်ခင်းထားသော တာလပတ်ပေါ် အလယ်တွင် ချလိုက်ပြီးနောက် တာလပတ်ဖြင့် သေတ္တာကို သေချာစွာ စေ့ပတ် ထုပ်လိုက်သည်။

ဤသို့ ဖိနိပ်တာလပတ်ဖြင့် သေသပ်စွာ ရစ်ပတ်လိုက်သော အခါ ဒုံးကျည်လက်နက်သေတ္တာသည် ဆီရောင်ရေပါ လုံခြုံသည့် အထုပ်ကြီးတခု ဖြစ်သွားလေသည်။

ထို့နောက် ဂျပန် နှစ်ဦးက အသင့်ရှိနေသော ကြိုးဖြင့် တာလပတ်အထုပ်ကို ခိုင်မြဲစွာ ချည်နှောင်လိုက်ကြသည်။

'ဆီတိုင်ကီကြီးရဲ့ အဖုံးကို ဖွင့်လိုက်ပါ'

ဟာဆန်က အမိန့်ပေးလိုက်ရာ ဖရေဇာသည် ထောင်းကန် ဒေါသထွက်မိလေသည်။



သို့သော် မည်သို့မှ မတတ်နိုင်ပဲ ထူကို အသုံးပြုလျက် တိုင်ကီ အဖုံးကို ဖွင့်ရလေတော့သည်။

အဖုံးပွင့်သွားသည်နှင့် တိုင်ကီအတွင်းမှ ရေနံဓါတ်[illegible]နံ့သည် ထောင်းကနဲ ထွက်ပေါ်လာ[illegible]သည်။

ရေနံငွေ့များက [illegible]

မီးတချက်ဖြင့်လိုက်ပါ[illegible]

ပေါက်ကွဲကြီး ဖြစ်[illegible]သည်။

ဂျပန် အကြမ်းဖက်သမား တကာတက်နှင့် ယိုတာရိုတို့သည် ဒုံးကျည်လက်နက် သေတ္တာကြီးကို သတိထား[illegible] တိုင်ကီအတွင်းသို့ တဖြည်းဖြည်း ချလိုက်ကြသည်။

တာလပတ်ဖြင့် ထုပ်ထားသော သေတ္တာကြီးသည် ရေနံဓါတ်များ အောက်သို့ တဖြည်းဖြည်း နစ်သွားလေသည်။

ရေနံဆီသို့ ဆယ်ဂါလံ[illegible]

ကီသည် [illegible] တိုင်ကီအနှံး အတွင်းဘက် တနေရာ တွင် ခိုင်မြဲစွာ [illegible]သည်။

ဤတွင် ဟာဆန်သည် [illegible]

ရှင်းပြလေသည်။

'ဒီသို့ ကျုပ်တို့ အကြံ[illegible] အိုင်အာရ်ရှိအေလို့ ခေါ်တဲ့ အိုင်ယာလန် အကြမ်းဖက်[illegible]က တဆင့် စိတ်ကူး ရခဲ့တာပဲ၊ အိုင်ယာလန်ပြည်မှာတုန်းက သူတို့က ခဲတံဆီတိုင်ကီထဲမှာဗုံးကို ပလတ်စတစ်နဲ့ ထုပ်ပြီး ထည့်ထားကြတယ်၊ ကျုပ်တို့က အဲဒီ နည်းကိုကြည့်ပြီး သူတို့ထက် သာတဲ့နည်းကို တီထွင်လိုက်ကြ တယ်၊ ဒါကြောင့် ကျုပ်တို့က အိုင်ယာလန်ပြည်က လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆက် အဆပေါင်းများစွာသာပြီး အောင်မြင်မှုရမှာ သေချာတယ်'

* * *

သင်္ဘောကုန်းပတ် ဦးပိုင်းမှနေ၍ လှမ်းကြည့်နေသူ မာလိန်မှူးကြီး ကပ္ပိတန် အမ်းစသရောင်းသည် အကြမ်းဖက်သမားများ၏ လုပ်ရှားမှုအားလုံးကို မြင်နေရသဖြင့် ချက်ချင်း အစီပွာယ်ကို ရိပ်မိလေသည်။

ထို့ကြောင့် ကုန်းပတ်ဦးပိုင်းသို့ အားလုံး ပြန်လာကြသောအခါ ကပ္ပိတန်ကြီးက ဟာဆန်အား....

'ခင်ဗျားတို့ရဲ့ လက်နက်က ဘယ်အချိန်မှာ ပေါက်ကွဲမှာလဲ'

ဟု မေးလိုက်သည်။

'ဒီသင်္ဘောကြီးဟာ ဥရောပတိုက်ရဲ့ ရေနံဆိပ်ကမ်းမြို့ကို မှန်းတည့်ချိန်မှာ ရောက်ဖို့ရှိတယ် မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့ရဲ့ ဒုံးကျည်လက်နက်ကို ဟိုရောက်ပြီး နောက်တနာရီ အကြာမှာ ပေါက်ကွဲဖို့ အချိန်ကိုက်ထားတယ်၊ ဒီတော့ ကပ္ပိတန်ကြီးတို့ရဲ့ သင်္ဘောကြီးဟာ ရည်မှန်းထားတဲ့အချိန်ရောက်သွားယင် ခင်ဗျားတို့ သင်္ဘောပေါ်ကလူတွေ ရှောင်တိမ်းထွက်ခွာဖို့အချိန် တနာရီ



လောက် ရလိမ့်မယ်၊ ကျုပ်တို့အဖွဲ့ကတော့နောက်ဆုံး အချိန်ထိအောင် သင်္ဘောပေါ်မှာ နေကြမယ်'

ဟာဆန်က ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

'တနာရီတည်းဆိုယင် အချိန် မလုံလောက်ဘူး၊ ကျုပ်က ဆိပ်ကမ်း အာဏာပိုင်တွေဆီ လှမ်းအကြောင်းကြားပြီး အနီးအနား ပတ်ဝန်းကျင်မှာ လူတွေမရှိအောင် ရှင်း ထား ဖို့လဲ လုပ်ရမယ်၊ ဒါကြောင့် တနာရီဆိုတဲ့ အချိန်က နည်းလွန်းတယ်'

ကပ္ပိတန်ကြီးက အရေးဆိုလိုက်သော်လည်း ဟာဆန်သည် လက်မခံဟန်ဖြင့် ခေါင်းခါလိုက်သည်။

'ကျုပ်တို့အနေနဲ့ အချိန်တနာရီပဲ ပေးနိုင်တယ်'

ဟာဆန်က ဤသို့ ပြောလိုက်သဖြင့် ကပ္ပိတန်ကြီးသည် ဒေါသထွက်လာသျက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မိသည်။

သို့သော် သူသည် မည်သို့မှမတတ်နိုင်ကြောင်း စဉ်းစားမိပြန်လေသည်။

'ခင်ဗျားတို့က ကျုပ်တို့ရဲ့ သင်္ဘောကြီးကို ဖောက်ခွဲဖျက်ဆီးမယ့်အပြင် အဏုမြူ ညှုကလီယာဗုံး ခွဲသလို ပေါက်ကွဲမှုကြီးဖြစ်အောင်လုပ်တာ ဘာကြောင့်လဲ၊ ဘာကြောင့် လုပ်တာလဲ'

ကပ္ပိတန် အမ်းစသရောင်းက မေးလိုက်လျှင် ဟာဆန်က ခပ်တည်တည်ဖြင့် ပြန်ဖြေလေသည်။

'ဘာကြောင့်ဆိုတာ ကျုပ် ရှင်းပြမယ်၊ အခု နယ်သာလင်နိုင်ငံ အမ်စတာဒမ်မြို့မှာ ကျင်းပနေတဲ့ နေတိုး မဟာမိတ်စ...

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်နိုင်ငံတွေနဲ့ ဝါဆောစာချုပ် အဖွဲ့ဝင်နိုင်ငံတွေ ညှိနှိုင်းအစည်းအဝေးကြီး ပျက်သွားအောင်သို့ပဲ။ သူတို့က ဥရောပမှာရှိတဲ့ စစ်အင်အားကို လျှော့ချပြီး ငြိမ်းချမ်းရေးအတွက်နှစ်ဘက်လုံးက ညှိနှိုင်း ဆွေးနွေးကြမယ်။

'အဲဒီလို ညှိနှိုင်းဆွေးနွေးကြတာကို ကျုပ်တို့က မအောင်မြင်စေချင်ဘူး။ နယ်သာလန်နိုင်ငံဟာ တိုင်းပြည်ငယ်တခုသာ ဖြစ်တယ်၊ ဒါကြောင့် သူတို့ရဲ့ ဒီပိုက်ကမ် မြို့တော်မြို့မှာ အခုလို အကြီးအကျယ် ပေါက်ကွဲမှုကြီး ဖြစ်လိုက်ရင် သူတို့ရဲ့ လုံခြုံရေးနဲ့ ရဲတပ်ဖွဲ့တွေဟာ ကမောက်ကမများ ဖြစ်သွားလိမ့်မယ်။

'ပင်လယ်ကမ်းခြေက ပေါက်ကွဲမှုရဲ့အသံကိုလဲ အမ်စတာဒမ်မြို့က ကောင်းကောင်းကြားရလိမ့်မယ်၊ အဲဒီအချိန်မှာပဲ ကျုပ်ကြိုသတ်ပြတ်မယ့် လက်ရွေးစင် အဖွဲ့တွေက အစည်းအဝေး တက်ရောက်လာတဲ့ ကိုယ်စားလှယ်တချို့ကို လုပ်ကြံလိမ့်မယ်၊ ဒီနည်းအားဖြင့် ဥရောပတိုက်မှာ ငြိမ်းချမ်းရေးဆိုတာ ရှိနိုင်မှာမဟုတ်ဘူး'

'ကျုပ်တို့က အင်္ဂလိပ်ဖက်မှာကို ကြီးကြီး ကျယ်ကျယ် လုပ်တာ ဘာကြောင့်လဲလို့ ခင်ဗျားသာ မေးရင် ကျုပ်ဟာ ပါလက်စတိုင်း(အာရပ်)လူမျိုးတဦး ဖြစ်တဲ့အတွက် ကျုပ်တို့ လူမျိုးတွေအဖို့ ဘာမှမျှော်လင့်ချက်မရှိတော့လို့၊ ဒီလိုလုပ်ရတာပဲလို့ ဖြေရလိမ့်မယ်'

ဟာဆန်၏စကားကို ကပ္ပတိန် အမ်းစထရောင်းက ခေတ္တစဉ်းစားနေမိလေသည်။



သူတို့ကိုယ်သူတို့ မျှော်လင့်ချက်မရှိတော့ဟု ပြဆိုသော ပါလက်စတိုင်း လူမျိုးအားအခုဖြင့် အမှန်တကယ်ကိုပင် စဉ်းစားနိုင်ယိမ်မဟုတ်၊ အကြောင်းအကျိုး ဆင်ခြင်၍ နားလည်နိုင်မည်မဟုတ်ဟုလည်း စဉ်းစားမိလေသည်။

ထိုကျင့် ... ... ... ... ... ပြောဆိုလာသော သမား အယူအဆ ဝါဒီကျိုးအကျိုးကို လိုက်လျှောရန် သည်းခံမှု ရှိလေ။

သို့ကြောင့် သူသည် ဟာဆန်အား ခပ်ကျည်ကျည် ရှုစိုက်လိုက်သည်။

'ခင်ဗျားတို့ခိုင်းသလို ကျုပ်က မလုပ်နိုင်ဘူး၊ ဒီသင်္ဘောကြီးကို ရေခံဒဏ် ဆိပ်ကမ်းဘက် မောင်းမသွားပဲ နေ့ခင်းဘက် ပင်လယ်ပြင်ကို ဆောက်လျှောက် ခုတ်မောင်းသွားမယ်၊ ကျုပ် ဒီတိုင်းဆုံးဖြတ်တယ်'

ကပ္ပတိန်ကြီး၏စကားကို ကြားလျှင် ဟာဆန်သည် လုံးဝ စိုးရိမ်ပူပန်ပုံမရချေ။

'ကပ္ပတိန်ကြီးခင်ဗျား၊ သေသေချာချာလဲ စဉ်းစားပါဦး၊ ကျုပ်တို့ ခိုင်းတာကို ငြင်းဆန်ရင် ခင်ဗျား အသက်သေရမှာပဲ၊ ခင်ဗျားရဲ့ ပထမ အရာရှိဟာလဲ အလားတူ သေရလိမ့်မယ်၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ ဒုတိယအရာရှိကတော့ မသေရဘူး'

ဤတွင် ဟာဆန်သည် ဒုတိယအရာရှိ ဒီဗာရယ်အား လှမ်းကြည့်လိုက်ပြီးမှ ကပ္ပတိန်ကြီးအား ဆက်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကပ္ပိတန်ကြီးကို သတိပေးရမယ်ဆိုယင် ကျုပ်တို့က သင်္ဘောသားတဦးကို ခေါင်းဖြတ်ကွပ်မျက်ပြီး တတိယအရာရှိ ဖီးလစ်ကို အကျပ်ကိုင်နိုင်ခဲ့တယ် မဟုတ်လား။ အခုလဲပဲ ဒုတိယအရာရှိကို အလားတူ အကျပ်ကိုင်ရမှာပဲ၊ အယင်ဆုံး ဒုတိယအရာရှိရဲ့ မျက်စိ ရှေ့မှောက်မှာ ကပ္ပိတန်ကြီးကို ကွပ်မျက်မယ်၊ ပြီးတော့ ပထမ အရာရှိကို ကွပ်မျက်မယ်၊ အဲဒီနောက်ပိုင်း အမျိုးသမီးတွေကိုပါ ဒီကို ခေါ်ထုတ်လိုက်မယ်'

ဟာဆန်သည် စကားကို ခေတ္တဖြတ်ထားလိုက်ပြီးမှ ခပ်တည်တည် ဆက်ပြောပြန်သည်။

'အမျိုးသမီးတွေထဲမှာ ဒုတိယအရာရှိရဲ့ ဇနီးလဲ ပါဝင်နေတယ်ဆိုတာ ကပ္ပိတန်ကြီး အသိပဲ မဟုတ်လား၊ ဒုတိယအရာရှိ အနေနဲ့ သူ့မျက်စိရှေ့မှောက်မှာ လူတယောက်ပြီး တယောက် ချပ်ဆာမူရိုင်း ခါးရှည်နဲ့ ခေါင်းဖြတ် ကွပ်မျက်ခံနေရတာကို ဘယ်လောက်ကြာကြာ ကြည့်နေနိုင်မှာလဲ၊ ဒါကြောင့် သူဟာ နောက်ဆုံး ကျုပ် ခိုင်းတာကို လိုက်နာရမယ် မဟုတ်လား'

ဒုတိယအရာရှိ ဒီဗာရယ်သည် အံ့အားသင့် ကုန်လှုပ်လှုန်း သဖြင့် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

ကပ္ပိတန်ကြီးသည်လည်း ဟာဆန်အနေဖြင့် သူ ခြိမ်းခြောက်သည့်အတိုင်း တကယ်လုပ်မည်မှာ သေချာကြောင်း အကဲခတ်မိ



လေရာ ဆက်လက်ငြင်းဆန်ရန် မဖြစ်နိုင်တော့ကြောင်း စဉ်းစားမိ လေသည်။

* * *

နံနက်မိုးသောက်ချိန်တွင် ပင်လယ်ပြင်၏ရာသီဥတုအခြေအနေမှာ မပြောင်းလင့်ပဲ အထူးကောင်းမွန် သာယာနေလေသည်။

မိုနိုလစ် သင်္ဘောကြီးသည် ကမ်းခြေနှင့် နီးလာပြီ ဖြစ်၍ စင်ရော်ငှက်များ မြူးထူးကာ ပျံဝဲနေကြသည်ကိုလည်း မြင်နေရပြီ ဖြစ်လေသည်။

ထိုအချိန်၌ သင်္ဘောကြီးမှာ ဘယ်လ်ဂျီယံ ကမ်းခြေကို ဖြတ်ကျော်လျက် နယ်သာလင် (ဟော်လန်) နိုင်ငံ ကမ်းခြေ ဆီသို့ ဆက်လက်ခုတ်မောင်းလျက်ရှိလေသည်။

မာလိန်မှူးကြီး ကပ္ပိတန် အမ်းဝတရောင်းနှင့် ပထမအရာရှိ ဖရေ့ဇာတို့သည် ကုန်းပတ် ဦးပိုင်းတွင် ရပ်နေကြယင်း သူတို့ ရင်ဆိုင်နေရသော အကျပ်အတည်းမှ လွတ်မြောက်ရန် မည်သို့ ကြံရပါမည်နည်းဟု အမျိုးမျိုး စဉ်းစား ကြံစည် နေကြလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဟာဆန် အမှုပြုသော အကြမ်းဖက်သမားများ အား နိုင်အောင် တုံ့ပြန် လုပ်ရှားနိုင်မည့်နည်းလမ်းကို စဉ်းစား၍ မရချေ။

* * *

သင်္ဘောကြီး၏ ဆလွန်းအခန်းထဲတွင် ဇာကားရိုးယားနှင့် အ... သည် အမျိုးသမီးနှင့် ကလေးများအား မျက်ခြည်မပြတ် သတိ ထား၍ စောင့်ကြည့်နေကြလေသည်။

ကလေးများမှာ အနေအထိုင် ကျဉ်းကျပ်၍ ဂနာမငြိမ် ဖြစ်နေသလို အမျိုးသမီးများမှာလည်း စိတ်တုန်လှုပ်ချောက်ချား ခြင်း၏ဒဏ်ကို အလူးအလဲခံနေရသဖြင့် ဣန္ဒြေမဆည်နိုင်အောင် ဖြစ်နေကြရှာသည်။

ကလေးများကိုပင် ချော့မော့နှစ်သိမ့်ခြင်း မပြုကြတော့ပဲ အစားအသောက်ကိုလည်း မည်သူမှ စားချင်စိတ် မရှိကြ တော့ချေ။

သူတို့အတွက် အန္တရာယ်တစုံတရာမဖြစ်စေချင်၍သာ သင်္ဘော သား အရာရှိများက ပြန်လည်ခုခံခြင်း မပြုကြကြောင်းကိုလည်း



သိကြသဖြင့် အမျိုးသမီးများသည် ပို၍ စိတ်မကောင်း ဖြစ်နေမိ ကြလေသည်။

အသက်အကြီးဆုံးဖြစ်သူ အင်္ဂလိပ်နိုယာချုပ်ကတော် အယ်လစ်ဇဘက်သည် သူ့အနေဖြင့် တခုခု လုပ်သင့်သည်ဟု ယူဆမိ သော်လည်း ဘာလုပ်ရမှန်း စဉ်းစား၍ မရချေ။

ဒုတိယအရာရှိကတော် ဆူသည်လည်း မိမိတို့အနေဖြင့် တခုခု လုပ်သင့်သည်ဟု ယူဆမိသဖြင့် ဘာလုပ်ရပါမည်နည်းဟု စဉ်းစား နေလေသည်။

သူမသည် စဉ်းစားယင်း အကြံတခုစိတ်ကူးရလာရာ အယ်လစ် ဇဘက်နှင့် တိုင်ပင်ဆွေးနွေးလိုသော်လည်း အာရပ် အကြမ်းဖက် သမားများက အမျိုးသမီးအချင်းချင်း တီးတိုးစကားမပြောရန် တားမြစ်ထားသဖြင့် ခက်နေပြန်သည်။

ဆူ၏ အကြံကား အကြမ်းဖက်သမား ဇာကားရိုးယားအား မိန်းမတို့မာယာဖြင့် မြှူဆွယ် ဖြားယောင်းရန်ပင် ဖြစ်သည်။

ထိုသို့ ဖြားယောင်းပြီး ဇာကားရိုးယားကို အိပ်ခန်းတခန်းသို့ ခေါ်သွားနိုင်ပါက မိမိတို့အနေဖြင့် ရုတ်တရက် တိုက်ခိုက်၍ ပစ္စတိုသေနတ်ကို လုယူမည်ဟု စိတ်ကူးမိလေသည်။

သို့သော် သေနတ်ကို လုယူ၍ ရရှိပြီး နောက် ဘာဆက်လုပ် ရမည်ကိုကား သူမသည် စဉ်းစား၍ မရချေ။

မည်သို့ပင်ဖြစ်စေ၊ ဤနည်းအားဖြင့် မိမိတို့အားလုံး လွတ် မြောက်ရေးအတွက် လမ်းစတခုဖြစ်လာနိုင်သည်ဟု ယူဆမိသဖြင့် ဆူသည် သူမ၏ လှပပြည့်ဖြိုးသော ပေါင်တံများ အနည်းငယ် ပေါ်နေအောင် ဂါဝန်ကို မသိမသာ မ,တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာကားရီးယား ဆိုသူလည်း ချက်ချင်းသတိပြုမိကာ ဆူအား ငေးစိုက်ကြည့်နေလေသည်။

သူ၏ ဟန်အမူအရာကလည်း ဘောင်တ တပ်မက်သည့် ဆန္ဒ ဖြစ်ပေါ်နေကြောင်း ပေါ်လွင်နေလေသည်။

ဤတွင် ဆူက ဇာကားရီးယားအား အခိပ္ပာယ်ပါပါ ပြုံးပြ လိုက်သည်။

ထိုအချိန်၌ အနီးရှိ အမျိုးသမီးနှစ်ဦး ဂျက်ကီနှင့် ဂျိန်း သည် ဆူ၏ အပြုအမူကိုကြည့်ပြီး ပြစ်တင်ရှုတ်ချသည့်ဟန်ဖြင့် ကြည့် လိုက်ကြသည်။

ဤသို့ဖြစ်မည်ကို ဆူက ကြိုတင်မစဉ်းစားမိသဖြင့် ရှက်သွား မိလေသည်။

မိမိ၏အကြံကို မသိကြသဖြင့် အခြား အမျိုးသမီးများအနေ ဖြင့် အထင်အမြင်မှားကာ ပြစ်တင်ရှုတ်ချကြမည်မှာ မေ့ဘာပင် ဖြစ်၍ ဆူသည် ဘာဆက်လုပ်ရမှန်း မသိအောင် အကြံအိုက်သွား မိလေသည်။

ထိုအခိုက်မှာပင် ဇာကားရီးယားသည် ဆူအား ဆက်မကြည့် တော့ပဲ မျက်နှာလွှဲသွားလေသည်။

သူသည် အဖွဲ့ခေါင်းဆောင် ဟာဆန်၏ ငြိုငြင်မှုကို မခံလို၍ စိတ်ကို ထိန်းချုပ်လိုက်ဟန် တူလေသည်။



ထို့ကြောင့် ဆူ၏ မူလအကြံသည် ပျက်ပြားသွားပြီး အခြား အမျိုးသမီးများ၏ အထင်မှား ခံရခြင်းသာလျှင် အဖတ်တင် ကျန်ရစ်လေတော့သည်။

* * *

သဘောသားများ၏ထမင်းစားခန်းထဲတွင် ဝီဘာသည် ကုန်းပတ် မှူး ဟင်နရီနှင့် အချေအတင် စကားပြောဆို ဆွေးနွေးလျက် ရှိလေသည်။

ဂျပန်အကြမ်းဖက်သမား ဟာယာရှိထံမှရရှိလိုက်သော မရှင်း ပစ္စတိုသည် သူတို့ရှေ့ရှိ စားပွဲပေါ်တွင် ရှိနေပြီး ဝီဘာက ယင်း သေနတ်ကို အသုံးချရန်အတွက် နည်းလမ်းမျိုးစုံ စဉ်းစားတင်ပြ လေသည်။

သို့ရာတွင် ဝီဘာ၏အကြံအားလုံးက မိုက်ရူးရဲဆန်ပြီး မိမိတို့ သာလျှင် အသက်ဆုံးရှုံးရန် သေချာသလောက်ရှိသဖြင့် ကုန်းပတ် မှူး ဟင်နရီက ဝီဘာအား ရှေ့လောမကြီးရန်နှင့် စိတ်ရှည်ရှည် ထား၍ စောင့်ဆိုင်းရန် အကြံပေးသေသည်။

သူတို့အနေဖြင့် သဘော ကုန်းပတ်ဦးပိုင်းတွင် ဘာဖြစ်နေ သည်ကိုလည်းကောင်း၊ အကြမ်းဖက်သမားတို့၏ အစီအစဉ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ကို လည်းကောင်း မသိကြရသောကြောင့် ကုန်းပတ်မှူး ဟင်နရီက ရှေ့လောကြီးစွာ လှုပ်ရှားလိုက်လျှင် မှားသွားလိမ့်မည်ဟု ထောက်ပြခဲ့လေသည်။

*    *    *

ကုန်းပတ်ဦးပိုင်းတွင် မာလိန်မှူး ကပ္ပီတန် အမ်းစထရောင်းသည် အင်ဂျင်စက်အရှိန်ကို လျှော့ရန် အမိန့်ပေးလိုက်လေသည်။

သူတို့ ဦးတည်သွားနေသည့် ဆိပ်ကမ်းမြို့နှင့် နီးလာပြီဖြစ်၍ စက်ရှိန်ကို လျှော့ချလိုက်ခြင်းပင် ဖြစ်သည်။

နံနက် ဆယ့်တစ်နာရီထိုးသော် မိုနိုလစ် သင်္ဘောကြီး ခုတ်မောင်းနေသည့် အရှိန်နှုန်းသည် ထက်ဝက်ခန့်လျှော့ကာ ခပ်နှေးနှေးသွားလျက် ရှိနေလေသည်။

ထိုအချိန်၌ ရော်တာဒမ် ဆိပ်ကမ်းမြို့ရှိ ရေနံချက်စက်ရုံကြီးများကို အဝေးတွင် လှမ်းမြင်နေရပြီ ဖြစ်သည်။

ကပ္ပီတန် အမ်းစထရောင်းနှင့် ပထမအရာရှိ ပရေဇာ နှစ်ဦးစလုံးမှာ အလွန်စိတ်မောလှုမောဖြစ်ကာ ပင်ပန်းနွမ်းနယ်နေကြလေသည်။

*    *    *

အကြမ်းဖက်ဂိုဏ်းခေါင်းဆောင် ဟာဆန်သည် အလွန်စိတ်အားထက်သန်စွာဖြင့် စောင့်နေလေသည်။



သူသည် အယူသည်း ဝါဒသမား တဦးဖြစ်သည့် အလျောက် သူ၏ အတွေးအခေါ်များကလည်း တဘက်စွန်းသို့ ရောက်နေလေသည်။

မှားယွင်းသော အတွေးအခေါ်ကြောင့်လည်း ယခု သူတို့ကြံစည်ပြုလုပ်နေသော အကြမ်းဖက်မှု၊ ဖျက်ဆီးမှု၊ ရက်စက်စွာသတ်ဖြတ်မှုတို့မှတဆင့် ပါလက်စတိုင်း နိုင်ငံသစ်တခု ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်နေလေသည်။

*    *    *

ဥရောပတိုက်တွင် အကြီးဆုံး ရေနံချက်စက်ရုံကြီးများ တည်ရှိရာ ရော်တာဒမ်ဆိပ်ကမ်းမြို့သို့ တဖြည်းဖြည်း နီးကပ် လာချိန်တွင် မိုနိုလစ် သင်္ဘောကြီးသည် ရေပြင်တွင် ရွေ့လျားသည် ဆိုရုံ အလွန်နှေးကွေးစွာ ခုတ်မောင်းလျက် ရှိနေလေသည်။

သင်္ဘောကြီးများ ဆိပ်ကမ်းတခုသို့ ချဉ်းကပ်မိရန် ပင်လယ်ဝမှ ဆိပ်ကမ်းသို့ လမ်းပြခေါ်ဆောင်သည့် သင်္ဘော ပိုင်းလော့ခေါ် ရေကြောင်းပြမှူးဘဦးက လာရောက်ကြိုဆိုရသည် ဖြစ်ရာ ယခု မိုနိုလစ်လင်္ဘောကြီးအတွက် ရေကြောင်းပြမှူး ပိုင်းလော့၏ အဖြူရောင် မော်တော်ဘုတ်တစင်းသည် နယ်သာလန်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



၏ အလံကို လွင့်ထူလျက် ခုတ်မောင်းလာနေသည်ကို သင်္ဘောကြီးပေါ်မှ အရာရှိများနှင့်တကွ အကြမ်းဖက် ဂိုဏ်းသားများက လှမ်းမြင်ရလေသည်။

မာလိန်မှူးကြီး ကပ္ပတိန် အမ်းစထရောင်းသည် သင်္ဘောသားနှစ်ဦးအား ခေါ်၍ မော်တော်အနီးသို့ ရောက်လာလျှင် ပိုင်းလော့ ရေကြောင်းပြမှူး ကုန်းပတ်ပေါ်သို့ တက်လာနိုင်ရန်အတွက် ကြိုးလှေကားချပေးရန် ညွှန်ကြားလိုက်လေသည်။

အကြမ်းဖက်ဂိုဏ်းခေါင်းဆောင် ဟာဆန်က ထို သင်္ဘောသား နှစ်ဦးအား ပိုင်းလော့အား ကြိုဆိုသည့်အခါ သင်္ဘောကြီးပေါ်မှ အခြေအနေအကြောင်း လုံးဝမပြောရန် ခြိမ်းခြောက်သတိပေးလိုက်လေသည်။

မကြာမီ ပိုင်းလော့၏ မော်တော်ဘုတ်သည် သင်္ဘောကြီးအနီးသို့ ချဉ်းကပ် ရောက်ရှိလာလေသည်။

သင်္ဘောသားများကလည်း ကြိုးလှေကားကို ချပေးလိုက်လေသည်။

ဟာဆန်သည် မာလိန်မှူးကြီးနှင့် ဖရေဇာတို့အနီးမှ ရပ်၍ကြည့်နေစဉ် ကြိုးလှေကားမှတဆင့် ရေကြောင်းပြမှူး ပိုင်းလော့ ကုန်းပတ်ပေါ်သို့ တက်လာသည်ကို မြင်ရလေသည်။

သို့သော် ပိုင်းလော့တဦးတည်း မဟုတ်ပဲ နောက်ထပ် လူနှစ်ယောက်ပါ လိုက်တက်လာသည်ကို မြင်ရသဖြင့် ဟာဆန်က....



'နောက်လူနှစ်ယောက်က ဘယ်သူတွေလဲ'

ဟု ကပ္ပတိန်ကြီးအား မေးလိုက်သည်။

ကပ္ပတိန် အမ်းစထရောင်းနှင့် ပထမအရာရှိဖရေဇာတို့လည်း လှမ်းကြည့်လိုက်ရာ ပိုင်းလော့နှင့်အတူ လိုက်ပါလာသူနှစ်ဦးမှာ သူတို့ လုံးဝ မသိသော လူစိမ်းများ ဖြစ်ကြောင်း တွေ့ရလေသည်။

ကပ္ပတိန်ကြီးကမူ သူ၏ ထင်မြင်ချက်ကို ပြောသည့် အနေဖြင့်....

'ဆိပ်ကမ်းအရာရှိတွေ ဖြစ်ပါလိမ့်မယ်'

ဟု ပြောလိုက်သည်။

ဟာဆန်သည် ခေတ္တ မျက်မှောင်ကြုတ်၍ စဉ်းစားနေလေသည်။

ရေကြောင်းပြမှူး ပိုင်းလော့နှင့်အတူ လိုက်ပါလာသော လူနှစ်ယောက်သည် မိမိတို့၏စစ်ဆင်ရေးအတွက် ဘာမျှ အနှောင့်အယှက် မရှိနိုင်ဟု သုံးသပ်မိလေသည်။

မိမိတို့ အဖွဲ့သားများ သင်္ဘောကြီးပေါ်သို့ ရောက် ရှိ နေကြောင်းကို ပိုင်းလော့ အဖွဲ့အား ရုတ်တရက် အသိမပေးလိုသေးချေ။

သင်္ဘောကြီး နေရာတကျ ကျောက်ချရပ်ပြီးမှ အသိပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟာဆန်သည် သူ၏လူများအား ကြိုတင်စီစဉ်ထားသည့် နေရာအသီးသီးတွင် ပုန်းအောင်းနေကြရန် ညွှန်ကြားလိုက်လေသည်။

*　　*　　*

နယ်သာလင်နိုင်ငံသား ရေကြောင်းမြေမျှူး(ပိုင်းလော့)နှင့် သူ၏အဖော်နှစ်ဦးတို့အား ဘာတော်သားနှစ်ဦးက ကြိုဆို၍ ကုန်းပတ်ဦးပိုင်းသို့ ခေါ်လာချိန်တွင် အခြေအနေမှာ သင်္ဘောကြီးကို မာလိန်မှူးကြီး ကပ္ပတိန် အမ်းစထရောင်းကပင် ဦးစီးကွပ်ကဲလျက် ရှိနေလေသည်။

ပိုင်းလော့မှာ ဗင်အာဒင် ဆိုသူဖြစ်ပြီး မူလကပင် ကပ္ပတိန် အမ်းစထရောင်းနှင့် ပထမအရာရှိဖရေဇာတို့အား သိကျွမ်းနေသူဖြစ်သည်။ သူသည် ပြုံးရွှင်စွာဖြင့် လက်ဆွဲနှုတ်ဆက်ပြီးနောက် သူနှင့်အတူပါလာသူနှစ်ဦးအား မိတ်ဆက်ပေးလေသည်။

တယောက်က အရပ်မြင့်မြင့် ခန့်ညားချောမွေ့သူ ဖြစ်ပြီး ကျန်တဦးကအရပ်အနည်းငယ်ပုကာ အင်္ဂါရုပ်အားဖြင့် အကျည်းတန်သူ ဖြစ်လေသည်။



'ကပ္ပတိန်ကြီးခင်ဗျား၊ ဟောဒီက မိတ်ဆွေနှစ်ဦးနဲ့ မိတ်ဆက်ပေးပါရစေ၊ ဒီဘက်က ပုဂ္ဂိုလ်က အင်္ဂလန်ပြည်က ခင်ဗျားတို့ သင်္ဘောကုမ္ပဏီရဲ့ ကိုယ်စားလှယ် မစ္စတာနိုက်လ်ဆန်ဖြစ်ပါတယ်၊ ဒါကတော့ နယ်သာလင်နိုင်ငံ ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့က မစ္စတာဟယ်လ်ဒါ ဖြစ်ပါတယ်'

ဤသို့ ရေကြောင်းမြေမျှူး ဗင်အာဒင်က မိတ်ဆက်ပေးလိုက်သောအခါ နိုက်လ်ဆန်နှင့် ဟယ်လ်ဒါတို့ နှစ်ဦးစလုံးက ပြုံးရွှင်စွာဖြင့် ကပ္ပတိန်ကြီးနှင့် ပထမအရာရှိတို့အား နှုတ်ဆက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၆

အဆက်ပေါ် အဖြစ်အပျက်မတိုင်မီ တနာရီခန့်က နီကိုလ်ဆန်၏ တပည့်ကျော် စုံထောက် ရဲကြပ်ကြီး စတုံးသည် ပင်လယ်ပြင်ရှိ ငါးဖမ်း စက်လှေတစင်းပေါ်မှ နေ၍ ရေဒီယိုဖြင့် သတင်းပို့ခဲ့လေသည်။

သူသည် ငါးဖမ်းစက်လှေပေါ်မှ မိုနီလစ် သင်္ဘောကြီးအား အဝေးကြည့် မှန်ပြောင်းဖြင့် လှမ်းကြည့်ရာ ကုန်းပတ်ပေါ်၌ လူအသွားအလာ လှုပ်ရှားမှု မရှိသလောက် တွေ့ရသဖြင့် ယင်း အခြေအနေကို ရေဒီယိုဖြင့် သတင်းပို့လိုက်ခြင်းဖြစ်သည်။

သာမန်အားဖြင့် မိုနီလစ်ကဲ့သို့ သင်္ဘောကြီး တစင်းသည် ပင်လယ်ပြင် ခရီးရှည်သွားခဲ့ရာမှ ဆိပ်ကမ်းသို့ နီးကပ်လာလျှင်



သင်္ဘောသားများ အားလုံး အလှန် ပျော်ရွှင် မြူးထူးစွာဖြင့် ကုန်းပတ်ပေါ်တွင် ရှိနေရမည် ဖြစ်သည်။

ယခုတော့ သင်္ဘောကုန်းပတ်ပေါ်တွင်လူသူမရှိပဲ ခြောက်ကပ် နေခြင်းမှာ သဘာဝမကျပေ။

သင်္ဘောသားများအနေဖြင့် အလုပ်များနေသည်ပဲ ထားဦး၊ အမျိုးသမီးနှင့်ကလေးများကတော့ ကုန်းပတ်ပေါ်တွင် ရောက်ရှိ နေကြရမည် ဖြစ်ပေသည်။

ရဲကြပ်ကြီး စတုံးက အဆက်ပေါ် အခြေအနေကို ရေဒီယိုဖြင့် သတင်းပို့လိုက်သောအခါ နီကိုလ်ဆန် နှင့် ဟယ်လ်ဒါတို့က မိုနီလစ် သင်္ဘောကြီးပေါ်တွင် ဘာဖြစ်နေသည်ကို ရိပ်မိကြ လေသည်။

သူတို့သည် နယ်သာလင်အစိုးရ အာဏာပိုင်များနှင့် ညှိနှိုင်း စီစဉ်လျက် ရေကြောင်းပြမှူး(ပိုင်းလော့)နှင့်အတူ လိုက်လာကြ ခြင်း ဖြစ်လေသည်။

ပိုင်းလော့၏မော်တော်ချဉ်းကပ်လာလျှင်သင်္ဘောကြီးပေါ်မှ ဝမ်းမြောက်စွာ ကြိုဆိုရသည့် ထုံးစံ ရှိသော်လည်း ယခုတော့ အထူးတလည် ကြိုဆိုခြင်းမပြုပဲ သင်္ဘောသားနှစ်ဦးက ဝတ်ကျေ ဝတ်ကုန် ကြိုးလှေကားကိုသာ ချပေးခဲ့သည်။

သို့ရာတွင် နီကိုလ်ဆန်နှင့် ဟယ်လ်ဒါတို့သည် ဘာကိုမှ သတိ မပြုမိဟန်ဆောင်ကာ ကျွန်ုပ်မပျက် ပိုင်းလော့နှင့်အတူ သင်္ဘော ကြီး၏ ကုန်းပတ် ဦးပိုင်းသို့ လိုက်လာကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မာလိန်မှူး ကပ္ပိတန် အမ်းစထရောင်းက ပဲ့ကိုင်စက်ဝိုင်း ထိန်းမောင်းနေသူ သင်္ဘောသား အနီးတွင် ရှိနေပြီး ပထမ အရာရှိ ဖရေဇာက ရှေ့နားတွင် ရပ်နေလေသည်။

ရေဒီယိုအရာရှိ စပင်စာက ရေဒီယိုစက်ခန်း၏ အဝနားတွင် ရပ်နေလေသည်။

ရေဒီယိုစက်ခန်း၏တံခါးကို စေ့ထားပြီး ခြောက်သက်မခန့် ဟနေလေသည်။

နီကိုလ်ဆန်သည် ယင်းရှုခင်းကို အကဲခတ် ကြည့်ယင်း သင်္ဘောကြီး အပိုင်စီးထားသူများသည် ရေဒီယိုစက်ခန်းအတွင်း ပုန်းနေကြလိမ့်မည်ဟု တွက်မိလေသည်။

တံခါးကို အနည်းငယ် ဟထားခြင်းမှာ ပြင်ဘက်မှပြောသည့် စကားများကို ကြားနိုင်အောင် ဖွင့်ထားခြင်း ဖြစ်ဟန် တူပေသည်။

ရေဒီယိုစက်ခန်းတွင်း၌ ဓားစာခံများရှိနေနိုင်ပြီး တံခါးဝရှိ ရေဒီယိုအရာရှိ စပင်စာကိုလည်း အတွင်းမှ တစုံတယောက်က သေနတ်ဖြင့်ချိန်ထားမည်ဟု နီကိုလ်ဆန်က ယူဆမိလေသည်။

ပိုင်းခလာ ဇင်အာဒင်က မိတ်ဆက်ပေးလိုက်ချိန်တွင် နီကိုလ်ဆန်သည် ကပ္ပိတန်ကြီးအား နှစ်ရှည်လများ သိကျွမ်းခင်မင်ခဲ့သူ တဦး၏ ဟန်ဖြင့် ဖော်ရွေစွာ လက်ဆွဲနှုတ်ဆက်ယင်း....

'ဟဲလို... ကပ္ပိတန်ကြီး၊ အခုလိုပြန်တွေ့ရတာ ဝမ်းသာလိုက်တာဗျာ.... ပင်လယ်ပြင်မှာ မုန်တိုင်းကျခဲ့တာရယ်၊ နောက် သင်္ဘောတစင်းက အကူအညီတောင်းခဲ့တာကလွဲယင် ခင်ဗျားတို့ သင်္ဘောခရီးက ပြေလည်ချောမောရဲ့ မဟုတ်လား'



ဟု ပြောလိုက်လေသည်။

ကပ္ပိတန်အမ်းစထရောင်းသည် အလွန် အံ့အားသင့်သွားမိ
သည်။

ယခင်က တကြိမ်တခါမျှ မမြင်ဖူးသော လူစိမ်းတယောက်က
တ်ဆွေရင်းတယောက်ကဲ့သို့ ရင်းနှီးစွာ ဆက်ဆံလိုက်ခြင်းမှာ
အားသင့်ဖွယ်ရာဖြစ်နေပေသည်။

သို့သော် သူသည်လည်း ယင်းအချက်ကို မသိရှင်ဟန်
ဆောင်ကာ အလိုက်သင့် ပြန်ဆက်ဆံမှသင့်မည်ဟု ဆုံးဖြတ်လိုက်

'ဟုတ်ပါတယ်၊ ခင်ဗျား ပြောခဲ့တဲ့ အချက်နှစ်ခုက လွဲယင်
ပ်တို့သင်္ဘောကြီး ခရီးစဉ်ဟာ ပြေလည်ချောမောခဲ့ပါတယ်'
ဟု ပြန်ပြောလိုက်သည်။

နီကိုလ်ဆန်လည်း သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ခင်ဗျားက အခက်အခဲတွေကြားက ဒီ သင်္ဘော
းကို မူလ ရည်မှန်းထားခဲ့တဲ့ အချိန်မှာ ရောက်လာအောင်
င်းလာနိုင်ခဲ့တာ ချီးကျူးစရာပဲ၊ ဒီအတွက် ခင်ဗျားကို
ပ်တို့ သင်္ဘောကုမ္ပဏီက အထူး ဆုတောင်း ပေးလိမ့်မယ်
တယ်ဗျ... ဟဲ... ဟဲ'

နီကိုလ်ဆန်က ရယ်ကာမောကာပြောလိုက်ပြီးမှဆက်လက်
...

'ကျုပ်ကို ကုမ္ပဏီကလွှတ်လိုက်တာက ရိုင်းလင်း သင်္ဘောက
များတို့ ကယ်ဆယ်လာတဲ့ သင်္ဘောသားတွေကိုခေါ်ဖို့ပဲဗျ....
ကယ်လို့ ဆေးဝါးကုသဖို့ လိုအပ်မယ့်လူတွေ ရှိယင်လဲ ဟောဒီ
ဘာ ဟယ်လ်ဒါက စီစဉ်ပေးပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် မာလိန်မှူးကြီး ကပ္ပိတန် အမ်းစထရောင်းသည် စကားကို သတိထားပြောမှ ဖြစ်တော့မည်ဟု စဉ်းစားမိသဖြင့်....

'ဟိုလူတွေက အားလုံးအခြေအနေကောင်းပါတယ်၊ ဆေးဝါးကုသမှု လိုမယ် မထင်ပါဘူး'

ဟု ပြန်ပြောလိုက်သည်။

'ဟုတ်လား.... ဒါဖြင့်အိုကေပဲပေါ့၊ ဒီတိုင်းဆိုယင် ကျုပ်တို့ ဒီမှာ ဘာအလုပ်မှမရှိဘူး၊ ခင်ဗျားတို့ သင်္ဘောပေါ်က အရက်ကောင်းကောင်းသောက်ကြရုံပဲ ရှိတော့တယ် ...ဟဲ....ဟဲ'

နီကိုလ်ဆန်က ရယ်မောၡ်ပြောလိုက်ရာ ရေကြောင်း ပြမှူး (ပိုင်းလော့) ဗင်အာဒင်က

'နေဦးဗျ၊ အယင်ဆုံးဒီသင်္ဘောကြီးကို နေရာတကျ ဆိုက်ကပ်ဖို့ လုပ်ရဦးမယ်'

ဟု သတိပေးသလို ပြောလိုက်သည်။

ဤတွင် ကပ္ပိတန်အမ်းစထရောင်းသည် ပိုင်းလော့ဘက်သို့ လှည့်၍

'မစ္စတာ ဗင်အာဒင်ခင်ဗျား၊ ဒီသင်္ဘောကြီးကို ခင်ဗျားကပ်ကဲဖို့ တာဝန်လွှဲအပ်ပါတယ်'

ဟု တရားဝင် တာဝန်လွှဲပြောင်းပေးသည့်သဘော ပြောလိုက်လေသည်။

ထို့နောက် ကပ္ပိတန်ကြီးနှင့် ရေကြောင်းပြမှူး ဗင်အာဒင်တို့က သင်္ဘောကြီး ဆိုက်ကပ် ရပ်နားရန်အတွက် အစီအစဉ်များ



ဆွေးနွေး ပြောဆိုကြစဉ် နီကိုလ်ဆန်သည် ရေဒီယို အရာရှိချုပ် စပင်စာရှိရာသို့ လျှောက်သွားလေသည်။

နီကိုလ်ဆန်အနေဖြင့် မိုနီလစ်သင်္ဘောကြီးပေါ်မှ အရာရှိနှင့် သင်္ဘောသားအားလုံး၏ တဦးချင်းကိုယ်ရေးမှတ်တမ်းပိုင်များကို အသေးစိတ် လေ့လာထားခဲ့ပြီးဖြစ်၍ လူတိုင်းလိုလို မှတ်မိနေပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် စပင်စာအနီးသို့ ရောက်လျှင် မိတ်ဆွေဟောင်း တဦးကဲ့သို့ ခင်မင်ရင်းနှီးစွာပြုံးလျက် လက်ဆွဲ နှုတ်ဆက်လိုက်သည်။

'ဟဲလို.... စပင်စာ ခင်ဗျားကို ကြည့်ရတာ ပုံမှန်အတိုင်း ကျန်းမာလို့ပါပဲလား....ဟဲ... ဟဲ'

ရေဒီယိုအရာရှိချုပ် စပင်စာသည် အလွန် အံ့အားသင့်နေမိသည်။

သူသည် နီကိုလ်ဆန်အား လုံးဝ မမြင်ဖူးသော လူစိမ်းတယောက်အဖြစ် အကဲခတ်ကြည့်နေရာ နီကိုလ်ဆန်က တကယ့်မိတ်ဆွေရင်းချာသို့ နှုတ်ဆက်လိုက်သဖြင့် အံ့သြမိခြင်း ဖြစ်လေသည်။

ထိုအချိန်၌ သူသည် ရေဒီယို စက်ခန်းဘက်သို့ ကျောပေး ရပ်နေသဖြင့် သူ အံ့အားသင့်ခြင်းကို စက်ခန်းအတွင်းမှ မမြင်ရသဖြင့် တော်သေးသည်။

စပင်စာသည် ခေတ္တစဉ်းစားပြီးနောက် အလိုက်သင့် ဆက်ဆံခြင်းသည် အကောင်းဆုံးဟု ဆုံးဖြတ်လိုက်ကာ နီကိုလ်ဆန်အား လက်ဆွဲ နှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နီကိုလ်ဆန်ကပင် ဆက်လက်၍ မိတ်ဆက်ပေးပြန်သည်။

'ဒါထက် မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ရေးမှူး မစ္စတာ ဟယ်လ်ဒါ ဆိုတာပဲဗျ။ သူက မကြာသေးခင်ကမှ ရေနံသိုလှောင်ရုံဆိပ်ကမ်းမှာ ပြောင်းခွဲ့တာဝန်ကျတယ်'

ဤသို့ပြောယင်း နီကိုလ်ဆန်သည် ရဲမှူး ဟယ်လ်ဒါဘက်သို့ လှည့်၍....

'ဟောဒါက ရေဒီယိုအရာရှိချုပ် မစ္စတာစပင်စာပါပဲ၊ သူက ကျုပ်တို့ဇနီးမောင်နှံနဲ့ အလွန်ခင်တဲ့ မိတ်ဆွေ ဖြစ်ပါတယ်'

ဟု ပြောလိုက်ပြန်သည်။

ဆိပ်ကမ်းအရာရှိဟန်ဆောင်လာသူ ရဲမှူးဟယ်လ်ဒါကလည်း ခပ်တည်တည် ဆက်လက် သရုပ်ဆောင်လျက်....

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'

ဟု ပြောကာ စပင်စာအား လက်ဆွဲ နှုတ်ဆက်လိုက်သည်။

ထို့နောက် ဟယ်လ်ဒါသည် နီကိုလ်ဆန်ဘက်သို့ လှည့်၍...

'ဒီမယ်....မစ္စတာစပင်စာက ခင်ဗျားရဲ့မိတ်ဆွေဟောင်းဆိုယင် ဒီနေ့သူ ညစာစားပွဲကို သူ့ကိုပါ ဖိတ်လိုက်ပါလား'

ဟု ပြောလိုက်ပြီးနောက် စပင်စာကိုလည်း.

'ဒီနေ့ည ကျုပ်တို့ဇနီးနဲ့က နီကိုလ်ဆန်နဲ့ ဇနီးကို ညစာစား ဖိတ်ထားတယ်ဗျ၊ အဲဒီ ညစာ စားပွဲကို ခင်ဗျားပါ ဖိတ်ချင်ပါတယ်'

ဟု ပြောပြန်သည်။

နီကိုလ်ဆန်ကလည်း စိတ်အားထက်သန်စွာဖြင့်....



'ဟုတ်သားပဲဗျို့.... ဒီမယ် စပင်စာ ခင်ဗျားရော ခင်ဗျားဇနီး ဂျက်ကီကိုပါ ခေါ်ခဲ့ဗျာ၊ ဒါထက် ဂျက်ကီနဲ့ ကလေးတွေကော နေကောင်းကြရဲ့လား'

ဟု ပြောလိုက်သည်။

ရေဒီယိုအရာရှိ စပင်စာသည် ဘာပြန်ပြောရမှန်း မသိအောင် ခေါင်းရှုပ်နေမိလေသည်။

သူ တခါမှ မမြင်ဖူး မတွေ့ဖူးသော လူစိမ်းနှစ်ယောက်က မိတ်ဆွေရင်းပမာ အားရပါးရ စကားတွေ ပြောနေကြပုံမှာ အလွန်ထူးဆန်းနေပေသည်။

သို့သော် ဤလူနှစ်ယောက်က ယခုလို ပြုမူ ပြောဆိုနေခြင်းသည် အကြောင်းရှိရမည်ဟု ယူဆမိသဖြင့် အလိုက်သင့် ပြောရန် ဆုံးဖြတ်လိုက်သည်။

'ဂျက်ကီနဲ့ ကလေးတွေက နေကောင်းပါတယ်'

စပင်စာက ပြောလိုက်လျှင် နီကိုလ်ဆန်သည် ဟယ်လ်ဒါဘက်သို့ လှည့်၍....

'သူတို့မှာ ကလေးသုံးယောက်ရှိတယ်ဗျ၊ ယောကျ်ားကလေး ၁ယောက်နဲ့ မိန်းကလေး နှစ်ယောက် ဖြစ်တယ်'

ဟု ပြောပြလိုက်ပြီးနောက် စပင်စာအား....

'ဒါထက် အမြွှာပူးလေး နှစ်ယောက်က အခုဆိုယင် အသက် လေးနှစ်ရှိတော့မယ် ထင်တယ်'

ဟု ပြောလိုက်ပြန်သည်။

'အယင်အပတ်ကပဲ ဒီသင်္ဘောပေါ်မှာ ကလေးတွေအတွက် မွေးနေ့ပါတီ လုပ်သေးတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



စပင်စာကလည်း မရဲတရဲနှင့် ခပ်လေးလေး ပြောလိုက်သည်။

နီကိုလ်ဆန်သည် လက်ပတ်နာရီကိုကြည့်ပြီး အကြံတခုရလာဟန်ဖြင့် အားရပါးရ ပြောပြန်လေသည်။

'ဒီမယ်.... သင်္ဘောကြီးကို နေရာတကျ ဆိုက်ကပ်နိုင်ဖို့အတွက် နောက်ထပ် အနည်းဆုံးနာရီဝက်လောက် ကြာဦးမယ်၊ ဒီအတောအတွင်း ကပ္ပိတန်ကြီးနဲ့ ပိုင်းလော့တို့ဟာ အလုပ်များနေမှာပဲ၊ ဒီတော့ ခင်ဗျားနဲ့ ကျုပ်က ကုန်းပတ် အောက်ထပ်ကို ဆင်းပြီး ခင်ဗျား ဇနီး ဂျက်ကီဆီကို သွားရအောင်ဗျာ၊ ဂျက်ကီကိုလဲ ညစာစားပွဲ ဖိတ်ပယင်း ဆိုပါတော့၊ ဒီညအဖို့ ကလေးတွေကို တခြားအမျိုးသမီး တယောက်ယောက် ခဏ ထိန်းထားခိုင်းယင် ရပါလိမ့်မယ်'

နီကိုလ်ဆန်က အားရပါးရ ပြောနေသလောက် စပင်စာမှာ အကြီးအကျယ်စိတ်တုန်လှုပ်ချောက်ချားနေမိလေသည်။

ရေဒီယိုစက်ခန်းအတွင်းမှ သူ့အား သေနတ်ဖြင့် ချိန်ထားသူ အကြမ်းဖက်သမား သည် လည်း နီကိုလ်ဆန်၏ စကားကြောင့် ဂနာမငြိမ်ဖြစ်နေလိမ့်မည်ဟု စဉ်းစားမိလေသည်။

ထို့ကြောင့် စပင်စာသည် နီကိုလ်ဆန်၏ စကားကို ရှောင်သည့်အနေဖြင့်....

'ခဏာနဦးဗျ.... ကျုပ်က ဒီမှာ ဆက်နေမှ ဖြစ်မယ်၊ ရေဒီယိုအဆက်အသွယ် ရှိယင် ကျုပ်က သတင်း လက်ခံဖို့ တာဝန်ရှိဘယ်'

ဟု ပြောလိုက်သည်။



သို့သော် နီကိုလ်ဆန်က ထိုစကားကို လက်မခံပဲ....

'ဟာဗျာ.... လောလောဆယ် ရေဒီယိုအဆက်အသွယ် ဘာမှ ရှိမှာ မဟုတ်ပါဘူး'

ဟု ပြောပြီး ကပ္ပိတန် အမ်းစထရောင်း ရှိရာ ဘက် သို့ လှမ်း၍....

'ကပ္ပိတန်ကြီးခင်ဗျား၊ ကျွန်တော်တို့က မစ္စတာစပင်စာကို အောက်ထပ် ခဏ ခေါ်သွားချင်လို့ ခွင့်ပြုနိုင်မလား ခင်ဗျ'

ဟု မေးလိုက်သည်။

ကပ္ပိတန် အမ်းစထရောင်း သည် မျက်နှာ အမူအရာ ကား မည်သို့မျှ မနေသော်လည်း လေးနက်စွာ စဉ်းစား နေ မိ လေသည်။

သူ၏ စိတ်ထဲတွင် နီကိုလ်ဆန် ဆို သူ သည် မိမိတို့ ကုမ္ပဏီမှ ကိုယ်စားလှယ်မဟုတ်ကြောင်း သေချာစွာ သိနေရာ ဟယ်လ်ဒါ ဆိုသူသည်လည်း ဆိပ်ကမ်းအာဏာရှိအစစ်မဟုတ်ပဲ ဟန်ဆောင်လာခြင်း ဖြစ်ရမည်ဟု တွက်မိလေသည်။

ဤလူနှစ်ဦးသည် အကြံအစည် တစုံတခုရှိ၍သာ ယခုကဲ့သို့ ဟန်ဆောင်ပြီး သင်္ဘောပေါ် တက်လာခြင်း ဖြစ်ရပေမည်။

ကပ္ပိတန်ကြီး အနေဖြင့် ဤလူ နှစ်ယောက်အား အထိက် သူသိကြောင်းပြ၍ အကြမ်းဖက်သမားများကို အသိပေး တိုက်လျှင်သည်... [illegible]

ဘာလုပ်ရလျှင် ကောင်းမည်နည်းဟု အပြန်ပြန်အလှန်လှန် စဉ်းစားနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမအရာ၌ ဖရေဇာသည် ကပ္ပိတန်ကြီးအား ဂရုတစိုက် အကဲခတ်ကြည့်နေလေသည်။

သူသည်လည်း နီကိုလ်ဆန်နှင့် ဟယ်လ်ဒါဆိုသူ နှစ်ဦးသည် အကြံအစည်တခုခုရှိ၍ သင်္ဘောပေါ်သို့ ကြံဖန်တက်လာကြခြင်း ဖြစ်ကြောင်း ရိပ်မိလေသည်။

သို့သော် သူ့အနေဖြင့် ဘာမှ မပြောလို၊ မလုပ်လိုသဖြင့် ကပ္ပိတန်ကြီး၏ဆုံးဖြတ်ချက်ကို စောင့်နေလေသည်။

ကပ္ပိတန် အမ်းစထရောင်းသည် စိတ်ရောကိုယ်ပါ အလွန် ပင်ပန်း နွမ်းနယ်နေပြီဖြစ်သည်။

လွန်ခဲ့သည့် နာရီပေါင်း (၇၂)နာရီအတွင်း သူသည် အချိန် (၁၂)နာရီပြည့်အောင် မအိပ်ခဲ့ရချေ။

များသောအားဖြင့် သူသည် သင်္ဘော ကုန်းပတ်ဦးပိုင်းတွင် တာဝန်ယူနေခဲ့လေသည်။

သူ ပင်ပန်းသလို အကြမ်းဖက်သမား ဟာဆန်နှင့် တာကာကီတို့ သည်လည်း ပင်ပန်း နွမ်းနယ်နေရမည်ဟု တွက်မိလေသည်။

ယင်းအခြေအနေတွင် ယခု သင်္ဘောကြီးပေါ်သို့တက်လာသူ လူစိမ်းနှစ်ယောက်က အလွန် ရှင်လန်း ဖျတ်လတ်နေသည်မှာ ထင်ရှားပေသည်။

ထိုလူနှစ်ယောက်သည် မည်သို့ အကြံအစည်ရှိကြောင်း မသိရသော်လည်း သူတို့နှစ်ယောက်လာခြင်းကြောင့်မိမိတို့အဖို့ အကျပ်အတည်းမှ လွတ်မြောက်ရန် မျှော်လင့်ချက်ရှိလာပြီဟု ကပ္ပိတန်ကြီးက စဉ်းစားမိလေသည်။



ထို့ကြောင့် နီကိုလ်ဆန်က မိမိအား လှမ်း ခွင့်တောင်းသည်ကို အရဲစွန့်၍ ဖြေကြားရန် ဆုံးဖြတ်လိုက်သည်။

‘လောလောဆယ်တော့ မစ္စတာ စပင်စာကို ဒီမှာမလိုပါဘူး၊ ဒါကြောင့် မစ္စတာ နီကိုလ်ဆန်နဲ့ မစ္စတာ ဟယ်လ်ဒါတို့နဲ့အတူ ကုန်းပတ်အောက်ထပ်ကို သွားချင်သွားနိုင်ပါတယ်’

ကပ္ပိတန် အမ်းစထရောင်းက ခပ်တည်တည် ပြောလိုက်ချိန်တွင် ရေဒီယိုအရာရှိ စပင်စာသည် ချက်ချင် မလှုပ်ရှားပဲမတုန် မလှုပ်ရပ်နေရာ နီကိုလ်ဆန်က ပခုံးတဘက်ကို ဆွဲကိုင်၍ ခေါ်လေသည်။

‘ကိုင်း....ကပ္ပိတန်ကြီးက ခွင့်ပြုနေပြီပဲ၊ လာပါ။ အောက်ထပ် သွားပြီး ခင်ဗျားဇနီး ဂျက်ကီကို သွားရှာရအောင်’

ပြောပြောဆိုဆို နီကိုလ်ဆန်က ဖျတ်လတ်သွက်လက်စွာ ဆွဲခေါ်လေရာ စပင်စာလည်း မတတ်သာပဲ လိုက်ပါသွားရလေတော့သည်။

ဟယ်လ်ဒါသည်လည်း စပင်စာ၏ဘေးမှ ကပ်၍ လိုက်လာလေသည်။

နီကိုလ်ဆန်သည် စပင်စာအား ရင်းနှီးစွာ စကားပြောယင်း လျှောက်သွားလျက်ရှိလေသည်။

အခြေအနေ အရ အကြမ်းဖက် သမားများ အဖို့ မည်သို့ ပြုလုပ်ရမည်ကို ဆုံးဖြတ်ရခက်နေသည့် အခြေအနေ ဖြစ်နေလေသည်။

သူတို့၏ မူလ အကြံအစည်အတိုင်းဆိုလျှင် ဆက်လက်ပုန်းအောင်း နေကြရမည်ဖြစ်ရာ ယခုတော့ လူစိမ်း နှစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



စပင်စာအား ခေါ်သွားသည်ကို ကြည့်နေရမလို ဖြစ်နေလေသည်။

နိုကိုလ်ဆန်နှင့် ဟယ်လ်ဒါတို့မှာ သင်္ဘောကြီး ပေါ်တွင် ပြဿနာ တစုံတခုဖြစ်နေသည်ကို လုံးဝ မရိပ်မိသည့်ဟန်မျိုးဖြင့် ခပ်အေးအေး ဖြစ်နေကြလေသည်။

ကပ္ပိတန် အမ်းစထရောင်းနှင့် ပထမအရာရှိ ဖရေဇာတို့မှာမူ အလှန် ရုပ်မိုးခွာနှင့်ပင် အခြေအနေကို စောင့်ကြည့်နေကြလေသည်။

သင်္ဘောကြီး၏ ကုန်းပတ်ဦးပိုင်းတွင်ကား ငင်ရော်ငှက်များ ပျံဝဲနေသည်ကို မြင်နေရပြီဖြစ်လေသည်။

*    *    *

ဟာဆန်သည် ရေဒီယိုစက်ခန်း၏အဝင်ဝတွင် ရပ်နေကာ မှောင် ပစ္စတိုသေနတ်ကို အသင့်ကိုင်လျက် ထိုခါ[illegible] ကြည့်နေလေသည်။

သူသည် ဓာဒ်[illegible]အရာရှိ စပင်စာအား [illegible] လူစိမ်းနှစ်ဦးက ခေါ်ယူသွားသည်ကိုမြင်လျှင် ခေါ်သွားကြမည့်နေရာနှင့်အမျ အကြံရခက်သဖြင့် ချွေးပြန်လာလေသည်။



ယခုလောလောဆယ် ပြင်ဘက်ထွက်လိုက်လျှင် သူတို့၏ မူလ အစီအစဉ် ပျက်သွားမည် ဖြစ်၍ အကြံအိုက်နေခြင်းဖြစ်သည်။

အရေးကြီး သည့် ကား ရေကြောင်းပြ မှူး (ပိုင်းလော့) အနေဖြင့် မိမိတို့အဖွဲ့အကြောင်း မရိပ်မိပဲ သင်္ဘောကြီးကို နေရာ ဘကျ ဆိုက်ကပ်ရန် ဆက်လက်ပြုလုပ်သွားခြင်းသာ လိုအပ်နေ ပေသည်။

ဟာဆန်သည် သူတို့၏နောက်သို့ လှည့်ကြည့်လိုက်ရာ သူတို့ အဖွဲ့သား တာကာကာနှင့် ဖာရပ်ဂျ်တို့က သင်္ဘောအရာရှိ ဒီဗာ ချယ်နှင့် အန်တိုနီတို့အား သေနတ်ဖြင့် ချိန်ထားသည်ကို တွေ့ရ လေသည်။

ဟာဆန်အနေဖြင့် သူတို့အဖွဲ့အား အုပ်စုသုံးစုခွဲ၍ တာဝန် ချထားခဲ့ခြင်းမှာ ယခုတော့ မှားသလိုလိုဖြစ်နေပြီဟု စဉ်းစားမိ လေသည်။

သူကိုယ်တိုင်က ရှိဖစ်နှင့်ကျပန် နှစ်ဦးအား ကျန်သင်္ဘောသား များကို ထိန်းထားရန် လွှတ်ထားခဲ့မိသည်။

သူနှင့်တာကာကို နှစ်ယောက်က ကုန်းပတ်ဦးပိုင်းတွင်တာဝန် ယူ ကွပ်ကဲနိုင်လိမ့်မည်ဟု ယူဆ၍ ယင်းသို့ စီစဉ်ခဲ့ခြင်းဖြစ်လေ သည်။

သို့သော် ယခု စပင်စာနှင့် လူစိမ်းနှစ်ဦး ထွက်သွားသည်ကို ကြည့်နေ၍မဖြစ်ဟု စဉ်းစားမိပြန်သည်။

ထို့ကြောင့် သူသည် ဖာရပ်ဂျ်အား လှမ်း၍ အမိန့်ပေးလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့...ဖာရပ်ဂျ်၊ မင်းက အနောက်ဘက် တံခါးပေါက်က အသာထွက်ပြီး ဟိုလူသုံးယောက်နောက်ကို လိုက်သွားစမ်း၊ ခပ်လှမ်းလှမ်းရောက်တာနဲ့ သူတို့ကို အလွှမ်းခနိုးသဲခေါ်သွားပြီး ဇာကာရီးယားကို ထိုးသေအောင်လိုက်၊ ပြီးတော့ မင်းက ဒီကို ပြန်လာခဲ့'

ဖာရပ်ဂျ်လည်း နားလည်သဘောဖြင့် ခေါင်းညိတ်ပြီး ရေဒီယိုစက်ခန်း၏ နောက်ဘက်တံခါးပေါက်မှ ထွက်သွားလေသည်။

ကုန်းပတ်ဦးပိုင်းတွင် ရှိနေသော ကပ္ပီတန် အမ်းစထရောင်းသည် ရေဒီယိုစက်ခန်းအတွင်းမှ အကြမ်းဖက်သမားများ တိုးတိုးပြောသံနှင့် လှုပ်ရှားသံကို ကြားလိုက်ရလေသည်။

သူသည် ရေဒီယိုစက်ခန်းအတွင်းမှ ထွက်နိုင်သည့် တံခါး နှစ်ပေါက်ရှိကြောင်း သိသဖြင့် အကြမ်းဖက်သမားများ ဘာလုပ်မည်ကို ခန့်မှန်း ရိပ်မိလေသည်။

လူစိမ်းနှစ်ယောက်ဖြစ်သော နီကိုလ်ဆန်နှင့် ဟယ်လ်ဒါတို့ အားအန္တရာယ် မတွေ့ပါစေနှင့်ဟုလည်း ကျိတ်၍ ဆုတောင်း လိုက်မိသည်။

ပထမအလာမှ ပဲရေဇာသည်လည်း အခြေအနေကို အကဲခတ်မိသဖြင့် ရေဒီယိုစက်ခန်းတွင်းမှ အကြမ်းဖက်သမား တယောက် ထွက်သွားပြီဟု သိလိုက်သည်။

မိမိတို့အနေဖြင့် မျှော်လင့်ချက်ရှိလာသည်ဟု မဆိုနိုင်သော်လည်း အရေးရှိလျှင် လှုပ်ရှားနိုင်ရန်အတွက် ရေဒီယိုစက်ခန်း၏ တံခါးအနီးတွင် ရပ်နေလိုက်သည်။



ကပ္ပီတန်ကြီးကတော့ တံခါး၏ တဘက်ဘေးတွင် ရပ်နေသည်။

ရေကြောင်းပြမှူး ပိုင်းလော့ ကမူ သင်္ဘောကြီး ပေါ်တွင် ဘာတွေဖြစ်နေသည်ကို လုံးဝ စိတ်ဝင်စား ပုံမပေါ်၊ သင်္ဘောကြီးကို နေရာတကျ ဆိုက်ကပ်ရေးအတွက်သာ အာရုံစိုက်၍ ပြင်ဆင်မှုများ ပြုလုပ်နေလေသည်။

ထိုအခါအတွင်း မိန့်လစ် သင်္ဘောကြီးအား နှင်းဆက် နှစ်ချက်မှ တွဲ၍ ဆိုက်ကပ်နိုင်ရန်အတွက် တွဲသင်္ဘောနှစ်စင်းသည်လည်း ချဉ်းကပ်ရောက်ရှိလာပြီ ဖြစ်ပေသည်။

* * *

နီကိုလ်ဆန်း ဟယ်လ်ဒါနှင့် ပေါ်စီတို့ သုံးဦးတို့သည် အောက် ထပ် ကုန်းပတ်သို့ ဆင်းလာကြရာ နီကိုလ်ဆန်ကတောက်လျှောက် စကားကို အဆက်မပြတ် ပြောလာလေသည်။

ခပ်လှမ်းလှမ်းသို့ရောက်၍ မည်သူမှ သူတို့ပြောသော စကားကို မကြားနိုင်ဟု စိတ်ချရသောအခါ နီကိုလ်ဆန်က ပေါ်စီအား ခပ်တိုးတိုး ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာ စပင်စာခင်ဗျား၊ ကျုပ်တို့က ရဲတပ်ဖွဲ့က အရာရှိတွေ ဖြစ်ပါတယ်၊ ဒီသင်္ဘောကြီးပေါ်မှာ အကြမ်းဖက် ဂိုဏ်းသား အုပ်စုတစု ရောက်နေတာကို ကျုပ်တို့ သိတယ်၊ ဒါပေမယ့် ကျုပ်တို့ ဘာမှ မလုပ်ရှားခင်မှာ အမျိုးသမီးတွေနဲ့ ကလေး တွေကို ဘယ်နေရာမှာ ခေါ်ခေါ်အဖြစ် ဖမ်းထားတယ် ဆိုတာ သိဖို့ လိုအပ်တယ်'

ထိုစကားကိုကြားတော့မှ စပင်စာလည်း လူစိမ်းနှစ်ယောက် ၏ အကြောင်းမှန်ကို သိရသဖြင့် ရင်ထဲ ပေါ့သလို ဖြစ်သွား လေသည်။

'အမျိုးသမီးနဲ့ ကလေးတွေကို ဆလွန်းခန်းထဲမှာ ထားပါ တယ်၊ ဒါပေမယ့် အခု ကျွန်တော်တို့နောက်က လူတယောက် လိုက်လာနေပြီလို့ ထင်တယ်'

စပင်စာက ပြန်ပြောလိုက်လျှင် နီကိုလ်ဆန်က ခေါင်းညိတ် လိုက်သည်။

'ကျုပ်လဲ သိပါတယ်'

ထိုအချိန်၌ နောက်မှလိုက်လာသော ဖာရပ်ဂျ်၏ ခြေသံကို ကြားနေရပြီဖြစ်ရာ နီကိုလ်ဆန်နှင့် ဟယ်လ်ဒါတို့သည် စပင်စာ အား ကုန်းပတ်စင်္ကြံ၏ ထောင့်ချိုးအကွေ့တခုဆီသို့ ဆက်ခေါ် သွားလေသည်။

ဤတွင် ဟယ်လ်ဒါက စပင်စာ၏ လက်မောင်းတဘက်ကိုင်၍ ဆက်လျှောက်သွားပြီး နီကိုလ်ဆန်ကမူ စင်္ကြံ ထောင့်ချိုး ကွေ့ နံရံတွင် အသာကပ်၍ ရပ်နေလိုက်သည်။



သူ၏ ကုတ်အင်္ကျီအတွင်းမှ မောင်းပြန် ပစ္စတို သေနတ်ကို လည်း အသင့်ထုတ်ကိုင်ထားလိုက်သည်။

ဟယ်လ်ဒါကတော့ စပင်စာအား ဆက်ခေါ်သွားယင်း စကား အဆက်မပြတ် ပြောသွားလေသည်။

'ခင်ဗျားဟာ ကျုပ်ရဲ့ဇနီးကို တွေ့ယင် သဘောကျလိမ့်မယ် ထင်ပါတယ်။ သူက အချက်အပြုတ်တော့ တကယ်ကောင်းတာ ဗျ...ဟဲ...ဟဲ'

ထိုအခိုက် ဖာရပ်ဂျ်သည် စင်္ကြံ၏အကွေ့သို့ ရောက်လာသော သည်။

သူသည် ရှေ့မှသွားသူသုံးဦး နောက်သို့ အမြီ လိုက်ရန် အလောသုံးကြီး လိုက်လာသဖြင့် နံရံတွင် အသာ စောင့်နေသူ နီကိုလ်ဆန်အား ရုတ်တရက် သတိမပြုမိချေ။

နီကိုလ်ဆန်က အလွန် လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားလိုက် သည်။

သေနတ်ကိုင်ထားသော ဖာရပ်ဂျ်၏ လက်ကောက် ဝတ်ကို ဖမ်း၍ တအားလိမ်ချိုးလိုက်ရာ မရှင်း ပစ္စတို သေနတ်သည် လွတ်ကျသွားလေသည်။

တချိန်တည်းမှာပင် နီကိုလ်ဆန်က ဖာရပ်ဂျ်၏ ဆီးစပ်ကို ဒူးဖြင့် တအားပစ်တိုက်လိုက်ပြီး သူ၏ မရှင်းပစ္စတိုသေနတ်ကို လည်း လည်ပင်းတွင် တေ့ထားလိုက်သည်။

'ဟော့ကောင် မလှုပ်နဲ့ ငြိမ်ငြိမ်နေစမ်း'

www.burmeseclassic.com

www.burmeseclassic.com



နီကိုလ်ဆန်က ခြိမ်းခြောက် ပြောလိုက်ပုံမှာ တကယ်ပင် သေနတ်ဖြင့် ပစ်လိုက်တော့မည့်ဟန်မျိုး ဖြစ်နေသောကြောင့် ဖာရုပ်ကျိသည် မလှုပ်ရဲဘဲ ငြိမ်နေလိုက်ရတော့သည်။

ထိုအချိန်၌ ဟယ်လ်ဒါသည် ပြန့်ပြေးလာရာ စပင်စာသည်လည်း လိုက်ပါလာလေသည်။

ဟယ်လ်ဒါက ကြမ်းပြင်ပေါ်ကျနေသော ဖာရုပ်ကျိ၏ မရှင်း ပစ္စတိုသေနတ်ကို ကောက်ယူလိုက်ပြီး သူ၏ကုတ်အင်္ကျီအတွင်းမှ ပစ္စတို သေနတ်ကိုပါ ထုတ်ယူကာ စပင်စာအား လှမ်းပေး လေသည်။

'ခင်ဗျား ဒီသေနတ်ကို ပစ်တတ်တယ် မဟုတ်လား'

ဟယ်လ်ဒါက မေးလိုက်ရာ စပင်စာလည်း ခေါင်းညိတ်၍ သေနတ်ကို လှမ်းယူလိုက်သည်။

သူသည် သုံးရက်လုံးလုံး စိတ်ဓာတ်ကျနေခဲ့ရာ ယခုမှပင် မျှော်လင့်ချက်ရောင်ခြည်ပေါ်လာတော့သည်ဟုအားတက်လာမိ လေသည်။

သူ၏ ဇနီးနှင့် ကလေးများအတွက် စိုးရိမ်နေမိသေးသော် လည်း အကြမ်းဖက် ခေါင်းဆောင် ဟာဆင်အား အချိန်မီ မတားဆီးနိုင်ပါက သူတို့အားလုံး မုချသေရမည်ဟု တွေးမိကာ စိတ်ဓာတ်ပြန်တက်လာလေသည်။

ထို့ကြောင့် စပင်စာသည် နီကိုလ်ဆန်နှင့် ဟယ်လ်ဒါတို့အား သင်္ဘောကြီးပေါ်မှအခြေအနေကို လျင်မြန်စွာ ရှင်းလင်းပြောပြ လိုက်လေသည်။



အကြမ်းဖက်သမားများက အမျိုးသမီးနှင့် ကလေးများကို ဓားစာခံအဖြစ် ဖမ်းထားခြင်းအားဖြင့် သင်္ဘောကြီးကို ဟိုင်ဂျက် ထားခြင်း ဖြစ်ကြောင်း ထင်ရှားနေပေသည်။

ယင်းအချက်ကို နီကိုလ်ဆန်နှင့် ဟယ်လ်ဒါတို့မှာ စပင်စာ ပြောမီ ကပင် ကြိုတင်ရိပ်မိခဲ့ကြပြီး ဖြစ်လေသည်။

ရေဒီယိုအရာရှိ စပင်စာက အခြေအနေမှန်ကို ပြောပြမှ နီကိုလ်ဆန်နှင့်ဟယ်လ်ဒါတို့သည် နားထောင်ယင်း သင်္ဘောသား များ၏ ခံစားချက်ကို နားလည် သဘောပေါက်မိကြလေသည်။

စပင်စာ၏စကားအဆုံးတွင် နီကိုလ်ဆန်သည် ခေတ္တစဉ်းစား ပြီးနောက် သူ၏သဘောထားကို ပြောပြလေသည်။

'ကျုပ်တို့အနေနဲ့ ဆလွန်းအခန်းကိုဝင်တိုက်မှဖြစ်မယ်။ ဒါဟာ အလွန်အရေးကြီးတယ်၊ ဒီသင်္ဘောကြီးကို မြန်နိုင်သရွေ့ အကြမ်း ဖက်သမားတွေကို ဖမ်းမိဖို့အတွက်ဆိုယင်တော့ ဝင်တိုက်ရတာ အန္တရာယ်များပေမဲ့ စဉ်းစားရမှာ မှန်တယ်၊ ဒါပေမယ့် ဒီကောင် တွေက အချိန်ကိုက်ဆင်ထားတဲ့ ဗုံးပိုလိပ်မှုလက်နက်က တနာရီ မှာ ပေါက်ကွဲဖို့လုပ်ထားတာ အလွန်အရေးကြီးနေတယ်၊ ဒီတိုင်း ဆိုယင် ဒီသင်္ဘောပေါ်က အမျိုးသမီးနဲ့ကလေးတွေအပါအဝင် လူတွေအများကြီး သေကုန်လိမ့်မယ်၊ အဲဒါကို ကျုပ်တို့က အချိန်မီတားဆီးနိုင်ဖို့ လုပ်ရလိမ့်မယ်'

နီကိုလ်ဆန်ကပြောလိုက်လျှင် ဟယ်လ်ဒါကသည်း ထောက်ခံ လေသည်။

'ဟုတ်တယ်၊ ကျုပ်လဲ ဒီလိုပဲ သဘောရတယ်၊ ပေါက်ကွဲဖို့ ဆင်ထားတဲ့အချိန်က အလွန် နီးကပ်နေလေတော့ လူတွေကို

www.burmeseclassic.com

www.burmeseclassic.com



ချင်းလင်း ဖယ်ထုတ်ဖို့ အချိန် မရနိုင်ဘူး၊ ဂိုဏ်းခေါင်းဆောင်ဟာ ဆန်ကလဲ သဘောပေါက်လူတွေဆင်းဖို့ ခွင့်ပြုမှာ မဟုတ်ဘူး၊ သူတို့အကြမ်းဖက်ဂိုဏ်းဟာ အသေခံတပ် သဘောမျိုးနဲ့ ဒီလိုကြံစည်တာဖြစ်တဲ့အတွက် မားစာခံအမျိုးသမီးနဲ့ ကလေးတွေကို နောက်ဆုံးအချိန်ထိအောင် ဖမ်းထားမှာပဲ'

စပင်စာလည်း ထိုအချက်ကို လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

သူ၏စိတ်ထဲတွင်ကား ဇနီး ဂျက်ကီနှင့် ကလေးများအတွက် အလွန်စိုးရိမ်ပူပန်နေမိလေသည်။

သို့ရာတွင် လက်ရှိအခြေအနေအရ မိမိတို့က ဘာမှ မလုပ်ပဲနေ၍ မဖြစ်၊ တခုခုလုပ်ရှားမှ ဖြစ်မည်ဟု တွေးမိပြန်သည်။

ထို့ကြောင့် ပေပင်စာသည် သက်ပြင်းတချက် ချလိုက်ပြီးနောက်....

'ခင်ဗျားတို့ပြောတာ မှန်တယ်၊ ဘာပဲဖြစ်ဖြစ် စွန့်စားပြီး တိုက်မှ ဖြစ်မယ်'

ဟု ပြောလိုက်လေသည်။

* * *

အင်ဂျင်နီယာချုပ်ကတော် အယ်လစ်ဇဘက်သည် စိတ်ကူးဉာဏ်ကောင်းသော အမျိုးသမီးတဦးဖြစ်၍ မိမိတို့ ရင်ဆိုင်နေရသော



အကျပ်အတည်းမှ လွတ်မြောက်နိုင်မည့် နည်းကို အမျိုးမျိုး စဉ်းစား အကြံထုတ်နေလေသည်။

ခပ်စောစောက ဆူအမည်ရှိအမျိုးသမီးကအကြမ်းဖက်သမားဇာကာရီးယားအား မြူဆွယ် ဖြားယောင်းရန် ကြိုးစားခဲ့ပုံ၊ ဂျက်ကီနှင့်ဂိုန်းတို့က ယင်းအပြုအမူကို သဘောမကျပဲ ဝေဖန်ရှုတ်ချဟန်ဖြင့် ကြည့်ခဲ့ပုံများကို အယ်လစ်ဇဘက်က သတိပြုမိခဲ့လေသည်။

ဆူ၏အကြံကိုလည်း သဘောပေါက်မိသည်။ သို့သော် ယခုတော့ ယင်းအကြံ မအောင်မြင်နိုင်ကြောင်းကိုလည်း တွေးမိလေသည်။

မိမိတို့ အမျိုးသမီးများအနေဖြင့် လွတ်မြောက်ရေးအတွက် ကျိတ်၍ ဆုတောင်းနေရုံမှတပါး အခြားနည်းလမ်း မရှိတော့ကြောင်း စဉ်းစားမိသော်လည်း အယ်လစ်ဇဘက်သည် ဘာမှ မလုပ်ပဲ ထိုင်ဆုတောင်းရုံနှင့် ကျေနပ်သူမဟုတ်ဖလေရာ တခုခုတော့ ကြံစည်သင့်သည်ဟု စဉ်းစားနေပြန်လေသည်။

ဤတွင် သူမသည် ခင်ပွန်းဖြစ်သူ အင်ဂျင်နီယာချုပ်ဖဂူဆန်နှင့် ၎င်း၏လက်အောက် အင်ဂျင်နီယာများကို သတိရမိလေသည်။

အင်ဂျင်နီယာများသည် ကားလမ်းဖောက်ခန်းနေ၌ တာဝန်ယူနေကြသလော၊ အကြပ်ကိုင်သမားများက အင်ဂျင်ဘက်ခန်းကို ဂရုစိုက် စောင့်ကြည့်မနေသဖြင့် အသင့်အတင့် လွတ်လပ်စွာ လှုပ်ရှားနိုင်ကြမည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခြေအနေအရ အင်ဂျင်နီယာများက မိမိတို့အား သာရောက် ကယ်ဆယ်ရန် ကြိုးစားကြမည်လောဟု ဆက်လက်တွေးမိလေသည်။

မိမိ၏ ခင်ပွန်းနှင့် အတူ ရှိနေကြမည့် ကင်းဘဲလ် တို့သည်လည်း သူတို့၏ ဇနီးမယားနှင့် ကလေးများအတွက် အလွန်စိုးရိမ်ပြီး ကြံမိကြံရာ ကြံစည်ကြလေမည်လောဟု တွေးမိသော်လည်း အင်ဂျင်နီယာချုပ် ဖာဂူဆန်က သူတို့အား ထိန်းသားမည်ဟု မျှော်လင့်ရပေသည်။

မည်သို့ပင်ဖြစ်စေ အကယ်၍မိမိတို့အား လာရောက်ကယ်ဆယ်မည်ဆိုလျှင် မိမိတို့အမျိုးသမီးများအနေဖြင့် တတ်နိုင်သလောက် အကူအညီပေးရန် လိုအပ်မည်ဟု ဆက်လက်စဉ်းစားမိလေသည်။

အယ်လ်လစ်ဇဘက်သည် ဆလွန်းခန်းသို့ ဝင်သည့် တံခါးပေါက်များ အနေအထားကို ကြည့်လိုက်မိသည်။

အကယ်၍မိမိတို့အား လာရောက်ကယ်ဆယ်ရန် ကြိုးစားပါက ပစ်ကြခတ်ကြနှင့် တိုက်ပွဲဖြစ်မည်မှာ သေချာပေသည်။

ယင်းသို့ ပစ်ကြခတ်ကြလျှင် မိမိတို့အမျိုးသမီးနှင့် ကလေးများက တံခါးပေါက်နှင့် အကြမ်းဖက်သမားလေးဦးရှိရာ နေရာကြားတွင် ရှိမနေစေရန် လိုအပ်ပေမည်။

ဤသို့စဉ်းစားမိသဖြင့် အယ်လင်ဇဘက်သည် ပြတင်းပေါက်နားသို့ ထသွားလေသည်။

ပြင်ဘက်သို့လှမ်းကြည့်ပြီး မြင်ရသော ရှုခင်းအကြောင်းကို ကျန်အမျိုးသမီးကြားအောင် ပြောလေသည်။



'သင်္ဘောကြီးက ဆိပ်ကမ်းရောက်ခါနီးပြီ ကွယ့်၊ ရေနံချက်စက်ရုံကြီးတွေတောင်မြင်နေရပြီ၊ တွဲသင်္ဘော တစင်းပါ ရောက်နေပြီ၊ အားလုံး လာကြည့်ကြစမ်း'

အယ်လ်လစ်ဇဘက်က ဤသို့လှမ်းအော်လိုက်ရာ အင်းဂတ်စ်အမည်ရှိကလေးက ပြတင်းပေါက်နားသို့ ထလာလေသည်။

'ဟုတ်လား အန်တီ၊ တွဲသင်္ဘောဆိုတာဘယ်မှာလဲ'

အင်းဂတ်ကမေးသဖြင့် အယ်လစ်ဇဘက်သည် ကလေးအား ပွေ့ချီပြီး ပြတင်းပေါက်မှ ပြင်ဘက်သို့ကြည့်ရန် ပြလိုက်သည်။

'ဟောဟိုမယ်....မမြင်ဘူးလား'

ထိုအခါ အင်းဂတ်စ်၏ညီငယ် သုံးနှစ်သား အိုင်ယန်ကလည်း ပြေးလာကြည့်လေသည်။

အယ်လ်လစ်ဇဘက်သည်အမျိုးသမီးများအားပြတင်းပေါက်သို့ လာကြည့်ရန် ခေါ်ပြန်လေသည်။

'အားလုံး လာကြည့်ကြဖို့ကောင်းတယ်၊ စိတ်ဝင်စားဖို့လဲ ကောင်းပါတယ်'

ဒုတိယအရာရှိ ဒီဗာရယ်၏ဇနီး ဆူသည် အယ်လ်လစ်ဇဘက်၏ မျက်နှာကို အကဲခတ်ကြည့်လိုက်ရာ မိမိတို့ ပြတင်းပေါက်သို့ လာကြည့်ရန် ခေါ်ခြင်းသည် အဓိပ္ပာယ်တခုခုနှင့် ခေါ်ခြင်းဖြစ်ကြောင်း ရိပ်မိလေသည်။

အမှန်က အယ်လ်လစ်ဇဘက်သည် အကယ်၍တိုက်ပွဲဖြစ်လျှင် အမျိုးသမီးနှင့်ကလေးများ အခန်း၏ အလယ်ဗဟိုတွင် မရှိနေစေရန် ပြတင်းပေါက်နားသို့ ခေါ်နေခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုသည် ကလေး စတီဗင်ကိုခေါ်၍ ပြတင်းပေါက်နားသို့ ရောက်လာရာ ဂျက်ကီကလည်း သမီးကလေး နှစ်ယောက်ကို ခေါ်၍ လိုက်လာလေသည်။

သူတို့အားလုံးသည် ပြတင်းပေါက်မှ ပြင်ဘက်သို့ ကြည့်နေကြရာ ခဏမျှ ကြာသောအခါ ပျင်းရိသလို ဖြစ်လာပြီး အခန်းလယ်သို့ ပြန်သွားချင်လာကြောင်း အယ်လ်လင်ဇဘက်က ရိပ်မိလေသည်။ ထို့ကြောင့်....

'တို့ အားလုံး ဒီနားမှာပဲ ထိုင်နေကြရအောင်'

ဟု ပြောလိုက်လေသည်။

ထိုအချိန်၌ အမျိုးသမီးများအနက် မေရီ တဦးတည်းသာလျှင် အခန်း၏အလယ်တွင် ရှိနေလေသည်။

သူမသည် ကလေးငယ် အတွက်သာ စိုးရိမ် ပူပန် နေပုံရလေသည်။

'ဒီမယ်....မေရီ....လာပါကွယ့်၊ တို့နဲ့အတူ လာနေစမ်းပါ'

အယ်လ်လင်ဇဘက်က လှမ်းခေါ်လိုက်တော့မှ မေရီသည်းမော်ကြည့်လိုက်ရာ အခန်းလယ်တွင် မိမိတယောက်တည်း ကျန်ရှိနေကြောင်းသိရပြီး ပြတင်းပေါက်နားသို့ လျှောက်လာလေသည်။

အကြမ်းဖက်သမား ဇာကားရီးယားသည် အမျိုးသမီးများအား မျက်ခြည်မပြတ် ကြည့်နေလေသည်။



အယ်လစ်ဇဘက်ကမူ တိုက်ပွဲဖြစ်လျှင် အမျိုးသမီးများနှင့် ကလေးများတော့ လွတ်လွတ်ကင်းကင်း ရှိလိမ့်မည်ဟု မျှော်လင့်မိလေသည်။

* * *

ငါးမိနစ်ခန့် ကြာသွားလေသည်။

ဇာကားရီးယားသည် သူ၏ မရှင်းပစ္စတိုသေနတ်ကို အသင့်ကိုင်ကာ နံရံကိုမှီ၍ ဆလွန်းခန်းသို့ ဝင်သည့် တံခါးပေါက်ကို စောင့်ကြည့်နေလေသည်။

ဂျာဘရီဆိုသူကလည်း အလားတူပင် မျက်နှာချင်းဆိုင်ဘက် နံရံတွင်မှီ၍ စကြံသို့ထွက်သည့်တံခါးပေါက်ကို မျက်ခြည်မပြတ် ကြည့်နေသည်။

ကျန် အာရပ်နှစ်ဦးကမူ စားပွဲတလုံးတွင် ထိုင်နေပြီး သူတို့၏ လက်နက်များကိုလည်း စားပွဲပေါ် အသင့်တင်ထားလေသည်။

ထိုအခိုက် စကြံသို့ထွက်သည့်တံခါးသည် ရုတ်တရက်ပွင့်လာရာ ဇာကားရီးယားနှင့် ဂျာဘရီတို့က ချက်ချင်းခေါင်းထောင်ကြည့်လိုက်ပြီး ကျန် အကြမ်းဖက်သမားနှစ်ဦးလည်း စားပွဲပေါ်မှ သေနတ်များကို ကောက်ယူလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်လာပြီး ဝင်လာသူမှာ ဖာရပ်ဂျ် ဖြစ်နေလေရာ အကြမ်းဖက်သမားများသည် သူတို့၏ အဖွဲ့သားတဦး ဖြစ်နေ၍ စိုးရိမ်နေခြင်း မဖြစ်တော့ပဲ သေနတ်များကိုလည်း ပြန်ချထား လိုက်သည်။

သို့သော် စက္ကန့်ပိုင်းအတွင်း သူတို့သည် ဖာရပ်ဂျ်၏လက်တွင် သေနတ် လုံးဝမပါကြောင်း သတိပြုမိကြလေသည်။

ဖာရပ်ဂျ်၏ နောက်မှလည်း သင်္ဘော အရာရှိ (စပင်စာ) လိုက်လာသည်ကို တွေ့ရလေသည်။

ဇာကားရီးယားလည်း ရုတ်တရက် သတိရသွားဟန်ဖြင့် မရှင်း ပစ္စတို သေနတ်ဖြင့် တံခါးပေါက်ဘက်ဆီသို့ ပြန်ချိန်ရွယ်လိုက်စဉ် တံခါးဝမှ ရဲမှူးဟယ်လ်ဒါသည် လျှင်မြန်စွာ ပြေးဝင်လာလေ သည်။

သူ၏ လက်တွင်လည်း ဖာရပ်ဂျ်၏ မရှင်းပစ္စတို သေနတ်ကို အသင့်ကိုင်ထားလေသည်။

သူသည် တံခါးဝမှ လက်ယာဘက်သို့ နေရာယူရန် သွားစဉ် ဇာကားရီးယားက သူ၏သေနတ်ဖြင့် ဟယ်လ်ဒါအား ချိန်ရန် ကြိုးစားလေသည်။

ဟယ်လ်ဒါသည် ဇာကားရီးယား၏ မျက်နှာကို အကဲခတ် ကြည့်ရာ ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်မည့် ဟန်မျိုး ဖြစ်နေသောကြောင့် စဉ်းစားမနေတော့ပဲ သူက လက်ဦးအောင် လျှင်မြန်စွာ ပစ်လိုက်သည်။



ဇာကားရီးယားသည် ပြန်လည် ပစ်ခတ်ခြင်း မပြုနိုင် သေးမီ ဟယ်လ်ဒါ၏သေနတ်မှ ကျည်ဆန်များ ထိမှန်ကာ လဲကျသွား လေသည်။

တချိန်တည်းမှာပင် တခြား တံခါးပေါက်မှ နီကိုလ်ဆန်က ပြေးဝင်လာလေသည်။ ဂျာဘရီက ဟယ်လ်ဒါအား ပစ်ရန် လှည့်ချိန်နေသည်ကိုမြင်သဖြင့် နီကိုလ်ဆန်က သူ၏ခြောက်လုံးပြူး သေနတ်ဖြင့် လျှင်မြန်စွာ နှစ်ချက်ဆင့်ပစ်လိုက်သည်။

ကျည်ဆန်နှစ်ခုစလုံးက ရင်ဘတ်တည့်တည့်သို့ ထိမှန်သဖြင့် ဂျာဘရီသည် နောက်ပြန်လန် လဲကျကာ ငြိမ်သက်သွားလေသည်။

ဟယ်လ်ဒါက ကျန် အကြမ်းဖက်သမားနှစ်ဦးကို မရှင်း ပစ္စတို သေနတ်ဖြင့် ချိန်ပြီး လုံးဝမလှုပ်ရှားရန် ဟစ်အော် အမိန့်ပေး လိုက်သည်။

အာရပ်နှစ်ဦးလည်း ဟယ်လ်ဒါက လက်ဦး နေသဖြင့် မတတ်သာပဲ ငြိမ်နေလိုက်ရလေသည်။

ရေဒီယို အရာရှိ စပင်စာသည် သူ့အား ဟယ်လ်ဒါက ပေးထားသော ပစ္စတို သေနတ်ဒင်ဖြင့် ဖာရပ်ဂျ်၏ ဦးခေါင်း နောက်ပိုင်းကို တအား လွှဲရိုက်လိုက်ရာ ဖာရပ်ဂျ်သည် ကြမ်းပြင် ပေါ်သို့ လဲကျပြီး သတိမေ့နေလေသည်။

သည်တော့မှ စပင်စာသည် သူ၏ဇနီးထံသို့ ပြေးပြီး နှစ်သိမ့် အားပေးစကား ပြောလေသည်။

ကလေးငယ်အမေ မေရီသည် တုန်လှုပ် ချောက်ချားပြီး သတိမေ့လဲကျသွားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏လက်မှ ကလေးငယ်ကို အယ်လစ်ဇဘက်က အချိန်မီ ဖမ်းယူ၍ ပွေ့ချီထားလိုက်လေသည်။

နီကိုလ်ဆန်သည် သူ၏ကုတ်အင်္ကျီအတွင်းမှ ရေဒီယိုစက်ငယ် တခုကို ထုတ်ယူလိုက်ပြီး ခလုတ်ကို ဖွင့်လိုက်သည်။

'ဟဲလို ...တိုက်ခိုက်ရေးတပ်....တိုက်ခိုက်ရေးတပ်....ဒီက အခြေအနေ အိုကေပဲ၊ အခုအချိန်ကစပြီး တိုက်ခိုက်နိုင်ပြီ၊ စတင်တိုက်ခိုက်နိုင်ပြီ'

ဤသို့ နီကိုလ်ဆန်က ရေဒီယိုဖြင့် သတင်းပို့လိုက်လေသည်။

## အခန်း ၁၇

မိုနိုလစ် သင်္ဘောကြီး ဆိုက်ကပ်ရမည့် ဆိပ်ကမ်းတွင် အသင့်ရောက်ရှိနေသူ (အကြမ်းဖက် နှိမ်နင်းရေး အထူးတပ်ဖွဲ့မှ) ဆာအယ်လိတ် ဇွေ့ဒွား‌သည် နီကိုလ်ဆန်က ရေဒီယိုဖြင့် ဆက်သွယ်သတင်းပို့ချက်ကို ချက်ချင်း ရရှိလေသည်။

သူသည် လက်ယာဘက်လက်ကိုမြှောက်၍ အချက်ပေးယင်း မိုနိုလစ်သင်္ဘောကြီးဘက်သို့ ညွှန်ပြလိုက်သည်။

ဤတွင် ဆိပ်ကမ်းတွင် အသင့်ရှိနေသော ဟယ်လီကော့ပတာ ခြောက်စင်းသည် ချက်ချင်းစက်နှိုးလိုက်ပြီးပန်ကာများ လည်စတ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရဟတ်ယာဉ် ခြောက်စင်းစလုံးသည် တပြိုင်နက် ကောင်းကင်သို့ ပျံတက်ကာ မိုနိုလစ် သတ္တော်ကြီး ရှိရာသို့ ဦးတည် ပျံသွားကြလေသည်။

ရဟတ်ယာဉ်တစင်းလျှင် လေယာဉ်မှူး (ပိုင်းလော့) အပြင် နယ်သာလင် နိုင်ငံမှ အထူး စစ်ပုလိပ် တပ်ဖွဲ့ဝင် ငါးဦး ပါရှိလေသည်။

သူတို့အားလုံးသည် လက်နက် အပြည့်အစုံ ပါရှိရုံမက ရဟတ်ယာဉ်ပေါ်တွင် ဒသမ (၅.၁)အမျိုးအစား စက်သေနတ် လေးလက်စီ ပါရှိလေသည်။

* * *

သတ္တော်ကြီး၏ အလွန်းအခန်းတွင်းမှ ပဲ့တိုသေနတ်ပစ်သံနှင့် နီကိုလ်ဆန်၏ ခြောက်လုံးပြူး သေနတ် ပစ်လိုက်သံကို ကုန်းပတ် ဦးပိုင်းမှ ခပ်သဲ့သဲ့ကြားလိုက်ရလေရာ ကပ္ပတိန်အမ်းစတရောင်း နှင့် ပထမအရာရှိဖရေဇာတို့သည် တယောက်မျက်နှာတယောက် လှမ်းကြည့်မိကြသည်။

သူတို့နှစ်ဦးစလုံးသည် စိုးရိမ်ပူပန်လျက် ချွေးပြန်နေကြလေသည်။



ပဲ့ကိုင်စက်ဝိုင်းကို ထိန်းမောင်းနေသူသင်္ဘောသားသည်လည်း သေနတ်သံများကို ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်သည်။

သို့သော် ဘာမှ မပြောပဲ ဆိတ်ဆိတ်နေလေသည်။

ရေကြောင်းပြမှူး (ပိုင်းလော့)တဦးသည်သာလျှင် ဘာသံကိုမျှ ဂရုစိုက်ပုံမရပဲ သင်္ဘောကြီး ဆိုက်ကပ်နိုင်ရေး တွက်သော အာရုံစိုက်လျက် အစီအစဉ်များ ပြုလုပ်နေလေသည်။

ဖရေဇာသည် ရေမိုင်[illegible]ခန်းအတက်သို့ ကြည့်လိုက်ရာ ဆလင်း တံခါး ပွင့်လာပြီး အကြမ်းဖက် ဂိုဏ်းခေါင်းဆောင် ဟာဆန် ထွက်လာ၍ တံခါးဝတွင် ရပ်နေသည်ကို မြင်ရလေသည်။

ဟာဆန်သည် မရှင်းပစ္စတို သေနတ်ကို ကိုင်[illegible] နှံ့ချိန်ထားပြီး သူ၏မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေကြောင်း ထင်ရှားနေသည်။ သူသည် ဒေါသထွက်ယင်း၊ စိုးရိမ် တုန်လှုပ်နေပုံလည်း ရလေသည်။

ဟာဆန်သည် သူတို့အဖွဲ့ အစေ့ဖြင့် တနည်းနည်း လှည့်ဖျားခံရပြီဟု ခိုပ်မိဟန်ဖြင့် ဖရေဇာအား လှမ်း၍...

'ဘာတွေ ဖြစ်နေတာလဲ'

ဟု မေးလိုက်သည်။

ထိုအချိန်၌ ရဟတ်ယာဉ် ခြောက်စင်း စက်သံများ သဲ့သဲ့ ကြားရ၍ ပူနေပြီဖြစ်ရာ ဖရေဇာသည် အဝေးကြည့်မှန်ပြောင်း ဖြင့် လှမ်းကြည့်လိုက်သည်။

ရဟတ်ယာဉ်များကို မြင်ရသောအခါ ဖရေဇာသည် စိုးရိမ် ပူပန်မိသလောက် မိမိတို့အား ကူညီကယ်ဆယ်မည့်သူတွေလာနေ ပြီဟု ကျေနပ် သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဟာဆန်အားလှမ်းကြည့်ပြီး....
'ကြည့်ရတာတော့ ရဲတပ်ဖွဲ့က ရဟတ်ယာဉ်တွေနဲ့ တူတာပဲ'
ဟု ခပ်အေးအေး ပြန်ပြောလိုက်လေသည်။

* * *

ရေဒီယိုခက်ခန်းအတွင်း၌ ဂျပန် အကြမ်းဖက်သမား တာကာကိသည် ပြင်ဘက်မှ စကားပြောသံများကို နားစွင့် ထောင်နေစဉ် ဒုတိယအရာရှိ ဒီဗာရယ်နှင့် ရေဒီယိုအရာရှိ အန်တိုနီ တို့သည် တယောက်ကိုတယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။

အခြေအနေပေး၍ လိုအပ်လာလျှင် သူတို့အနေဖြင့် လှုပ်ရှားနိုင်ရန် တယောက်ကိုတယောက် သတိပေးသလို ကြည့်လိုက်ကြခြင်း ဖြစ်သည်။

သူတို့နှစ်ဦးစလုံး၏စိတ်ထဲတွင် သင်္ဘောကြီး ယခုလို ဖြစ်ရခြင်းမှာ မိမိတို့တွင် တာဝန်မကင်းဟု ယူဆကာ လိပ်ပြာမလုံသလို၊ သိမ်ငယ်သလို စိတ်မကောင်း ဖြစ်နေမိကြသည်။

အန်တိုနီကဆိုလျှင် အကြမ်းဖက် ဂိုဏ်းသားများအား မိုနီလစ် သင်္ဘောကြီးပေါ်သို့ ခေါ်ဆောင်လာခဲ့ရရာတွင် ဖီးလစ်နှင့်သို့ပင် သူလည်း တာဝန်ရှိသည်ဟု ယူဆမိသည်။



သူသည် ဟာဆန်၏အမိန့်အတိုင်း အသက်ကယ် လှေပေါ်မှ ရေဒီယိုဆက်သွယ်မှုသတင်း ပို့ခြင်းများ ပြုလုပ်ရသည်။

ယင်းသို့ ရေဒီယိုဖြင့် သတင်းပို့ရာ၌ မာလိန်မှူးကြီးအား တနည်းနည်းဖြင့် ကြိုတင် သတိပေးရန် မကြိုးစားခဲ့ခြင်းမှာ သူ့တွင် အပြစ်ရှိသည်ဟု ထင်နေမိလေသည်။

ဒုတိယအရာရှိ ဒီဗာရယ်သည် တချိန်က သူ့လက်ထဲတွင် ရိုင်ဖယ်သေနတ်တလက် ရှိနေပါလျက် သေနတ်ကို အသုံးမပြုခဲ့ခြင်းကြောင့် စိတ်မကောင်း ဖြစ်နေမိသည်။

ထိုစဉ်က မိမိတို့လူတွေ သေရမည့်အန္တရာယ် ရှိသောကြောင့် သူက အလျှော့ပေးခဲ့ရသည်။ ယခုတော့ သူ၏စိတ်ထဲတွင် စွန့်စွန့်စားစား ပြန်လည်တိုက်ခိုက်ချင်နေလေသည်။

သူတို့နှစ်ဦးစလုံးသည် ယခုအခြေအနေတွင် သေကာမှ သေရော တိုက်ခိုက်ယင်းသေရတာက မြတ်သေးသည်ဟု ယူဆကာ ရန်သူ အကြမ်းဖက်သမားများအား တိုက်ခိုက်ရန် အခွင့်အရေးကို အသင့်စောင့်နေကြလေသည်။

* * *

ဟာဆန်သည် ရဟတ်ယာဉ်များကို သေချာစွာ မြင်ရသောအခါ ပြင်းစွာ ဒေါသထွက်လာဟန်ဖြင့် ဆဲရေးကြိမ်းမောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ရေဒီယိုစက်ခန်းအတွင်းမှ ဂျပန်ဘာသာဖြင့် ကျယ်လောင်စွာ ကြုံးဝါးကြေးကြော်သံနှင့် အတူ မရှင်းပစ္စတို သေနတ်သံကို ကြားရလေသည်။

လူတော့လုံးထွေး သတ်ပုတ်နေသည့်အသံများကိုလည်း ကြားရလေသည်။

ဟာဆန်သည် အသံကြားရာ ရေဒီယို စက်ခန်းဘက်သို့ ခြေလှမ်း တလှမ်း လှမ်းလိုက်ပြီးမှ သူ မှားသွားကြောင်း သိရလေသည်။

ကပ္ပတိန် အမ်းစထရောင်းနှင့် ပထမအရာရှိ ဖရေဇာတို့သည် ဤအကွက်ကို ကြိုတင်စောင့်နေခဲ့ကြပေသည်။

သူတို့နှစ်ဦးအနက် တယောက်ယောက်တော့ မုချ သေရမည် ဟူ၍လည်း နှစ်ဦးစလုံးက တွက်ထားပြီး ဖြစ်သည်။

ဖရေဇာက လက်ယာဘက်သို့ မသိမသာရွေ့ပြီး နေရာယူ လိုက်သည်ကို ကပ္ပတိန်ကြီးက သဘောပေါက်သဖြင့် သူက လက်ဝဲဘက်တွင် ဆက်နေခဲ့လေသည်။

ဤကား အခွင့်သာသည်နှင့် သူတို့နှစ်ဦးက ဟာဆန်အား ဝဲယာနှစ်ဘက်ညှပ်၍ တိုက်ခိုက်ရန်ပင် ဖြစ်သည်။

ယခု ဟာဆန်က သူတို့ကိုမျက်နှာလွှဲ၍ ရေဒီယိုစက်ခန်းဘက် သို့ ခြေလှမ်းလှမ်းလိုက်ပြီးတွင် ကပ္ပတိန်အမ်းစထရောင်းသည် ဝင်တိုက်ရန် အချိန်ကျပြီဟု ဆုံးဖြတ်လိုက်သည်။

'ကိုင်း....မစ္စတာ ဖရေဇာ'

ဤသို့ ကပ္ပတိန်ကြီးက အချက်ပေး၍ နှစ်ယောက်သား တပြိုင်နက် ဟာဆန်ရှိရာသို့ ပြေးဝင် လာကြလေသည်။



ဟာဆန်သည် သူ၏အမှားကိုသိသွားချိန်၌ ကပ္ပတိန်ကြီးနှင့် ဖရေဇာတို့က ဝဲယာနှစ်ဘက်မှ သူ့အား တိုက်ခိုက်ရန် ပြေးဝင် လာကြပြီဖြစ်သည်။

သူသည် ရန်သူနှစ်ဦးအား တပြိုင်နက်ပင်ဝေ၍ မပြစ်သာဖြင့် မည်သည့်ဘက်သို့ ပစ်ရပါမည်နည်းဟု တွေးနေစဉ် ခဏ နေမိစဉ် ကပ္ပတိန်ကြီးက ဖရေဇာအား လှမ်းအော် အချက်ပေးလိုက်သံ ကြားရချိန်တွင် ဆုံးဖြတ်ချက် ချလိုက်သည်။

ဟာဆန်သည် ကပ္ပတိန်ကြီးဘက်သို့ လှည့်၍ မရှင်းပစ္စတို သေနတ်ဖြင့် ပစ်လိုက်လေသည်။

ကျည်ဆန်များသည် ကပ္ပတိန်ကြီး၏ ရင်ဘတ်တည့်တည့်သို့ ထိမှန်လေရာ ကပ္ပတိန်အမ်းစထရောင်းသည် နောက်ပြန်လန် လဲ ကျသွားလေတော့သည်။

သည်တော့မှ ဟာဆန်သည် ဖရေဇာရှိရာ လက်ယာဘက်သို့ ပစ်ခတ်ရန် လှည့်ပြန်သည်။

သို့သော် ဖရေဇာက အတင်းပြေးဝင်လျက် လူချင်း ဝင်တိုက် လိုက်သောကြောင့် ဟာဆန်သည် ခြောက်ပေခန့် လွင့်ထွက်သွား လေသည်။

ကုန်းပတ် ကြမ်းပြင်ပေါ်သို့ လဲကျသွားချိန်တွင် ဖရေဇာက အပေါ်မှ ကိုယ်လုံးနှင့် ဖိထားပြီး ဖြစ်နေလေသည်။

ဟာဆန်၏လက်မှ သေနတ်သည် လွင့်စဉ်ထွက်သွားပြီ ဖြစ်၍ နှစ်ယောက်သား လူချင်း ပူးသတ်နေကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာဆန်က အစွမ်းကုန် ခုခံတိုက်ခိုက်သလို ဖရေဇာကလည်း အလွန်ဒေါသထွက်လျက် ခွန်အားရှိသလောက် အတင်းထိုးသတ်နေလေသည်။

နှစ်ယောက်စလုံး လက်သီးဖြင့် ထိုးသတ်နေကြစဉ် ဖရေဇာသည် အကွက်ကောင်းရှာပြီး ညာဘက်လက်သီးဖြင့် ဟာဆန်၏ မေးရိုးသို့ တချက် အားကုန် ပစ်ထိုးလိုက်လေသည်။

ချက်ကောင်းကို ထိမှန်သဖြင့် ဟာဆန်သည် မေးရိုး ကျိုးသွားကာ လဲကျသွားလေသည်။

ပြင်းစွာ နာကျင်လျက်ရှိသော်လည်း ဟာဆန်သည် အလျှော့မပေးသေးပဲ ကြမ်းပြင်ပေါ် လွတ်ကျနေသော သူ၏ သေနတ်ကို ဆွဲယူရန် တွားသွားနေပြန်လေသည်။

ဤသည်ကို ဖရေဇာက မြင်သဖြင့် သေနတ်ရှိရာသို့ ဝမ်းလျားဆိုးလျက် ပြေးဝင်လိုက်သည်။

ထိုအခိုက်မှာပင် သေနတ်သံတချက်ကြားလိုက်ရပြီး ဖရေဇာက အနီးသို့ရောက်သွားသောအခါ ဟာဆန်သည် သေဆုံးနေပြီဖြစ်ကြောင်း တွေ့ရလေသည်။

ပွဲကိုင်စက်ဝိုင်းနားတွင်ရှိနေသူ ရေကြောင်းပြမူး(ပိုင်းလော့)ဗင်အာဒင်သည် လက်တဘက်တွင် မောင်းပြန် ပစ္စတိုသေနတ်ကိုင်ထားလေသည်။

သူ၏ မျက်နှာကလည်း တုန်လှုပ် ချောက်ချားနေပုံ ရလေသည်။

ဟာဆန် သေဆုံးနေသလို ကပ္ပတိန် အမ်းစထရောင်းသည်လည်း သေနေပြီဖြစ်ရာ ဖရေဇာသည် ကပ္ပတိန်ကြီးက အသက်



စွန့်သွားခြင်းမှာ မိမိတို့ အားလုံးအတွက် အနစ်နာခံသွားခြင်းဖြစ်ကြောင်း တွေးမိလေသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် ငေးငိုင် အချိန်ဖြုန်းနေမည့်အစား ဆက်လက်လှုပ်ရှားမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

သူသည် ဟာဆန်၏ မရှင်းပစ္စတိုသေနတ်ကို ကောက်ယူပြီး အသင့်ချိန်ရွယ်လျက် ရေဒီယိုစက်ခန်းတွင်းသို့ လျှင်မြန်စွာပြေးဝင်သွားလေသည်။

အခန်းတွင်း၌ ဒီဗာရယ်သည် ကြမ်းပြင်ပေါ်တွင် သတိမေ့လဲကျနေပြီး ရေဒီယိုအရာရှိ အင်တိုနီက လက်ဝဲဘက် ပခုံးတွင် ဒဏ်ရာရလျက် တနေရာတွင် ထိုင်နေသည်ကို တွေ့ရလေသည်။

ဂျပန် အကြမ်းဖက်သမား တာကာကီက လုံးဝ ပျောက်နေလေသည်။

တာကာကီသည် ရေဒီယိုစက်ခန်းမှ ထွက်၍ ဆလွန်းခန်းသို့ သွားခြင်း ဖြစ်ရမည်ဟု ဖရေဇာက စဉ်းစားမိသဖြင့် ချက်ချင်းပင် ကုန်းပတ်အောက်ထပ်သို့ ပြေးဆင်းသွားလေသည်။

လှေကားသို့ ရောက်လျှင် အောက်မှ ပြေးတက်လာသော နီကိုလ်ဆန်နှင့် ဟယ်လ်ဒါတို့ နှစ်ဦးနှင့် ဆုံမိလေသည်။

ဖရေဇာက မမေးမီ နီကိုလ်ဆန်က စတင်၍ ပြောလေသည်။

'အမျိုးသမီးနဲ့ ကလေးတွေအားလုံး ဘာမှ အန္တရာယ်မရှိကြတော့ဘူး၊ ကျုပ်တို့က အကြမ်းဖက်သမားငါးယောက်ကိုတော့ ရှင်းထားလိုက်ပြီ၊ ကုန်းပတ် ဦးပိုင်းမှာ ဘာတွေဖြစ်သလဲ

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ရဲ့ခေါင်းဆောင်ကတော့ သေနေပြီ၊ ဒါပေမယ့် ဂျပန် အဖွဲ့ခေါင်းဆောင်က ထွက်ပြေးသွားတယ်၊ ဒီသင်္ဘောပေါ်မှာ နောက်ထပ် ဂျပန်နှစ်ယောက်ရှိသေးတယ်၊ ပြီးတော့ အောက်ထပ် တနေရာရာမှာ အာချုပ် အကြမ်းဖက်သမားတဦး ရှိနေလိမ့်မယ် အရေးကြီးဆုံးက ရေနံသိုလှောင်ကန်ထဲမှာ ဗုံးကြီးတလုံး ရှိနေ တယ်'

ဖရေဇာက ပြောလိုက်ရာ ဟယ်လ်ဒါက....

'ဒါဖြင့် ကျုပ်တို့က အဲဒီဗုံးကို အယင်ဆုံး ရှင်းမှ ဖြစ်မယ် အကြမ်းဖက် ဂိုဏ်းသားတွေကိုတော့ နောက်မှ လိုက်ဖမ်းတ ပေါ့'

ဟု ပြောလိုက်သည်။

ထို့နောက် သူတို့ အားလုံး အောက်ထပ်သို့ လျင်မြန်စွ ဆင်းသွားကြစဉ် သေနတ်သံများ ထပ်ကြားရပြန်သည်။

'ဒီဘက်ကို လာကြပါ'

ပြောပြောဆိုဆို ဖရေဇာ ရှေ့ဆောင် လမ်းပြလျက် ရှေ သိုလှောင်ကန်များဆီသို့ ခေါ်သွားလေသည်။

ထိုအချိန်၌ ဟယ်လီကော့ပတာ (ရဟတ်ယာဉ်) တစင်းသ သင်္ဘောကြီးအနီးသို့ ရောက်လာပြီးမှ ရုတ်တရက် ပြန်တွေ့ ပျံသန်းထွက်ခွာသွားလေသည်။

အကြောင်းကတော့ အကြမ်းဖက်သမား ရှီဖစ်၊ အိုင်ဒူဆူ ယိုဘာရှီတို့က သင်္ဘော ကုန်းပတ်ပေါ်မှ နေ၍ ရဟတ်ယာ များအား မရှင်း ပစ္စတိုသေနတ်ဖြင့် ပစ်ခတ် နေသော ကြော ပင်တည်း။



ယင်းအခြေအနေကို မြင်ရလျှင် ရဲမှူးဟယ်လ်ဒါက အကြမ်းဖက်သမားရှိရာသို့ သူ၏ သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

ဂျပန် ယိုဘာရှီ ကျည်ဆန်ထိမှန်ပြီး လဲကျသွားစဉ် ရှီဖစ်နှင့် အိုင်ဒူဆူတို့က မော့ကြည့်ပြီး ချက်ချင်း ပြန်၍ ပစ်ခတ်ကြလေသည်။

ဟယ်လ်ဒါလည်း လျင်မြန်စွာ ခေါင်းငုံ့၍ အကာအကွယ်ယူသွားလိုက်ရလေသည်။

နီကိုလ်ဆန်သည် ရှေ့သို့လှမ်းကြည့်နေရာမှ....

'ဟိုမှာ လူတယောက်'

ဟု ပြောလိုက်သည်။

ဖရေဇာက လှမ်းကြည့်လိုက်ရာ ထိုလူမှာ ဂျပန် အကြမ်းဖက်သမား တာကာကီဖြစ်ကြောင်း မှတ်မိလေသည်။

တာကာကီသည် သံမဏိပိုက်လုံးကြီးများရှိရာသို့ လျင်မြန်စွာ သွားနေလေသည်။

ဖရေဇာသည် လှမ်းပစ်ရန် သေနတ်ဖြင့် ချိန်ရွယ်လိုက်ပြီးမှ မပစ်ပဲ ဆိုင်းထားလိုက်ပြန်သည်။

ယခု တာကာကီရောက်ရှိနေသော နေရာမှာ ရေနံသိုလှောင်ကန်ကြီးများအနီးတွင်ဖြစ်၍ ရေနံ ဓာတ်ငွေ့များ ရှိနေမည်ဖြစ်သည်။

ထိုနေရာသို့သေနတ်ဖြင့်ပစ်၍ မီးတောက်မီးလျှံဖြစ်ပေါ်ပါက ရေနံဓာတ်ငွေ့များက ပြင်းထန်စွာပေါက်ကွဲနိုင်သည့် အန္တရာယ်ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တဘက်နှင့်တဘက် အပြန်အလှန် ပစ်ခတ်ကြလျှင် ပို၍ပင် အန္တရာယ်များလှသည်။

တာကာကီသည် ဒိုးကျည်ထိပ်ဖူးလက်နက် ထည့်ထားသည့် ရေနံလှောင်ကန်ကြီးဆီသို့ ဦးတည်သွားလျက် ရှိလေသည်။

ထိုအချိန်မှာပင် နောက်လူ တယောက်က ထွက်လာပြီး တာကာကီနောက်သို့ ပြေးလိုက်နေသည်ကို မြင်ရပြန်သည်။

ထိုလူမှာ ရွှေဝါရောင်ဆံပင်ရှိပြီး သင်္ဘောအရာရှိဝတ်စုံ ဝတ် ဆင်ထားရာ ဖရေဇာက သူသည် ရှိုင်းလင်းသင်္ဘောမှ တတိယ အရာရှိဖြစ်ရမည်ဟု တွက်မိလေသည်။

* * *

ဝီဘာသည် သေနတ်ပစ်သံများနှင့် ဟယ်လီကော့ပတာများ၏ စက်သံကို ကြားရသဖြင့် ကုန်းပတ်ပြင်ဘက်သို့ ပြေးထွက်လာ လေသည်။ သူ၏လက်တွင်လည်း ဂျပန် ဟာယာရှိထံမှ ရလိုက် သော မရှင်းပစ္စတိုသေနတ်ကို အသင့်ကိုင်ထားလေသည်။

ဟယ်လီကော့ပတာများသည် သင်္ဘောကြီးနားသို့ ချဉ်းကပ် လာပြီးမှပြန်၍ ကွေ့ထွက်သွားကြသဖြင့် သင်္ဘောကုန်းပတ်၏



လက်နက်ကို ကြိုးဖြင့် ဆွဲထားသဖြင့် အတော်ပင် လေးလေ သည်။

သို့သော် တာကာကီသည် ရှိသမျှခွန်အားကို ဖျစ်ညှစ်ထုတ်၍ အတင်းဆွဲဖွင့်လိုက်သဖြင့် တိုင်ကီ၏ အဖုံးသံပြားကြီးသည် ပွင့် ထွက် လာလေသည်။

ဒိုးကျည်ထိပ်ဖူးလက်နက်ဗုံး ချည်ထားသော ကြိုးကိုလည်း မြင်နေရပြီဖြစ်သည်။

တာကာကီသည် အကြံအိုက်ဟန်ဖြင့် ပတ်ဝန်းကျင်သို့လှည့် ပတ် ကြည့်လိုက်သည်။

ထိုအချိန်၌ သင်္ဘော ကုန်းပတ်တနေရာတွင် ရဟတ်ယာဉ် နှစ်စင်းက ဆင်းသက်ရောက်ရှိလာပြီဖြစ်သည့်ပြင် လက်နက်ကိုင် အထူးတပ်ဖွဲ့မှ စစ်ပုလိပ်များက သင်္ဘောပေါ်သို့ ဆင်းလာကြပြီ ဖြစ်သည်။

ထိုအတောအတွင်း တတိယမြောက် ရဟတ်ယာဉ်တစင်းက လည်း သင်္ဘောကြီး၏ရှေ့ပိုင်းတွင် ဆင်းသက်နေပြီ ဖြစ်သည်။

တာကာကီသည် ပခုံးတွင် လွယ်ထားသည့် ဂျပန်ဆာမူရိုင်း ဓားရှည်ကို ဆွဲယူပြီး လက်နှစ်ဘက်စလုံးဖြင့် ကိုင် ထား လိုက် သည်။

ထိုအချိန်မှာပင် ဝီဘာသည် ရောက်ရှိလာလေသည်။

သူသည် အဘင်းပြေးဝင်၍ ပခုံးစောင်းဖြင့် တာကာကီ၏ ကိုယ်ကို တအား ပစ်ဝိုက်လိုက်သည်။

ဂျီတွင် နှစ်ယောက်စလုံး ထွေးလုံး ရစ်ပတ် လဲကျသွား သည်။

www.burmeseclassic.com

www.burmeseclassic.com



တာကာကီ၏မျက်မှန်လည်း လွင့်ထွက်ကျသွားပြီ ဖြစ်သော် လည်း သူ၏ တံတောင်ဆစ် တဘက်ဖြင့် ဝိဘာ၏ မျက်နှာကို တအား တွက်လိုက်သည်။

ဝိဘာကမူ တာကာကီ၏ လည်ပင်းကို လက်နှစ်ဘက်ဖြင့် တအား ညှစ်ရန် ကြိုးစားလေသည်။

နှစ်ယောက်စလုံး အကြိတ်အနယ်လုံးထွေး၍ သတ်ပုတ်နေကြ ယင်း ဘေးနားရှိ သံမဏိပိုက်လုံးကြီးများဆီသို့ လိမ့်ကျသွား လေသည်။

ဝိဘာ၏လက်မောင်းတဘက်တွင်စောစောက ဂျပန်ဟာယာရှိ ၏ ဓားချက်ထိ၍ ဒဏ်ရာရနေခဲ့ရာ ထိုလက်မောင်းက သံမဏိ ပိုက်လုံးကြီးနှင့် ဆောင့်မိသဖြင့် ပြင်းစွာ နာကျင်သောကြောင့် တာကာကီ၏ လည်ပင်းကို ညှစ်ထားသောလက် လွှတ်လိုက်ရ လေသည်။

တာကာကီလည်း ဝိဘာအား ဒူးဖြင့်တချက်ပစ်တိုက်လိုက်ပြီး လွတ်အောင် ရုန်းထွက်လိုက်သည်။

ထိုနောက် သူ၏ ဂျပန် ဆာမူရိုင်းဓားရှည်ကြီးကိုကောက်ယူ ပြီး ရေနံတိုင်ကီအပေါက်ဝရှိ ဒုံးကျည် ထိပ်ဖူး ဗုံးလက်နက် ချည်ထားသောကြိုးကို ဓားရှည်ဖြင့် လှဲ ခုတ်ချလိုက်သည်။

ကြိုးပြတ်သွားသဖြင့် ဒုံးကျည်ထိပ်ဖူး လက်နက်သည် တိုင်ကီ အတွင်းရှိ ရေနံများအောက်သို့ ကျသွားလေသည်။

သည်တော့မှ တာကာကီသည် ဝိဘာအား အသေခုတ်သတ် ရန် ဓားရှည်ကြီးကို လှဲမြှောက်လိုက်သည်။



ထိုအချိန်၌ နီကိုလ်ဆန်သည် ပြေးလိုက်လာရာ တာကာကီက ဝိဘာအား ဓားရှည်ဖြင့် ခုတ်ရန် ချိန်ရွယ်နေသည်ကို မြင်ရသဖြင့် ကိုက်လေးဆယ်ခန့် ဝေးသော နေရာမှပင် လှမ်းပစ်ရန် ဆုံးဖြတ် လိုက်သည်။

သူသည် ဒူးထောက်ထိုင်ချလိုက်ပြီး သေနတ်ကို သေချာစွာ ချိန်လိုက်သည်။

လက်နှစ်ဘက်စလုံးဖြင့် သေနတ်ကို ကိုင်လျက် သေချာပေါက် ထိမှန်အောင် အထူးသတိထားချိန်ကာ ပစ်လိုက်လေသည်။

ကျည်ဆန်သည် ဂျပန်တာကာကီ၏ ပခုံးနှစ်ဘက် အလယ် တည့်တည့်သို့ ထိမှန်သွားလေရာ ဂျပန်ဓားရှည်သည် လွတ်ကျ သွားလေသည်။

တချိန်တည်းမှာပင် တာကာကီသည် ကြမ်း ပြင် ပေါ် သို့ အရုပ်ကြိုးပြတ် လဲကျသွားကာ ငြိမ်သက်နေတော့သည်။

သင်္ဘောကြီး၏ အလယ်ဗဟို ရေနံလှောင်ကန် တိုင်ကီကြီး အတွင်း၌ စောစောက ကြိုးဖြင့် ချည်ထားသော ဒုံးကျည်ထိပ်ဖူး (ဗုံး) လက်နက်သည် ယခုတော့ ကြိုး ပြတ် ချ လိုက် ပြီ ဖြစ်၍ ပေကိုးဆယ် အနက်ရှိသော ရေနံများအောက်သို့ တဖြည်းဖြည်း ကျဆင်းလျက် ရှိလေသည်။

www.burmeseclassic.com

## အခန်း ၁၈

ဖရေဇာနှင့် ဟယ်လ်ဒါတို့သည်လည်း နီကိုလ်ဆန်ရှိရာသို့ ရောက်လာကြပြီး သုံးဦးစလုံးသည် ရေနံသျှောင်ကန် (တိုင်ကီ)၏ပွင့်နေသော အဝနားသို့ ချဉ်းကပ်လာကြလေသည်။ သူတို့သည် လဲကျနေသူ ဝီဘာအား ကူညီ တွဲထူပေးလိုက်ကြသည်။

ထိုအချိန်၌ ရဟတ်ယာဉ်လေးစင်းက သင်္ဘောကြီး၏ကုန်းပတ်ပေါ်သို့ ဆင်းသက်ပြီး ဖြစ်သည့်ပြင် ကျန် နှစ်စင်းကလည်း သင်္ဘောကြီးနားသို့ ချဉ်းကပ်လာပြီ ဖြစ်သည်။

သေနတ်ပစ်ခတ်သံများ ရပ်စဲသွားချိန်တွင် နယ်သာလင်နိုင်ငံ အထူးလက်နက်ကိုင်တပ်ဖွဲ့ဝင် (စစ်ပုလိပ်) များက သင်္ဘောကြီး အနှံ့အပြားတွင် နေရာယူထားလိုက်ကြသည်။

လက်နက်ကိုင်အချို့က နီကိုလ်ဆန်တို့လူစုရှိရာသို့ ပြေးလာကြသည်။ နီကိုလ်ဆန်တို့ လေးယောက်စလုံးမှာ ရေနံတိုင်ကီတွင်းရှိ ဗုံးကျည်ထိပ်ဖူး(ဗုံး)လက်နက်၏အန္တရာယ်ကို အထူး



စိုးရိမ်နေကြလေရာ လက်နက်ကိုင် တပ်ဖွဲ့ဝင်များ သည်လည်း အခြေအနေကိုရိပ်မိပြီး စိုးရိမ်ပူပန်လျက် အသာရပ်ကြည့်နေကြလေသည်။

နီကိုလ်ဆန်သည် တိုင်ကီအဖုံးမှ ကြွက်နေသော ကြိုးကို ကြည့်ပြီး စဉ်းစားနေမိလေသည်။

မိမိတို့အနေဖြင့် ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေလေသည်။

ဗုံးကျည်ထိပ်ဖူးလက်နက်သည် ရေနံတိုင်ကီ၏ အောက်ခြေသို့ ရောက်ပြီး ပေါက်ကွဲလျှင် သင်္ဘောကြီးတခုလုံး မီးဟုန်းဟုန်း တောက်လောင် ပျက်စီး သွားနိုင်ပြီဖြစ်လေသည်။

ရဲမှူး ဟယ်လ်ဒါသည်လည်း ထိုအကြောင်း စဉ်းစားမိသဖြင့် အထူး စိုးရိမ်ပူပန်နေပုံရလေသည်။

ဝီဘာကတော့ သူ၏ဒဏ်ရာမှသွေးများ စီးကျလျက် အလွန် နာကျင်ကာ ပင်ပန်းနွမ်းနယ်နေလေသည်။

သို့နှင့်ပင် နှစ်မိနစ်ခန့်ကြာသွားပြီးနောက် ဖရေဇာက စတင် စကားပြောလေသည်။

'အခုလောက်ဆိုရင် ဗုံးကျည်ဖူးဟာ တိုင်ကီအောက်ခြေကို ရောက်သွားလောက်ပြီ၊ ဒါပေမယ့် အခုအထိ မပေါက်ကွဲတာ တော်သေးတယ်လို့ ဆိုရမယ်၊ ကျုပ် အထင်တော့ ရေနံဓာတ်ရဲ့ သဘာဝက အောက်ခြေမှာ အလွန် ပျစ်ခဲနေတတ်တဲ့ အတွက် ဗုံးလက်နက် အောက်ကိုကျသွားတဲ့အခါ ညင် ညင် သာသာ ကျသွားလို့ မပေါက်ကွဲတာဖြစ်နိုင်တယ်'

www.burmeseclassic.com



'သင်္ဘောကြီးကို ဆိုက်ကပ်ပြီးတော့ ရေနံ တိုင်ကီကြီးထဲက ရေနံတွေအားလုံး စုပ်ထုတ်ပစ်ဖို့ အချိန် ရနိုင်မလား၊ အဲဒီလို လုပ်လို့ရယင် ရေနံတွေ စုပ်ထုတ်ပစ်ပြီးတော့ ဗုံးကို ဆယ်ထုတ်ယူယင် ဖြစ်မယ်'

ဟယ်လ်ဒါက ဤသို့ ပြောလိုက်ရာ ခေါင်းခါပြလေသည်။

ထိုအချိန်၌ သင်္ဘောကြီးမှာ ဆိုက်ကပ်ရမည့် ဆိပ်ကမ်းနှင့် နီးကပ်မနေပဲ အတော် အလှမ်းကွာဝေးနေလေသည်။

ရေကြောင်းပြမှူး ပိုင်းလော့ ဗင်အာဒင်က သင်္ဘောကြီးကို ပင်လယ်ပြင်ဘက်သို့ ပြန်လှည့် မောင်းထွက်နေသည်ဟု ထင်ရပေသည်။

မိုနီလစ်ကဲ့သို့ အရွယ်ပမာဏ အလွန်ကြီးမားသော သင်္ဘောဘစင်းအနေဖြင့် ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ရန် အချိန် များစွာ လိုမည် ဖြစ်ပေသည်။

'ဒီလိုဆိုယင် တိုင်ကီကြီးထဲက ရေနံတွေကို ပင်လယ်ထဲမှာပဲ စုပ်ထုတ်ပစ်ရလိမ့်မယ် ထင်တယ်'

ဟယ်လ်ဒါက ထပ်၍ ပြောပြန်သောအခါ ဖရေဇာက ပြုံးလိုက်သည်။

'ပင်လယ်ရေထဲ ရေနံတွေ သွန်ချလိုက်ယင် ပတ်ဝန်းကျင် ညစ်ညမ်းမှု ဥပဒေနဲ့ ဆန့်ကျင်လိမ့်မယ်'

ဖရေဇာက ပြောနေစဉ်မှာပင် ဒုတိယအရာရှိ ဒီဗာရယ်သည် သူတို့ရှိရာသို့ ရောက်လာလေသည်။

ရေကြောင်းပြမှူး ပိုင်းလော့က တစုံတခုပြောခိုင်း၍ လာ[illegible]က်ခြင်း ဖြစ်လေသည်။



ဖရေဇာသည် ဒီဗာရယ်ပြောမည့် စကားကို နားမထောင်သေးပဲ

'ဒီမယ်....ခင်ဗျားနဲ့ မီးလစ်တို့ အပျော်တမ်း ရေငုပ်ကစားလေ့ ရှိတဲ့ ရေငုပ်ကိရိယာတွေ ရှိတယ်မဟုတ်လား၊ အဲဒါတွေကို အခု သွားယူပြီး ဒီကို အမြန်ဆုံး ယူလာခဲ့ပါ၊ ဒီမှာ လုပ်စရာရှိတယ်'

ဟု ပြောလိုက်သည်။

* * *

ဖရေဇာ၏အကြံကား ရေငုပ်ကိရိယာဝတ်ဆင်၍ ရေနံတိုင်ကီထဲ ဆင်းငုပ်ပြီး ဒုံးကျည်ထိပ်ဖူး ဗုံးလက်နက်ကို ဆယ်ယူရန် ဖြစ်လေသည်။

မကြာမီ ဒီဗာရယ်သည် ရေငုပ်ဝတ်စုံ နှစ်စုံယူ၍ ရောက်ရှိလာရာ ဖရေဇာနှင့် ဒီဗာရယ် နှစ်ယောက်စလုံးက ရေငုပ်ဝတ်စုံများကို လျင်မြန်စွာ ဝတ်ဆင်ကြလေသည်။

ထို ဝတ်စုံများမှာ ရေအောက်တွင် အသက်ရှူနိုင်သည့် အာကွာလန်း ခေါ် ကိရိယာလည်း ပါရှိလေသည်။

'ဒီဝတ်စုံနဲ့ ရေနံအောက်ထဲ ငုပ်လို့ ဖြစ်ပါ့မလား ဗျ'

www.burmeseclassic.com

www.burmeseclassic.com



နီကိုလ်ဆန်က စိုးရိမ်ဟန်ဖြင့် မေးလိုက်ရာ ဖရေဇာက ခေါင်းညိတ်လိုက်သည်။

'အယင်က ဒီလိုပဲ ငုပ်ခဲ့ရဖူးတဲ့ သာဓကတွေ ရှိပါတယ်၊ ရေနံအောက်ထဲ ဆင်းငုပ်ရတာ ပျော်စရာတော့မဟုတ်ဘူးပေါ့။ ရေနံတိုင်ကီအောက်ထဲမှာ တခုခု ချွတ်ယွင်းနေယင် ဒီလိုပဲ ရေငုပ်သမားတွေက ဆင်းငုပ်ပြီး ပြုပြင်ခဲ့ဖူးတာတွေ ရှိခဲ့တယ်'

'အောက်ခြေထိအောင် ငုပ်ရမှာလား'

'ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ဗုံးလက်နက်ရှိရာ ရောက်အောင် ငုပ်ရမှာပဲ'

ဖရေဇာက ဤသို့ပြောပြီး အနီးသို့ ရောက်ရှိလာသော ကုန်းပတ်မှူးအား အသေးစိတ် ညွှန်ကြားယင်း သူ၏ ခါးတွင် ကြိုးတချောင်းကို သေချာစွာ ချည်နှောင်လိုက်သည်။

ဒီဗာရယ်က ရေအောက်တွင် အသုံးပြုနိုင်သော လက်နှိပ်ဓာတ်မီး တခုကိုပါ ကိုင်ဆောင်ထားလေသည်။

သူတို့ နှစ်ဦးစလုံးသည် ရေငုပ်မျက်နှာဖုံးများကို စွပ်ထားလိုက်ပြီး အသက်ရှူနည်းကို စေ့စေ့ လေ့ကျင့်နေကြလေသည်။

ထို့နောက် ဖရေဇာက ခေါင်းဆောင်လျက် ဒီဗာရယ်နှင့်အတူ ရေနံတိုင်ကီကြီးအတွင်းသို့ ဆင်းလိုက်ကြလေသည်။

ရေနံထဲသို့ ဆင်းငုပ်ရသည်မှာ ရိုးရိုးရေအောက်နှင့် မတူပဲ အလွန် မှောင်မိုက်နေလေသည်။

စိတ် တုန်လှုပ် ချောက်ချားစရာလည်း ကောင်းလှပေသည်။

သို့သော် ဖရေဇာနှင့် ဒီဗာရယ်တို့သည် အချိန်လုရ၍ လုပ်ရန် အရေးကြီးကြောင်း စဉ်းစားမိကြလေသည်။



ဖရေဇာက ရှေ့မှ ဆင်းငုပ်သွားရာ ဒီဗာရယ်က လက်နှိပ်ဓာတ်မီးဖြင့် နောက်မှ ကပ်လိုက်လာလေသည်။

တိုင်ကီအောက်တွင် ရေနံ၏ သိပ်သည်းမှုက ပိုများလာသလို လေထုဖိအား ပရက်ရှာ ကလည်း ပို၍ ကြီးမားလာသဖြင့် သူတို့အဖို့ လှုပ်ရှားရသည်မှာ မသက်သာလှချေ။

ပင်ပန်း ခက်ခဲလှသဖြင့် သူတို့သည် အောက်လျှောက် အောက်ထိအောင် ဆင်းမငုပ်နိုင်ပဲ ခေတ္တနားပြီးမှ ဆက်လက် ငုပ်ဆင်းသွားကြရလေသည်။

တဖြည်းဖြည်းနှင့် ဖရေဇာသည် ရေနံတိုင်ကီကြီး၏ အောက်ခြေသို့ ရောက်ရှိသွားလေသည်။

ယခုဆိုလျှင် သူတို့သည် ပေကိုးဆယ်နက်သော ရေနံများ၏ အောက်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဖရေဇာသည် ဒီဗာရယ် ရောက်လာအောင် စောင့်နေပြီးနောက် အပေါ်မှ ဖြန့်ချတင်ရသည့် ကြိုးနှင့် သူတို့နှစ်ဦးစလုံး၏ ကိုယ်တွင် သေချာစွာ ချည်နှောင်လိုက်သည်။

ကိစ္စပြီး၍ အချက်ပေးလိုက်လျှင် သူတို့အား အပေါ်သို့ ဆွဲတင်ရန် ဖြစ်လေသည်။

ထို့နောက် သူတို့သည် လက်ဖြင့် စမ်းယင်း ဒုံးကျည်ထိပ်ဖူး (ဗုံး)လက်နက်ကို လိုက်ရှာဖွေကြလေသည်။

ရေနံတိုင်ကီကြီး၏အောက်ခြေတွင် အလွန် မှောင်မိုက်နေပြီး ဘာမှ မမြင်ရသဖြင့် သူတို့သည် အလွန်ခက်ခက်ခဲခဲစမ်း၍ ရှာဖွေနေကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဖရေဇာသည် သင်္ဘောကြီး လှိုင်းဒဏ်ကြောင့် လူးလိမ့်ရာမှ ဒိုးကျည်ထိပ်ဖူး (ဗုံး) လက်နက် မတော်တဆ မပေါက်ကွဲပါစေနှင့်ဟုလည်း ကျိတ်၍ ဆုတောင်းနေမိလေသည်။

သို့နှင့်ပင် ငါးမိနစ်ခန့် ကြာသွားလေသည်။

သူတို့သည် ပေနှစ်ဆယ်ခန့်ရှိသည့် ပတ်ဝန်းကျင် ဧရိယာတွင် သက်ဖြင့် စမ်းရှာပြီးကြပြီဖြစ်သည်။

နှစ်ယောက်သား နေရာခွဲ၍ ရှာဖွေနေကြစဉ် ဒီဗာရယ်သည် ဘစုံဘခုတွေ့ဟန်ဖြင့် လက်ပြ အချက်ပေးလိုက်သဖြင့် ဖရေဇာလည်း လျှင်မြန်စွာ ဒီဗာရယ်၏ ဘေးနားဆီသို့ ချဉ်းကပ်သွားလေသည်။

ထို့နောက် လက်ဖြင့် အသာစမ်းလိုက်ရာ ဒုံးကျည်ဗုံးကို ရစ်ပတ်ထုပ်ထားသော တာလပတ်ကို လက်ဖြင့် စမ်းမိလေသည်။

ယင်းအထုပ်တွင် ဂျပန်တာကာကီ ဓားဖြင့် ခုတ်ဖြတ်လိုက်သော ကြိုးစကိုလည်း စမ်းမိသည်။

ဖရေဇာသည် ထိုကြိုးစကို ကိုင်၍ မျက်နှာပြင်ပေါ်မှ တန်းလန်းချထားသည့် ကြိုးနှင့် ခိုင်မြဲစွာ ချည်နှောင်လိုက်သည်။ မျက်နှာပြင်ပေါ်၌ ကုန်းပတ်မှူးက အဆင်သင့် စောင့်နေမည်ဖြစ်ရာ ဖရေဇာသည် အပေါ်မှ ကြိုးကို သုံးချက်ဆင့်၍ ခပ်တင်းတင်း ဆုပ်ဆွဲလိုက်သည်။

၎င်းကား အပေါ် ကုန်းပတ်မှူးအား ကြိုးကို ဆွဲတင်ရန် အချက်ပေးလိုက်ခြင်းပင် ဖြစ်သည်။



ချက်ချင်းလိုပင် အပေါ်မှ ကြိုးကို ဆွဲတင်လိုက်သဖြင့် ဒုံးကျည်ဗုံးပါသော အထုပ်သည် တဖြည်းဖြည်း မျက်နှာပြင်ဆီသို့ မြောက်တက်သွားလေသည်။

ဖရေဇာနှင့် ဒီဗာရယ်တို့လည်း ပေကိုးဆယ် ကွာဝေးသည့် မျက်နှာပြင်ဆီသို့ ပြန်၍ ကြိုးစားတက်ခဲ့ကြလေသည်။

* * *

BURMESE CLASSIC .com

ကုန်းပတ်မှူးနှင့် သူ၏တပည့် သင်္ဘောသားများ ဒုံးကျည်ဗုံးပါသော အထုပ်ကို အပေါ်သို့ ဆွဲတင်လိုက်ချိန်တွင် နီကိုလ်ဆန်က မောင်းချခြေးတလက် အသင့်ကိုင်လျက် စောင့်နေလေသည်။

သူသည် လျှင်မြန်စွာဓားဖြင့်ကြိုးများကိုဖြတ်၍ ပလတ်စတစ် (တာလပတ်) အထုပ်ကို ဖြေလိုက်ရာ အတွင်းမှ ဗုံးပါသော သေတ္တာကြီး ထွက်လာလေသသည်။

ထိုအခါ ရဲမှူး ဟယ်လ်ဒါက သေတ္တာကို ချက်ချင်း ကောက်ယူ၍ ကုန်းပတ်တနေရာတွင် အသင့်ဆိုက်ထားသော ရဟတ်ယာဉ်ဆီသို့ ပြေးသွားလေသည်။

ဒုံးကျည်ဗုံးပါသော သေတ္တာကိုတင်ပြီးသည်နှင့် ရဟတ်ယာဉ်လည်း ချက်ချင်းပင် သင်္ဘောကြီးပေါ်မှ ကောင်းကင်သို့ပျံတက်ပြီး ပင်လယ်ပြင်ဆီသို့ မောင်းနှင် ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်သို့ ဆယ့်ငါးမိုင်ခန့် ပျံသန်းသွားပြီး ငါးမိုင်ပတ်လည်တွင် မည်သည့် သင်္ဘောရေယာဉ်မှ မရှိသည့်နေရာသို့ ရောက်လျှင် ဒုံးကျည်ဗုံးသေတ္တာကြီးကို ပင်လယ်ရေထဲသို့ ပစ်ချလိုက်ကြလေသည်။

ထိုအချိန်၌ ဒုံးကျည်ဗုံးပေါက်ကွဲရန် အချိန်ကိုက်စီစဉ်ထားသည့်အချိန် ရောက်ရန် သုံးမိနစ်ခန့် လိုသေးသည်။

* * *

ဒိန္နိလစ်သင်္ဘောကြီးသည် ဘေးအန္တရာယ် တစုံတရာမှမရှိတော့ပဲ စိတ်ချရသည့်အခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ပထမအရာရှိ ဖရေဇာသည် အကြမ်းဖက်ဂိုဏ်းခေါင်းဆောင် ဟာဆန်ပြောသွားသော စကားတခုကို သတိရမိ ပြန်လေသည်။

ထိုစကားမှာ နယ်သာလင်နိုင်ငံ၌ ကျင်းပပြု လုပ်နေသော ကွန်ဖရင့်အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်တော်များအား လုပ်ကြံသတ်ဖြတ်မည်ဟူ၍ပင် ဖြစ်သည်။

ထို့ကြောင့် နီကိုလ်ဆန်အားသတိပေးသည့်အနေဖြင့်ပြောပြရန် ဆုံးဖြတ်လိုက်သည်။

'ဒီမယ်…နေတိုး မဟာမိတ် စာချုပ် အဖွဲ့ဝင် နိုင်ငံတွေနဲ့ ပါဆာစာချုပ်ဝင် နိုင်ငံတွေ အချင်းချင်း ညှိနှိုင်းစည်းဝေးတဲ့



ကွန်ဖရင့်က ကိုယ်စားလှယ်အချို့ကို လုပ်ကြံသတ်ဖြတ်ဖို့ အစီအစဉ်ရှိတယ်လို့လဲ ပြောတယ်'

'ဟုတ်ပါတယ်၊ ကျုပ်တို့လဲ အဲဒီအစီစဉ်ကို ကြိုတင်သတင်းရထားပါတယ်၊ဒါကြောင့် ကျုပ်တို့က လွန်ခဲ့တဲ့လေးငါးရက်ကစပြီး နယ်သာလင်နိုင်ငံ နယ်ခြားတွေမှာအသင့်စောင့်နေခဲ့တယ်၊ ထင်တဲ့အတိုင်း ကွန်ဖရင့် ကိုယ်စားလှယ်တွေကို လုပ်ကြံမယ့် အကြမ်းဖက်သမား အဖွဲ့ခြောက်ဖွဲ့ကို ကျုပ်တို့ဖမ်းဆီးရမိထားပြီ ဖြစ်တယ်၊ အဲဒါ သူတို့ဘက်က လူကုန်သလောက်ရှိပြီလို့ ယူဆရတယ်'

နီကိုလ်ဆန်က ဤသို့ပြန်ပြောလိုက်သည်။

အမှန်တော့ ဖရေဇာအား ထိုထက်မက ပြောပြနိုင်ပေသည်။

ယခုမိမိတို့က ဟာဆန်တို့၏အကြံအစည်ကိုတားဆီးကာကွယ်လိုက်နိုင်ခြင်းသည် အကြမ်းဖက်သမားတို့၏လှုပ်ရှားမှုတခုကိုသာ တားဆီးနိုင်ခြင်းဖြစ်၍ အလားတူအကြမ်းဖက်မှုတွေ နောက်ထပ် အများအပြား ရှိလာနိုင်သေးကြောင်း ပြောပြလျှင် ဖြစ်ပေသည်။

မိမိတို့နိုင်ငံပျောက်နေသော ပါလက်စတိုင်း လူမျိုးများတွင် ဟာဆန်ကဲ့သို့အယူသည်းဝါဒီအကြမ်းဖက်သမားတွေ အမြောက်အမြား ရှိနေဦးမည်မှာ ယုံမှားဖွယ် မရှိချေ။

ပါလက်စတိုင်းလူမျိုးတို့အဖို့အခြေဘကျနေထိုင်စရာပြည်နယ် သို့မဟုတ် နယ်မြေတခု မရရှိသေးသမျှ ကာလပတ်လုံး ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ရက်စက်စွာ အကြမ်းဖက်မှုဖြင့် ဆန္ဒပြမည့် အယူသည်းသမားတွေ ဆက်လက်ရှိနေဦးမည်မှာ သေချာပေသည်။

ထိုအကြောင်းကို နီကိုလ်ဆန်က ပထမအရာရှိဖရေဇာအား ပြောပြနိုင်သော်လည်း မပြောပဲ နေလိုက်သည်။

ပါလက်စတိုင်း ပြဿနာသည် နိုင်ငံရေးအရ ဖြေရှင်းမှသာ ပြေလည်မည့် ပြဿနာဖြစ်ရာ ကမ္ဘာ့ နိုင်ငံရေး ခေါင်းဆောင်ကြီးများ သဘောထားကြီးစွာ အမြော်အမြင်ကြီးစွာဖြင့် ညှိနှိုင်းဖြေရှင်းကြရန် တာဝန်ရှိပေသည်။

နီကိုလ်ဆန်အနေဖြင့်ကား သူသည် အစိုးရဝန်ထမ်း ရဲအရာရှိတဦး ဖြစ်၍ ထိုမျှကြီးကျယ်သော နိုင်ငံရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်းစွမ်းမရှိဟု ယူဆမိလေသည်။

ဒိုးကျည်ဗုံးပါသောသေတ္တာကို ပင်လယ်ထဲသို့ပစ်ချပြီးနောက် ရဟတ်ယာဉ်သည် ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

မိမိတို့ ကြိုးပမ်းမှုဖြင့် မိုနိုလစ် သင်္ဘောကြီး ဘေးအန္တရာယ်အားလုံး ကင်းရှင်း လွတ်မြောက်လာခြင်းကို နီကိုလ်ဆန်သည် စိတ်ထဲမှ နှစ်သိမ့်ကျေနပ်မိလေသတည်း။ ။

BURMESE CLASSIC .com

တက္ကသိုလ် နေဝင်း

www.burmeseclassic.com